


# မင်းရှင်

## မေ့ဘူးကွဲ့ သက်လုယ်ရယ်

စတုတ္ထအကြိမ်

“.... ဖတ်ရင်း ဖတ်ရင်း မမဆွေနှင့် ပွင့်ခါစကလေးတို့ကို မျက်စိတွင် မြင်ယောင်လာပြီး၊ သူတို့နှစ်ယောက်မှာ စာဖတ်သူ၏ စိတ်ဓာတ်ကို တစ်ယောက်တစ်ဖက် ဆွဲငင်နေကြသည်။ တကယ့် အဖြစ်အပျက်များလား။ ...”

*– မန်းတင်*

“.... ပတ်ဝန်းကျင် အခြေအနေ၊ ခေတ်၏ တန်ပြန်ချက်နှင့် ဆန္ဒရမ္မက်တို့ ဒဏ်ကို အလူးအလိမ့် ခံစားနေကြရသော စစ်ပြီးခေတ် တက္ကသိုလ်ကျောင်းသား၊ နည်းပြဆရာမနှင့် ကျောင်းသူမလေးတို့၏ ဘဝသရုပ်ဖော် ....”

*– သန်းဆွေ*

“.... စစ်ပြီးခေတ် တက္ကသိုလ်ရိပ်မြုံဝယ် ကျင်လည်ခဲ့သူတိုင်း တ သသ အမှတ်ရ စွဲလမ်းနေသေးသည့် မင်းရှင်၏ အချစ်ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်သည်။ ....”

*– မိုးဝေ*

“.... ထိပ်တန်း မြန်မာခေတ်ဝတ္ထုများ အဆင့်တွင် ပါဝင်ရန် မခဲယဉ်းသော ဝတ္ထုကောင်း တစ်ပုဒ် ဖြစ်သည်။ ....”

*– နယူးတိုင်း အင်္ဂလိပ်သတင်းစာ*

“.... အချစ်ကြောင့် ‘အလွမ်းရင့်’ နေကြသော အဆင့်အတန်းမှ အချစ်ကြောင့် ‘ထူး’၍၊ အချစ်ကြောင့် ‘အတန်မြင့်’ သွားသည့် စခန်းသို့ လှမ်းတက်လိုက်သော ‘အချစ် တော်လှန်ရေး’ ဝတ္ထုကြီး”

*– ဟံသာဝတီ*

"…. တစ်မျက်နှာပြီး တစ်မျက်နှာ ဆက်တိုက် ဖတ်ချင်အောင် ဖွဲ့သော ဝတ္ထုတစ်ပုဒ် ဖြစ်သည်ကို တွေ့ရသည်။ တစ်ခန်းနှင့်တစ်ခန်း အကူးမှာ ဖြတ်၍ မထားချင်အောင် အချိတ်အဆက် မိသည်။ အတွေ့အပိတ်ကလေးများမှာ လည်၍လည်၍ သွားသည်။ အခန်းကဏ္ဍ ဖွဲ့ပုံမှာ ခေတ်ဆန်သည်။"

– *ဒဂုန်တာရာ ၏ 'အမှာ' … မှ။*

"…. မင်းရှင်၏ အရေး(အသား)သည် ပီပြင်ရှင်းလင်းသည်နှင့်အမျှ နူးညံ့လှပခြင်း ရှိသည်။ တင်ပြပုံ သိပ်သည်း၍ ဇာတ်ကြောင်း သွက်လက်သည်။ … (ဝေဖန်ရေးသမားများနှင့် မိတ်ဆွေ စာရေးဆရာများ) … အားလုံးကပင် လှပကောင်းမွန်သော အချစ်ဝတ္ထု တစ်ပုဒ် ဖြစ်ကြောင်း တညီတညွတ်တည်း မှတ်ချက်ပြုထားကြသည်။"

– *မလိခ၏ မြန်မာဝတ္ထုအညွှန်း … မှ။*

"…. လွတ်လပ်ရေး မရမီ ခေတ်က မြင်းလှည်းသမားများ၊ ဘတ်စ်ကားသမားများ၊ ရုပ်ရှင်ရုံများ၊ ကျောင်းစာသင်ခန်းများ၊ လူငယ်လူရွယ်များ၏ စိတ်လှုပ်ရှားမှုများကို ခံစားရချက် အပြည့်အဝဖြင့် ရေးခြယ်ဖော်ကျူးခဲ့၏။"

– ပေါ်သစ်၏ 'စာအုပ်လောက'၊ ငွေတာရီ (အောက်တိုဘာ ၁၉၆၀)။
စာ ၃၅၁ … မှ။

"…. အဆင့်အတန်းမြင့်တဲ့ တက္ကသိုလ်နောက်ခံ ဝတ္ထုတစ်ပုဒ် ဆိုတာကိုတော့ ကျွန်တော် ရဲရဲပြောဝံ့ပါတယ်။"

– အောင်ပြည့်၏ 'တက္ကသိုလ်နောက်ခံ မြန်မာဝတ္ထုများ'၊ *ပြုံမှာလေလား မိုးရဲ့* (၂၀၁၃)။ စာ ၄၁၉ … မှ။

# မင်းရှင် [၁၉၂၇–၁၉၈၆]

ရန်ကုန်မြို့၌ အဖ မီးရထား ခရိုင်ဝန် ဦးဖာင့်၊ အမိ ဒေါ်ချောတို့က ၆ ပြေ ၁၉၂၇ တွင် မွေးဖွားသည်။ မွေးချင်း လေးယောက်တွင် အကြီးဆုံး၊ ငယ်မည် ကိုကို၊ အမည်ရင်း ဦးဝင်းမောင်။ သို့ရာတွင် ကလောင်အမည် 'မင်းရှင်' ကိုပင် တရားဝင် အမည်ရင်းအဖြစ် ပြောင်းလဲခံယူခဲ့သည်။ ဒိုင်အိုစီဆင် မိန်းကလေးကျောင်း (၁၉၃၃–၃၆) တွင် ပထမတန်း အထိ၊ ဆရာဖြစ်သင် ကောလိပ်ကျောင်း (၁၉၃၈–၄၂) တွင် တတိယတန်းမှ ရှစ်တန်း အထိ ပညာသင်ခဲ့သည်။ ၁၉၄၆ တွင် ဒေါ်သာထက် အလွတ်ပညာသင်ကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်သည်။ ၁၉၄၆–၄၈ တွင် ရန်ကုန်တက္ကသိုလ်၌ ဥပစာ အထက်တန်းအထိ သင်ယူခဲ့သည်။

ဘီဒီအေခေတ် (၁၉၄၄) ၌ အလုံ လေယာဉ်ပစ် အမြောက်ကြီးတပ်တွင် တပ်သားအဖြစ် အမှုထမ်းသည်။ ဂျပန်တော်လှန်ရေးတွင် ဗမာ့မျိုးချစ်တပ်မတော် မင်းရှင်နှောင်တပ်ခွဲသို့ ဝင်ရောက်ပြီး တော်လှန်ရေး ဆင်နွှဲခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝမှာပင် သစ်ဆန်း မဂ္ဂဇင်း အယ်ဒီတာနှင့် တာရာမဂ္ဂဇင်း တွဲဖက်အယ်ဒီတာ (၁၉၄၆–၄၇)၊ ရှုမဝမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင် (၁၉၄၇–၄၈)၊ တိုးတက်ရေးသတင်းစာ တွဲဖက်အယ်ဒီတာ (၁၉၄၉–၅၀)၊ မြန်မာနိုင်ငံ စာရေးဆရာအဖွဲ့ အမှုဆောင်နှင့် စာပေမဂ္ဂဇင်း အယ်ဒီတာ (၁၉၅၁–၅၂)၊ မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ် လက်ထောက် (ဇွန် ၁၉၅၁–ဖေဖော်ဝါရီ ၁၉၅၃)၊ မြဝတီမဂ္ဂဇင်း အယ်ဒီတာချုပ် (၁၉၅၂)၊ ဖေဖော်ဝါရီ ၁၉၅၃ မှ ၁၉၅၈ အထိ ဗမာ့ တပ်မတော်တွင် ဗိုလ်ကြီးအဆင့်ဖြင့် ပြန်လည် အမှုထမ်းစဉ် မြဝတီမဂ္ဂဇင်း အမှုဆောင် အရာရှိ (၁၉၅၄–၅၆) တာဝန်ယူခဲ့သည်။

၁၉၅၈ တွင် တပ်မတော်မှထွက်၍ မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ် စာပြုမှူးနှင့် သောတရှင် မဂ္ဂဇင်း အမှုဆောင်အရာရှိ (၁၉၅၈–၆၄)၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင် (၁၉၆၃–၆၉)၊ ၁ ဇွန် ၁၉၆၄ တွင် နိုင်ငံခြားရုပ်ရှင်တင်သွင်းရေး အေဂျင်စီသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင် ခဲ့ပြီး ၁၃ ဇွန် ၁၉၈၄ တွင် အငြိမ်းစားယူခဲ့သည်။

တော်လှန်ရေးကာလ 'မင်းရှင်နှောင်တပ်ခွဲ' ကို ဂုဏ်ပြုသောအားဖြင့် "မင်းရှင်" ကလောင် အမည်ယူ၍ ၁၉၄၆ ခုနှစ် အလင်းရောင်မဂ္ဂဇင်းတွင် "ရွက်ဝါ" အခန်းဆက်ဝတ္ထုရှည် ရေးကာ စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ ထင်ရှားသော စာအုပ်များမှာ **ရွက်ဝါ** (၁၉၄၆)၊ **ချစ်ဝဲလယ်** (၁၉၄၆)၊ **ပွင့်ချပ်သုံးလွှာ** (၁၉၄၇)၊ **မေ့ဘူးကွဲ့ သက်လှယ်ရယ်** (၁၉၄၈)၊ **မေတ္တာရေလှိုင်း၊ ပြင်ဦးလွင်မှ လွမ်းရိပ်သာ၊ ကမ္ဘောဇသခင်** (၁၉၆၁)၊ **ချစ်မိုးညို၊ မိုးနဲ့မြေ၊ မိုးလုံးပတ်လည်** (၁၉၆၃)၊ **ရေးမိသည့် အချစ်ဝတ္ထု** ဝတ္ထုရှည်များနှင့် **လက်ဆောင်မွန်** (၁၉၅၅)၊ **လမ်းပေါ်မှာ** (၁၉၆၂)၊ **တစ်ခါတုန်းက တို့ရဲဘော်** (၁၉၆၃) ဝတ္ထုတိုပေါင်းချုပ်များ ဖြစ်ကြသည်။ 'လမ်းပေါ်မှာ' ဖြင့် ၁၉၆၂ ခုနှစ် အနုပညာစာပေဆိုင်ရာ ဝတ္ထုတိုပေါင်းချုပ်ဆု၊ 'တစ်ခါတုန်းက တို့ရဲဘော်' ဖြင့် ၁၉၆၃ ခုနှစ် အနုပညာစာပေဆိုင်ရာ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုတို့ကို ရရှိခဲ့သည်။ ထို့ပြင် မော်ကွန်းဝင် ဒုတိယအဆင့်ကိုလည်း ရရှိခဲ့သည်။ ၁၉၈၆ ခု ဩဂုတ်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**၂၀၁၂–၂၀၁၃ ထုတ်**
**ရာပြည့်စာအုပ်များ**

၃၄၈။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ နီတိမာလာကျမ်း
၃၄၉။ ပုလိပ်အရာရှိတစ်ဦး၏ ကိုယ်တွေ့စုံထောက်မှု
၃၅၀။ ဦးတင်ဦး (ကျူရှင်) ၏ ကမ္ဘာ့ကျေးဇူးရှင် ရော့ဂ် ဝါရှင်တန် ကားဗား
၃၅၁။ မြင့်သန်း (မြန်မာပြန်) ၏ ဖရန့်(ဇ)ကာ(ဖ)ကာ၏ ပြောင်းလဲခြင်းနှင့် အခြားဝတ္ထုများ
၃၅၂။ မင်းရှင်၏ လမ်းပေါ်မှာ
၃၅၃။ ကျော်အောင် ၏ အရေးကြီးပြီ သွေးစည်းကြစို့
၃၅၄။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး (မြန်မာပြန်) ၏ လယ်တီဆရာတော်၏ ဥရောပ ဗုဒ္ဓ ဘာသာ အလင်းပြကျမ်း
၃၅၅။ မောင်စည်သူ၏ ယုံတော့ မရယ်
၃၅၆။ တွင်းသင်းတိုက်ဝန်မဟာစည်သူ ဦးထွန်းညို၏ မဟာရာဇဝင်သစ် (တောင်ငူဆက်)၊ ဒုတိယတွဲ
၃၅၇။ စိန်စိန်၏ သားလိမ္မာ
၃၅၈။ လင်းယုန်သစ်လွင်၏ ဘုံကျွန်
၃၅၉။ မောင်တင်ရွှေ၏ သခင်ကိုယ်တော်မှိုင်း
၃၆၀။ မြဝတီ၏ သွေးချောင်းက လျှို
၃၆၁။ မောင်ပေါ်ထွန်း၏ နိုင်းမြစ်ဝှမ်းမှ တော်လှန်ရေး
၃၆၂။ တင့်ဇော်၏ ဝေဒနာ ပန်းရိုင်းများကို ပွင့်လန်းစေသူ ဝတ္ထုတိုများ
၃၆၃။ ဝန်စာရေးဦးကြီး၏ ချည်ပေါင်ရွက်သည် မောင်မှိုင်း [အစ၊ အဆုံး]
၃၆၄။ ကျော်အောင်၏ သမဂ္ဂအလံတော်အောက်ဝယ်
၃၆၅။ ထွန်းသစ်၏ ယုဂန္ဓာ အာဏာရှင် အာမင်
၃၆၆။ မောင်ခင်မင် (ဓနုဖြူ) ၏ ဘာသာစာပေ အသွေးအရောင် အဆင်အကွက်
၃၆၇။ တင်မောင်မြင့်၏ နီဂိုး၏ အဓိပ္ပာယ်
၃၆၈။ ပါမောက္ခ ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း
၃၆၉။ တတိယ နံ့မော်ဆရာတော် ရှင်ဝိနန္ဒာသဘ၏ သီလဝိသောဓနီကျမ်း
၃၇၀။ အောင်ခန့် (မြန်မာပြန်) ၏ နိုင်သူနှင့် ရှုံးသူ
၃၇၁။ တက္ကသိုလ်စိန်တင်၏ ဗိုလ်ချုပ်အောင်ဆန်းကို မမွေးဖွားခဲ့လျှင် နှင့် သမိုင်း၊ နိုင်ငံရေး လက်ရွေးစင် ဆောင်းပါးများ
၃၇၂။ မြင့်သန်း၏ ဒဗ္ဗလင်မြို့က လူများ [DUBLINERS by James Joyce]
၃၇၃။ ခင်မောင်လတ်၏ မီးတုတ်သခင်သိန်းမောင်ကြီး၏ ဘဝနှင့် နိုင်ငံရေး လှုပ်ရှားမှုများ
၃၇၄။ ဗန်းမောင်တင်အောင် ၏ မမကြီး
၃၇၅။ ထွန်းသစ် (ပြုစုသည်) နပိုလီယန် သို့မဟုတ် သမိုင်းမော်ကွန်းတင် သူရဲကောင်း စစ်ဘုရင်
၃၇၆။ တင်မောင်မြင့်၏ သွေးအေးအေးဖြင့် (In Cold Blood by Truman Capote)
၃၇၇။ ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း) ၏ မှန်နန်းရာဇဝင်တော်သစ် [ပထမအုပ်]
၃၇၈။ မဟာဆွေ၏ သူပုန်အိမ်

**၂၀၁၃ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ**

၃၈၀။ မောင်တင်ရွှေ၏ ချူအင်လိုင်း [Chou En-Lai : China's Grey Eminence by Kai-Yu Hsu]
၃၈၁။ စိန်စိန်၏ ခရီးဝက်ပါ
၃၈၂။ နဂါးဗိုလ် ထိပ်တင်ထွေး ၏ ရတနာသီခ ကုန်းဘောင်မဟာရာဇဝင်အကျဉ်း
၃၈၃။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ နတ်သျှင်နောင်
၃၈၄။ ကျော်အောင်၏ သင်၏သစ္စာမရှိသော [The Kreutza Sonata by Leo Tolstoy]

ရာပြည့်စာအုပ် ၃၇၉

# မေ့ဘူးကွဲ့ သက်လှယ်ရယ်

မင်းရှင်

ရာပြည့်စာအုပ်တိုက်

အမှတ် ၄၅၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ဖုန်း။ ၀၁-၃၇၅၉၅၂ (ဆိုင်)၊ ၀၁-၂၄၀ ၅၄၁ (နယ်/ဖြန့်ချိရေး)

ပုံနှိပ်ခြင်း
ပထမအကြိမ် – (၁၉၄၈) ......... ( ? ) .........
ဒုတိယအကြိမ် – (၁၉၆၀) ရှမဝ စာအုပ်တိုက်
တတိယအကြိမ် – (၁၉၆၇) မြန်မာ့ပဒေသာ စာပေတိုက်
စတုတ္ထအကြိမ် – (၂၀၁၃) ရာပြည့်စာအုပ်တိုက်
(အောက်တိုဘာ ၂၀၁၃)
အုပ်ရေ [၅၀၀]

❑

ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ပုံနှိပ်သူ
ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၉၁၇၂]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

အတွင်းဖလင်
အေဇက်

❑

မျက်နှာဖုံး ပန်းချီ
လင်းဝဏ္ဏ

❑

တန်ဖိုး
၁၅၀၀ ကျပ်

၈၉၅.၈၃
မင်းရှင်
မေ့ဘူးကွဲ့ သက်လှယ်ရယ် / မင်းရှင်
– ရန်ကုန်၊ ရာပြည့်စာပေ၊ (၄) ကြိမ်၊ အောက်တိုဘာ ၂၀၁၃။
၂၀၄–စာ၊ ၁၂ × ၁၈ စင်တီ။
(၁) မေ့ဘူးကွဲ့ သက်လှယ်ရယ်

## ဒဂုန်တာရာ၏ အမှာ

(၁)

'အခု ကျွန်တော် ဝတ္ထုတစ်ပုဒ် ရေးနေတယ်။ အဲဒါပြီးရင် အမှာစာ ရေးပေးပါနော်' ဟု စာရေးသူအား မင်းရှင်က ကြိုတင်ပြောထားသည်မှာ ကြာပေပြီ။

ဝတ္ထုကို တစ်ရွက်ပြီး တစ်ရွက် လှန်ကာ ရေးနေစဉ်ကလည်း ပြီးသမျှသော ကဏ္ဍများကို ကျွန်တော့်အား ပြသသေးသည်။ ပြရင်း သူက 'အမှာစာ ရေးပေးပါနော်' ဟု တတွတ်တွတ် ပြောတတ်သည်။

တစ်ညနေတွင် မင်းရှင်သည် အတန်ကြာ အိမ်သို့မလာဘဲ ပြတ်နေရာမှ ဘွားခနဲ စာရေးစားပွဲသို့ ရောက်လာကာ လွယ်အိတ်ထဲမှ စာရွက်များကို ထုတ်တဲ့ပြီး 'ကျွန်တော့်ဝတ္ထု ပြီး... သွား... ပြီ' ဟု အားပါးတရ ပြောသည်။ သူ၏အသံမှာ ဝမ်းမြောက်ခြင်းဖြင့် တုန်ယင်နေပေသည်။

ဒီကတည်းက ကျွန်တော်သည် ဤ "မေ့ဘူးကွဲ့ သက်လှယ်ရယ်" ဝတ္ထုကို စတင် ဖတ်ရပေသည်။

ဝတ္ထုကို ဖတ်ရန်ပေးစဉ်က တာရာမဂ္ဂဇင်းအတွက် မအားအောင် ရှိနေရာ တစ်နေရာတည်းတွင် ထိုင်ကာ ဖတ်ရန် အချိန်မရ၍ လမ်းသွားရင်း ဝတ္ထုကို လွယ်အိတ်ထဲ ထည့်ယူသွားရသည်။

ဝတ္ထုသည် တစ်ခန်းပြီးတစ်ခန်း ရှေ့သို့ ဆက်ပြီး ဖတ်ချင်အောင် စာဖတ်သူကို ခေါ်ဆောင်၍ သွားသည်။ ကျွန်တော်သည် ဘတ်စ်ကားပေါ်တွင် ဝတ္ထုကို ဖတ်နေသည်။ ဘတ်စ်ကားသည် တစ်လမ်းပြီးတစ်လမ်း ဖြတ်သန်းလာခဲ့သလိုပင် သူ၏ဝတ္ထုသည် တစ်ခန်းမှ တစ်ခန်းသို့ ရောက်အောင်ပင် ပို့ဆောင်ခဲ့ပေသည်။ ရန်ကုန်မြို့ တရုတ်တန်း ချိုင့်ဝှမ်း ဖုထစ်တို့၏ ဆောင့်ခုန်ခြင်းကိုပင် အမှတ်မရမိတော့ပေ။

(၂)

ကျွန်တော်ကဖြင့် ဒါမျိုးကို စာပေအညို့ကလေးတွေဟုပဲ ခေါ်ချင်သည်။ သူ့ကို ဖတ်ပြီးရင် သူ့ထဲက ကာရန်ကလေးများ၊ စာ ပန်းချီကားချပ်ကလေးများမှာ ရင်ထဲတွင် ပဲ့တင်ထပ်၍ ကျန်နေသည်။ ချစ်သူနှင့် တွေ့ဆုံပြီး ပြန်လာသောအခါ သူမ၏ ရနံ့ကလေးများ၊ အပြုံးကလေးများကို တသသ တတတ ရှိနေလျှင် "စွဲ" နေသည်ဟု ဆိုကြပေမည်။

ယင်းသို့ပင် တချို့ဝတ္ထုများကို ဖတ်ပြီးသောအခါ "စွဲ" နေတတ်ပေသည်။ ဒါမျိုးကို အညို့ ဟု ခေါ်ရမလား မပြောတတ်ပေ။

မင်းရှင်တွင် ယင်းသို့ စွဲနေအောင် ညို့တတ်သော သတ္တိကလေးတွေ များစွာ ရှိပေသည်။ အချို့ဝတ္ထုများကို ဖတ်ရသောအခါ ပျင်းရိခြောက်ကပ်လှသည်ကို တွေ့ရတတ်သည်။ ဤ "မေ့ဘူးကွဲ့ သက်လှယ်ရယ်" ဝတ္ထုကား ဒီလို မဟုတ်ပေ။ တစ်မျက်နှာပြီး တစ်မျက်နှာ ဆက်တိုက်ဖတ်ချင်အောင် စွဲသော ဝတ္ထုတစ်ပုဒ် ဖြစ်သည်ကို တွေ့ရသည်။ တစ်ခန်းနှင့် တစ်ခန်း အကူးမှာ ဖြတ်၍မထားချင်အောင် အချိတ်အဆက်မိသည်။ အတွေ့အပိတ်ကလေးများမှာ လည်၍ လည်၍ သွားသည်။ အခန်းကဏ္ဍဖွဲ့ပုံမှာ ခေတ်ဆန်သည်။

ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်၊ ခေတ်ဆန်ဆန်၊ မဟာဝိဇ္ဇာတန်း ကျောင်းသူ မမဆွေ၏ သဏ္ဌာန်သည် တက္ကသိုလ် စာသင်ခန်း ကော်ရစ်ဒါ တစ်လျှောက်မှ ပေါ်လာသည်။ မမဆွေကို စန္ဒရားတီးတတ်သူ ဥပစာတန်း ကျောင်းသားလေး မောင်သိန်းအောင်က "အစ်မကြီး" ဟု ခေါ်ပြီး နှုတ်ခမ်းနီနီ၊ ဆံပင်ကောက်ကောက်နှင့် အပျိုပေါက်မကလေး နှင်းကား ဆိုဖာတွင် ကိုယ်တစ်ဝက်မြှုပ် ထိုင်ရင်း ရေဒီယိုမှ တက္ကသိုလ် သိန်းအောင် တူရိယာအဖွဲ့၏ "မေ့ဘူးကွဲ့ သက်လှယ်ရယ်" တေးသံကို လက်သည်းနီများကို ပွတ်ရင်း စည်းလိုက်ကာ နားထောင်နေသည်။

ဤကား ဝတ္ထု၏ လူမှုဆက်ဆံရေး နောက်ခံကား ဖြစ်သည်။ လူလတ်တန်းစား ညည့်ခန်းဆောင်နှင့် တက္ကသိုလ်ရိပ်သာတွင် ဖြစ်ကြပျက်ကြသော ဘဝပြဇာတ် သနစ်တစ်ရပ် ဖြစ်ပေသည်။

ဝတ္ထုရေးသူ မင်းရှင်သည် ဤပတ်ဝန်းကျင်မှ ပေါက်ဖွား ကြီးပြင်းလာခဲ့သူ အသက် နှစ်ဆယ်ခန့်ရှိ လူငယ် တက္ကသိုလ်ကျောင်းသား တစ်ဦး ဖြစ်ပေသည်။

သူသည် သူ နေသော လူတန်းစား၏ အတ္ထုပ္ပတ္တိတစ်ခုကို ကြေးမုံဖြင့် ပြ၍ သူ နေသော ဘဝအကြောင်းကိုသာ အရိပ်တင်စေသည်။

(၃)

စာရေးသူနှင့် သူ၏ စာပေမှာ ယင်းသို့ ဆက်သွယ်နေပေသည်။ သူ နေသော ဘဝအကြောင်းကိုပင် ရေးပေသည်။

သို့မဟုတ်လျှင် သူနေသော လူ့ဘောင်၏ ချို့ယွင်းချက်များကို တွေ့မြင်ရှုတ်ချပြီး သူ့ဘဝကို ခေတ်ပြောင်းပစ်လိုသောစိတ်နှင့် ရေးချေကသူ့ကို တော်လှန်ရေး စာရေးဆရာ (သို့မဟုတ်) တိုးတက်သော စာရေးဆရာ ဟု ခေါ်ရပေမည်။

"ချားလ်စ်–ဒစ်ကင်း" သည် သူ့ခေတ်က အလုပ်သမား ဆင်းရဲသားများ ဘဝကို မြင်သည့်အတိုင်း ခြယ်ရေးခဲ့ပေသည်။ အမေရိကန် "အပ္ပတန်စင်ကလဲယား" သည် သူ၏ "ရေနံ" ဝတ္ထုကြီး၌ အရင်းရှင်စနစ်၏ ဖွဲ့စည်း ထူထောင်ပုံ တစ်စိတ်တစ်ဒေသကို ပြောပြပြီး တစ်ဖက်က တော်လှန်ရေးသမားတစ်ဦး၏ အတွေးများကို ဖော်ထုတ်ထားလေသည်။

စစ်အတွင်းက ဆိုဗီယက် သတင်းစာဆရာ "အာရန်ဘတ်" သည် "ပဲရစ်မြို့ ကျဆုံးခန်း" ၌ ဖက်ဆစ် တွန်းလှန်ရေးကို လှုံ့ဆော်ခဲ့ပေသည်။

သူတို့သည် ဘဝ၏အခြေကို လက်ဝါးပေါ် တင်ပြသည်။ ဘဝ၏ ဆင်းရဲ ချို့တဲ့ခြင်းကို မခံနိုင်၍ လွတ်မြောက်ရေးကို ရှာဖွေသည်။ နယ်ရှင်စနစ်ကို တော်လှန်၍ ခေတ်ပြောင်းရန် စိုက်စိုက်ချီတက်သည်။

"ဂေါကီ" က နယ်ရှင်စာပေကို ၂ မျိုးခွဲထားသည်။ နယ်ရှင် လောကကို ချီးကျူး၍ နယ်ရှင် လူတန်းစားကို ပျော်တော်ဆက်သော စာပေ၊ ဒုတိယမှာ နယ်ရှင် လူ့ဘောင်အတ္တုပ္ပတ္တိကို ရေးသော်လည်း နယ်ရှင်သနစ်၏ အပြစ်အနာဆာများကိုပါ သိမြင်ပြီး ဝေဖန် စစ်ဆေးသောစာပေ ဖြစ်ပေသည်။ ယင်းကို "ဝေဖန်မှု သရုပ်ပြစာပေ" ဟု သူက ခေါ်ပေသည်။

ဤသို့လျှင် စာပေအမျိုးမျိုး ရှိပေသည်။

ယခုခေတ်ကား အများ၏ဆန္ဒ၊ လူထု၏ဆန္ဒ လွှမ်းမိုးလာသော ပြည်သူ့ခေတ် ဖြစ်ပေသည်။ ပြည်သူလူထုအများနှင့် သက်ဆိုင်သော စာပေဘက်သို့ ခေါင်းငိုက်ဖို့ ကောင်းပေပြီ။

(၄)

စင်စစ်အားဖြင့် ဤဝတ္ထုသည် တက္ကသိုလ်ရိပ်သာ၏ ငွေလရောင်နှင့် အရိပ်များကို ဆေးခြယ်ထားသော အချစ်ဇာတ်လမ်းတစ်ရပ်ပင် ဖြစ်သည်။

ကျွန်တော့်အဖို့ရာကား ဝတ္ထုကို ဖတ်နေစဉ် လွန်ခဲ့သော ၈ နှစ် အတိတ်တွင် ဝေး၍ ကျန်ရစ်ခဲ့သော တက္ကသိုလ်ကျောင်းအရိပ်ကို ဖုန်မှုန့်၊ ပင့်ကူမှေးများအကြား မှုန်ဝါးဝါး မြင်နေရသည်။

တက္ကသိုလ်ရိပ်သာမှ နီနီဝါဝါ စိန်ပန်းပင်များကို တသသ အောက်မေ့မိသည်။

ကျွန်တော်က ဝတ္ထုကို "မမဆွေ" ဟု အမည်ပေးချင်သည်။ စာရေးသူ မင်းရှင်ကမူ ကဗျာဆန်သော "မေ့ဘူးကွဲ့ သက်လှယ်ရယ်" ကိုပင် သဘောကျသည်။

စာဖတ်သူတို့ကား မမဆွေ၏ အပြုံးကလေးများပေါ်သို့ မျက်ရည် ဥ တစ်ဥ နှစ်ဥ တွဲလောင်းခို၍ နေသည်ကို မြင်မလား။ ဒါမှမဟုတ် အမေရိကန်သွား လေယာဉ်ပျံပေါ်တွင် ပြတင်းမှ ထိနမ်း၍သွားသော တိမ်ဖြူများကို ငေးရင်း တဒိတ်ဒိတ်ခုန်နေသော မောင်သိန်းအောင်၏ လှုပ်ရှားမှုကိုပဲ ထိတွေ့မလား၊ ဒါမှမဟုတ် "မေ့ဘူးကွဲ့ သက်လှယ်ရယ်" တေး၏ ပဲ့တင်သံကို စိတ်ကူးယဉ်နေသော နှင်းကိုပဲ စဉ်းစားမလား... စသည်များကို ကိုယ်တိုင် ကြုံတွေ့ရန် ရှေ့ဆက်၍ ဝတ္ထုကို ဖတ်ဖို့ ဖြစ်ပေသည်။

၂၈-၁-၄၈ တာရာ

တာရာမဂ္ဂဇင်းတိုက်

ရန်ကုန်မြို့။

## [၁] မမဆွေ

### (၁)

'ဩော်... ဘိုင်စကုတ် လာကြည့်ကြတယ် ထင်တယ်'

သားသားနားနား ဝတ်ဆင်ထားသည့် လူရွယ်တစ်ဦးက မိန်းမပျို တစ်ယောက်အား မဝံ့တဝံ့ လှမ်း၍ နှုတ်ဆက်လိုက်ခြင်းပင် ဖြစ်လေသည်။ မိန်းမပျိုမှာ ပထမတွင် မျက်ခုံးကလေး နှစ်ဖက်ကို ပင့်၊ မျက်လုံးကလေး များကို ဝင့်လိုက်ရင်း အတော်ကြာအောင် နားမလည်သလို တွေဝေ ငေးကြည့်နေရာမှ–

'အို... ကြည့်စမ်းပါဦး၊ အားနာစရာ ကောင်းလိုက်တာ။ ဒီက လူများ မှားပြီး နှုတ်ဆက်နေသလားလို့။ ဟုတ်တယ်၊ ဒီရုံမယ် ကြည့်ကြ မလို့ပါပဲ' ဟု တောင်းပန်သံကလေးဖြင့် အားနာစွာ ပြန်လည် နှုတ်ဆက် လိုက်ပြီးလျှင်–

'ဩော်... ဒါနဲ့ နေဦး၊ မောင်လေးကို နှင်းတို့နဲ့ မိတ်ဆွေဖွဲ့ပေးရ ဦးမယ်။ ဒီမယ် နှင်းနဲ့ ကိုထွန်းလှ၊ ဟောဒါ ကောလိပ်(၇) က ကိုသိန်း အောင် တဲ့။ ဩော်... မောင်လေး ဒါကတော့ ကိုထွန်းလှ၊ အခု မီးရထား

ဝန်ထောက်သင်တန်း တက်နေတယ်။ နောက်ပြီး ဒါက မနှင်းလွင်၊ ကိုထွန်းလှရဲ့ နှမကလေး'

မိန်းမပျိုသည် လူရွယ်ကို သူ့အဖော်နှစ်ယောက်နှင့် အသီးသီး မိတ်ဖွဲ့၍ ပေးနေ၏။ လူရွယ်မှာ ပထမတွင် ကိုယ်ဟန်အမူအရာလောက်နှင့်ပင် ဗမာဆန်ဆန် နှုတ်ဆက်နေမိသော်လည်း ကိုထွန်းလှ ဆိုသူက–

'တွေ့ရတာ ဝမ်းသာပါတယ်' ဟု လက်ဝါးဖြန့်ပေးလိုက်သဖြင့် ၎င်းနည်းတူ အင်္ဂလိပ်ဆန်ဆန် လက်ဆွဲ နှုတ်ဆက်လိုက်ရ၏။ မိတ်ဆွေဖြစ်ရသည်ကို ဝမ်းသာခြင်း အထိမ်းအမှတ်ဖြင့် ခပ်ဖျစ်ဖျစ်ကလေး ဆုပ်လိုက်မိရာ ကိုထွန်းလှမှာ ခံနိုင်ရည်ရှိဟန် မတူဘဲ မျက်နှာ မသိမသာ ရှုံ့မဲ့လိုက်သည်ကို တွေ့ရလေ၏။ ထိုနောက်တစ်ဖန် မောင်နှမ နှစ်ယောက်စလုံး အင်္ဂလိပ်ဆန်သူများ ဖြစ်ကြောင်းကို သိရသည့်အလျောက် နှင်းဆိုသူကလေးကိုလည်း လက်ဆွဲ၍ပင် နှုတ်ဆက်လိုက်ရလေသည်။

'မမဆွေနဲ့ သိတဲ့ ကိုသိန်းအောင် ဆိုရင် ရေဒီယိုမယ် အသံလွှင့်တဲ့ တက္ကသိုလ် ကိုသိန်းအောင် ဆိုတာပဲ ထင်ပါတယ်။ တစ်ဆိတ် နှင်း သိပါရစေလားရှင်'

'ဟုတ်တယ် နှင်းရဲ့၊ အဲဒီ ကိုသိန်းအောင်ပါပဲ။ ခုနက မိတ်ဖွဲ့ပေးတုန်း ပြောပြဖို့ မေ့သွားတယ်'

နှင်း ဆိုသူကလေးက လူရွယ်အား သိလိုဇောနှင့် မေးလိုက်သည်ကို မခင်ဆွေက သွက်လက်စွာ ဖြေလိုက်၏။ နှင်းမှာ မျက်လုံးကလေးများ ကြည်လင် တောက်ပ၍ သွားပြီးလျှင် ဝမ်းသာအားရ ဖြစ်သွားပုံရလေသည်။

'အို... လူချင်းတွေ့ရတာ ဝမ်းသာလိုက်တာ၊ နှင်းတို့ဖြင့် ရေဒီယိုက နားထောင်ရင်း အမြဲပဲ ချီးမွမ်းနေရတယ်။ နောင်လည်း ကိုသိန်းအောင်

ဘယ်တော့မဆို နှင်းတို့အိမ်ကို လာလည်တာပေါ့နော်။ မမဆွေလည်း အခု အိမ်မှာ ရှိနေတာပဲ'

'ဩော်... အစ်မကြီး၊ ခု နှင်းတို့အိမ်မှာလား'

လှရွှယ်က ဝမ်းသာအားရ မေးလိုက်ရာ မခင်ဆွေသည် ခေါင်းညိတ်ပြလိုက်၏။ ထိုနောက် စကားကောင်းနေသည့် လှသိုက်ထဲတွင် မပါဝင်ဘဲ ငြိမ်သက်စွာ ရပ်နေသော ကိုထွန်းလှအား–

'ကဲ... ကိုထွန်းလှ၊ လက်မှတ်ဝယ်ပြီး ရုံထဲဝင်ကြစို့ရဲ့' ဟု မခင်ဆွေကပင် လှမ်း၍ သတိပေးလိုက်ရာ ကိုထွန်းလှသည် ငါးကျပ်တန်း လက်မှတ်ပေါက်သို့ ထွက်သွားလေသည်။

ထိုအခိုက် လှရွှယ်၏ လက်တစ်ဖက်မှာလည်း အပေါ်အင်္ကျီအိတ်တွင်းသို့ မသိမသာ လျှောဝင်သွားရင်း ခဏကြာမျှ လှုပ်လှုပ်ရွရွ ဖြစ်နေရာမှ ပြန်လည် ထုတ်ယူလိုက်သည့် အခိုက်အတန့်တွင်မူ မျက်နှာ အတော်ပင် ညှိုးငယ် အားလျော့သွားသည်ကို တွေ့လိုက်ရ၏။

မျှော်လင့်ချက်ကြီးနှင့် သူ လက်နှိုက်မိသည့် အိတ်ထဲတွင်ကား တစ်ကျပ်တန်း လက်မှတ်တစ်စောင်၊ တစ်ကျပ်တန် ငွေစက္ကူ နှစ်ချပ်၊ ပိုက်ဆံအကြွေ အနည်းငယ်သာ...။

(၂)

ပလေဒီယံ ရုပ်ရှင်ရုံ၏ ဆင်ဝင်အောက်ဝယ် ဖြစ်လေသည်။

လှရွှယ်တစ်ယောက်သည် (ကုက္ကိုင်း ကောလိပ်) ကားတစ်စီးပေါ်မှ ဆင်းခဲ့ပြီးလျှင် ရုပ်ရှင်အမီ ကပျာကသီ လျှောက်လာရာမှ ၎င်းရုံရှေ့သို့ အရောက်တွင် ခြေလှမ်းများ တန့်သွားမိလေ၏။ ရုံရှေ့သို့ ရောက်လျှင် ရောက်ချင်းပင် တစ်ကျပ်တန်း လက်မှတ်ပေါက်ဆီသို့ မျက်စောင်း

ထိုးလိုက်မိရာ ဝက်ခြံတစ်ခုတည်းသို့ တစ်ကောင်နှင့်တစ်ကောင် အလု အယက် တိုးကာခွေ့ကာ ဝင်နေသည့် ဝက်အုပ်ကြီး တစ်အုပ်ကဲ့သို့ လက်မှတ်ပေါက်တွင် တရုန်းရုန်းနှင့် လက်မှတ်တိုးလျက် ရှိကြသော လူအုပ်ကြီးတစ်အုပ်အား တွေ့လိုက်ရသဖြင့် စိတ်ပျက်စွာ သက်ပြင်းကြီး တစ်ချက် ရှူလိုက်မိခြင်းပင် ဖြစ်၏။

'အလယ်လယ်၊ ရှီးမှပဲ၊ ဘွတ်ဖိနပ်ကြီးနဲ့။ သောက်ရမ်းကိုးကွ'

'အရေးထဲ မသေခင်က ပုပ်နိုင်ရန်ကောဗျာ'

ဒီလို ဆဲလိုက်သံ၊ ညည်းလိုက်သံ၊ ကြိမ်းမောင်းမာန်မဲလိုက်သံတို့ ကား မကြားချင့်အဆုံးသာ ဖြစ်လေသည်။ လက်မှတ်ပေါက် တစ်ခုတည်း တွင် တစ်ယောက်ကိုတစ်ယောက် ဗိုလ်မထားဘဲ အကြမ်းပတမ်း သူ့ထက် ငါဦး တိုးလျက်ရှိသည့် လူအုပ်ကြီးမှာ သုံးဆယ်ကျော် လေးဆယ်ထက် နည်းလိမ့်မည် မဟုတ်ပေ။ တစ်ဦးကိုတစ်ဦး အားချင်းယှဉ်တိုး၍ အားမရ သေးသဖြင့် အချို့မှာ သူတကာထက် ထူးကဲစွာ ခေါင်းများအပေါ်မှ ဝမ်းလျားမှောက် တိုးလျက်ရှိကြ၏။ ထူးလည်း ထူးပါပေသည်။ တစ်ခါ ကတော့ ဒီလို ထူးချင်သူတစ်ယောက် ဗိုက်အောက်မှ ဓားနှင့် ပင့်ထိုးခြင်း ခံရသဖြင့် လက်သည်မပေါ်ဘဲ အူပွင့်၍ သေဆုံးသွားဖူးပေပြီ။

သည်မျှလောက် ကြိုးစားပမ်းစား ကျပ်ကျပ်တည်းတည်း ချွေး ဒီးဒီးနှင့် တိုးခွေ့နေကြရသည့် အကြားမှာပင်-

'ငါးမတ် ဆရာ၊ တစ်ကျပ်တန်း ငါးမတ်၊ တစ်မတ်တည်း ပိုပေး လိုက်ရလို့ မနာဘူးနော်။ နေရာကောင်းကောင်း ရနိုင်တယ်။ နေရာတွေ ကုန်တော့မယ်။ ငါးမတ်ဆရာ ငါးမတ်' အစရှိသော အသံစူး အသံကြောင် တို့အား နောက်နားမှ ကြားရလေတော့၏။ ထိုအခါများတွင် ဖွဲ့လျှော့သူ

အချို့သည် လူအုပ်အကြားမှ တိုးခွေ့ထွက်လာပြီးလျှင် သူတို့ တောင်းသမျှ ငွေကို ရှောရှောရှူရှူပေး၍ ဝင်သွားကြတော့၏။

အမှန်မှာ ပျော်ပွဲရွှင်ပွဲ မဟုတ်ဘဲ တိုးပွဲ ခွေ့ပွဲမျှသာ ဖြစ်နေတော့သည်။ ဘေးအောင့်၊ နံအောင့်၊ ခြေဆောင့် ခံရရုံမျှမကသေး၊ လူအုပ်အကြားမှ ထွက်လာနိုင်သည့်အခါများတွင် ရေချိုးပြီးခါစ လူတစ်ယောက်ပမာ တစ်ကိုယ်လုံး ချွေးတို့ဖြင့် ရွှဲရွှဲစိုလျက် ရှိတော့သည်။ အိမ်မှ ထွက်ခဲ့စဉ်အခါက သားသားနားနား ပြောင်ပြောင်ရောင်ရောင် ဆင်ယင် လူပျိုသ ခဲ့သည့် ဝတ်ကောင်းစားလှကလေးတို့မှာလည်း မြင်မကောင်း ရှုမကောင်း ဖြစ်ကြရကုန်လေပြီ။ လက်ထဲတွင် ဆုပ်ကိုင်ထားသည့် ငွေစက္ကူတို့မှာကား ချွေးစီးများဖြင့် ကြေမွ စုတ်ပြတ်ကုန်လေရာ လက်မှတ်ပေါက်တွင်းသို့ လက်ရောက်ခါမှ 'ခင်ဗျား စက္ကူတွေ မကောင်းတော့ဘူး' ဟု အပြောခံရပြန်သဖြင့် ဒေါပွ၍ ထွက်ခဲ့ရသူများလည်း မရှား။ တစ်ခါတစ်ရံတွင်မူ ထိုကဲ့သို့ လက်မှတ်ပေါက်တွင်းသို့ လက်နှိုက်ထားစဉ် ဘေးတစ်ဖက်တစ်ချက်မှ တအားဆောင့်၍ တွန်းလိုက်သဖြင့် လက်ကို "ဖြောင်း" ခနဲ ရိုက်ချိုးလိုက်သလို ဖြစ်သွားတတ်သေးသည်။

ထိုအခိုက်မှာပင် 'လက်မှတ်ကုန်သွားပြီတဲ့ဟေ့၊ အပေါက်ပိတ်လိုက်ပြီ' ဟု လူတစ်ယောက်က အော်လိုက်သဖြင့် ယခင် တိုးခွေ့လျက်ရှိသော လူအုပ်ကြီးမှာ ဖရိုဖရဲ ဆဲလိုဆဲ၊ အော်လိုအော်နှင့် လူစုကွဲသွားလေတော့၏။

လူရှုယ်မှာ ရုပ်ရှင်ရုံတို့၏ အဆင်မပြေမှုများအား တွေးမိရင်း ကမ္ဘာ့နိုင်ငံကြီးများတွင် အသုံးပြုလျက် ရှိသည့် (Queue System) ခေါ် လူတစ်ယောက်ချင်း တန်းစီ ဝယ်ယူနည်းကို သတိရမိလေသည်။ အကယ်၍သာ ထိုနည်းအတိုင်း တစ်ယောက်ပြီး တစ်ယောက် ယဉ်ကျေးသိမ်မွေ့

စွာ ဝယ်ယူ ကြည့်ရှုကြမည် ဆိုပါက ယခုလို ချွေးဒီးဒီးကျရသည့်အထိ ဒုက္ခခံနေစရာ မရှိဘဲ ပျော်ပွဲရွှင်ပွဲ၏ သုခကို ပျော်ပွဲရွှင်ပွဲနှင့်တူအောင် ကျပ်ပြည့်တင်းပြည့် ခံစားကြရမည် ဖြစ်၏။ ယခုလို လူပေါ် လူညွှန့်ရှူး၍ မှောင်ခို စီးပွားရှာနည်းမျိုးလည်း မရှိနိုင်။ တိုင်းကြီးပြည်ကြီးသားများ ပီပီ ကြွေ့ရရန်နှင့် သက်သာချောင်ချိစွာ ပွဲဝင်နိုင်သည့် စနစ်ကောင်း တစ်ခု ဖြစ်ပေသည်။ မကြာမီ လွတ်လပ်တော့မည့် နိုင်ငံတစ်ခုတွင်မူ ဒီလို စနစ်ကောင်းမျိုးတွေ အများကြီး လိုအပ်ကြောင်းကို လူရွှယ် စဉ်းစား မိလေ၏။

'ဆရာ မကြည့်တော့ဘူးလား၊ နေရာတွေ ပြည့်ကုန်ပြီ ဆရာ'

တစ်ယောက်တည်း အတွေးကြူးနေမိခိုက် လက်မှတ်သည် ကလေး တစ်ဦးက မေးလိုက်သဖြင့် တစ်ကျပ်တန်း လက်မှတ်တစ်စောင်ကို ငါးမတ် ဖြင့် ဝယ်ယူလိုက်ရ၏။ ထိုသို့ လက်မှတ်ဝယ်၍အပြီး ရုံထဲသို့ ဝင်ရန် လျှောက်အသွားတွင် မခင်ဆွေနှင့် သူ့အဖော်နှစ်ယောက်တို့အား ဝင်တိုး မိရာက မခင်ဆွေတို့ ဝင်မည့် ငါးကျပ်တန်းသို့ အတူလိုက်ဝင်ရန် ကြံစည် မိပြီးမှ လက်ထဲ၌ ငွေနှစ်ကျပ်မျှသာ ကျန်တော့သဖြင့် အခက်ကြုံနေခြင်း ဖြစ်တော့သည်။

(၃)

လူရွှယ်မှာ မည်မျှလောက် ကြာအောင် စိတ်ပျက် ငေးမောနေမိသည် မသိ။

'လာ... လာ ကိုသိန်းအောင်၊ နှင်းတို့နဲ့ အတူတူလိုက်ကြည့်ရမယ်။ ကိုကို လက်မှတ်တစ်စောင် ပိုဝယ်ခဲ့ပြီးပြီ' ဟူသော အသံသာသာကလေး နှင့်အတူ နူးညံ့သည့် လက်ကလေး တစ်ဖက်ဖြင့် လက်မောင်းအား အသာ

အယာ ဆွဲလိုက်သည်ကို သတိပြုလိုက်မိတော့မှ ပါးစပ်အဟောင်းသား နှင့် အံ့အားသင့်သွားမိလေသည်။ သူ့လက်မောင်းကို ဆွဲခေါ်နေသူကလေး ကား အမူအရာအားဖြင့် ကလေးဆန်သော်လည်း ကိုယ်လုံးကိုယ်ပေါက် အချိုးအဆက်အားဖြင့် အပျိုမကလေး၏ တင့်တယ် စိုပြည်ခြင်းဖြင့် ဝင့်ကြွားလျက် ရှိပေသည်။ ပြုံးထားသော သူ့မျက်နှာကလေးမှာလည်း ချစ်စရာကောင်းလှ၏။

ရုတ်တရက်သော် "ရဲလှချည်ကလား" ဟူ၍ပင် အောက်မေ့လိုက် မိ၏။ သို့ရာတွင် ဆယ့်ခြောက်နှစ်ကျော် ဆယ့်ခုနစ်နှစ်ခန့်သာ ရှိသေးဟန် တူသည့် နှင်း၏ မျက်နှာကလေးကို သတိပြုမိရာတွင်ကား "ဩော်... ကလေးစိတ်ကလေးပဲ" ဟု ခွင့်လွှတ်နိုင်တော့၏။ ထိုအခိုက် မခင်ဆွေက ပါ ဝင်၍-

'လာပါ မောင်လေးရဲ့၊ စကားစမြည်ပြောရင်း ပျော်ပျော်ပါးပါး ဝင်ကြည့်ကြတာပေါ့။ တခြား သွားစရာမရှိဘူး မဟုတ်လား၊ နှင်းကတော့ မောင်လေးတို့ တူရိယာအဖွဲ့ကို ရေဒီယိုထဲက နားထောင်ပြီးကတည်းက သဘောကျလွန်းလို့ မိတ်ဆွေဖွဲ့ချင်နေတာ ကြာလှပြီ။ ကဲ... ကဲ... လာ ဝင်ကြစို့ရဲ့' ဟု မရမက ခေါ်နေတော့လေရာ အလိုလိုကမှ မခင်ဆွေနှင့် လူချင်းခွဲရတော့မည့်အရေးကို တွေး၍ စိတ်ပူနေမိသော သိန်းအောင်မှာ မုတ်ဆိတ်ပျားစွဲခြင်း ခံလိုက်ရသကဲ့သို့ ရှိလေ၏။

သို့နှင့် ရုံအပေါ်ထပ်သို့ လေးယောက်သား တက်ခဲ့ကြကာ နံပါတ် စဉ်အတိုင်း ရရှိသော ခုံများတွင် မခင်ဆွေမှာ အစွန်ဆုံးတွင် ဝင်ထိုင် လိုက်၍၊ ကိုထွန်းလှက သူနှင့် ဘေးချင်းယှဉ်တွဲ ထိုင်လိုက်ပြီးလျှင် နှမ ဖြစ်သူနှင့် သိန်းအောင်တို့ကိုမူ သူတို့နှစ်ယောက်၏ ဘယ်ဘက်တွင် အတူယှဉ်တွဲ ထိုင်စေလေသည်။ ဤအချက်ကို သိန်းအောင်မှာ သဘော

မကျနိုင်ဘဲ ရှိသော်လည်း ဘိုင်စကုတ်ပြသူ "ဒကာ" မှာ မိမိ မဟုတ်သဖြင့် စိတ်ထဲ၌ အောင့်သက်သက်နှင့်ပင် နှင်း၏ နံဘေးတွင် ဝင်ထိုင်လိုက်ရလေ၏။

'ဒါနဲ့ ကိုသိန်းအောင်တို့ တီးဝိုင်း ခုတစ်လော အသံမလွှင့်ကြတာ အတော်ကြာသွားပြီနော်။ နှင်းတို့ဖြင့် နားထောင်ချင်လွန်းလို့ အမြဲတမ်း မျှော်နေမိတာပဲ။ နှင်းလေ ဟိုတစ်ခါ ကိုသိန်းအောင် အသံလွှင့်သွားတဲ့ "ချစ်နှင်းမှုန်မှုန်" သီချင်းကို အားကြီးကြိုက်ပဲ။ အဲဒါ ကိုသိန်းအောင် ကိုယ်တိုင် စပ်တာပေါ့နော်' ဟု နှင်းက မေးလိုက်သဖြင့် ခေါင်းညိတ်ပြလိုက်ရသော်လည်း သိန်းအောင်မှာ တစ်ဖက်မှ ကိုထွန်းလှနှင့် မခင်ဆွေတို့၏ အသံများကိုသာလျှင် နားစွင့်နေမိခြင်း ဖြစ်၏။

'ကိုထွန်းလှ နှမကတော့ ဂီတသမားနဲ့ တွေ့နေရလို့ ဒီဘက် တောင် မလှည့်တော့ဘူး။ တော်တော်ကို ဝါသနာပါတဲ့ ကောင်မကလေး ပဲ'

'သူ့ကို တစ်ခေါက်လောက် ဒီလူတွေနဲ့အတူ အသံလွှင့်တဲ့ဆီ ထည့်လိုက်ဖို့ ကောင်းတယ်။ သူ့အသံလည်း တော်တော် အကောင်းသားပဲ'

ကိုထွန်းလှနှင့် မခင်ဆွေတို့ကား နှင်းအကြောင်းနှင့် ပတ်သက်၍ စကားလက်ဆုံကျလျက် ရှိကြ၏။ နှင်းကား သိန်းအောင် သီဆိုဖူးသည့် သီချင်းများအကြောင်းကိုသာ တတွတ်တွတ် စားမြုံ့ပြန်နေလေရာ "သူမို့လို့ မှတ်မိပလေ" ဟု သိန်းအောင်က အံ့ဩမိလေ၏။ ထိုအခိုက် ပထမ ခေါင်းလောင်းသံ ကြားရ၍ မီးရောင် အနည်းငယ် မှိန်သွားလေသည်။ တစ်ကျပ်တန်းဆီမှ ဆူညံသံများလည်း အတော်အတန် ငြိမ်သက်သွားလေသည်။

'ကိုသိန်းအောင်တို့ စာမေးပွဲတွေ ရက်ကပ်နေပြီနော်။ နှင်းတော့

"မက်ထရစ်" အောင်သွားလို့ စိတ်အေးသွားပြီ။ မဖြေရခင်များကလေ နေ့တိုင်း စိတ်တထင့်ထင့်နဲ့၊ အောင်မှ အောင်ပါ့မလားလို့ စိတ်ပူနေရတာပဲ။ အမှန်တော့ အောင်သွားတာလည်း မမဆွေရဲ့ ကျေးဇူးပဲ။ သူ စာတွေ ပြန်ပြပေးပေလို့သာ နှင်း အခုလို လွယ်လွယ်ကူကူ ဖြေနိုင်တာပေါ့'

'ကျောင်းရောက်ရင် ဘယ်ဘာသာတွေ ယူမယ်လို့ စိတ်ကူးသလဲ'

'အတ်(စ) ယူမယ် စိတ်ကူးပါတယ်။ ကိုသိန်းအောင်ကော ဘာယူသလဲ'

'အတ်(စ)ပဲပေါ့။ ဒါ မယူလို့ ဘာယူပါ့မလဲ။ ဆိုင်းယန့်(စ)က ကိုသိန်းအောင်တို့လို ဝါသနာမျိုးနဲ့ တခြားစီပဲ။ ဘယ်ယူလို့ ဖြစ်ပါ့မလဲ။ ပညာသင်တဲ့နေရာမှာလည်း ကိုယ်ထင်ရာ အရမ်းကာရော လုပ်လို့ မဖြစ်ဘူး။ ကိုယ့်မယ် ဘယ်လို ဝါသနာမျိုး ရှိတယ်။ အဲဒီဝါသနာနဲ့ ဘယ်လို ဘာသာမျိုးကို ယူရင် အထောက်အပံ့ရပါ့မလဲ။ နောက်ပြီး ကိုယ့်မိဘက ထောက်ပံ့နိုင်တဲ့ အခြေအနေနဲ့ ဘယ်လောက်ကြာကြာ သင်ရတဲ့ ဘာသာမျိုးကို ယူရင်ကောင်းမယ် ဆိုတာတွေဟာ အရှည်သဖြင့် တွေးကြည့်ရင် အင်မတန် အရေးကြီးတယ်။ ခု ကျောင်းသားတွေကတော့ အများအားဖြင့် ကိုယ်ထင်ရာ ကိုယ် ယူကြတာပဲ။ ဘိုင်အို ကောင်းတယ်လို့ တစ်ယောက်က ပြောရင် ဘိုင်အိုပဲ လိုက်ယူကြတယ်။ ငါးနှစ် ခြောက်နှစ်လုံးလုံး ကိုယ့်ဝါသနာနဲ့ သည်းညည်းခံနိုင်ပါ့မလား။ ကုန်ကျစရိတ်တွေကို မိဘက ကြာရှည် ထောက်ပံ့နိုင်စွမ်း ရှိပါ့မလား ဆိုတာတွေကို ဂရုမစိုက်ကြဘူး၊ မစဉ်းစားကြဘူး။ ဒီတော့ ကိုယ်နဲ့ မသင့်တော်တဲ့ ဘာသာတွေကို ယူ၊ ကြာတော့ မလိုက်နိုင်လို့ စိတ်ပျက်၊ စိတ်ပျက်တော့ ကျောင်းထွက်နဲ့ မြန်မာပြည်မယ် ပညာတတ်ကလေးတွေ ရှော့မှန်းမသိ ရှော့ကုန်တော့တာပေါ့'

'သိပ်မှန်တာပဲ ကိုသိန်းအောင်၊ နှင်းကိုလည်း ဒီလိုပဲပေါ့။ ဖေဖေက ကြီးရင် ဆရာဝန်မ ဖြစ်အောင်ဆိုပြီး ဘိုင်အို ယူရမယ်တဲ့။ နှင်းက ဘယ်သဘောကျနိုင်ပါ့မလဲ။ ဆရာဝန် လုပ်ဖို့ဆိုတာ နည်းနည်းကလေးမှ ဝါသနာမပါပဲဟာကိုး။ နောက်ပြီး ဖားတွေ အကောင်အလောင်တွေ ကိုင်ရ သတ်ရမှာလည်း အစောကြီးကတည်းက တွေးရွံ့နေတာပဲ။ ဒါကြောင့် ကိုသိန်းအောင် ပြောပြသလို ဖေဖေ့ကို ပြောပြလိုက်ရတာ'

ထိုအခိုက် ဒုတိယ ခေါင်းလောင်းတီးကာ မီးများ ငြိမ်းသွားသောကြောင့် စကားပြတ်သွားကြ၏။ ရှေးဦးစွာ ရယ်ရွှင်ဖွယ် ကာတွန်း ဇာတ်ကားတိုကလေး တစ်ခုအား စတင် ပြသရာ တစ်ရုံလုံး ဟားတိုက်သွားလေ၏။ သိန်းအောင်၏ စိတ်အာရုံမှာကား ရုပ်ရှင်ပိတ်ကားဆီသို့ လုံးဝ မရောက်ဘဲ နှင်းတို့ မောင်နှမ နှစ်ယောက်၏ တစ်ဖက်ဆီသို့ ပြန့်ပွားကူးစက်လျက် ရှိလေသည်။ မှောင်ထဲဝယ် သဲကွဲစွာ မမြင်နိုင်သော်လည်း မခင်ဆွေဆီသို့သာ မကြာခဏ လှမ်း၍ ကြည့်မိလေသည်။

ခေါင်းထဲတွင်လည်း သောင်းပြောင်းနှောသည့် စိတ်ကူးအမျိုးမျိုးတို့ဖြင့် ပင့်ကူမျှင် ယှက်သန်းနေသကဲ့သို့ ရှုပ်ထွေးလျက် ရှိလေသည်။

"မခင်ဆွေဟာ နှင်းတို့နဲ့ ဆွေမျိုးသားချင်းများ တော်စပ်နေသလား။ ဟာ... ဒါလည်း မဖြစ်နိုင်ပါဘူး။ သူတို့အချင်းချင်း ဆက်ဆံပုံဟာ ရိုးရိုးမိတ်ဆွေ သူငယ်ချင်းအနေမျိုးပါပဲ။ အင်မတန် ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေ ထင်ပါရဲ့။ ဒါဖြင့် ကိုထွန်းလှ ဆိုတာလည်း မခင်ဆွေနဲ့ ဘာမှ မတော်စပ်တဲ့ သူစိမ်းသက်သက်ပဲပေါ့။ ဟင်... ဒီလိုဆို သူ အခု ကိုထွန်းလှတို့အိမ်မှာ အတူနေနေတယ်ဆိုတာဟာ သူတို့အချင်းချင်းများ"

သိန်းအောင်မှာ "ခေါင်" လှသော စိတ်ကူးကို မဆက်နိုင်သေးမီ အခိုက်အတန့်ကလေးတွင် ရင်ထဲဝယ် "ဒိန်း" ခနဲ ဖြစ်သွားမိလေသည်။

တစ်ကိုယ်လုံးမှာလည်း ပူထူ ရှိန်းဖိန်းသွားတော့၏။ ရုတ်တရက်သော် ဘာလုပ်လို့ ဘာကိုင်ရမည်ကို မစဉ်းစားမိဘဲ ရှိလေသည်။

'ကိုသိန်းအောင် ဘာလဲ'

ထို အသံကလေးကို နားနားတွင် ကပ်၍ ကြားလိုက်ရသောအခါ တွင်မှ ညာဘက်လက်ကို ချက်ချင်း ရုပ်သိမ်းလိုက်ရ၏။ မှောင်ထဲ၌သာ သိန်းအောင်၏ မျက်နှာကို သဲကွဲစွာ မြင်နိုင်မည် ဆိုပါက အားနာတောင်းပန်သော အရိပ်အယောင်တို့ဖြင့် ရဲရဲနီမြန်းလျက် ရှိသည်ကို တွေ့ရမည် ဖြစ်သည်။ သူ့ဝမ်းထဲ၌ ဝင်ကြည့်လျှင်မူကား ခုံပြောင်း၍ ထိုင်လိုက်ချင်သည့် စိတ်များပင် ပေါ်ပေါက်လျက် ရှိသည်ကို တွေ့ရ ပေလိမ့်မည်။

'အို... ဆော်ရီး... နှင်း၊ မတော်တဆ လက်တင်မိလိုက်တယ်နော်'

## (၄)

မကြာမီ အားလပ်ချိန် ပေးလိုက်သဖြင့် မီးများ ထိန်ထိန်လင်းသွား၏။

ဘိုင်စကုတ်ပြနေစဉ် အတောအတွင်းက တိတ်ဆိတ်လျက်ရှိသော ရုံမှာလည်း ဆူဆူညံညံ ဖြစ်လာပြန်လေ၏။ တစ်ကျပ်တန်းဆီသို့ ဆီး၍ ကြည့်လိုက်လျှင်ကား မုန့်စားထွက်သူ၊ အိမ်သာထွက်သူများဖြင့် ရှုပ်ယှက်ခတ်လျက် ရှိသည်ကို တွေ့ရလေသည်။

'ကိုသိန်းအောင် ကြည့်လို့ အတော်ကောင်းသားပဲနော်။ နှင်းတော့ သီချင်းတွေကို သိပ်ကြိုက်တာပဲ'

နှင်းက မကြာသေးမီက ကိစ္စအတွက် လုံး၀ ဂရုမစိုက်သည့်အနေနှင့် ဘိုင်စကုတ်အကြောင်း စားမြုံ့ပြန် ချီးမွမ်းလိုက်သောအခါတွင်မှ "တော်ပါသေးရဲ့၊ သူ ဘာမှ အထင်မလွဲဘူး" ဟု ရင်ထဲတွင် အတော်

ကလေး သက်သာရာ ရသွားမိရင်း 'ကောင်းသားပဲ' ဟု ထောက်ခံလိုက်ရသော်လည်း သိန်းအောင်မှာ ဇာတ်ကြောင်းကိုပင် ကောင်းကောင်းမမှတ်မိဘဲ ရှိလေ၏။ နှင်းမှာကား သူ ထင်သလို မျက်နှာပျက်ခြင်း၊ ရှက်သွေးဖြန်းခြင်း၊ ဒေါသရောင်လျှမ်းခြင်း၊ ဘာတစ်ခုမျှ မရှိဘဲ စကားပြောရာ၌ ယခင်လိုပင် ဖော်ဖော်ရွေရွေ ပြုံးပြုံးရွှင်ရွှင် ရှိလေ၏။ ထိုအခိုက်မှာပင် ကိုထွန်းလှက 'နှင်းတို့ အိုက်စခရင် စားကြမယ်နော်' ဟု လှမ်း၍ မေးလိုက်သောကြောင့် 'စားမှာပေါ့ ကိုကိုရဲ့' ဟု နှင်းက သွက်လက်စွာ ဖြေလိုက်၏။

မကြာမီ ရေခဲမုန့် လေးခွက် လင်ပန်းနှင့် ထည့်ယူလာသဖြင့် အသီးသီး တစ်ယောက်တစ်ခွက်စီ ယူ၍ စားကြလေသည်။ သိန်းအောင်မှာ ရေခဲမုန့် စားနေစဉ် အခိုက်အတန့်တွင် မခင်ဆွေထံသို့ မကြာခဏ လှမ်း၍ အကဲခတ်မိလေသည်။ သူ့စိတ်ထဲတွင် မခင်ဆွေမှာ ယခင် တွေ့ဖူးစဉ် အခါကထက်ပင် ပို၍ အလှထူးနေသည်ဟု ထင်မိလေ၏။ သို့ရာတွင် မြင်ရုံသာ မြင်ရ၊ ခုံချင်းမျှပင် ယှဉ်ထိုင်ခွင့်မရသည့် မိမိအဖြစ်မိမိ တွေးမိရင်း ဝမ်းနည်းသလိုလို ဖြစ်သွားမိလေသည်။

'ကိုသိန်းအောင် အားတဲ့အခါတွေမှာ နှင်းတို့အိမ် လာလည်ပါနော်'

ဝမ်းနည်းသလိုလို ဖြစ်နေသည့်စိတ်ကို နှင်း၏ အသံက ခြောက်လှန့်ပစ်လိုက်၏။ ထိုအခိုက် ရေခဲမုန့် ကုလားကလေး စားပြီး ခွက်လွတ်များ လာသိမ်းသဖြင့် ကုလားထိုင်အောက်တွင် ချထားသည့်ခွက်ကို လှမ်းပေးလိုက်ရ၏။ နှင်းမှာကား သူ၏ ဖိတ်ခေါ်ချက်ကို လက်ခံ မခံ သိလိုဇောနှင့် သိန်းအောင်အား ဂရုစိုက်ကြည့်နေလေသည်။

'လာပါ့မယ် လာပါ့မယ်၊ နှင်း ခုလို တူရိယာ ဂီတ ဝါသနာပါမှန်း သိရတာလည်း ဝမ်းသာပါတယ်။ နှင်းတို့ နေတော့ ဘယ်မှာနေကြသလဲ'

သိန်းအောင်ထံမှ စကားများကို ကြားလိုက်ရသဖြင့် နှင်းမှာ ဝမ်းသာအားရ ဖြစ်သွားဟန်တူ၏။ ထိုစဉ် ကြော်ငြာဆလိုက်များ ထိုးပြရန် ရုံမီးတချို့အား မှိတ်လိုက်ရာ တစ်ဦးမျက်နှာတစ်ဦး သဲကွဲစွာ မမြင်နိုင်တော့ဘဲ ရှိလေ၏။

'ရွှေဂုံတိုင်လမ်း၊ နံပါတ် (--) မယ် နေပါတယ်။ ကိုသိန်းအောင် လာလည်မယ်ဆိုရင် သိပ်ဟန်ကျတာပေါ့။ အိမ်မှာ စန္ဒရားကြီးလည်း ရှိပါတယ်။ လာလည်တဲ့အခါကျမှ ကိုသိန်းအောင် တီးတာ ကောင်း ကောင်း နားထောင်ရမှာပဲ။ နှင်းတော့ ဆရာနဲ့သာ သင်နေတယ်။ ခုထက်ထိ ကောင်းကောင်းကို မတီးတတ်သေးပါဘူး။ သူများတကာတွေ တီးတာများ ကြားရရင် သိပ်အားကျမိတာပဲ'

'အို... စိတ်မလျှော့နဲ့လေ၊ ဂီတပညာဆိုတာ ကိုယ်က ဝါသနာပါရင် ခဏကလေးနဲ့ တတ်တာပဲပေါ့။ စန္ဒရားတီးတတ်မှ လူရာဝင်တယ် ထင်ပြီး ဆရာနဲ့ ကြက်တူရွေးလို အတင်းမရမက သင်တဲ့လူတွေသာ စိတ်ပျက်စရာကောင်းတာပါ။ နှင်းတို့လို ဝါသနာပါတဲ့ လူတစ်ယောက်ကတော့ သင်ပေးမယ့်လူ မရှိဦးတော့၊ အလိုလိုနဲ့ တတ်လာမှာပါပဲ။ ဘာမှ အားမလျှော့ပါနဲ့ နှင်းရဲ့၊ ကိုသိန်းအောင်လည်း အားတဲ့အခါတွေမယ် သင်ပေးမှာပေါ့'

'ဘာတွေများ နှင်းကို သင်ပေးမှာလဲ မောင်လေးရဲ့'

သိန်းအောင်မှာ နှင်းနှင့် စကားလက်ဆုံကျနေမိခိုက် မခင်ဆွေ၏ အသံကို ကြားလိုက်ရသဖြင့် ဝမ်းသာသွားမိလေ၏။ သူ့ဆီသို့ ပြုံးပြုံးကလေး လှမ်းကြည့်နေသော မခင်ဆွေကို ကြည့်ရင်း တတ်နိုင်လျှင်

ကိုထွန်းလှနှင့် နေရာချင်း လဲလှယ်၍ ထိုင်လိုက်ချင်စိတ်များပင် တဖွားဖွား ပေါ်ပေါက်မိ၏။

'ဩော်... စန္ဒရားသင်ပေးမယ့်အကြောင်း ပြောနေတာပါ။ နှင်းက သူ့အိမ်ကို အတင်းလာရမယ်လို့ ဖိတ်နေတယ် အစ်မကြီးရဲ့၊ ကျွန်တော်ကလည်း လာချင်ချင်ပါပဲ။ စန္ဒရားနဲ့ လူနဲ့ ဝေးနေတာက ကြာလှပြီ။ ကျောင်းဆောင်မယ် မရှိတော့ အသံလွှင့်ဖို့ သွားရတဲ့ အခါများမှပဲ တီးခွင့်ရတယ်'

အမှန်အားဖြင့် သိန်းအောင်အဖို့ "အစ်မကြီး ရှိတယ်ဆိုတာ သိလို့လည်း ကျွန်တော် လာချင်တာပေါ့" ဟုပင် ဖွင့်ဟ၍ ပြောလိုက်ချင်လှ၏။ သို့သော် ထိုမျှလည်း မဝံ့သေး။ တဖြည်းဖြည်း ရင်းနှီးလာကြတော့မှပဲ ဒီထက် အပုံကြီး အဓိပ္ပာယ်ရှိသော စကားတွေကို ပြောမည်ဟူ၍သာလျှင် စိတ်ကူး အိပ်မက်မက်နေမိတော့သည်။

ထိုအခိုက်မှာပင် မီးများ ငြိမ်းသွား၍ ဓာတ်ကားကို ဆက်လက်ပြသပြန်လေ၏။ သိန်းအောင်မှာ ပိတ်ကားပေါ်မှ အရုပ်များ၊ ပိတ်ကားနောက်မှ သီချင်းသံ စကားသံများကြောင့် ယခင် စိတ်ကူးများ ပျောက်ပြယ်သွားရပြန်တော့သည်။

ဓာတ်ကားထဲ၌ မီးရထားတစ်စီးအပေါ်ဝယ် ဓာတ်လိုက်နှင့် ဓာတ်လိုက် မင်းသမီး တွေ့ဆုံကြသည့် အခန်းတစ်ခန်း ပါရှိလေရာ၊ သူ့အဖို့ အဖြစ်ဟောင်းအချို့ကို အသစ်တစ်ဖန် ပြန်လည် သတိရစေရန် ဖန်တီးပေးသကဲ့သို့ ရှိလေတော့သည်။

## (၅)

မြင်ယောင် မှတ်မိသေးသည်။

သူနှင့် မခင်ဆွေတို့ စတင်ဆုံစည်းမိကြသည်မှာလည်း သည်လို

ပင် ပြည်မှ ရန်ကုန် အစုန်ရထားတစ်စီးပေါ်မှာပဲ ဖြစ်လေသည်။ ဒုတိယ တန်းတွဲတစ်ခုတည်းတွင် နှစ်ယောက်အတူ လိုက်ပါလာခဲ့ကြရာမှ တစ်ဦး ကို တစ်ဦး အသိမိတ်ဆွေ ဖွဲ့ခဲ့ကြရခြင်း ဖြစ်၏။

သိန်းအောင်မှာ မခင်ဆွေ လက်ပံတန်းဘူတာမှ တက်လာစဉ် ကတည်းကပင် စိတ်ထဲတွင် တစ်မျိုးကြီး ဖြစ်သွားမိခဲ့၏။ ယခင်က မိန်းမဆိုလျှင် စေ့စေ့မကြည့်ရဲသူတစ်ယောက် ဖြစ်သော်လည်း မခင်ဆွေ ကိုမူကား စတွေ့လိုက်ကတည်းကပင် ကြည့်မဝနိုင်အောင် ဖြစ်ခဲ့၏။ တစ်လမ်းလုံး ထွေရာလေးပါး စကားလက်ဆုံကျခဲ့စဉ် အခါ၌လည်း မခင်ဆွေ၏ ဟန်အမူအရာ မျက်လုံးမျက်ဖန် ကိုယ်သဏ္ဍာန် အစရှိသည် တို့အား ရှုမဝနိုင်အောင် နှစ်သက် သဘောကျခဲ့မိလေ၏။ ထိုကြောင့် နောက်ဆုံးတွင် သူ အယုံအကြည် မရှိခဲ့သော "ပထမအမြင်တွင် စတင် သည့် အချစ်" ဟူသော အင်္ဂလိပ်စကားပုံကို လုံးဝ ယုံကြည် လက်ခံလိုက် ရတော့လေသည်။

သို့ဖြစ်၍ ရန်ကုန်ဘူတာကြီးသို့ ရထားဆိုက်လိုက်သည်ကိုပင် မြန်လွန်းလှသည်ဟု အောက်မေ့မိလျက် နှစ်ယောက်သား မခွဲချင့် ခွဲချင် နှင့် တစ်လမ်းစီ ခွဲခဲ့ကြရခြင်း ဖြစ်၏။ ထိုအချိန် အခိုက်အတန့်ကလေး မှာပင် မခင်ဆွေအပေါ်ဝယ် အချစ်တည်း ဟူသော သံယောဇဉ် အမျှင် တန်းကလေးတစ်ခု ငြိတွယ် ယှက်သန်းမိခဲ့ခြင်း ဖြစ်ကြောင်းကိုလည်း သိန်းအောင် နားလည်စ ပြုခဲ့လေသည်။

"အခုလို မိတ်ဆွေ ဖြစ်ကြရတာ သိပ်ဝမ်းသာတာပဲ။ မောင်လေး နဲ့ ကျောင်းကျရင် ပြန်တွေ့ကြရဦးမှာပေါ့" ဟု မခင်ဆွေထံမှ နောက်ဆုံး ကြားခဲ့ရသော စကားတို့မှာကား ယခုထက်တိုင် နားထဲဝယ် ကြားယောင် ယောင် ဖြစ်လျက် ရှိသေး၏။

ကျောင်း... ကျောင်း၊ ထို့ကြောင့်လည်း ကျောင်းသာလျှင် မြန်မြန်ဖွင့်ပါစေတော့ ဟု ဆုတောင်းခဲ့မိခြင်း ဖြစ်ပေသည်။

နေ့စဉ် နေ့တိုင်းလည်း သူ့အကြောင်းများကိုသာ တွေး၍ သူ့စကားတွေကိုသာ ကြားယောင်ခဲ့တော့သည်။ ပထမ၌ "တစ်နေကုန်မှ မတွေ့လိုက်ရတဲ့ မိန်းမတစ်ယောက်ကို ဒီလောက် စွဲစွဲလမ်းလမ်း ဖြစ်နေဖို့ မလိုပါဘူး။ ငါ သက်သက် စိတ်ရူးထမိတာပါ"ဟု တွေးမိရင်း စိတ်ထဲမှ ဖျောက်ဖျက်ကြည့်မိသေးသည်။ သို့သော် မရ။ မခင်ဆွေ၏ အာရုံကား ဦးနှောက်ထဲတွင် တံဆိပ်ဖြင့် ခတ်နှိပ်ထားတော့သည့်အတိုင်း စွဲမြဲလျက်သာ ရှိတော့သည်။

ထို့ကြောင့် "သူ့ကို ငါ တကယ်ပဲ ချစ်မိနေပြီ" ဟူ၍သာ ယုံကြည်လိုက်ရတော့၏။ သို့နှင့်ပင် သူ့အသည်းညှာ တစ်နေရာဝယ် ငြိတွယ်နေခဲ့သော အချစ်မီးပွားကလေးမှာလည်း လွမ်းလေရူး ဆွေးလေရူး ဆော်ဖွေ့သရမ်းလိုက်တိုင်း ဟုန်းခနဲ ဟုန်းခနဲ ထ၍ တောက်လာတတ်တော့၏။ ထိုအခါများတွင် မီးလျှံ အပူရှိန်မှ သက်သာရာ ရစေရန် ချစ်သဝဏ်လွှာများကို သီချင်းများအဖြစ် စပ်ဆိုမိခဲ့ခြင်း ဖြစ်လေသည်။

မကြာသေးမီ ရက်များအတွင်းက အသံလွှင့်ရုံမှ သီဆိုခဲ့သော "လွမ်းငွေ့ဝေဝေ"၊ "ချစ်နှင်းမှုန်မှုန်" အစရှိသော သီချင်းတို့မှာ မခင်ဆွေအဖို့ ရည်စူးအပ်သော ချစ်သဝဏ်လွှာများသာ ဖြစ်တော့သည်။

ထို့ကြောင့်လည်း နားထောင်သူ ပရိသတ်တိုင်း တက္ကသိုလ်သိန်းအောင်၏ သီချင်းသံကို စွဲလမ်း နှစ်ခြိုက်ခဲ့ကြခြင်း ဖြစ်ဟန်တူ၏။

ယနေ့မူ ခုနစ်နှစ်အမျှ တောင့်တ မျှော်လင့်ကာ တစ်ဖက်သတ်ချစ်ခဲ့ရသည့် ထို မိန်းမပျိုအား ပက်ပင်းပါ ဆုံခဲ့ရလေပြီ။ ရုပ်ရှင်ကိုလည်း တစ်ရုံတည်း တစ်တန်းတည်းတွင် အတူတကွ ကြည့်နေရလေပြီ။ ဝမ်းသာ

မှုကိုကား ဖော်မပြနိုင်လောက်အောင်သာ ရှိတော့၏။ သို့သော် ဤကဲ့သို့ နှစ်ယောက်သား ဆုံတွေ့မိလျက်ပင် နှစ်ခုံခြား လွဲခဲ့ရသည့်အကြောင်းမှာ–

"တောက်… ဒီကနေ့မှ လာပြီး ဘိုင်ကျရသတဲ့လား"

(၆)

သို့နှင့်ပင် ဘိုင်စကုတ် ပြီးသွားသည်ကိုပင် သတိမပြုလိုက်မိချေ။ ရုံမီးများ ပြန်လင်းလာကာ ပိတ်ကားပေါ်တွင် ဂျော့ဘုရင်၏ ရုပ်ပုံ ပေါ်လာတော့မှပင် ထိုင်ရာမှ ထ လိုက်မိလေ၏။ ထိုနောက် လေးယောက်သား အခြားပွဲကြည့် ပရိသတ်များနှင့်အတူ ရောချ၍ ထွက်ခဲ့ကြရာမှ ရုံအောက်ထပ်သို့ ရောက်ခဲ့ကြလေသည်။

ရုံဆင်ဝင်အောက်တွင် လူတွေ ကြိတ်ကြိတ်တိုးနေဆဲ ဖြစ်သဖြင့် တံခါးဝတွင် ရပ်နေမိကြစဉ် မခင်ဆွေ အနားသို့ ကပ်လာပြီးလျှင်–

'ဘိုင်စကုတ်ကြီးလည်း သိပ်ကြည့်မနေနဲ့ဦးနော်၊ စာမေးပွဲ ရက်ကပ်နေပြီ မဟုတ်လား' ဟု အစ်မကြီးသဖွယ် သတိပေးလိုက်သောကြောင့် သိန်းအောင်မှာ ရင်ထဲဝယ် ဟာသလိုလိုကြီး ဖြစ်သွားမိရာက 'ဟုတ်ကဲ့၊ သန်ဘက်ခါ ဖြေရတော့မှာပဲ' ဟု ဖြေလိုက်ရလေ၏။ ထိုအခိုက်နှင်းကလည်း–

'ကိုသိန်းအောင် စာမေးပွဲတွေ ပြီးရင် အိမ်ကို လာလည်ရမယ်နော်' ဟု ကလေးဆိုးကလေးပမာ မှာနေပြန်ရာ 'ဟုတ်ကဲ့… ဟုတ်ကဲ့၊ လာပါ့မယ်။ နောင်တော့သာ လာလွန်းလို့ ဆိုပြီး စိတ်ပျက်မသွားပါနဲ့' ဟု ခပ်ရွှတ်ရွှတ် ပြန်ပြောလိုက်ရလေသည်။ မကြာမီ လူတော်တော်ရှင်းသွားသဖြင့်–

'ကဲ... မောင်လေး၊ အစ်မကြီးတို့ ပြန်လိုက်ဦးမယ်။ ကျောင်းမဖွင့်ခင် လာလည်လှည့်ဦးနော်' ဟု မခင်ဆွေက စတင် နှုတ်ဆက်လိုက်ပြီးလျှင် အသီးသီး တစ်ဦးကိုတစ်ဦး နှုတ်ဆက်ကြရလေသည်။

'ကိုထွန်းလှ၊ ဘိုင်စကုတ်ကြည့်ရတာ ကျေးဇူးတင်ပါတယ် ခင်ဗျာ' ဟု သိန်းအောင်ကလည်း ကိုထွန်းလှအား ယဉ်ကျေး သိမ်မွေ့စွာပင် ကျေးဇူးတင်စကား ပြောလိုက်မိ၏။ ထိုနောက် ကိုထွန်းလှနှင့် မိန်းမပျိုနှစ်ယောက်တို့သည် ပွဲကြည့် ပရိသတ်အချို့ကို ရှောင်ရှားရင်း ကားများစီတန်းရပ်ထားရာ စကြာဘက်ဆီသို့ လက်ချင်းတွဲလျက် လျှောက်သွားကြပြီးလျှင် မောရစ်(စ) ကားနက်ကလေး တစ်စီးပေါ်သို့ တစ်ယောက်ချင်း တက်သွားကြလေသည်။

သိန်းအောင်ကား ကားပေါ်မှ လက်ပြ နှုတ်ဆက်သွားကြသည့် မခင်ဆွေနှင့် နှင်းတို့အား ငေးမျှော်၍ ကြည့်လိုက်ရင်း တစ်ယောက်တည်း ကျန်ခဲ့လေတော့၏။

စိတ်ထဲတွင်မူ ဟိုလူက ကိုယ်ပိုင်ကား၊ ငါက ဘတ်(စ်)...။

မီးရထားဝန်ထောက်လောင်းကလေးနှင့် ကျောင်းသား၊ အဆင့်အတန်း ကွာခြားမှုကို မခံချိ မခံသာဖြစ်လျက် ကျန်ခဲ့တော့သည်။

# [၂] ကောလိပ် ကျွမ်းယာ

## (၁)

သိမ်ကြီးဈေးတစ်ဝိုက်၌ လမ်းလျှောက်နေသူတစ်ဦးသည် မငေးမိရန် အရေးအကြီးဆုံး ဖြစ်လေသည်။ ထိုအချက်ကို ဂရုမမူမိသဖြင့် အနီးအနား ရှိ ရင်ခွဲရုံသို့ ရောက်သွားရသူပေါင်းလည်း များလေပြီ။

စစ်လေလံမှ ဆွဲထားသမျှ ကားကြီး၊ ကားငယ်၊ ကားရှယ်၊ ကား လတ် ကားမျိုးစုံတို့သည် ဥဒဟို ထွက်လိုက် ဝင်လိုက်နှင့် ထိုတစ်ဝိုက် ၌ စုဝေးကြကုန်၏။ မင်္ဂလာဒုံ၊ အင်းစိန်၊ ကမာရွတ် အစရှိသော ဌာနများ နှင့် သယ်ယူပို့ဆောင်ရေး ပြုလုပ်လျက်ရှိသည့် ကားများပင်တည်း။

သိန်းအောင်မှာ ဖရေဇာလမ်းအတိုင်း တဖြည်းဖြည်း လျှောက်ခဲ့ ရာမှ ထိုနေရာသို့ ရောက်ခဲ့လေသည်။ တစ်လမ်းလုံး ကိုယ့်စိတ်ကူးနှင့် ကိုယ် လျှောက်လာခဲ့သည့်အတိုင်း အထွက် အဝင် မရှောင်သာအောင် ပြည့်ကျပ်လျက်ရှိသော ကားတို့အကြားမှ ခပ်ငေးငေးပင် ဖြတ်ခဲ့မိ၏။ ကမာရွတ်–အင်းစိန် ကားဆိပ်သို့ ရောက်လုလုနီးတွင်ကား လော်ရီကြီး တစ်စီး သူ့နံဘေးနားမှ ပွတ်သီ၍ မောင်းသွားသဖြင့် မနည်းရှောင်လိုက် ရလေ၏။

'ဆရာ... ဆရာ၊ ကမာရွတ်–မြေနီကုန်း ဆရာ၊ သုံးမိနစ်အတွင်း ထွက်တော့မယ်'

ကမာရွတ် ကားစပယ်ယာ တစ်ယောက်၏ အသံ–

'လာပါ ဆရာလေးရဲ့၊ အင်းစိန်သွားမယ် မဟုတ်လား။ ကျွန်တော်တို့ ကားကို စီးပါ။ ကြာကြာကျောက်ချတဲ့ကားမျိုး မဟုတ်ပါဘူး'

အင်းစိန် ကားစပယ်ယာ၏အသံ...။

ထို ပြိုင်တူထွက်လာသော ကားစပယ်ယာ နှစ်ယောက်၏ အသံများကြောင့် သိန်းအောင်မှာ ဘယ်သူ့ဆီကို လိုက်ရမည် မသိဘဲ ယောင်ချာချာ ဖြစ်၍နေသည်။ ထိုအခိုက် နှစ်ယောက်သား ပါးစပ်ဖြင့် ခေါ်ရုံဖြင့် မကျေနပ်သေးဘဲ လူတစ်ကိုယ်အား သူ့ဘက် ကိုယ့်ဘက် အပါဆွဲနေကြပြန်သောကြောင့်–

'ဟေ့ လူတွေ၊ ကျုပ် စီးချင်တဲ့ကား စီးမယ်ဗျာ၊ ခင်ဗျားတို့ဟာက လူကို တရားခံဆွဲသလို လိုက်ဆွဲနေကြတာကိုး' ဟု ပြောပြောဆိုဆို လူချောင်မည်ထင်သော ကားတစ်စီးပေါ်သို့ တက်လိုက်မိလေ၏။ စပယ်ယာ နှစ်ယောက်ကား ပိုက်ဆံကလေး တစ်မတ်အတွက်နှင့် တစ်ဦးကို တစ်ဦး ထိုးကြ ကြိတ်ကြတော့မည့်အလား စကားများလျက် ကျန်ခဲ့ကြလေသည်။

သိန်းအောင်မှာ "ဒါကြောင့်လဲ သူတို့အချင်းချင်း ရိုက်ပွဲ သတ်ပွဲတွေ ခဏခဏ ဖြစ်ကြရတာပဲ။ ကားပိုင်ရှင်တွေ ပိုက်ဆံ တစ်မတ်၊ ငါးမူး ပိုရဖို့အတွက် သူတို့က ကြားကနေ ခေါင်းကွဲ ထိပ်ပြဲခံပြီး တန်ဆာခံကြရရှာတယ်" မှာ တွေးမိရင်း ကားသမားများအပေါ်တွင် သနားကရုဏာ သက်သွားမိလေသည်။

ကားတိုင်းလိုလိုပင် ယခင် "အာ–အီး–တီ" ပုံစံအတိုင်း ကိုယ်

ထည်များ တပ်ဆင်ထားသဖြင့် အတော်ပင် သပ်သပ်ရပ်ရပ် ရှိလေ၏။ ဖယောင်းပုဆိုး (ဆိုဖာ) များပင် တပ်ဆင်ထားပြန်လေရာ စီးချင့်စဖွယ်ပင် ဖြစ်ပေသည်။ သို့ရာတွင် ကားများ၏ အသွင်အပြင် ခံ့ညားသလောက် ကားသမား၊ စပယ်ယာတို့၏ အပြုအမူများမှာကား ယခင်အတိုင်းပင် ရှိနေသေးသည်ကို တွေ့ရလေသည်။

ကားပေါ်တွင် ငါးသေတ္တာတမျှ လူတွေ ပြွတ်သိပ် ကျပ်တည်းနေသည့်အခါများမှ လိပ်ကဲ့သို့ ရွေ့ရှားစ ပြုတတ်သည်။ သိမ်ကြီးဈေးဆိပ်တွင် ကြာသလောက် လမ်းမတော်ကွေ့ ရောက်ပြန်သောအခါ၌လည်း အနည်းဆုံး ငါးမိနစ်၊ ဆယ်မိနစ်နီးပါးခန့် ကျောက်ချ အချိန်ဆွဲပြန်သည်။ ထိုကဲ့သို့ အချိန်ကြာမြင့်စွာ လူစောင့်သည့်အကြားမှပင် ထွက်တော့မလိုလို၊ လူတက်ရန်အတွက် ဆုတ်ပေးသလိုလိုနှင့် အငြိမ်မနေ ရှေ့တိုးနောက်ငင် လုပ်တတ်သေးရာ ကားမှူးတတ်သည့် မိန်းမသားများ သည်းမခံနိုင်၍ ညည်းညူကြရရှာလေ၏။

"အင်း တကယ်လို့များ လူမျိုးခြား ကုမ္ပဏီတစ်ခုသာ အပြိုင်အဆိုင် ဖွင့်ထားရင် သူတို့ လုပ်ပုံကိုင်ပုံတွေနဲ့ အခက်ပဲ။ ဘယ်သူမှ စီးကြတော့မှာ မဟုတ်ဘူး။ ခုတောင် စိတ်ပျက်တဲ့ လူတွေကတော့ မီးရထားကို အသုံးပြုနေကြပြီ"

သိန်းအောင်မှာ ကားသမားများကိုယ်စား စိတ်ပူ ကြောင့်ကြ ဖြစ်မိလေ၏။

မှန်သည်။ အကယ်၍သာ "အာ–အီး–တီ" လို ကုမ္ပဏီတစ်ခု အပြိုင်အဆိုင် ပေါ်ပေါက်လာပါက ဗမာကားသမားများ မခက်ပါလော။ မည်သူမဆို ငွေပေးရသည့် အရာတစ်ခုအား တန်ဖိုးနှင့်လျော်ညီအောင် အသုံးချလိုကြပေမည်။ သူ့အလိုက်အထိုက် အကောင်းကိုသာ လိုချင်ကြ

ပေမည်။ လူတွေကို ငါးသေတ္တာတမျှ ပြွတ်သိပ် ကျပ်တည်းစွာ တင်ဆောင်ကာ ထင်သလိုထွက်၊ ထင်သလို မောင်းသည့်ကားတစ်စီးနှင့် စည်းကမ်းသေဝပ်စွာ အချိန်မှန်မှန် ထွက်လေ့ထွက်ထ ရှိပြီးလျှင် လူကိုလည်း ခုံအရေအတွက်အရ သူ့အိုးနှင့် သူ့ဆန် တန်အောင်သာ သယ်ဆောင်သည့်အခြားကားတစ်စီး နှစ်စင်း ပြိုင်တူ ယှဉ်၍ မောင်းနှင်လာသည် ဆိုပါတော့။ မည်သူမဆို ဒုတိယကားကိုသာ စီးချင်ပေလိမ့်မည်။

သိန်းအောင်ကား ဤကားသမားတွေအကြောင်းကို တွေးတောစဉ်းစားရင်းက စည်းကမ်း ကျနစွာ တည်ထောင် ဖွင့်လှစ်သည့် မြန်မာပိုင် ဘတ်(စ်)ကား ကုမ္ပဏီကြီးတစ်ခု ပေါ်ပေါက်လာလျှင် ခရီးသွားခရီးလာများအတွက် မည်မျှ အဆင်ပြေမည်ကို စိတ်ကူးယဉ်ကြည့်နေမိတော့သည်။

(၂)

'ဟော့... ကိုသိန်းအောင်ကြီး၊ ဘာတွေများ ဒီလောက် တွေးလာရတာလဲဗျ။ ကြည့်စမ်းပါဦး၊ ကျုပ်တို့ သုံးယောက်စလုံးကိုတောင် မမြင်ဘူး တဲ့'

သိန်းအောင်မှာ ခေါင်းငိုက်စိုက်နှင့် တွေးမိတွေးရာ ငေးမောရင်း ပါလာသဖြင့် ဘေးတန်းတစ်ဖက်မှ လူရွယ်သုံးယောက် သူ့ကိုကြည့်ရင်း လက်ဟန် ခြေဟန် ဝေဖန်နေကြသည်ကို ဂရုမမူမိဘဲ ရှိလေ၏။ ရုတ်တရက်ဒူးကို ခပ်ပြင်းပြင်း ပုတ်၍ နှုတ်ဆက်လိုက်သည်ကို သိရတော့မှ အိပ်ငိုက်နေစဉ် လန့်နိုးသူကဲ့သို့ ဆတ်ခနဲ ခေါင်းမော်လိုက်မိပြီးလျှင်–

'ဟာ... ကိုတင်မောင်ကြီးတို့ပါလား။ အဟုတ်ပဲဗျာ၊ ကျွန်တော်

ခင်ဗျားတို့ကို လုံးလုံး မမြင်မိဘူး' ဟု ရက်ကိုးရက်ကန်းနှင့် ပြန်လည် နှုတ်ဆက်လိုက်ရာ ကိုတင်မောင် ဆိုသူက–

'ဟား... ဟား... ဘယ်တွေ့ပါ့မလဲဗျာ၊ တစ်ယောက်တည်း ဘာတွေ စားမြုံ့ပြန်လာမှန်းမှ မသိဘဲကိုး'

'အို... မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်ဖြင့် ဘာကိုမှ စားမြုံ့မပြန်မိပါဘူး။ စားမြုံ့ပြန်စရာလည်း ဘာတစ်ခုမှ မရှိပါဘူး'

'ဟဲ... ဟဲ တန်တော့ မဟုတ်မှလွဲရော။ ကိုယ့်စိတ် ကိုယ်နိုင်အောင် ထိန်းနိုင်ရင် ဘယ်အပေါင်းဖော်က လာပြီး သွေးဆောင် သွေးဆောင် မပျက်စီးနိုင်ဘူးဆိုတဲ့ ဆရာကြီး၊ တစ်ယောက်တည်း တိတ်တိတ်ခိုး ကျိတ်နေပြီ ထင်တယ်။ ဟုတ်လား မှန်းစမ်း'

ကိုတင်မောင်သည် ခါးကို ကိုင်းညွတ်လိုက်ရင်း သိန်းအောင်၏ ပါးစပ်အနားသို့ နှာခေါင်းကပ်ပြီး ရှူလိုက်ရာ သိန်းအောင်မှာ မျက်နှာ ရှုံ့ရှုံ့မဲ့မဲ့နှင့် ခေါင်းငဲ့ပေးလိုက်ရ၏။ ကိုတင်မောင် အနံ့ခံသည့် ရနံ့မှာ သိန်းအောင် ပါးစပ်တွင် မရှိဘဲ ကိုတင်မောင့် ပါးစပ်ကပင် ထောင်းခနဲ ထွက်လာသောကြောင့်တည်း။

'ခက်တဲ့လူပဲဗျာ၊ လူကို သက်သက်နာမည်ဖျက်ဖို့ စိတ်ကူးနေပြန်ပါပြီ။ ခင်ဗျား ထင်တာလည်း မသောက်ခဲ့ပါဘူး။ တစ်ယောက်တည်း ဘတ်(စ်)ကားတွေ စနစ်မပြောင်းသေးတာကို ကြည့်ရင်း စိတ်ပျက်နေတာပါ'

ကိုတင်မောင်တို့ လူသိုက်ကား "ယုံရမှာလား အစ်ကို့" ဟူသော လူပြက်ဟန် အမူအရာမျိုးနှင့်ပင် သိန်းအောင်အား ပြုံးပြုံးကြီး စိုက်ကြည့်နေကြလေသည်။ တစ်ခါတစ်ခါ ကားပြတင်းမှ လေအဝင်တွင် သူတို့ဆီမှ

ရန့်ပြင်းပြင်းတစ်ခု ဝေ့၍ ဝေ့၍ ပါလာတတ်ရာ "သူတို့တစ်တွေ တော်တော်ကလေး ထွေလာကြတာပဲ" ဟု သိန်းအောင် တွေးမိလေ၏။

ထိုအခိုက် ကားမှာလည်း လူအပြည့်ပါလာပြီ ဖြစ်၍ စက်ကုန်ဖွင့်လေတော့သည်။ လူစောင့်သည့် နေရာမျိုးတွင် ထိပ်တန်းက ကြာသလောက်၊ အပြင်းမောင်းနှင်ရာ၌လည်း လေယာဉ်ပျံ အရှုံးပေးလောက်၏။ ကားတစ်စုံတစ်ရာ ဖြစ်သွားလျှင် အမောင်းကြမ်းသည့် ဒရိုင်ဘာတစ်ဦးတည်းသာမက ကားထဲတွင် ပါသမျှ လူတိုင်း အသက်အန္တရာယ်တွေ့ကြရမည်ကို နားလည်ဟန် မတူ။ ဂရုစိုက်ပုံလည်း မရ။

"ရန်ကုန်ကို နောက်ထပ် ဘယ်နခေါက်လောက် ဆွဲနိုင်ပါ့မလဲ" ဟူသော အသိဉာဏ် တစ်ခုတည်းသာ ခေါင်းထဲ၌ ရှိဟန်တူလေသည်။

ကိုတင်မောင်တို့ လူသိုက်ကား ကားအမြန်မောင်းနှင်လျက် ရှိရာတွင် လေစိမ်းကလေးများ တိုး၍ ဝင်လာသဖြင့် ရီဝေဝေ ဖြစ်နေသည့် မျက်လုံးများကို ဖွင့်လိုက် ပိတ်လိုက်နှင့် လုပ်နေကြရလေ၏။ ထိုအခိုက် သူတို့ကားမှာ အခြား ကားတစ်စီးအား ပန်း၍ အတက်လိုက်တွင် အနည်းငယ် တိမ်း၍သွားသောကြောင့် ကားပေါ်မှ လူများ ယိမ်းထိုးမတတ် ဖြစ်သွားကြလေသည်။

'ဗျို့ ဒီမယ် ကားဆရာကြီးရဲ့၊ ခင်ဗျား မောင်းနေတာ မနေးလွန်းဘူးလားဗျာ'

ကိုတင်မောင်က သည်းမခံနိုင်တော့သည့် အနေနှင့် အရက်သံပါပါ လှမ်း၍ အော်လိုက်ရာ–

'ဘာလဲ ဆရာ၊ ကျွန်တော် မောင်းတာ နည်းနည်းမြန်လို့လား ဆရာ' ဟု ကားဆရာက နားမလည်သလိုလိုနှင့် ပြန်၍ မေးနေပြန်သောကြောင့် ကိုတင်မောင်မှာ ကိုယ့်နဖူးကိုယ် လက်နှင့်ရိုက်လိုက်ရာက–

'နည်းနည်းမြန်လို့တော့ မဟုတ်ပါဘူး ဆရာ၊ ကျွန်တော်က ပျံ နေတာများ နည်းနည်းနိမ့်နေသလားလို့ သတိပေးတာပါ' ဟု အရွဲ့တိုက် ၍ လှမ်းအော်လိုက်တော့မှ ကားဆရာမှာ အဓိပ္ပာယ်ရှင်းသွားသည့်အလား ကားကို အရှိန်သတ်လိုက်ကာ ဖြည်းဖြည်းနှင့် မှန်မှန် မောင်းလေတော့ ၏။

(၃)

မြေနီကုန်း ကားဆိပ်တွင် လူတစ်ဝက်ခန့် ဆင်းသွားသဖြင့် ကားပေါ်တွင် အတော်ပင် ချောင်ချောင်ချိချိ ရှိသွားလေရာ ကောလိပ်ကျောင်းသား လေးယောက်တို့မှာ ထောင့်တစ်ထောင့်တွင် စုထိုင်ရင်း စပ်မိစပ်ရာ စကား တို့ကို ဖောင်လောက်အောင် ပြော၍ ပါလာကြလေသည်။ ထိုအထဲတွင် ကိုတင်မောင်မှာ အာအကျယ်ဆုံးနှင့် လေ အများဆုံး ဖြစ်လေသည်။

'ကိုသိန်းအောင် ဘယ် "ပစ်ချာ" ကြည့်ခဲ့သလဲဗျ'

'ပလေဒီယံကဟာ ကြည့်ခဲ့တယ်။ ကိုတင်မောင်တို့ကော ဘယ် က ပြန်ခဲ့ကြတာလဲ။ ဟိုက ပဲလား'

'ဟုတ်တယ်၊ မနက်ကတည်းက ဘိုင်စကုတ်ကြည့်မလို့ ထွက် လာကြရာက ဆယ့်နှစ်နာရီပွဲအပြီး ဟိုရောက်သွားကြတာပဲ။ မလုပ်နဲ့ ဗျ၊ ခုနေခါ ခေါင်းကို ခဏာ ခဏာ ရှင်းမပေးလို့ မဖြစ်ဘူး။ စာမေးပွဲက ဖင်နားကပ်နေပြီ။ သပိတ်တွေ မှောက်လိုက်တာနဲ့ အလုပ်တွေ နင်းကန် များပြီး စာတွေဆိုတာလည်း ဘယ်ပျောက်ကုန်မှန်းတောင် မသိတော့ပါ ဘူး။ စာမေးပွဲဆိုတာတော့ ဝေးရောပဲ'

'ဩော်... ဟုတ်သားပဲ၊ ကိုတင်မောင် တစ်ယောက်လည်း သပိတ် ကိစ္စတွေကို အတော်ကြီး ဆောင်ရွက်ခဲ့ရတာကိုး'

'ဟာ... မလုပ်ပါနဲ့ ကိုသိန်းအောင်ရာ၊ မဟုတ်ဘဲ ကြွားတယ်ဆိုပြီး အရှောင်သမားလို့ ဝိုင်းအခေါ်ခံနေရပါဦးမယ်။ သပိတ်ကိစ္စနဲ့ ဘာမှ မဆိုင်ပါဘူး။ ကျွန်တော့်ဟာ ကျွန်တော် မြင်းလောင်း၊ ဖဲရိုက်၊ ဟိုတယ်သွားနဲ့ အလုပ်များခဲ့တာတွေကို ပြောတာပါဗျာ။ ကျောင်းသားနိုင်ငံရေးသမားတွေဆိုရင် ကျွန်တော်က ကိုယ့်အဖေထက် ကြောက်သေးတယ်။ အဖေကမှ စိတ်မထင်ရင် မသကာ ကြိမ်လုံးနဲ့ ရိုက်မှာ၊ သူတို့ကတော့...'

ကိုတင်မောင်မှာ စကားကို ရှေ့သို့ မဆက်ဘဲ ရပ်ထားလိုက်သဖြင့် 'ပြောစမ်းပါဦး၊ အဖေ့ထက် ကြောက်ရအောင် သူတို့ကတော့ ဘာလုပ်မှာမို့လဲ' ဟု ဝိုင်းမေးလိုက်ကြသောကြောင့်–

'လာ... လာ၊ ဒီနားတိုးပြီး နားထောင်ကြ၊ တိုးတိုးပြောပြမယ်'

အားလုံး ကိုတင်မောင့် အနီးသို့ တိုးကပ်သွားကြပြီးလျှင်–

'ကဲ... ဘာလဲဗျ၊ ပြောပြစမ်းပါဦး' ဟု ဝိုင်း၍ မေးလိုက်ကြသောအခါတွင်မှ ကိုတင်မောင်က–

'သူတို့က စိတ်မထင်ရင် လူကို ဂရုတစိုက် လက်ဖက်ရည် တိုက်ချင် တိုက်တာဗျ၊ ခင်ဗျားတို့ တစ်ခါမှ မကြုံမိကြသေးဘူး ထင်တယ်။ ဒီလိုဗျ တချို့လူတွေရှိတယ်။ သူတို့ လူကို သောက်ဂရုမစိုက်ချင်တဲ့အခါတွေများဆိုရင် ပခုံးချင်းတောင် ဝင်ဆောင့်သွားကြမလား အောက်မေ့ရတယ်။ လူကို ကြည့်ရင်လည်း သူတို့နဲ့ပဲ အဖက်မတန်သလိုလို၊ တစ်ခါတလေများ ဒီက လူ့ယဉ်ကျေးမှုကို သိတတ်စွာနဲ့ စပြီး နှုတ်ဆက်တာတောင် သူတို့က မကြားသလို လျှောက်သွားချင် လျှောက်သွားတာ။ ဒါပေမဲ့ သူတို့ ဂရုစိုက်ချင်ပြန်တော့လည်း တကတဲ လာပါဦး၊ ကြွပါဦး၊ ဘယ်သူဘယ်ဝါဆိုပြီး လက်ဖက်ရည် တိုက်လိုတိုက်၊ မုန့်ကျွေးလို

ကျွေးနဲ့ လောကွတ်ပျူငှာ သိပ်ရှိကြပြန်ရော။ ကျွန်တော်က ကိုယ်တိုင် ခံရဖူးလို့ဗျ။ ပထမတော့ သိပ်အံ့ဩမိတာပေါ့။ နောက်မှ နှစ်ကြီးသမား တစ်ယောက် သွားမေးကြည့်တော့ ရွှေးကောက်ပွဲ နီးလာလို့ မဲဆွယ်တာ ဆိုကိုး၊ နားလည်ပြီလား။ ဒါကြောင့် သူတို့များဆို တကယ် လန့်တယ်'

ထိုအခါကျမှ အားလုံး သဘောပေါက်သွားကြပြီးလျှင် ပြုံးလိုက် ကြလေ၏။

'ဒါနဲ့ နေပါဦး၊ ကိုသိန်းအောင်က ဟော်စတယ်နဲ့ အဆင်းရ နီးနီးနားနား ဘာကြောင့် ကုက္ကိုင်းကား စီးမပြန်ရတာလဲ။ ကမာရွတ် ထဲ သွားဦးမယ်များ စိတ်ကူးလို့လား'

ကိုတင်မောင်က သိန်းအောင်ကို ကြည့်ရင်း ပြုံးပြုံးကြီး မေး လိုက်သော်လည်း သိန်းအောင်မှာ အဓိပ္ပာယ်ကို နားမလည်နိုင်ဘဲ–

'ဘာလဲဗျ၊ ဘာပြုံးတာလဲ။ ခင်ဗျားတို့ဟာက အဓိပ္ပာယ်မရှိတဲ့ စကားတွေကို အဓိပ္ပာယ်ရှိအောင် လုပ်လုပ်ပြီး ပြောတတ်လွန်းလို့ တစ် ဖက်သား အူကြောင်ကြောင် ဖြစ်ဖြစ်သွားတာပဲ။ ကမာရွတ်ထဲ သွားရ အောင် ကျွန်တော့်မယ် ဘာကိစ္စမှ မရှိပါကလား။ တမင်သက်သက် ပရုန်းဟောမယ် ဝင်စရာကလေးတစ်ခုရှိလို့ ဒီဘက်လှည့်လာတာပါ'

'ဟဲ... ဟဲ ကျွန်တော်က ကျွန်တော်တို့နဲ့များ ဂတ်တဲရှေ့ လိုက် မလားလို့ပါဗျာ'

'သြော်... သိပြီ သိပြီ။ ခင်ဗျားတို့ ကွမ်းယာဆိုင် သွားကြမလို့ ဆိုပါတော့လေ'

'အဲ... ခင်ဗျား ဒါတော့လည်း နားလည်သားပဲ။ ဟုတ်တယ်၊ တစ်နေ့လုံး ခံတွင်းချဉ်သလိုလို ဖြစ်နေလို့ တစ်ယာ နှစ်ယာလောက် သွားစားကြမလား စိတ်ကူးတယ်'

'ကောင်းတယ် ကောင်းတယ်၊ သွားစားကြ၊ ကျွန်တော်တော့ ဒီကွမ်းယာကို ကြားသာ ကြားဖူးတယ်၊ တစ်ခါမှ မစားဖူးသေးပါဘူး။ ကွမ်းယာလည်း မစားတတ်ပါဘူး'

'ဟာ... အဲဒါ ခင်ဗျား ညံ့တာပေါ့ဗျာ။ ရှေးတုန်းကသာဆိုရင် ခင်ဗျာ့လို ကွမ်းမစားတတ်တဲ့လူဆိုရင် ခေတ်နောက်ကျတယ်လို့ ဆိုကြမှာပဲ။ ခင်ဗျားက ကွမ်းစားတာကို နှယ်နှယ်အောက်မေ့နေတာကိုး။ ကွမ်းစားတာ ကျွန်တော်တို့ ဗမာလူမျိုးတွေရဲ့ ရှေးခေတ် ယဉ်ကျေးမှုကြီး တစ်ရပ်ပဲဗျ မှတ်ထား။ ရှေးတုန်းကများဆိုရင် ရှင်ဘုရင်က အစ ဆင်းရဲသား ကျောမွဲအထိ သူ့အလိုက်အထိုက် ကွမ်းအစ်ကလေးတွေ ကိုယ်စီ ကိုယ်စီနဲ့ပေါ့။ စကားစမြည် ပြောရင်း ဟောဒီလို ဟောဒီလို မြုံ့မြုံ့ မြုံ့မြုံ့ကလေးများ ဝါးလိုက်တယ်ဆိုရင် အင်မတန်'

ကိုတင်မောင်မှာ ခေါင်းကလေး ငုံ့၊ ပါးကလေးတွေကို တမြုံ့မြုံ့ လှုပ်အောင် ဟန်အမူပါပါ လုပ်ပြနေသောကြောင့် အားလုံးက ဝိုင်းရယ်လိုက်ကြလေ၏။ ထိုအခိုက် တစ်ယောက်က တံတွေးကို ကားပြင်သို့ ပျစ်ခနဲ ထွေးလိုက်ရင်း–

'ဒီလိုကော... ကွမ်းဖတ် နီတာရဲကလေးတွေကို' ဟူ၍မှ စကား မဆုံးသေးမီ အခြားတစ်ယောက်မှာ ပါးပြင်ကို လက်ကိုင်ပဝါဖြင့် ရှုံ့ရှုံ့ မဲ့မဲ့ သုတ်လိုက်ရာက–

'ဟာဗျာ ကိုသန်းကလည်း အရမ်းထွေးတာကိုးဗျ။ ဒီမယ် မျက်နှာတွေ ပေကုန်ပြီ၊ ထွီ' ဟု စိတ်ပျက် ညည်းညူစွာ အပြစ်တင်လိုက်သောကြောင့် တံတွေးထွေး ပက်စက်မိသူမှာ 'ဆောရီး' ချင်း မိုးမွှန်ကာ တတွတ်တွတ် တောင်းပန်နေရတော့လေ၏။

သို့နှင့်ပင် ကားမှာလည်း ဆရာဖြစ်သင် ကောလိပ်ကျောင်းကို ကျော်ဖြတ်ခဲ့လေရာ–

'ကဲ... ကျွန်တော် ပရန်းဟော ဝင်စရာကလေး ရှိသေးလို့ ဆင်းဦးမယ်ဗျာ။ တစ်ခုတော့ သတိပေးလိုက်ပါရစေဗျာ။ ခင်ဗျားတို့ ကွမ်းဝါးတဲ့အခါ ရစ်သီ ရစ်သီနဲ့ ဝါးကြမယ့်အစား ဣန္ဒြေရရ ထိုင်ပြီး စိမ်ပြေနပြေ ဝါးကြမယ်ဆိုရင် မကောင်းဘူးလား'

သိန်းအောင်မှာ မိတ်ဆွေများအား သတိပေးသလိုလိုနှင့် သောလိုက်ရင်း 'ပရန်းဟော ပါတယ်ဗျို့' ဟု ဒရိုင်ဘာအား လှမ်း၍ သတိပေးလိုက်လေ၏။ ကားမှာလည်း ပြည်ကျောင်းဆောင် တံခါးဝသို့ အရောက်တွင် "ကျွီ" ခနဲ ထိုးရပ်လိုက်လေသည်။

'ကဲ... အားလုံးပဲ ခင်ဗျာ၊ သွားလိုက်ပါဦးမယ်' ဟု သိန်းအောင်က ကားပေါ်မှအဆင်း ခပ်ရွှန်းရွှန်း နှုတ်ဆက်လိုက်ရာ ခပ်ထွေထွေ သုံးဦးတို့ကလည်း ထိုင်ရာမှ ထလိုက်ရင်း ခါးကို ညွတ်ပြီးလျှင် အရိုအသေ ပြုလိုက်ကြလေ၏။

'ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော်တို့အားလုံးအတွက် ကားခခံတဲ့အကျိုးအားကြောင့်လည်း ဒီနှစ် သမဂ္ဂ ဥက္ကဋ္ဌကြီး ဖြစ်ပါစေ'

ထို နှုတ်ဆက်သံများနှင့်အတူ ကားလည်း ဆက်လက် မောင်းနှင်သွားလေရာ သိန်းအောင်မှာ ကျောင်းဝင်းထဲသို့ ဝင်ခဲ့မိလေသည်။

ကျောင်းကြီးမှာ ပြန်လည် မဖွင့်လှစ်ရသေးမီကာလဖြစ်၍ ခြောက်ကပ်ကပ်ကြီး ဖြစ်လျက် ရှိလေသည်။ ကျောင်းဝင်းတွင်းသို့ ဝင်လျှင် ဝင်ချင်း မြင်ရသည့် ဝါးတဲကြီးတို့ပင် အိပ်ငိုက် ပျင်းရိနေသော အသွင်မျိုးကို ဆောင်လျက် ရှိကြလေသည်။ သို့ရာတွင် စိန်ပန်းပင်ကလေးတို့မှာကား မိုးရေ ပက်ဖျန်းခြင်း ခံထားရပြီ ဖြစ်သောကြောင့် လန်းဆန်း

ရွှင်ပျစွာပင် လေအလျဉ်တွင် တယိမ်းယိမ်းတနွဲ့နွဲ့ လှုပ်ရှား ကစားလျက် ရှိကြလေ၏။

နောက် ဆယ့်လေးငါးရက်ခန့် ကြာလျှင်မူ ကျောင်းဝင်းကြီး တစ်ခုလုံးမှာလည်း ဒီ စိန်ပန်းပင်ကလေးတွေနှင့်မခြား လှုပ်ရှား နိုးကြား လာပေတော့မည်။

## [၃] စာတစ်စောင်

### (၁)

မိုးသည် သဲသဲမဲမဲ ရွာသွန်းလျက် ရှိပေသည်။

တစ်နေကုန်တစ်နေခန်း မရွာဘဲ အောင့်အည်းထားခဲ့ရသည့် အငြိုးကြောင့် ရမ်းလိုက်ရှာသလား မသိ။ ပြင်းထန်သော မိုးသီး မိုးပေါက်ကြီးတွေနှင့် တဝေါဝေါ မြည်ဟည်းသွားအောင် ရွာချလိုက်လေသည်။ ကျောင်းဆောင် တံစက်မြိတ်များမှ မိုးရေတို့သည် ရေတံခွန်သံပေး၍ ဒလဟော စီးကျလျက် ရှိတော့၏။

ပြင်ပ ရှစ်ခွင်မှာကား မည်းနေအောင် မှောင်လျက်ရှိလေသည်။

ထိုအချိန်ဝယ် သီချင်းသံဝါကြီးနှင့်အတူ တယောသံတစ်ခုသည် အချင်းချင်း ထွေးယှက် ငြိကာ သဲ့သဲ့မျှ ပေါ်ထွက်လျက် ရှိသည်။ သီဆိုလိုက်သည့် သီချင်းမှာ "မိုးဒေဝါ" ဖြစ်သဖြင့် မိုးသံလေသံ လွှမ်းသည့် ပတ်ဝန်းကျင်နှင့် လျော်ညီစွာ နားထောင်ကောင်းသလိုလို ဖြစ်နေ၏။

စိန်ပန်းပင်တို့မှ သစ်ရွက် သစ်ခက်များမှာလည်း လေတိုးသဖြင့် တရှဲရှဲ မြည်လျက် ရှိကြရာ ကျောင်းဆောင်အခန်းတွင်းမှ ထို သီချင်းသံ

နှင့် တယောသံတို့ကို သံပြိုင်လိုက်၍ ဆိုပေးနေသကဲ့သို့လည်း မှတ်ထင်ရလေ၏။

'ဟော့... သိန်းအောင် သိပ်လည်း ဆွေးမနေနဲ့လေကွာ၊ စာကလေးဘာလေးလည်း နည်းနည်းပါးပါး ကျက်ပါဦးလား'

တယောသံနှင့် သီချင်းသံ ရပ်သွား၏။

'မကျက်ချင်သေးပါဘူးကွာ၊ ကိစ္စမရှိပါဘူး။ စပေ့(တ) လုပ်ကျက်လိုက်ရင် အောင်နိုင်ပါတယ်'

'အေးလေ မောင်ရင့် သဘောပဲ၊ တော်တော်ကြာ မဖြေနိုင်ရင် မောင်ရင့် အဘိုးကြီး ဒေါပွပွနဲ့ ဆူနေမှာ မြင်ယောင်လွန်းလို့ သတိပေးတာပါ'

'ဆူချင်လည်း ဆူပေစေတော့ကွာ၊ သူ ငါ့ဝမ်းထဲသာ ဝင်ကြည့်ရင် နားလည်သွားမှာပဲ'

တယောသံသည် တစ်ဖန် ပြန်လည် ထွက်ပေါ်လာလေသည်။ သီချင်းသံကား ပေါ်မလာ။ အဆိုရှင်မှာ တယောကိုသာ ရောက်တတ်ရာရာ လျှောက်တီးရင်း မိုးသံ လေသံများအကြား စဉ်းစားချင်ရာ စဉ်းစားလျက် ရှိသောကြောင့်ပင် ဖြစ်လေသည်။

## (၂)

"ပင်းယ" ကျောင်းဆောင်၏ အခန်းတစ်ခုတွင်းဝယ် ဖြစ်သည်။

ဆယ်ပေပတ်လည် သာသာမျှ ကျယ်ဝန်းသော ထိုအခန်းထဲဝယ် ဝါးကြမ်းခင်း ကွပ်ပျစ် ခုတင်နှစ်လုံး ရှိသည်။ ခုတင်နှစ်ခုစလုံးပင် ဖြူဖွေးသန့်ရှင်းသော မွေ့ရာ ခြင်ထောင် အသီးသီးတို့ဖြင့် သပ်သပ်ရပ်ရပ် ရှိလေ၏။ အခန်းနံရံတစ်ဖက်ရှိ ကြိုးတန်းပေါ်တွင်ကား လုံချည်၊ အင်္ကျီ

အချို့ လွှားလျက်သား ရှိလေသည်။ ခုတင်များနှင့် ကပ်လျက်ရှိသည့် စာကျက်စားပွဲ နှစ်ခုစလုံးမှာလည်း စာအုပ် စာတမ်း၊ ခဲတံ စာရွက်စုတ်၊ ဆေးလိပ်ပြာခွက် စသည်တို့ဖြင့် ပြန့်ကျဲလျက် ရှိလေ၏။ ဖိနပ်စင်၊ သံသေတ္တာ၊ သွားပွတ်တံ၊ ဆပ်ပြာ၊ ခေါင်းလိမ်းဆီ၊ မှန် အစရှိသော အသုံးအဆောင်ပစ္စည်းတို့မှာလည်း အခန်းထဲဝယ် သူ့နေရာနှင့်သူ တည်ရှိကြလေသည်။ တစ်ခန်းလုံးကို ခြုံကြည့်လိုက်လျှင်ကား ကျောင်းသား လူရွယ်တို့၏ နေပုံ ထိုင်ပုံ သဘာဝလေ့ကို ကောင်းစွာ မြင်ရမည် ဖြစ်လေ၏။

သိန်းအောင်မှာ ဘိုင်စကုတ်မှ ပြန်ခဲ့၍ ထမင်းစား ရေချိုး၍အပြီး မိုးသံ လေသံ လွှမ်းသော ပတ်ဝန်းကျင်၏ ဆွဲဆောင်မှုကြောင့် အကြောင်း မဲ့သက်သက် လွမ်းသလိုလို ဆွေးသလိုလို ဖြစ်လာသောကြောင့် ခုတင် ပေါ်တွင် တယော ထိုးရင်း သီချင်းဆိုနေမိခြင်း ဖြစ်၏။ ထိုအခိုက် တစ် ခန်းထဲ အတူနေ သူငယ်ချင်း မြအေးက စာမေးပွဲအတွက် စာကျက်ရန် လှမ်း၍ သတိပေးလိုက်သောကြောင့် သီချင်းဆို ရပ်ကာ စဉ်းစား ငေးမော နေမိခြင်း ဖြစ်လေသည်။

ထိုအခါက ကျောင်းသားသပိတ်ကြီး လုန်ပြီးခါစ သမယ ဖြစ် လေသည်။

သို့ဖြစ်၍ မကြာမီပင် ကျောင်းလည်း ပြန်လည် ဖွင့်လှစ်တော့ မည် ဖြစ်ရာ သပိတ်ကြောင့် နောက်ကျလျက် ရှိသော စာမေးပွဲများကို စစ်ဆေးရန် အာဏာပိုင်တို့က ရက်ကန့်သတ်လိုက်ပြီး ဖြစ်လေ၏။ ထိုကြောင့် စာနှင့်လူ အလှမ်းဝေးလျက် ရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအဖို့ အခက်အခဲ အမျိုးမျိုးတို့ဖြင့် ရင်ဆိုင်ကြရရှာတော့ ၏။ အမှန်မှာ မနှစ်ကတည်းကပင် ကျောင်းအဖွင့် လွန်မင်းစွာ နောက်

ကျခဲ့ခြင်း ဖြစ်လေရာ စာသင်ချိန်ကလေးမှာ လက်ချိုး၍ ရေတွက်လိုက်မှ လေးငါးလသာ ရှိခဲ့ခြင်း ဖြစ်လေ၏။ သို့ဖြစ်၍ ကျောင်းသူ ကျောင်းသားတိုင်း၏ စိတ်၌ ဤတိုတောင်းလှသော အချိန်ကလေးအတွင်းဝယ် စာတစ်ခုတည်းကိုသာ ဖိ၍ ကြိုးစားမည် ဟူသော ရည်ရွယ်ချက်များ ကိန်းအောင်းခဲ့တော့၏။ သို့ရာတွင် လွတ်လပ်ရေးအတွက် တစ်ပြည်လုံး အုံကြွလျက်ရှိသည့် နိုင်ငံရေး အခြေအနေများက တစ်ဖန် ကျောင်းသား လောကထဲသို့ လှိုင်းဂယက် ရိုက်လာပြန်သောကြောင့် ကျောင်းသားများမှာလည်း မိမိတို့ စာမေးပွဲ အောင်မြင်ရေးထက် အဆပေါင်းများစွာ အရေးကြီးသော တိုင်းပြည် လွတ်လပ်ရေးအတွက် ရှေးမရှုဘဲ မနေနိုင်အောင် ဖြစ်ခဲ့ကြရလေသည်။

သို့နှင့်ပင် ဤ ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်လာခဲ့ရခြင်း ဖြစ်တော့၏။

ကျောင်းသူကျောင်းသား အပေါင်းတို့လည်း ကိုယ့်အိမ်ကိုယ် အသီးသီး ပြန်သွားကြပြီးလျှင် သပိတ် ပြန်လှန်မည့် ရက်ကိုသာ စောင့်ဆိုင်းခဲ့ကြရလေသည်။ ထို သပိတ်မှောက်ရက်များ အတောအတွင်း၌ စာတစ်ခုတည်းကိုသာ ကုန်း၍ ကျက်သူများလည်း ရှိကြသည်။ စီးပွားရေး ချို့တဲ့သဖြင့် စာရေးစာချီ လခစား ဝင်လုပ်ရသူများလည်း ရှိကြသည်။ နိုင်ငံရေးစိတ်ဓာတ် ပြင်းထန်လွန်းသဖြင့် နိုင်ငံရေးသမားဘဝသို့ ကူးပြောင်းသွားကြသူများလည်း ရှိပေသည်။ ကိုယ့်စိတ်ကိုယ် ထိန်းမနိုင်သိမ်းမရ ဖြစ်ကာ မြင်းလောင်း၊ ဖဲရိုက်၊ အရက်သောက်၊ အလေလိုက်နှင့် လေလွင့် ပျက်စီးသွားကြသူများလည်း ရှိကြသည်။

အမှန်မတော့ ဒီလိုအဖြစ်မျိုးတို့မှာ မထူးဆန်း၊ ကျောင်းသား သပိတ်တစ်ခု ပေါ်ပေါက်လာသည့်အခါတိုင်း တွေ့ကြုံကြရစမြဲ အဖြစ်

မျိုးသာတည်း။ အကယ်စင်စစ် ကျောင်းသားသပိတ် တစ်ခုသည် နောင်လာ နောက်သား ကျောင်းသားများအတွက်သော် လည်းကောင်း၊ တိုင်းပြည်အတွက်သော် လည်းကောင်း အကျိုးများစွာ ဖန်တီးပေးနိုင်သည် မှန်စေကာမူ ကာယကံမြောက်အားဖြင့်ကား သပိတ်မှောက်သူ ကျောင်းသူ ကျောင်းသားတို့အနေနှင့် အနည်းနှင့်အများ အကျိုးဆုတ်ယုတ်မှုများဖြင့် ကြုံတွေ့ကြရစမြဲပင် ဖြစ်ပေသည်။

သိန်းအောင်မှာလည်း နိုင်ငံရေး ဆောင်ရွက်ရင်းနှင့် စာဖြင့် အလှမ်းကွာချင်တိုင်း ကွာလျက် ရှိခဲ့သောကြောင့် များမကြာမီ ဖြေဆိုရမည့် စာမေးပွဲအတွက် အခက်အခဲ တွေ့ရလေတော့၏။ ထိုကြောင့် ဖြေဆိုရမည် ဖြစ်သော ဘာသာ ငါးဘာသာစလုံးကို လုံးစေ့ပတ်စေ့ ကျက်မှတ်နေရန် အချိန်မရရှိနိုင်တော့ဘဲ စာမေးပွဲ၌ ပါနိုးရာရာ အကြောင်းအရာအချို့ကိုသာ ရွေးချယ် ကျက်မှတ်တော့မည် ဟု စိတ်ပိုင်းဖြတ်ခဲ့မိခြင်း ဖြစ်လေသည်။

အမှန်မှာ ဤလေ့ကျက်နည်းမျိုးကို လက်ကိုင်ထားသူမှာ ထီထိုးသူ တစ်ဦးနှင့် ဘာမျှမခြား။ ကံစပ်လျှင် ကျက်ထားသမျှ ပါမည်။ ကံမစပ်လျှင်မူ ကျက်ထားသည်တို့နှင့် တလွဲစီ ထွက်လာကာ မဖြေနိုင်ဘဲ ထိုင်နေရမည်သာ ဖြစ်တော့၏။

ယခု လက်တွေ့အားဖြင့်ကား သိန်းအောင်မှာ ဤနည်းမျိုးဖြင့် ကျက်မှတ်ရန်ကိုပင် မပြုလုပ်နိုင်အောင် ရှိတော့သည်။ စာအုပ်ကို ကောက်ကိုင်လိုက်သည့်အခါတိုင်းမှာပင် မခင်ဆွေ၏ မျက်နှာကလေးသာလျှင် ပေါ်၍ ပေါ်၍ လာတတ်လေရာ စာအုပ်ကို ပြန်ပိတ်၍ အိပ်ရာပေါ် စိတ်ပျက် လက်ပျက် လှဲချရင်း နဖူးလက်တင် စဉ်းစားမိသည့်အခါက များတော့၏။ သို့ဖြစ်၍လည်း အားအားရှိတိုင်း မြို့ထဲသို့သွားကာ ဘိုင်စကုတ်

ကြည့်သည့်အခါ ကြည့်၊ ကိုရဲထွဋ် ဆိုသူ သူငယ်ချင်း အယ်ဒီတာ တစ်ယောက်၏ မဂ္ဂဇင်းတိုက်သို့ အလည်အပတ် သွားသည့်အခါ သွားနှင့် ဆောင်းလေရှူးလို မတည်မငြိမ် ဖောက်ပြန် လေလွင့်လျက် ရှိခဲ့၏။

ထို့ကြောင့်လည်း တစ်ခန်းတည်း အတူနေ သူငယ်ချင်း မြအေးက စာမေးပွဲအတွက် စာကျက်ရန် အမြဲတမ်းလိုလို သတိပေးစကား ပြောတတ်ခြင်း ဖြစ်တော့သည်။

သိန်းအောင်ကား မြအေးက ထိုသို့ သတိပေးသည့်အခါတိုင်း–

"ကိစ္စမရှိပါဘူးကွာ၊ မဖြေခင် တစ်ရက်လောက် စပေါ့(ထ) လုပ် ပြီး ကျက်လိုက်ရင် အောင်နိုင်ပါတယ်" ဟူ၍သာ အေးဆေးစွာ ပြန်ပြော တတ်ပေသည်။

(၃)

'ဟော့ကောင်၊ မင်း ဒီတစ်ခါ အိမ်က ပြန်လာမှ ဘာများဖြစ်နေတာလဲကွ။ ငါ့လခွေး စကားမပြောနိုင် ဘာမပြောနိုင်နဲ့၊ မင့်းကြည့်ရတာ အီးမှန်ထားတဲ့ မျက်နှာလိုပဲ'

တယောကို စားပွဲပေါ် တင်၍ ထိုင်လိုက်ကာ အိပ်ရာပေါ်တွင် ပက်လက်လှဲရင်း တွေးချင်ရာ တွေးနေမိရာက မြအေး၏ အသံကြောင့် လန့်နိုး သလို ဖြစ်သွားမိလေသည်။

ထိုအချိန်တွင် မကြာသေးမီကလေးက ပြင်းပြင်းထန်ထန် ရွာချလျက်ရှိသော မိုးပင် အနည်းငယ် စဲစပြုသလိုလို ရှိခဲ့သောကြောင့် မိုးသံလေသံများ ယခင်ကထက် လျော့နည်းသွားလေ၏။

မြအေးကား "ဘရက်စတက်" ၏ ရှေးခေတ်ရာဇဝင် စာအုပ်ထူကြီးကို တစ်ရွက်ချင်း လှန်လိုက်၊ ဆရာဦးဘညွန့်၏ မှတ်စုများကို

ဟိုကျော် ဒီကျော် ဖတ်လိုက်နှင့် အလုပ်များလျက် ရှိသော်လည်း အမြဲတစေ သိန်းအောင်ထံသို့ ဂရုစိုက် အကဲခတ်နေမိခဲ့ခြင်း ဖြစ်လေသည်။

'မင်းကလည်းကွာ ငါ့ဆိုရင် သိပ်ပြောချင်တဲ့ အကောင်ပဲ၊ စာမေးပွဲအတွက် ဘယ်လိုများလုပ်ပြီး ကျက်ရမလဲလို့ စဉ်းစားနေတာပါကွာ'

သိန်းအောင်မှာ မြအေး နောက်ထပ် စကားရှည်နေဦးမည်ကို စိုးရိမ်မိသဖြင့် လိမ်လည် ပြောလိုက်ခြင်း ဖြစ်သော်လည်း အမှန်အားဖြင့်ကား စာမေးပွဲကိစ္စမှာ အရပ်တစ်ပါး၌ လွင့်စဉ် ပျောက်ကွယ်လျက် ရှိလေသည်။ သူ့စိတ်ထဲတွင် ဘိုင်စကုတ်၌ တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များသာ မွှေနှောက်လျက်ရှိကာ အခြား ဘာကိုမျှ သတိမရဘဲ ရှိတော့၏။

ထိုအခိုက် ရင်ဘတ်ပေါ်သို့ စာအိတ်ကလေးတစ်လုံး ဒေါင်လိုက်ကျလာရင်း–

'ရော့... ရော့ နေ့လယ်က ရောက်လာတယ်ကွ၊ ငါ မေ့နေလို့ မပေးမိဘူး'

သိန်းအောင်မှာ စာအိတ်ပေါ်မှ လိပ်စာကို ကြည့်လိုက်ရင်း ဖခင်ကြီးထံမှ ဖြစ်ကြောင်းကို သိလိုက်ကာ ရင်ထဲ၌ မသိုးမသန့်တစ်မျိုးကြီး ဖြစ်သွားမိလေ၏။ ထို့ကြောင့် စိတ်သံသယ ခပ်မြန်မြန် ရှင်းလင်းသွားစေရန် စာအိတ်ကို ချက်ချင်းပင် ဖောက်၍ ဖတ်လိုက်မိတော့၏။ စာမှာ ခပ်တိုတိုပင် ဖြစ်လေသည်။

သားမောင်ထံ ဖေဖေ အကြောင်းကြားလိုက်သည်။

သားမောင် ဤစာကို ဖတ်ရလျှင် အမှန်ပင် ဝမ်းသာလိမ့်မည်ဟု ဖေဖေ ယုံကြည်သည်။ အကြောင်းထူး မဟုတ်ပါ။ ဖေဖေ၏ မိတ်ဆွေ

ရင်း တစ်ဦး၏ အကူအညီဖြင့် သားမောင်ကို အမေရိကန်ပြည်သို့ ပညာသင် စေလွှတ်ရန် စီစဉ်ပြီးသည့်အကြောင်းပင် ဖြစ်သည်။ ဖေဖေ စီစဉ်ပြီးသည့် အချိန်တွင် သားမောင် သွားရန် အသင့်ရှိပါသည်ဟု ကတိပေးခဲ့ဖူးသည့်အတိုင်း ယခု အခွင့်ကောင်းကြုံတုန်း သွားရန် အဆင်သင့်ရှိလိမ့်မည် ဟု ဖေဖေ မျှော်လင့်သည်။

သားမောင် စာမေးပွဲများ ဖြေဆိုပြီးလျှင်ပြီးချင်း "ပြည်" သို့ ပြန်လာနိုင်ပြီ။ ဥပစာ အထက်တန်းတွင် ဆက်လက် သင်ကြားနေရန် မလိုတော့။ တစ်နှစ်သင်နေလျှင် တစ်နှစ်စာ အချိန်ဖြုန်းရာ ရောက်လိမ့်မည် ဟု ဖေဖေ ထင်သည်။ အခြားကိစ္စများကိုတော့ သားမောင် အိမ်ပြန်ရောက်လာတော့မှပဲ အေးအေးဆေးဆေး တိုင်ပင်ကြမည်။

စာအဆုံးတွင်ကား "ဘဟန်" ဟု လက်မှတ်ထိုးထားလေသည်။

သိန်းအောင်မှာ စာကို အဆုံးသတ် ဖတ်ပြီးသည်နှင့် တစ်ပြိုက်နက် အတော်ကြာအောင် ငိုင်တွေ၍ သွားကာ အိပ်ရာပေါ်တွင် စိတ်ပန်းလူပန်း လှဲချလိုက်လေသည်။ စိတ်ထဲတွင်မူ စာထဲမှ စာလုံးတိုင်းအား မခင်ဆွေက တစ်လုံးချင်း ဖတ်ပြရင်း တဟားဟားနှင့် ရယ်ပစ်လိုက်သည် ဟု အောက်မေ့မိလေ၏။ အမှန်မတော့ ထို စာကို ဖတ်လိုက်ရသည်မှာ မီးစိုင် မီးခဲကြီးတစ်ခုကို မျိုချလိုက်ရသည်နှင့် ဘာမှမခြား၊ ရင်ထဲတွင် ပူစပ်ပူလောင်ကြီး ဖြစ်သွားမိတော့၏။

"ဖေဖေ... ဖေဖေ သားမောင် ဤစာကို ဖတ်ရလျှင် အမှန်ပင် ဝမ်းသာလိမ့်မည် တဲ့။ ဖေဖေက ကျွန်တော် ဘာတွေဖြစ်နေသလဲဆိုတာကိုမှ မသိဘဲကိုး။ ကျွန်တော်တော့ နည်းနည်းမှ ဝမ်းမသာနိုင်ဘူး ဖေဖေ၊ ဝမ်းမသာနိုင်ဘူး"

## [၄] မုန့်လုံးစက္ကူကပ်ပါလို့

### (၁)

"ဖေဖေတော့ မင်းကို နိုင်ငံခြားပဲ အမြန်ဆုံး ပို့ချင်ပြီ၊ အစကတော့ ဒီက (စီနီယာ အိုင်အေ) လောက် အောင်ပြီးမှ ဟိုကို ပို့မလားလို့ စိတ်ကူးခဲ့တာပဲ။ ခုတော့ မဖြစ်ပါဘူးကွာ၊ မင်းတို့ဟာက စာသင်တာက နည်းနည်း၊ နိုင်ငံရေးထဲ ဝင်ရှုပ်နေတာက များတာပဲကိုး။ ဒီပုံမျိုးသာဆိုရင် ဒီမှာ တစ်လ နေတာဟာ တစ်လ အချိန်ဖြုန်းတာနဲ့ အတူတူပဲပေါ့။ ဘာမှ အကျိုးကျေးဇူးရှိမှာ မဟုတ်ဘူး"

သိန်းအောင်မှာ သပိတ်မှောက်ရက်များအတွင်းက ကြားခဲ့ရသော ဖခင်ကြီး၏ စကားအချို့အား ပြန်လည် သတိရမိလေသည်။ ထိုအခါက ဖခင်နှင့် သား တစ်နာရီနီးပါးခန့် အငြင်းပွားခဲ့ပုံများကိုလည်း မျက်စိထဲ၌ ပြန်လည် မြင်ယောင်လာမိတော့သည်။

မိဘ ဖြစ်သူတို့သည် သားသမီးများ ကောင်းစားသည်ကိုသာ မြင်လိုကြစမြဲ ဖြစ်ကြ၏။ ထိုနည်းအတူ သိန်းအောင်၏ ဖခင်မှာလည်း သား ဖြစ်သူ၏ ရှေ့ဘဝ ခရီးစဉ်ကို မိမိကိုယ်တိုင် ခုတ်ထွင် ရှင်းလင်း

လမ်းခင်းပေးမည် ဟူသော ရည်မှန်းချက်ကြီး တစ်ခုဖြင့် စီးပွားရေးဘက်၌ အားခဲ ကြိုးပမ်းခဲ့သူတစ်ဦး ဖြစ်ပေသည်။

သိန်းအောင်မှာ ငယ်ငယ်ကတည်းကပင် ဉာဏ် ထက်မြက်သည့် လူငယ်တစ်ဦး ဖြစ်လျက် ပညာကို လိုလားစွာ ကြိုးပမ်းတကုတ် လိုက်စားခဲ့သူ တစ်ယောက် ဖြစ်၏။ အထူးသဖြင့် အတန်းထဲ၌ သူတကာထက် ထူးချွန်ခဲ့သူတစ်ယောက် ဖြစ်သောကြောင့် မိဘများမှာ သား ဖြစ်သူအတွက် ဂုဏ်မြောက်ခဲ့ရ၏။ ထိုကြောင့် သူတို့၏သား ကြီးပြင်းလာသည်နှင့် တစ်ပြိုင်နက် နိုင်ငံခြားသို့ ပညာသင် စေလွှတ်ရန်အထိ ရည်မှန်းခဲ့ကြခြင်း ဖြစ်လေသည်။

အမှန်မတော့ သိန်းအောင်၏ မိဘများမှာ ငွေကြေး အကုန်အကျခံနိုင်သူများ ဖြစ်သည်က တစ်ကြောင်း၊ မိမိတို့ကိုယ်တိုင်ကလည်း ပညာ၏ တန်ဖိုးကို နားလည်သူ ခေတ်ပညာတတ် မိဘများ ဖြစ်ကြ၍လည်း တစ်ကြောင်း သည်လိုကိစ္စမျိုးတွင် စိတ်ဝင်စားကြခြင်း ဖြစ်လေသည်။

၎င်းပြင် အချို့ ကြေးရတတ် သားသမီးများ အနေနှင့် မိဘလက်ထက်က နဖူးက ချွေး ခြေမ ရောက်အောင် စုဆောင်း ရှာဖွေလာခဲ့သမျှ ပစ္စည်းဥစ္စာကလေးတို့အား သုံးဖို့၊ ဖြုန်းဖို့၊ ကြွားဝါဖို့ကိုသာ နားလည်ကြပြီး ပညာရေးဘက်တွင် ချို့တဲ့ကာ နောက်ဆုံး ပျက်စီးသွားကြရသည့် အဖြစ်မျိုးတို့ကိုလည်း ကြုံတွေ့ဖူးသဖြင့် သိန်းအောင် ထိုကဲ့သို့ ဘဝမျိုး ဆိုက်ရောက်သွားမည်ကို သူတို့ အစိုးရိမ် အကြောင့်ကြဆုံး ဖြစ်လေ၏။

ထိုကြောင့်လည်း သား ဖြစ်သူအား ငယ်စဉ်ကတည်းကပင် သူ အလိုရှိသည့် ပုံစံအဖြစ် သွန်းလောင်း ပြုပြင်ခဲ့ခြင်း ဖြစ်လေသည်။ ယောကျ်ားတန်မဲ့ မိန်းမရှာဆန်ဆန် စိန်တွေ ရွှေတွေ ဝတ်ဆင်ခြင်းထက်

တောင့်တင်း ခိုင်မာသော ကြွက်သားကြီးများကို အကျီချွတ်၍ ပြဝံ့ခြင်းက ပိုမို ဂုဏ်ယူသင့်ကြောင်း၊ ဂုဏ်မောက် ကြွားဝါခြင်းထက် ဖြောင့်မှန်တည်ကြည်ခြင်းက သာလွန်၍ မွန်မြတ်ကြောင်း၊ မိမိ ချွေးနဲ့စာဖြင့် ရှာဖွေ ရရှိသည့် ပစ္စည်းဥစ္စာသာလျှင် အမွန်မြတ်ဆုံးဖြစ်လျက် မိဘချမ်းသာတိုင်း လိုသည်ထက် ပို၍ သုံးဖြုန်းခြင်းမှာ ယောကျ်ား မပီသသော အလုပ်မျိုးဖြစ်ကြောင်း စသော အသိတရားတို့ကို သွန်သင် နားလည်စေခဲ့လေသည်။

သို့ဖြစ်၍ သိန်းအောင်မှာ ကြေးရတတ် သားတစ်ယောက် ဖြစ်လျက်နှင့် လူလတ်တန်းစား တစ်ဦး၏ ဗီဇဖြင့်သာ ကြီးပြင်းလာခဲ့ရတော့၏။ ဖခင် ဖြစ်သူမှာလည်း သူ ပုံသွန်းလောင်းခဲ့သည့်အတိုင်း တစ်သဝေမတိမ်း ပြောင်းလဲလာသည်ကို တွေ့ရသောကြောင့် သား ဖြစ်သူ၏ နောင်ရေးကို ရည်မှန်းချက် ဗိမာန်ကြီး တည်ဆောက်ခဲ့တော့၏။ သို့ရာတွင် ဒုတိယ ကမ္ဘာစစ်ကြီး ပေါ်ပေါက်လာခဲ့သော အချိန်၌ကား ထိုရည်မှန်းချက် ဗိမာန်ကြီးမှာ စစ်ဘေးစစ်ဒဏ်များကြောင့် ပြိုအက် ပျက်စီးသွားတော့မလိုလို ဖြစ်ခဲ့ရလေသည်။

ဂျပန်များ ကြီးစိုးခဲ့သည့် သုံးမိုးရာသီအတွင်း၌ သိန်းအောင်မှာ စစ်သွေး စစ်စိတ် ပြင်းထန်စွာနှင့် ဗမာ့တပ်မတော်ထဲ ဝင်ရောက်သွားခဲ့၏။

သို့သော် စစ်ကြီးပြီး၍ သားဖြစ်သူ ဘေးမထိ ရန်မခဘဲ ကောင်းမွန်ချောမောစွာ ပြန်လည် ရောက်ရှိလာသော အချိန်တွင်ကား–

'သား... သား နိုင်ငံရေးကို မင့်းစိတ်ကြိုက် ဝအောင် ဆောင်ရွက်ခဲ့ရပါပြီကွယ်။ ဒီတစ်ခါတော့ ဖေဖေတို့ အလိုကို လိုက်စမ်းပါဦး။ စစ်ကြီးအတွင်းက မင့်းအသက် မင်း ပုံအပ်တဲ့အထိ တိုင်းပြည်ရဲ့တာဝန် ဆောင်

ရှက်ခဲ့ပြီးပြီ။ အခု စစ်အပြီး ပြန်လည် ထူထောင်ရမယ့် နိုင်ငံအတွက် လည်း မင်း ထက်သန်တဲ့ ပညာရေးဘက်က တစ်ခါဝင်ပြီး ကူညီဦးမှ ပေါ့' စသဖြင့် နားဝင်အောင် ဟောပြောရင်း သား ဖြစ်သူထံမှ နောက်ထပ် စစ်ထဲသို့ ပြန်မဝင်၊ ပညာကို ဆက်လက် သင်ပါမည် ဟူသော ကတိကို မရမက တောင်းယူခဲ့လေသည်။

သို့နှင့်ပင် သိန်းအောင်မှာ မနုစ်ကတည်းက တက္ကသိုလ်သို့ ရောက် ရှိလာခဲ့ခြင်း ဖြစ်လေသည်။ ဖခင်ဖြစ်သူမှာ သူ ရည်ရွယ်ရင်းဖြစ်သော နိုင်ငံခြားသို့ မစေလွှတ်မီ အနည်းဆုံး ဥပစာတန်းလောက်ကို အောင် မှ လူပေါင်းဆံ့မည် ဟု စိတ်ကူးကာ ထိုကဲ့သို့ ဝင်ရောက်စေခဲ့ခြင်း ဖြစ်၏။ သို့ရာတွင် ကျောင်းဖွင့်၍မှ လ အနည်းငယ် မကြာသေးမီ တက္ကသိုလ် လောကထဲတွင် ပေါ်ပေါက်လာခဲ့သော နိုင်ငံရေး အခြေအနေ များ အကြား၌ သားဖြစ်သူမှာ ကန့်လန့် ကန့်လန့်နှင့် ပါနေပြန်သော ကြောင့် စိတ်အပျက်ကြီး ပျက်ကာ နိုင်ငံခြားသို့ အမြန်ဆုံး ပို့ရန် ဆုံးဖြတ် လိုက်မိခြင်း ဖြစ်တော့သည်။

သိန်းအောင်ကတော့ ကျောင်းသားများသည် ဗမာလူငယ်များသာ ဖြစ်ကြောင်း၊ မြန်မာပြည်သည် မလွတ်လပ်သေးကြောင်း၊ မလွတ်လပ် သေးသော နိုင်ငံတစ်ခုသည် တိုးတက်သည့် နိုင်ငံရေး ဆောင်ရွက်မှုဖြင့် သာ လွတ်လပ်ရေးကို အရယူနိုင်ကြောင်း၊ ထိုကြောင့် ဗမာလူငယ်များ ဖြစ်ကြသည့် ကျောင်းသားများသည် မြန်မာပြည်၏ လွတ်လပ်ရေးကို ရှေးရှု၍ နိုင်ငံရေး လိုက်စားကြရမည် ဖြစ်ကြောင်း စသည်ဖြင့် (တက္က ဗေဒ) ဆန်ဆန် ဆင်ခြေပေး ငြင်းဆန်ခြင်း ပြုခဲ့လေရာ နောက်ဆုံး၌ ဖခင်ကြီးပင် မကျေမနပ်နှင့် အရှုံးပေးလိုက်ရတော့၏။ သို့ရာတွင် လုံးဝ တော့ အလျှော့မပေးသေးဘဲ–

'အေးလေကွာ၊ ဘာပဲဖြစ်ဖြစ် မင်း ကလေးအရွယ်ကတည်းက ရည်ရွယ်ထားတာမို့ ဖေဖေတော့ နိုင်ငံခြားကို သွားစေချင်တာပဲ။ နောက်ပြီး တစ်ခု မြဲမြဲမှတ်ထားစေချင်တယ်။ မင်း ခုနက ပြောတဲ့ မြန်မာပြည် လွတ်လပ်ရေးအတွက် ရှေးရှုပြီး နိုင်ငံရေး လိုက်စားတာမျိုးကို ဖေဖေ မကြိုက်လို့ မဟုတ်ဘူး။ စာသင်ချိန်အရွယ်မယ် နိုင်ငံရေးကို ဘိန်းစွဲသလို စွဲနေပြီး စာတွေ ပေတွေ လုံးဝ ဂရုမစိုက်တော့ဘဲ စိတ်လေသွားတာမျိုးကို မကြိုက်လို့ ပြောတာပါ။ ဖေဖေလည်း မင်းတို့လိုပဲ နိုင်ငံရေးကို အားကြီး ဝါသနာပါခဲ့တာပေါ့။ မြန်မာပြည်ကို လွတ်လပ်စေချင်လိုက်တာမှ မင်းတို့ မမွေးခင်ကတည်းကပဲ။ အဲ... တစ်ခုတော့ရှိတယ်။ တို့က အခုတော့ လူကြီးတွေ ဖြစ်နေပြီမို့ မင်းတို့လို ချလိုက်မဟဲ့၊ တိုက်လိုက်မဟဲ့ ဆိုတဲ့ တစ်ရှူးထိုး စိတ်ထားမျိုးတွေတော့ မရှိတော့ဘူး။ ဘာမဆို အကြာကြီး စဉ်းစားဆုံးဖြတ်ပြီးမှ၊ ကောင်းမယ်ထင်မှ လုပ်ချင်ကြတော့တယ်။ အခု မင်းကို နိုင်ငံခြားလွှတ်ဖို့ စိတ်ကူးတာလည်း ဘိလပ်ပြန်တို့၊ အမေရိကန်ပြန်တို့ ဆိုတဲ့ ဂုဏ်ပကာသနတွေကို လိုချင်လို့များ အောက်မေ့နေသလား။ ဝေးပါသေးတယ် သားရယ်။ ဖေဖေ့မယ် ရည်ရွယ်ချက် တစ်ခုပဲ ရှိတယ်ဆိုတာ မင်းကို နားလည်စေချင်တယ်။ အဲဒီ ရည်ရွယ်ချက်ကတော့ တခြားမဟုတ်ဘူး။ မင်းတို့လို ထက်ထက်မြက်မြက် လူငယ်ကလေးတွေကို နိုင်ငံခြားလွှတ်နိုင်သမျှ လွှတ်၊ သူတို့ဆီက အဖိုးတန်တဲ့ ပညာတွေ မှန်သမျှကို ရနိုင်သမျှ ရအောင် နှိုက်ခိုင်း၊ နောက်ပြီး အရာရာမှာ အဆင့်အတန်း နိမ့်ကျနေသေးတဲ့ မြန်မာပြည်ကြီးမှာ အဲဒီပညာတွေ ပြန့်ပွားအောင် ဆောင်ရွက်ခိုင်းဖို့ပဲ။ နားလည်ရဲ့လား' ဟု ရှင်းပြလိုက်သော အခါတွင်မူ သိန်းအောင်မှာ ဖခင်ကြီး၏ မွန်မြတ်သော ရည်ရွယ်ချက်များကို ဝမ်းထဲမှ မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်ရတော့၏။

ထိုကြောင့်လည်း ဖခင်ကြီး စီစဉ်ပြီးစီးသည့် အချိန်တွင် နိုင်ငံခြားသို့ သွားရန် အဆင်သင့် ရှိပါသည်ဟု ဝမ်းသာအားရ ကတိပေးခဲ့ဖူးလေ၏။

ယခုမူကား သိန်းအောင်မှာ မိမိအဖြစ်ကို မိမိ ပြန်လည် တွေးမိရင်း သားတစ်ယောက်အတွက် ရည်မှန်းချက် ပြင်းထန်လှသည့် ဖခင်ကြီး၏ မျက်နှာကိုသာ တရေးရေး မြင်ယောင်လာမိကာ စိတ်မကောင်းရုံပဲ ရှိတော့သည်။ အကယ်၍ သူ ယခုလို ကျောင်းစာကို ဂရုမစိုက်နိုင်ဘဲ တစ်ဖက်သတ် ချစ်ခင်စွဲလမ်းနေမိသော မိန်းမပျိုတစ်ယောက်အတွက် နေ့စဉ်နှင့်အမျှ စိတ်လေလွင့်လျက် ရှိကြောင်းကို ဖခင်ကြီးသာ သိခဲ့ပါလျှင်–

"ဖေဖေ... ဖေဖေ၊ ကျွန်တော့်ကို ခွေးလောက်မှ အသုံးမကျတဲ့ ကောင်လို့ ဆဲမှာပါပဲ" ဟု တွေးမိရင်း သိန်းအောင် ဝမ်းနည်းမိတော့သည်။

(၂)

'ဟော့... သိန်းအောင်၊ ဘာစာမို့လို့ ဒီလောက် မျက်နှာပျက်နေရတာလဲကွာ'

သိန်းအောင်၏ မျက်နှာရိပ် မျက်နှာကဲအား တစ်ညနေခင်းလုံးလိုလို ဂရုစိုက် အကဲခတ်လျက် ရှိခဲ့သော မြအေးမှာ ထိုအချိန်တွင် ဆက်လက်၍ ငြိမ်မနေနိုင်တော့ဘဲ ညည်းညည်းညူညူနှင့် မေးလိုက်မိတော့၏။

သူငယ်ချင်း နှစ်ယောက်ကား တစ်ဦး၏ အတွင်းရေးကို တစ်ဦး ဖွင့်ဟ တိုင်ပင်လျက်၊ တစ်ယောက်၏ အခက်အခဲ တစ်ယောက် ကူညီဖြေရှင်းပေးခဲ့ကြစမြဲ ဖြစ်သည့်အတိုင်း သိန်းအောင် ယခုလို တမှိုင်မှိုင်

တတွေတွေ ဖြစ်နေသည်ကို တွေ့ရလျှင် မြအေးမှာ မနေတတ် မထိုင်တတ် ဖြစ်ရလေတော့သည်။ ယနေ့မူ သိန်းအောင်မှာ ဘိုင်စကုတ်မှ ပြန်ရောက်လာကတည်းကပင် မပြုံးနိုင် မရယ်နိုင်၊ မဆိုနိုင် မပြောနိုင် ဖြစ်လျက် ရှိသောကြောင့် မြအေးမှာ စာကိုပင် ကျက်၍ မရနိုင်အောင် ရှိခဲ့ရ၏။

'ဟော့... ပြောစမ်းပါကွာ၊ ဘာစာမို့လို့တုံး'

မြအေးမှာ စိတ်မရှည်နိုင်တော့ဘဲ နောက်တစ်ကြိမ် ထပ်၍ မေးလိုက်မိပြန်သည်။ သိန်းအောင်ကား လက်ထဲက စာကို နောက်တစ်ခေါက်ပြန်ဖတ်ရင်း ငေးမြဲသာ ငေးလျက် ရှိလေ၏။ ထိုအခါကျမှ မြအေးမှာ စိတ်ထဲတွင် မရိုးမရွ ဖြစ်လာမိသောကြောင့် သိန်းအောင်၏ လက်ထဲမှ စာကလေးကို ဆတ်ခနဲ ဆွဲယူလိုက်ပြီးလျှင် ဖတ်ကြည့်မိလေ၏။ နောက် သိန်းအောင်ကို အံ့သြစွာ ကြည့်လိုက်ရင်း–

'ဟော့ကောင်၊ မင်း ဘာသောက်ရူး ထ နေတာလဲကွ၊ ကြည့်စမ်းပါဦး၊ ဒီစာဟာ စိတ်ပျက်စရာတဲ့လားကွာ၊ မင်း အဘ.... မင်း သွားချင်လှတဲ့ အမေရိက သွားရတော့မယ် မဟုတ်လားကွ၊ မင်းပဲ သွားချင်လွန်းလို့ ဆို'

မြအေးက သိန်းအောင်၏ ပခုံးကို အားမလို အားမရ ဆွဲခါမွှေ့ယမ်းလိုက်ရင်း နားမလည်နိုင်သကဲ့သို့ မေးမြန်းနေခြင်း ဖြစ်သည်။

သိန်းအောင်ကား မလှုပ်မယှက်။

'ဒီကောင် ရူးနေပါပြီ ထင်တယ်။ စကားမပြောနိုင်ရလောက်အောင် ဘာများ ဖြစ်လာလို့လဲ။ ပလေဒီယံ ရုံအောက်ကများ ပြုစားလွှတ်လိုက်လို့လားဟင် သိန်းအောင်။ ဟာ.... ဒီကောင် မျက်ရည်တွေ လည်လို့ပါပဲလား'

မြအေးမှာ ရုတ်တရက် အထိတ်တလန့် ယောင်၍ အော်လိုက်မိရာက သိန်းအောင် ပက်လက် လဲလျောင်းနေသည့် ခုတင်စွန်းတွင် ဝင်ထိုင်လိုက်ရင်း ကရုဏာသက်သော မျက်လုံးကြီးများဖြင့် ငုံ့ကြည့်နေမိလေသည်။ သိန်းအောင်ကား တကယ်ပင် မျက်ရည်များ ရီဝေလျက်ရှိပြီးလျှင် ခြင်ထောင်အမိုးကို ပြူးကြောင်သော မျက်လုံးတို့ဖြင့် စိုက်ကြည့်လျက် ရှိ၏။

'အေးကွာ သူငယ်ချင်း၊ ငါတော့ နည်းနည်းကလေးမှ ခံနိုင်ရည်မရှိတော့ဘူးကွာ၊ မင်း ထင်သလို ခပ်မြန်မြန် ရူးမှာပါပဲ'

'အဲဒါ ခက်တာပေါ့၊ မင်းအဘ စိတ်ပျက်စရာကိစ္စကြီး တစ်ခုကို တစ်ယောက်တည်း ကြိတ်ပြီး မျိုသိပ်ထားလို့ မရူးဘဲ ခံနိုင်ပါ့မလား။ ဖွင့်ပြောမှပေါ့ကွ။ အချင်းချင်း ဖွင့်တိုင်ပင်လိုက်မှပေါ့။ မင်းလည်း အတော်ကို လျှော်သေးတာပဲ။ ငါနဲ့ မင်းနဲ့ ဘာမဆို ဖွင့်တိုင်ပင်ကြစမြဲဆိုတာ နားမလည်ဘူးလားဟင်၊ မင်း မေ့သွားပလား'

'အေးလေ အပြစ်တင်နေလို့ အပိုပါပဲကွာ၊ ငါ မှားကြောင်း ဝန်ခံပါတယ်။ ငါလည်း မင်း ပြောင်လား နောက်လား လုပ်နေမှာစိုးလို့ ဖွင့်မပြောဘဲ နေခဲ့တာပဲ'

'ကဲ.... ကဲ ဒါဖြင့် ခု ပြောပြစမ်းပါဦး။ မင်းကိစ္စ ဘာကြီးပဲဖြစ်နေ ဖြစ်နေ ငါ ဝင်မစွက်ပါဘူး။ ပြောမှာသာ ပြောပါ၊ ဘာတွေများလဲ။ နိုင်ငံရေးပဲလား၊ အိမ်ရေးပဲလား'

'တစ်ခုမှ မဟုတ်ဘူး၊ မင်း သိတဲ့အတိုင်း အဲဒါတွေဆိုရင် ငါဘယ်တုန်းကများ တုန်လှုပ်ခဲ့ဖူးလို့လဲ။ နိုင်ငံရေးကိစ္စပဲဖြစ်ဖြစ်၊ အိမ်ရေးကိစ္စအတွက်ပဲဖြစ်ဖြစ် စိတ်ပျက်စရာ ခေါင်းရှုပ်စရာ ဘယ်လိုဟာမျိုးနဲ့ပဲ တွေ့ရ တွေ့ရ ငါ နည်းနည်းကလေးမှ မတုန်လှုပ်ခဲ့ဘူး မဟုတ်လား။

ဒါကြောင့်လည်း ငါ့ကိုယ်ငါ စိတ်ခိုင်လှပြီ၊ သံယောဇဉ် ဖြတ်နိုင်လှပြီလို့ အောက်မေ့ခဲ့တာပေါ့။ ဒါပေမဲ့ ခုတော့.... ခုတော့ကာ....'

သိန်းအောင်မှာ စကားကို ရှေ့မဆက်သေးဘဲ ဖြုန်းခနဲ မချိတရိ ရယ်မောလိုက်လေသည်။

မြအေးကား သူငယ်ချင်း၏ ထူးခြား ပြောင်းလဲမှုကို ဂရုစိုက်မိ ရင်း သူ ပြောပြမည့် အဖြစ်အပျက်ကိုသာ စိတ်ဝင်စားလှစွာ နားစွင့်နေ မိ၏။

ထိုအချိန်တွင် ကျောင်းဆောင်တစ်ခုလုံးမှာ စာကျက်ချိန် ဖြစ် သဖြင့် တိတ်ဆိတ် ငြိမ်သက်လျက် ရှိသည်။ ပြင်ပ၌ကား လေစိမ့်အေး ကလေးတို့သည် တညင်းညင်း တညှံ့ညှံ့ ပြေးလွှားကစားလျက် ရှိလေ သည်။ တစ်ခါတစ်ရံ သိန်းအောင်တို့ ပြတင်းပေါက် ခန်းဆီးဂါလေးမှာ တဖျတ်ဖျတ် လှုပ်ရှား၍ သွားတတ်ပြီးလျှင် မိုး၏ ရှေ့တော်ပြေး ရနံ့ သင်းသင်းကလေးတို့သည် အခန်းတွင်းသို့ အတင်း ဝင်ရောက် နှုတ်ဆက် လာကြလေ၏။

သည်အခိုက်မှာပင် မကြာသေးမီကလေးကမှ စဲစပြုခဲ့သည့် မိုး သည်လည်း ဖြုန်းခနဲ တစ်ဖန် သဲသဲမဲမဲ ရွာချလိုက်ပြန်တော့ရာ၊ တိတ်ဆိတ် ငြိမ်သက်လျက်ရှိသော ပတ်ဝန်းကျင်ဝယ် မိုးသံ လေသံများ လွှမ်းမိုး မင်းမူသွားပြန်လေတော့သည်။

(၃)

'နာရီပိုင်းလောက် တွေ့လိုက်ရတဲ့ မိန်းမတစ်ယောက်အတွက် ခုလောက် စိတ်ဆင်းရဲခံရတာပါပဲကွာ'

သိန်းအောင်၏ အသံသည် မိုးသံလေသံများ အကြားမှ မချိမဆံ့ ထွက်ပေါ်၍ လာလေသည်။

ထိုနောက် သူသည် ပြည်မှ ရန်ကုန်သို့ မီးရထားနှင့် အလာတွင် မခင်ဆွေနှင့် စတင် တွေ့ခဲ့ရသည့် ဇာတ်ကြောင်းကို ပြန်လှန် ပြောပြလေတော့သည်။

မြအေးကား နားထောင်ရင်း ပြုံးမိလေ၏။ သိန်းအောင်က သူ့အဖြစ်အပျက် သူ နိဒါန်းပျိုးလိုက်ကတည်းကပင် "ရည်းစား တစ်ခါမှ မထားဖူးသေးတဲ့ ကောင်၊ စတွေ့တွေ့ချင်း ရူးရတာပဲ" ဟု တွေးလိုက်မိသောကြောင့်ပင် ဖြစ်တော့၏။

'သူ့အသက်က ငါ့ထက် တော်တော်ကြီးပုံ ရတယ်ကွ။ တခြားမိန်းကလေးတွေလိုလည်း ရက်သလိုလို၊ ရှံ့သလိုလို မဟုတ်ဘူး။ ငါ့ကို စကားပြောနေလိုက်တာများ သူနဲ့ ရှေးပဝေသဏီကတည်းက သိကျွမ်းခဲ့ဖူးတဲ့ မိတ်ဆွေဟောင်းကြီး တစ်ယောက် ကျနေတာပဲ။ အတော်ကို ရဲရဲတင်းတင်း ဖျတ်ဖျတ်လတ်လတ် ရှိတယ်' ဟု သိန်းအောင်က စိတ်ရော ကိုယ်ပါ ဆက်ပြောနေပြန်သည်။

'မှတ်မိသေးတယ်၊ ဘူတာ တစ်ဘူတာမှာ မုန့်ဝယ်စားကြပြီး ငါက ပိုက်ဆံထုတ်ပေးမယ်အလုပ် သူ့လက်ကလေးတွေနဲ့ ရဲရဲတင်းတင်းကြီး ဆုပ်ပြီး ဖယ်လိုက်တာ။ အဲဒီတုန်းက သူ့စိတ်ထဲမယ် ဘယ်လိုများ ထူးထူးခြားခြား ဖြစ်သွားမယ် မဆိုနိုင်ဘူး။ ငါ့မှာတော့ ရင်ထဲမယ် တလှပ်လှပ် ဖြစ်သွားမိတဲ့အထိပဲ။ အမှန်အတိုင်း ပြောရမယ်ဆိုရင် သူ့ကို စတွေ့ကတည်းက ငါ ခဏ ခဏ ခိုးကြည့်မိခဲ့တယ်။ ကြည့်မိတိုင်းလည်း အမြဲတမ်း ပြုံးနေသလိုလိုရှိတဲ့ သူ့မျက်နှာကလေးကို ငါ သဘောကျခဲ့မိတယ်'

သိန်းအောင် ပြောနေသည်ကို နားထောင်ရင်းက မြအေးမှာ ကျေနပ်စွာ ပြုံးလိုက်မိပြန်သည်။

'ဒီလိုနဲ့ပဲ တစ်လမ်းလုံး စကားလက်ဆုံကျခဲ့ကြရာက ဝို့ နှစ်ယောက် ရင်းနှီးစပြုလာရော ဆိုပါတော့ကွာ၊ တစ်ယောက်ကို တစ်ယောက် မေးကြ မြန်းကြရင်းက သူလည်း ကျောင်းတက်မလို့ အိမ်က ထွက်လာခဲ့တယ် ဆိုတာကို သိရတယ်။ "ဘီအေ" အောင်ပြီး အိမ်မယ် အငြိမ်းစား ထိုင်နေရာက အခုလို အရေးကြီးနေတဲ့ တိုင်းပြည်ကြီးမယ် လူပိုသက်သက် လုပ်မနေချင်တာနဲ့ "အင်(မ)အေ" ဆက်တက်မလို့တဲ့'

'ဟိုက်.... မင့်းဟာက တွေ့မယ့် တွေ့တော့လည်း ဇော်နဲ့ တွေ့တော့တာကိုး'

'အေးကွာ၊ ငါလည်း အဲ့ဒီလို ကြားလိုက်ရတော့ မျက်နှာတောင် မထားတတ်အောင် ဖြစ်သွားမိတာပေါ့။ သူ ပြောလိုက်တဲ့ စကားတွေက သူ့အပေါ်မှာ စိတ်ထဲက ကျိတ်ပြီး မရိုးသလိုလို ဖြစ်နေမိတဲ့ ငါ့ကို ဟေ့.... မင်း မမှန်းအပ်သေးဘူးလို့ ဟန့်တားလိုက်သလို ဖြစ်သွားတော့တာကိုး။ ပထမတော့ ငါ့အတန်း ငါ အမှန်အတိုင်း ပြောရမှာတောင် ရှက်သွားမိတာပဲ။ ဒါပေမဲ့ လိမ်လည်း မပြောတတ်တော့ သူမေးတဲ့အခါမှာ အမှန်အတိုင်းပဲ "ဂျူနီယာ–အင်တာ" ဆိုတဲ့ အကြောင်း ဖွင့်ပြောလိုက်ပါတယ်။ ဒီတော့မှ သူက ငါ့ထက် ဝါကြီးမှန်း သိရလို့လား မဆိုနိုင်ဘူး။ ငါ့ကို မောင်လေးတွေ ဘာတွေ ခေါ်လာပါရော။ သူ့ကိုယ်သူတော့ အစ်မကြီးတဲ့။ ငါလည်း သူ သဘောကျသလို အစ်မကြီးလို့ပဲ ခေါ်လိုက်ပါတယ်။ အေး.... အေး မင်းကတော့ သဘောကျပြီး ကြပ်ကြပ် ပြုံးနိုင်တာပေါ့ကွာ။ ဒီမယ် ခံနေရတဲ့ လူမှာသာ....'

သိန်းအောင်က စကားကို ရှေ့မဆက်သေးဘဲ မချိတရိ ပြောလိုက်

ရာ မြအေးမှာ သိန်းအောင်၏ ပခုံးကို ကရုဏာသက်စွာ ပုတ်လိုက်ရင်းက 'ဆက်ပြောမှာသာ ပြောစမ်းပါကွာ၊ ငါ မင်းပြောတာတွေကို ရယ်စရာ အောက်မေ့လို့ ပြုံးမိတာ မဟုတ်ပါဘူး။ မင်း အဖြစ်အပျက်က စိတ်ဝင်စားစရာ ကောင်းလွန်းလို့ပါ'

ထိုသို့ ပြောလိုက်တော့မှ သိန်းအောင်မှာ ကျေနပ်သွားဟန်ဖြင့် ဆက်ပြောပြန်သည်။

'ကဲ.... ကဲ တိုတိုပဲ ပြောပါတော့မယ်ကွာ။ နောက်ဆုံး ရှင်းရှင်းပြောရရင်တော့ မြင်မြင်ချင်း ချစ်မိတာပဲ ဆိုပါတော့။ ငါ့ထက် အသက်လည်း ကြီး၊ အတန်းလည်း ကြီးမှန်းကိုတော့ အစကတည်းက နားလည်ပါရဲ့။ ဒါပေမဲ့ သူငယ်ချင်း၊ ချစ်တာဟာ ချစ်တာပဲ မဟုတ်လားကွာ'

သိန်းအောင်က မေးလိုက်သည်ကို မြအေးက ခေါင်းညိတ်ထောက်ခံလိုက်လေ၏။

'ငါတော့ ဒါတွေ ဘာတစ်ခုမှ စဉ်းစားလို့ကို မရတော့ပါဘူး။ မင်းလည်း စဉ်းစားကြည့်တော့လေ။ စကားစမြည် ပြောလို့ အတော်ကလေး ကြာသွားတော့ သူ့အိပ်ရာလိပ်ကလေး ဖြေပြီး ပက်လက်လှဲ အညောင်းအညာ ဆန့်တယ်တဲ့။ သူ အညောင်းအညာဆန့်တာကတော့ ဟုတ်ပါရဲ့ကွာ။ ဒါပေမဲ့ တစ်ဖက်သားမှာတော့ အလိုလိုကမှ မရိုးသလို ဖြစ်နေတဲ့ စိတ်တွေကို မြှောက်ထိုးပင့်ကော် လုပ်ပေးသလို ဖြစ်နေတော့တာပေါ့။ အဲဒီတုန်းကများ ငါ့စိတ်တွေ ဘယ်လောက်ထိအောင် ဖြောင်းဆန်ကုန်တယ်ဆိုတာ မင်းကို ရှင်းပြနေဖို့ လိုတော့မယ် မထင်ပါဘူး။ မင်းဟာမင်းပဲ စိတ်ကူးနဲ့သာ စဉ်းစားကြည့်ပေတော့လေ။ ငါလည်း စိတ်ပြောင်းစိတ်လွဲရအောင်ဆိုပြီး စာအုပ်တစ်အုပ်ကို ထုတ်၊ စိတ်ထဲက မပါဘဲ အတင်းဖတ်နေမိသေးတယ်။ ဒါပေမဲ့ အလကားပါပဲ။ စာထဲမှာ

နည်းနည်းမှ စိတ်မရောက်ပါဘူး။ ခဏ ခဏ သူ့ဆီကိုချည်း ခိုးကြည့်နေမိတယ်။ သူလည်း ငါ ကြည့်ပုံ ပြုံ မရိုးဘူးဆိုတာကိုများ ရိပ်မိသွားလို့လား မဆိုနိုင်ဘူး၊ ချက်ချင်းပဲ လှဲနေရာက ထထိုင်လိုက်ပြီး စာအုပ်တစ်အုပ်ကို ထုတ်ဖတ်နေတယ်။ တစ်ခါတလေ မျက်စိချင်း ဆုံမိတဲ့အခါတွေမှာလည်း စကားတွေကို ဟိုလှည့် ဒီလှည့်နဲ့ လွှဲပြောင်းပြောတတ်တယ်။ နောက်ပြီးကွာ အဲဒီတစ်ခေါက်က ကြုံချင်တော့ နောက်ထပ် လူတစ်ယောက်တလေမှ တို့ တွဲပေါ် တက်မလာခဲ့ဘူး။ ရန်ကုန်သာရောက်ကရော တစ်လမ်းလုံး တို့နှစ်ယောက်ထဲပါပဲ'

မြအေးမှာ ပြောပြနေသူ ကာယကံရှင်ကိုယ်စား စိတ်မောသွား၍လား မသိ၊ သက်ပြင်းရှည်ကြီး တစ်ချက် ရှူလိုက်လေသည်။

'ကဲ.... ကဲ ဆက်စမ်းပါဦး'

'သူနဲ့ တွေ့လိုက်ရတာကတော့ ဒီလောက်ပါပဲကွာ၊ ငါကသာ အဲဒီ အတောအတွင်းကလေးမှာ တစ်ဖက်သတ် အရူးအမူး ချစ်ပစ်လိုက်မိတာ။ ဘေးလူတွေသာ ငါ့အဖြစ် သိကြရင် ဒီကောင် အရူး မဟုတ်၊ အကောင်းမဟုတ်။ မိန်းမတစ်ယောက်ကို မီးရထားပေါ် ခဏကလေး တွေ့လိုက်မိဖူးတာနဲ့ အသေအလဲ ကြိုက်နေရသတဲ့ ဆိုပြီး ဆဲချင် ဆဲကြမှာပဲ။ ဒါပေမဲ့ သူငယ်ချင်းရာ ငါလည်း ကိုယ့်စိတ်ကိုယ် ဆုံးမကြည့်မိပါသေးတယ်။ သူ့အကြောင်း မှန်သရွေ့ စိတ်ထဲက လုံးလုံးဖျောက်ကြည့်မိတဲ့အထိပါပဲ။ ဒါပေမဲ့ မရဘူး သူငယ်ချင်း၊ သူ့ကို ငါ့စိတ်ထဲက ဘယ်လိုနည်းနဲ့မှ ဖျောက်ဖျက်လို့ မရနိုင်တော့ဘူး'

သိန်းအောင်က စိတ်ပျက်လာဟန်နှင့် ညည်းညည်းညူညူ ပြောလိုက်ရာ–

'အို.... ဒါ ထူးဆန်းတာလိုက်လို့ပဲကွာ၊ မင်းလို လူချင်းတွေ့လိုက်

ရသေးတာကို မပြောနဲ့ဦး၊ လူချင်း တစ်ခါမှ မတွေ့ကြဖူးသေးဘဲ ခုတ်ပုံကလေး မြင်ဖူးမိရုံလောက်နဲ့ အစွဲကြီး စွဲခဲ့ကြတဲ့ လူတွေကောင် ဒုနဲ့ဒေးပဲ'

မြအေးက အကျိုးနှင့် အကြောင်းနှင့် အားပေးစကား ပြောလိုက်ပြန်သည်။ ထိုအခါကျမှ သိန်းအောင်က ဘိုင်စကုတ်ရုံတွင် တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များကို လုံးစေ့ပတ်စေ့ ပြောပြရာက–

'ဒီတော့ မင်းပဲ စဉ်းစားကြည့်လေ။ ငါ ခုပြောနေတာတွေဟာ စိတ်ရူးထလို့ ကရော်ကမည် လျှောက်ပြောနေတာတွေ မဟုတ်ဘူး။ ငါ သူ့ကို တကယ်ပဲ လှိုက်လှိုက်လှဲလှဲ ချစ်နေမိပြီ။ သူ့စိတ်နဲ့ပဲ ငါ ဘာကိုမှ လုပ်လို့ မရတော့ဘူး။ ဒီတော့ ကိုယ်က ဒီလောက်တောင် တစ်ဖက်သတ် ချစ်နေမိပြီး ချစ်တယ်ဆိုတဲ့ အကြောင်းကလေးကိုမှ ဖွင့်ပြောမယ်လို့ မကြံရသေးဘူး။ ခုလို နိုင်ငံခြားသွားဖို့လေး ဘာလေးနဲ့ ကိစ္စတွေကလာပြီး ဝင်ရှုပ်နေပြန်တော့ ဘယ်သူ မရှုးချင်ဘဲ ခံနိုင်ပါ့မလဲကွာ'

'အင်း.... မင့်အဖြစ်အပျက်ကလည်း တစ်ဖက်သတ်ကြီးဆိုတော့ အတော်ဆိုးသားပဲ။ လက်စသတ်တော့ မောင်ရင် ဒါတွေကြောင့် ခု တလော အချစ်သီချင်းတွေ စပ်လိုစပ်၊ ကိုယ်တိုင် ဆိုလိုဆိုနှင့် တမှိုင်မှိုင်တတွေတွေ ဖြစ်နေတာကိုး'

သိန်းအောင်ကား စားပွဲပေါ်မှ တယောကလေး လှမ်းယူလိုက်ရင်း တတီတီ တတာတာ ထင်မိထင်ရာ တီးနေပြန်လေသည်။ ထိုအခိုက် အခန်းတစ်ဖက်တစ်ချက်ဆီမှ 'ဟေ့.... ဆရာတွေ၊ စာကျက်နေတယ်ဗျို့'ဟု ပြိုင်တူ ဝိုင်းဝန်း အော်ဟစ်ကြသောကြောင့် တယောကလေး စားပွဲပေါ် ပြန်တင်ထားလိုက်ရလေ၏။

'ခက်တယ်ကွာ၊ ငါလည်း ဘာတွေ စိတ်ကူးမိလို့ ဘာတွေ လုပ်နေမိမှန်း မသိတော့ပါဘူး'

သိန်းအောင်မှာ စိတ်ပျက်စွာ ညည်းညူလိုက်ပြန်လေသည်။

'ကဲ.... ကဲ ဘာမှ ရှည်ရှည်ဝေးဝေး ခက်မနေပါနဲ့တော့ကွာ။ မင်း သူ့ကို တကယ်ပဲ အသည်းစွဲ ချစ်နေပြီ မဟုတ်လား။ အေး ဒီတော့ ယူဇနာတစ်ရာ အကွာအဝေးလောက်ကနေပြီး မောင့်အပေါ်ဝယ် ဂုဏ်ရည် မတူလို့လားဆိုပြီး အချစ်သူတောင်းစား လုပ်နေလို့ အပိုပေါ့။ ခုခေတ် မိန်းမတွေကို ဒီနည်းမျိုးနဲ့ ပိုးလို့ တစ်သက်လုံး မစွဲနိုင်ဘူး။ ချစ်မိမှတော့ ချစ်ပါတယ် ဆိုတာကို မဖြစ် ဖြစ်အောင် ပြောဝံ့ရလိမ့်မယ်။ ဒီလိုမှ ပါးစပ်နဲ့ မပြောဝံ့ရင် စာနဲ့ပေး။ မင်းကိစ္စလည်း အခု ဘာမှ ခက်ခက်ခဲခဲ မရှိတော့ပါဘူး။ သူတို့အိမ်ကို လာလည်ဖို့ ဖိတ်ထားပြီ မဟုတ်လား'

သိန်းအောင်က အသာအယာ ခေါင်းညိတ်ပြလိုက်၏။

'ဒါဖြင့် သွားလည်လိုက်တာပေါ့ကွ။ အဲဒီလို သွားလည်ရင်း မင်းဟာမင်း လည်သလို ကြည့်ပြီး အခွင့်အရေးရအောင် ယူဖို့ပဲ ရှိတော့တယ်။ ငါတော့ ဒါလောက်ပဲ အကြံပေးတတ်တော့တာပဲ'

သိန်းအောင်ကား မြအေး၏ အကြံပေးချက်ကို နားထောင်ရင်း ခြင်ထောင်အမိုးကိုသာ မော်ကြည့်လျက် ရှိလေသည်။ သူ့စိတ်ထဲတွင်မူ-

ပညာဂုဏ်ဝင့်လှသည့် မခင်ဆွေ။

မီးရထား ဝန်ထောက်လောင်းကလေး ကိုထွန်းလှ။

သား ဖြစ်သူအား နိုင်ငံခြားသို့ ပို့ချင်လှသည့် ဖခင်ကြီး။

ဒီ.... သူတို့တစ်တွေသာ မုန့်လုံးစက္ကူကြပ် မွှေနှောက်လျက် ရှိတော့သတည်း။

# [၅] စာနှစ်စောင်

## (၁)

**အခန်းနံပါတ် (----)၊ ပင်းယကျောင်းဆောင်**
**ရန်ကုန်တက္ကသိုလ်**
**နေ့စွဲ - ၂၄၊ ၆၊ ၄၇**

**ချစ်လှစွာသော ဖေဖေ ခင်ဗျား။**

ရှိသေလေးမြတ်စွာ အစီရင်ခံလိုက်ပါသည်။ ဖေဖေ ပေးပို့လိုက်သော အကြောင်းကြားစာကို တစ်မြန်မနေ့ကမှ လက်ခံ ရရှိပါသည်။ ဖေဖေ ယုံကြည်သည့်အတိုင်း စာကို ဖတ်ပြီးလျှင် ဖတ်ပြီးချင်းပင် သားမောင် ဝမ်းသာအားရ ဖြစ်သွားမိပါသည်။

သို့သော်လည်း ဖေဖေ အလိုရှိသလို နိုင်ငံခြားသို့ ယခုနှစ် ချက်ချင်း မသွားချင်သေးပါ ခင်ဗျား။ အကြောင်းမှာ တက္ကသိုလ်၏ ဗဟုသုတများကို လေ့လာ ဆည်းပူးဆဲမို့ ဖြစ်ပါသည်။ ကျွန်တော့်မှာ စစ်မဖြစ်မီက (၉) တန်းအထိသာ ရောက်ရှိသေး၍ အသက်ငယ်ငယ်နှင့် လူတောမဝင်

ဖူးခဲ့သောကြောင့် ယခုလို လူမျိုးစုံတို့နှင့် တွေ့ဆုံ စုဝေးရခိုက် ပေါင်းသင်း ဆက်ဆံရေး၊ လူတောတိုးနိုင်ရေး အစရှိသည်တို့ကို လေ့လာ ဆည်းပူး လိုပါသေးသည် ခင်ဗျား။

အကယ်၍ ပေါင်းသင်း ဆက်ဆံရေး၊ လူမှုရေးတို့တွင် ကောင်းစွာ နားမလည်သေးဘဲ နိုင်ငံခြားသို့ သွားရမည် ဆိုပါက လူမျိုးခြား မျက်နှာ စိမ်းတွေအကြားတွင် မျက်နှာငယ်နေလိမ့်မည် ဟု ထင်မိပါသည်။ ယခု အခါ ကျွန်တော်တို့ ကျောင်းသားတွေ နိုင်ငံရေးဘက် လိုက်စားကာ ပညာရေးကို လျစ်လျူရှုထားကြသည်ကို မနှစ်မြို့သောကြောင့် ဖေဖေ ဤကဲ့သို့ အလျင်စလို စီမံလိုခြင်း ဖြစ်သည်ကို ကျွန်တော် ကောင်းစွာ နားလည်ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း ကျောင်းသားလောက နယ်ပယ်ထဲသို့ မသန့်ရှင်းသော နိုင်ငံရေး ကလိန်ကျမှုများ ယခုလို ဝင်ရောက်လာသည်ကို မနှစ်မြို့ စက်ဆုပ်လှသဖြင့် တတ်နိုင်သည့်ဘက် မှ ကူညီ တိုက်ဖျက်လျက် ရှိပါသည်။

ဖေဖေ၏ ထားရှိသော စေတနာကို ကောင်းစွာ နားလည်ပါသည်။ နားလည်သလိုလည်း ဖေဖေ၏ အမိန့်တို့ကို ကြည်ညို လေးစားစွာ နာခံရန် အသင့်ရှိပါသည်။ ယခုနှစ် နိုင်ငံခြားသို့ သွားဖို့တစ်ခုကိုတော့ သားမောင်အား ယုံကြည်စွာဖြင့် ခွင့်လွှတ်ပါရန် တောင်းပန်ပါသည်။ ယခုနှစ် စာမေးပွဲများကိုပင် ဖြေဆိုနေရပြီဖြစ်ရာ နောက်တစ်နှစ် ဥပစာ အထက်တန်းတွင် ဆက်လက်၍ သင်ကြားပြီးသည့်နောက် အောင်မြင် လျှင် အောင်မြင်ချင်း ဖေဖေတို့ ပို့လွှတ်ရာ အရပ်သို့ မဆိုင်းမတွ သွား ရောက်ပါမည့်အကြောင်း ကတိပေးပါသည် ခင်ဗျား။

ယခုပင် စာမေးပွဲအချို့ကို ဖြေဆိုပြီးသွားပါပြီ။ ဖြေဆိုသမျှလည်း ထူးချွန်စွာပင် အောင်မြင်နိုင်မည် ဖြစ်ပါသည်။ နောက် စစ်ဆေးဦးမည့်

ဘာသာရပ်များကိုလည်း ထိုနည်းတူစွာ ဖြေဆိုနိုင်ရန် ကြိုးစားလျက်ရှိပါသည် ခင်ဗျား။

ဖေဖေ၊ မေမေနှင့် တစ်အိမ်သားလုံး
ကျန်းမာ ချမ်းသာတော်မူကြပါစေ
**သားမောင်**

'အေး.... နိပ်ပြီ၊ ဒါလောက်ဆိုကွာ မင်းအဘိုးကြီး ကျေနပ်လောက်ရောပေါ့။ ဘာမှ လိုလေသေး မရှိတော့ပါဘူး။ အဲ.... နေဦး၊ နေဦး။ "အကယ်၍ ပေါင်းသင်းဆက်ဆံရေး၊ လူမှုရေးတို့တွင် ကောင်းစွာနားမလည်သေးဘဲ" ဆိုတာရဲ့ အထက်နားမယ် "ကျွန်တော်တို့ ပါမောက္ခကြီးများကလည်း အနည်းဆုံး ဥပစာ အထက်တန်းလောက်ကို အောင်မြင်ပြီးမှ သွားဖို့ ကောင်းသည်ဟု ပြောကြပါသည်။ အစိုးရက စေလွှတ်သည့် ပညာတော်သင်များပင် ၎င်းအတန်းလောက်ကို ရောက်မှသာ သွားနိုင်ခွင့်ရှိသည်ဟု ပြောကြပါသည်" ဆိုပြီး ဖိန်းလိုက်ဦးကွာ။ အေး.... ဟုတ်ပြီ၊ ကဲ.... ကဲ စာတစ်စောင်လုံး အချောသာ ပြန်ကူးလိုက်ပေတော့'

သိန်းအောင်မှာ မြအေး သွန်သင်ပြသသည့် နည်းစနစ်များအတိုင်း ဖခင်ကြီးထံသို့ စာတစ်စောင် ရေးနေခြင်း ဖြစ်သည်။ စာမှာ နှစ်ယောက်သား ခေါင်းချင်းဆိုင် ရေးလိုက် ပြင်လိုက်နှင့် နှစ်ကြိမ်မြောက်တော့မှ ကျေနပ်မှု ရရှိကာ အချောပြန်ကူးရတော့၏။ မြအေးက ကုလားထိုင်နောက်မှ နေ၍ ကူညီ ပြင်ဆင် သတိပေးလျက်ရှိသောကြောင့် စိတ်မချသည့် နေရာများသို့ ရောက်ရှိသည့်အခါတိုင်း သိန်းအောင်မှာ မြအေးကို မော်ကြည့်တတ်လေသည်။

## (၂)

ဥပစာအောက်တန်း နှစ်လည် စာမေးပွဲကို စတင် ဖြေဆိုရသည့်နေ့ပင် ဖြစ်လေသည်။

နံနက်ပိုင်းကပင် အင်္ဂလိပ်ဘာသာ ပထမ မေးခွန်းကို ဖြေဆိုကြရကာ သိန်းအောင်ရော မြအေးပါ နှစ်ယောက်စလုံးပင် ကောင်းမွန်ချောမောစွာ ဖြေဆိုနိုင်ခဲ့ကြ၏။ အမှန်မတော့ မြအေး ဖြေဆိုနိုင်ခြင်းမှာ စာအနည်းငယ် ကျက်ထားသူ ဖြစ်သဖြင့် မထူးဆန်းလှသော်လည်း စာအုပ်ကို လုံးဝ ကောက်မကြည့်သေးသည့် သိန်းအောင် ဖြေဆိုနိုင်သည် ဆိုခြင်းမှာ အံ့သြဖွယ်ရာပင် ဖြစ်နေတော့သည်။

မိမိ မှတ်မိသမျှ စာတွေနှင့် ဝင်တိုးခြင်းအတွက်လည်း သိန်းအောင် ကိုယ်တိုင်ပင် မိမိကံကို မိမိ အံ့အားသင့်နေမိလေ၏။ ထိုကြောင့် ညနေခင်းတွင် ပျော်ပျော်ရွှင်ရွှင် ဘိုင်စကုတ်ပင် သွားကြည့်လိုက်ကြသေးသည်။ မည်သူမဆို ဦးစွာ ရင်ဆိုင်ရသော ဘာသာ တစ်ဘာသာကို ကောင်းမွန်ချောမောစွာ ဖြေဆိုနိုင်သည်ဆိုလျှင် အတော်ကြီးပင် တအားတက်သွားမိကြစမြဲ ဖြစ်လေရာ သန်ဘက်ခါတွင် ထပ်မံ ဖြေဆိုရမည့် အင်္ဂလိပ်ဘာသာ ဒုတိယ မေးခွန်းများအတွက် စိတ်အေးသလိုလို ရှိသွားလေတော့၏။

ဘိုင်စကုတ်မှ ပြန်အလာတွင် သိန်းအောင်မှာ ဖခင်ကြီးထံ စာပြန်ရန် သတိရမိခြင်း ဖြစ်လေသည်။ စာပြန်ရန်ဆိုသည်မှာ "ဖခင်ကြီး၏ စီမံချက်များကို မလိုက်နာနိုင်သေးပါ" ဟူ၍ ငြင်းဆိုရမည့် စာမျိုးဖြစ်သောကြောင့် မည်ကဲ့သို့ စ၍ မည်ကဲ့သို့ ရေးရမည်ကို စဉ်းစားလို့ မရနိုင်အောင် ခေါင်းရှုပ်နေမိတော့လေ၏။ နောက်ဆုံးတွင်ကား တစ်ယောက်တည်း

စဉ်းစား၍ မရသည့်အဆုံး၌ သူငယ်ချင်း မြအေးထံ စစ်ကူတောင်းရခြင်း ဖြစ်လေသည်။

'အောင်မယ်လေးဟ၊ ကိုယ့်အဖေကိုယ် ဖြီးနေကျ ဖိန်းနေကျဟာ ပဲ။ ဒါကိုများ အထူးအဆန်း လုပ်လို့ကွာ။ လေနုအေးကလေးတွေ တန့်န့် နှေးနေပါသည်။ ကျောင်းတော်ကြီးမှာ အဇ္ဈာ ကောင်းကင်ကြီးအောက် ဝယ် ပြုံးနေပါသည်။ သားမောင် ကျွန်တော်ကား စာကိုသာပဲ ကုန်း၍ ကြိုးစားနေပါသည်။ ဖေဖေ၊ မေမေ တစ်ဆိတ် စာအုပ်ဖိုးငွေကလေး ပို့လိုက်ပါဦးဗျာ ဆိုတဲ့ ငွေတောင်းနည်းမျိုး မကြားဖူးဘူးလားကွ။ အဲဒီ အတိုင်းပဲပေါ့။ လူကြီးတွေ ကျေလောက်အောင် ပထမရေး၊ နောက် ကိုယ် လိုချင်တာကလေးတွေကို ဆွယ်ယူရတာပေါ့ကွ။ မဟုတ်လား'

မြအေးကား ရှုပ်ထွေး နှောက်ကျိနေသည့် စိတ်များကို သောလုံး ရွှတ်လုံးကလေးများ ဖက်ကာ ကြည်လင်သွားစေတော့သည်။ ကိုနောက် သူကိုယ်တိုင် နံဘေးနားမှ ထိုင်၍ စာတစ်စောင်ကို ကူညီ ဖေးမ ရေးသား စေခဲ့ခြင်း ဖြစ်လေ၏။ နှစ်ယောက်သား တိုင်တိုင်ပင်ပင် ရေးသားခဲ့ကြ ရာမှ နောက်ဆုံး၌ ရေးရင်း မကြိုက်ရင်း၊ မကြိုက်ရင်း ပြင်ရေးရင်းနှင့်ပင် တတိယမြောက်အကြိမ်တွင် ဖတ်ရသူ ကျေလောက်သော စာတစ်စောင် ဖြစ်မြောက်သွားလေတော့၏။

'ကဲ.... မနက်ဖြန်သာ အမြန်ဆုံး ပို့လိုက်ပေတော့ကွာ။ နောက်ပြီး တကာယ်လို့များ မင့်အဘိုးကြီးက ဖွတ်တရွတ်ကြီး အတင်းမရမက သွား ရမယ်ဆိုရင်ကော ဘယ့်နှယ် လုပ်ပါ့မလဲ။ ဒါမျိုးဆိုတာ စောစောက တင်ကြို စဉ်းစားထားရတယ်'

မြအေးက စီးကရက်တစ်လိပ်ကို မီးညှိရင်း မေးလိုက်လေသည်။ ထိုနောက် စီးကရက်ဘူးကို သိန်းအောင်ထံ ပစ်ပေးလိုက်၏။ သိန်းအောင် လည်း ဆေးလိပ်တစ်လိပ်ကို မီးညှိ၍ ပါးစောင်တွင် ခဲရင်း–

'ဒါတော့ကွာ သူက အတင်းမရမက ခိုင်းမှတော့ ငါကလည်း အတင်းမရမက ငြင်းရတော့မှာပေါ့။ ဘယ့်နှယ် တတ်နိုင်ပါ့မလဲ'

'ငါ့စိတ်ထင်တော့ မင့်အဘိုးကြီးလည်း ဒီလောက် ဆိုးလိမ့်မယ်တော့ မထင်ပါဘူး။ စာထဲမှာလည်း တော်တော် နားလည်အောင် ရှင်းပြထားသားပဲ။ ဒါမှမဟုတ်ရင် သူ တစ်ခါတည်း ပိုပြီး နားရှင်းသွားအောင် ကျွန်တော် အသေအလဲ ချစ်နေတဲ့ မိန်းမတစ်ယောက်ကို ကျောင်းဖွင့်လျှင် ပြန်တွေ့ရမည် ဖြစ်သောကြောင့် မသွားလိုခြင်း ဖြစ်ပါသည် ဆိုပြီး ရေးထည့်လိုက်ရင် မကောင်းလား'

'မင်းက ငါ့ကို အမွေဖြတ် ကြော်ငြာတာ စောစောစီးစီး တွေ့ချင်လှပြီ ထင်ပါတယ်။ ခုနေခါတော့ မလုပ်လိုက်ပါနဲ့ဦးကွာ၊ ထမင်းစားလောက်အောင် မရှာတတ်သေးပါဘူး'

သိန်းအောင်နှင့် မြအေးတို့မှာ စီးကရက် ကိုယ်စီ ဖွာရင်း တစ်ယောက်ကို တစ်ယောက် နောက်ပြောင် ကျီစားလျက် ႐ှိကြသော်လည်း၊ ထိုအချိန်တွင် အခြားအခန်းများမှ ကျောင်းသားတို့မှာ နောက်ဖြေဆိုရမည့် ဘာသာရပ်များကို တကုန်းကုန်းနှင့် ကျက်မှတ်၍နေကြဆဲ ဖြစ်လေသည်။

(၃)

ရည်းစားစာ ရေးရန် အလုပ်ကား လွယ်ကူလှသည့် ကိစ္စမျိုး မဟုတ်ပေ။

ထိုအကြောင်းကို လက်တွေ့ စမ်းသပ်ကြည့်မိသောအခါတွင်မှ နားလည်သွားမိတော့သည်။ အမှန်ပင် မလွယ်ကူလှ။ အထူးသဖြင့် တစ်စောင်မျှ ရေးမကြည့်ဖူးသေးသည့် သိန်းအောင်လို လူတစ်ယောက် အဖို့ အင်မတန်မှပင် ခက်ခဲ၍ နေတော့သည်။

ရေးလိုက်ရင်း မကြိုက်ရင်း၊ မကြိုက်ရင်း ပြင်ရေးရင်း၊ ပြင်ရေးရင်း မကျေနပ်ရင်း၊ မကျေနပ်ရင်း လုံးထွေး လွှင့်ပစ်လိုက်ရင်းနှင့်ပင် စာရေးစားပွဲအောက်တွင် စက္ကူစုတ် အလုံးကလေးတွေ ပြန့်ကျဲလျက်ရှိလေပြီ။ တစ်ခါတစ်ရံ ကိုယ့်အဖြစ်ကိုယ် စိတ်မလုံဘဲ အခန်းထောင့်တစ်ဖက်တွင် စာကျက်လျက်ရှိသည့် မြအေးထံသို့ မကြာခဏ လှမ်း၍ကြည့်မိသေးသည်။ မြအေးကား သူ့ကို လုံးဝ ဂရုမစိုက်ဘဲ အင်္ဂလိပ်စာအုပ်တစ်အုပ်ကိုသာ ဖတ်လျက် ရှိလေ၏။

အချိန်မှာ ည ၁၀ နာရီကျော်ကျော်ခန့် ရှိနေပြီဖြစ်ရာ ကျောင်းဆောင် တစ်ခုလုံး ငြိမ်သက် တိတ်ဆိတ်လျက် ရှိလေသည်။ ပြင်ဘက်တွင်ကား ပိုးကောင် မွှားကောင်ကလေးများ၏ မြည်သံများနှင့် သစ်ပင်လေတွေ့သံများသာ ညဥ့်၏ တိတ်ဆိတ်ခြင်းကို ဖောက်ထွင်းလျက် ရှိလေသည်။ အခန်းထဲတွင်လည်း စာကျက်သူက ကျက်၊ စာရေးသူက ရေးနှင့် နှစ်ယောက်စလုံး ငြိမ်သက်လျက် ရှိကြရာ စားပွဲတင်နာရီကလေးမှ တစ်ချက် တစ်ချက် မြည်သံကိုပင် ကြားရတော့မတတ် ရှိလေ၏။

"ခေါ်နေကျအတိုင်း အစ်မကြီးလို့ပဲ ရေးရမလား၊ နာမည်ပဲ အဖျားဆွတ်ပြီး ရေးရမလား၊ နို့မဟုတ် ရိုးရိုးကြီး မ တတ်ပြီး ခေါ်ရမလား၊ အချစ်ဦးတို့ ခင်တို့ အသက်တို့ သက်လှယ်တို့ ဆိုတာတွေကတော့ ကလေးဆန်လွန်းပါတယ်။ သူ့အသက်နဲ့ဆိုတော့ မလိုက်ပါဘူး။ နာမည်အဖျားဆွတ်ပြီး ခေါ်ပြန်ရင်လည်း သူက ကြိုက်ချင်မှ ကြိုက်မှာ။ အေးလေ ခပ်ရိုးရိုးပဲ ခေါ်နေကျအတိုင်း အစ်မကြီးလို့ပဲ ရေးပါတော့မယ်"

သိန်းအောင်ကား ကိုယ့်စိတ်ကူးနှင့်ကိုယ် ဝမ်းထဲတွင် ကျိတ်၍ တိုင်ပင်နေမိခြင်း ဖြစ်လေသည်။ ထို့နောက် စာရွက် ဘယ်ဘက်ထိပ်

ဖျားနားတွင် "အစ်မကြီး" ဟု ရေးချလိုက်ကာ တစ်ဖန် ဆက်မရေးသေးဘဲ ဖောင်တိန် ဖင်ပိုင်းကို ပါးစပ်ဖြင့် ကိုက်ရင်း စဉ်းစားနေပြန်၏။

အမှန်မှာ စာတစ်စောင် ဖြစ်မြောက်ရန် ကြိုးစားမိသည်မှာ ယခုတစ်ကြိမ်ပါနှင့်ဆိုလျှင် ငါးကြိမ်တိုင်တိုင် ရှိသွားလေပြီ။ ပြတ်တောင်းတောင်း နိုင်လွန်းသည်။ စကားကြော ရှည်လွန်းသည်။ ချွဲလွန်းသည်၊ တင်းမာလွန်းသည်၊ ခယ ဝပ်တွားလွန်းအားကြီးသည် အစရှိသော မကျေနပ်မှုများဖြင့်သာ အပြာရောင် စက္ကူကလေးတို့မှာ ကြမ်းပြင်ပေါ်သို့ သနားစဖွယ် လုံးထွေး ရောက်ရှိသွားခဲ့ကြရခြင်း ဖြစ်လေ၏။

ဒီတစ်ကြိမ်တွင်မူ ဘာပဲဖြစ်ဖြစ် ဝမ်းထဲမှ ပေါ်ထွက်လာသည့် စကားလုံးများအတိုင်း ရေးချလိုက်တော့မည်ဟု ဆုံးဖြတ်မိကာ "အစ်မကြီး" ဟူသော စာလုံးသုံးလုံးမှ အစချီလျက် စာရေးစက္ကူနှင့် နှစ်မျက်နှာအပြည့် ရေးသား ပြီးစီးသွားတော့၏။

(၄)

'ပြစမ်း၊ ရေးပြီးသွားပလား'

စာကို အစမှ အဆုံး တစ်ခေါက်ပြန်ဖတ်နေမိစဉ် ရုတ်တရက် လက်ထဲမှ ဖျတ်ခနဲ ဆွဲယူသွားရင်း မေးလိုက်သောကြောင့် သိန်းအောင်မှာ အူကြောင်ကြောင် ဖြစ်သွားလေ၏။

'ဟော့ကောင် ပေးပါကွာ၊ ဖတ်မနေစမ်းပါနဲ့၊ အလကား စာပါကွာ'

'အောင်မယ်လေး၊ မင်းက အခုမှ ခိုးကြောင်ခိုးဝှက် လုပ်ချင်နေလိုက်တာ၊ မင်း စပြီး ရေးနေကတည်းက ငါ သိပါတယ်ကွ။ ငါက မင်းစိတ်ထင်ရာ ရေးပေစေ။ ငါ ဝင်ရှုပ်နေရင် ပျက်ကုန်မှာစိုးလို့ မသိချင်ယောင် ဆောင်နေတာပါ။ ခုတော့ တည်းဖြတ်ပေးရဦးတော့မပေါ့'

သိန်းအောင်မှာ ဆက်လက် တောင်းနေ၍လည်း ရတော့မည် မဟုတ်ကြောင်း သိသဖြင့်–

'အေးကွာ၊ သီချင်းတွေ ဘာတွေ ရေးရတာတောင် ဒီလောက် မပင်ပန်းဘူး ထင်ပါရဲ့။ စာရွက်ကို ငါးရွက်ကုန်ရောပဲ' ဟု တစ်ယောက်တည်း ကြိတ်၍ ခံစားခဲ့ရသည့် စိတ်ဒုက္ခကို ဖွင့်ဟ၍ ပြောလိုက်မိလေ၏။

'ဒါပေါ့ကွာ၊ သီချင်းရေးတာက သီချင်းရေးတာ၊ ဒါက ဒါကိုး'

မြအေး ပြောလိုက်မှပင် ရှင်းသွားပေတော့သည်။ ၎င်းမှာ သိန်းအောင်၏ ချစ်သဝဏ်လွှာကို ဖတ်ရင်း ပြုံးသည့်အခါ ပြုံးလိုက်၊ မဲ့သည့်အခါ မဲ့လိုက်နှင့် သဘောတွေ့ မနောခွေ့လျက် ရှိဟန်တူလေ၏။ ထို့နောက် တစ်ဖန် စာထဲမှ မြှောက်ပင့်ချက်များကြောင့် အကြည်ဆိုက် အကြိုက်တွေ့သွားသည့် မိန်းကလေးတစ်ယောက်၏ ဟန်ဖြင့် လည်ကလေးမော့၊ ရင်ကလေး ကော့၊ ပခုံးကလေး နှစ်ဖက်ကို လွန့်ခနဲနေအောင် တွန့်ပြလိုက်ပြန်ရာ သိန်းအောင်ပင်လျှင် ပြုံးမိလေ၏။

'ဟော့.... မောင်ရင်၊ ဘယ့်နှယ် တယ်ဆိုလိုက်တဲ့ စာပါကလား။ ဒီစာတွေကို ဖတ်ပြီး အစ်မကြီး ကျွန်တော့်ကို အရူးထင်ချင် ထင်မှာပဲ ဆိုကိုး။ ဟော.... ဟော့။ ရယ်ချင် ရယ်မှာပဲ တဲ့။ ကလော်ပြီး ဆဲချင် ဆဲမှာပဲ တဲ့။ ဟုတ်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် ရှုံးမိခဲ့တယ်ဆိုတာ ဝန်ခံပါတယ် တဲ့။ တစ်ခုပဲ အစ်မကြီး သိစေချင်သတဲ့။ ကျွန်တော် အခု ရေးခဲ့သမျှတွေဟာ ကျွန်တော့် အသည်းထဲက အန်ထွက်လာတာတွေ ဖြစ်တယ်ဆိုတာပါပဲ တဲ့။ ဟုတ်လိုက်လေကွာ၊ တကယ်ကို ငါတောင် ချစ်ပစ်လိုက်ချင်ပြီ'

မြအေးမှာ သိန်းအောင်၏ စာအဆုံးသတ်ပိုင်းကို စာဖတ်ပြသလို

တစ်လုံးမကျန် ဖတ်ပြရင်း ချီးမွမ်းခန်း ထုတ်နေပြန်သောကြောင့် သိန်းအောင်မှာ မျက်နှာမထားတတ်အောင် ရှက်ကိုးရှက်ကန်း ဖြစ်သွားမိရာက 'ဟော့ကောင် ပြန်ပေးပါတော့ကွာ' ဟု ပြောပြောဆိုဆို စာကို အတင်းဆွဲလုလိုက်လေ၏။

'နောက်နေတာ မဟုတ်ပါဘူး သူငယ်ချင်းရာ၊ တကယ့်ကို အလွန်ကောင်းတဲ့ ရည်းစားစာ တစ်စောင်ပါပဲ။ မင်း သီချင်းတွေ ဘာတွေ စပ်တတ်ပေမယ့် ရည်းစားစာကိုတော့ ဒီလောက် ရေးနိုင်လိမ့်မယ်လို့ မထင်မိဘူး။ ဘယ့်နှယ် စချီလိုက်ကတည်းက အစ်မကြီးလို့ ခေါ်လိုက်ရတာပဲ ရင်အောင့်လှပါပြီဆိုတော့ ဘယ်သူမကျဘဲ ခံနိုင်ရိုးလဲ'

'အေး.... တခြားလူ မကျခင် မင်းကိုယ်တိုင် ကျနေလို့ ခက်နေပါဦးမယ်ကွာ' သိန်းအောင်က သာသာနှင့်နာနာ နက်လိုက်သောကြောင့် မြအေးမှာ လက်နှစ်ဖက်ကို လုံချည်ခါးပုံစ ရှေ့နားတွင် ကာဆီးကာဆီး လုပ်ရင်း နောက်ဆုတ် နောက်ဆုတ် ဖြစ်သွားရာက–

'အမယ်လေး ဒါကိုတော့ ချမ်းသာပေးတော်မူပါ ဆရာရယ်၊ ကျွန်တော် ကြောက်လွန်းလို့ပါ' ဟု ဟန်အမူအရာပါပါ တောင်းပန်လိုက်ပြီးလျှင် နှစ်ယောက်သား သဘောကျကာ ရယ်လိုက်မိကြလေ၏။ ထိုနောက် သိန်းအောင်က လက်ထဲမှ စာကလေးကို ထောင်ပြရင်း–

'ကဲကွာ စာကတော့ ရေးပြီးသွားပြီ၊ သူ့ဆီ ဘယ့်နှယ်ပေးရမလဲ ဆိုတာကိုသာ တစ်ဆိတ်လောက် အကြံပေးစမ်းပါဦး' ဟု စစ်ကူတောင်းလိုက်ပြန်ရာ မြအေးမှာ–

'အမယ်လေးဟ သိန်းအောင်ရာ၊ စာပေးဖို့ရာကို ဘယ့်နှယ်လုပ်ပြီး ပေးရပါ့မလဲလို့ မေးနေတဲ့လူ ရှိသေးသတဲ့ဗျာ။ ကျောင်းစောင့်နတ်ကြီးတို့ရဲ့၊ ဒီသူငယ်ကို တစ်ဆိတ် စောင့်မ ကြည့်ရှုပေးတော်မူကြစမ်းပါ

ဦး’ ဟု ကျောင်းဆောင် ခေါင်မိုးပေါ်ကို မော်၍ လက်အုပ်ချီရင်း တကယ်ပင် တိုင်တည်ဟန် ပြုနေလေတော့၏။

‘စာပေးဖို့ကတော့ သိတာပေါ့ကွ၊ မင်းကလည်း နောက်တီးနောက်တောက် လုပ်မနေစမ်းပါနဲ့။ ငါ မေးတာက ဖြောင်ကြီး လက်ထဲသွားထည့်ရမလား၊ စာအုပ်ကြား ညှပ်ပေးရမလား ဆိုတာမျိုးကို မေးတာပါကွ’

‘ဒါကတော့ အခြေအနေအရဆိုတဲ့ စကားကိုလည်း မင်းအသိသားပဲ မဟုတ်လား။ အခြေအနေအရ လွယ်ကူသလိုသာ ကြည့်လုပ်ရမှာပေါ့ကွာ။ နောက်ဆုံး နှစ်ယောက်ထဲ လွတ်လွတ်လပ်လပ်ကြီး တွေ့ခွင့်ရပြီး အဲဒီ ရည်းစားစာကို အစက အဆုံးတိုင်အောင် တစ်လုံးချင်း ဖတ်ပြနိုင်ရင် အကောင်းဆုံးပေါ့၊ မဟုတ်လားကွာ’ ဟု မြအေးက ရယ်စရာ မောစရာအဖြစ် နောက်ပြောင်နေပြန်သောကြောင့် သိန်းအောင်မှာ စိတ်ပျက်စွာ အိပ်ရာပေါ် လှဲချလိုက်မိလေတော့၏။

‘တော်ပါကွာ၊ ငါ့ဟာငါပဲ ကြည့်စီမံပါတော့မယ်။ မင်းကို တိုင်ပင်နေလို့ အလကားပါပဲ’

## [၆] ခက်တဲ့ ကိုသိန်းအောင်

### (၁)

**'နုပျို စိုလန်းလို့ရယ်၊ ဖူးပွင့်စ ပန်းစံပယ်၊ နေရောင်ခြည် မထိုးမိ မညှိုးလို့ စင်ကြယ်၊ မညှိုးလို့ စင်ကြယ်၊ ခင်တွယ်စရာ လွှန်တင့်တယ်....'**

သာယာသော သီချင်းသံနှင့် စန္ဒရားသံကို နားထောင်ရင်း မခင်ဆွေသည် ပန်းခြံထဲသို့ မျှော်ကြည့်လိုက်လေသည်။

ညက မိုးအနည်းငယ် ရွာထားသောကြောင့် ပန်းခြံအတွင်းရှိ ပန်းပင်ကလေးတို့မှာ စိမ်းလန်း စိုပြည်စွာ အလှကျက်သရေဆောင်လျက် ရှိကြသည်။ ပန်းပွင့်လွှာများ၊ သစ်ရွက်သစ်ခက်များ အပေါ်တွင် ကြွင်းကျန်လျက် ရှိသည့် မိုးသီး မိုးစက်ကလေးတို့မှာလည်း နံနက်ခင်း၏ နေရောင်ခြည်ဝယ် တလက်လက်နှင့် ရှိကြ၏။

ပန်းခြံကို ကျော်ဖြတ်၍ ကြည့်လိုက်လျှင်မူကား ပြန့်ပြူးသော ရွှေဂုံတိုင် လမ်းမကြီးကို ဆီး၍ မြင်ရ၏။ လမ်းပေါ်တွင် မြင်းလှည်း၊ ဆိုက်ကား၊ မော်တော်ကားအချို့ ဖြတ်သန်း မောင်းနှင်နေကြ၏။ ဗဟန်း

ဈေးပြန်လူအချို့လည်း ဈေးဆွဲခြင်း ကိုယ်စီနှင့် လျှောက်နေကြလေ၏။ ၎င်းတို့အားလုံး အထက်ရှိ ကုန်းမြင့်မြင့်ပေါ်တွင်ကား ရွှေတိဂုံစေတီတော် မြတ်ကြီးသည် အပြာရောင် ကောင်းကင်လွင်ပြင်ကို နောက်ခံပြုကာ ရွှေရောင်တဝင်းဝင်းနှင့် စံပယ်တော်မူလျက် ရှိလေသည်။

ဤကား မခင်ဆွေ မျှော်ကြည့်လိုက်မိသော ရွှေတိဂုံတိုင် ရိပ်သာ၏ နံနက်စောစော ရှုခင်းပင် ဖြစ်လေသည်။ မခင်ဆွေ ဤအရပ်သို့ ရောက်ရှိနေသည်မှာ (၁၅) ရက်နီးပါးခန့်ပင် ကြာခဲ့ပြီဖြစ်ရာ ထို ရက်တွေအတွင်း သည်ရှုခင်းကိုပင် နေ့စဉ် အမြဲမျှော်ကြည့်ခဲ့မိသည်။ သို့ရာတွင် ဤရှုခင်းမှာ သူ့အဖို့ အနည်းငယ်မျှ မရိုးနိုင်ခဲ့ချေ။ ပန်းခြံအထဲရှိ လန်းဆန်းစိုပြည်နေသော ပန်းပင်ကလေးများကို လည်းကောင်း၊ လမ်းပေါ်မှ လမ်းသွား လမ်းလာ ယာဉ်ရထားတို့ကို လည်းကောင်း၊ ရွှေရောင်ဝင်းဝင်းနှင့် စံပယ်တော်မူနေသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လည်းကောင်း နံနက် ခပ်စောစော မျှော်ကြည့်လိုက်ရလျှင် အားသစ်လောင်းလိုက်ဘိသကဲ့သို့ စိတ်ကြည်လင် မြူးထူးသွားမိစမြဲသာ ဖြစ်သည်။

ယခုနေ့တွင်မူ မခင်ဆွေအဖို့ အခါတိုင်းနေ့များကလို မဟုတ်ဘဲ စိတ်ထဲတွင် ထိုင်းထိုင်းမှိုင်းမှိုင်းကြီး ဖြစ်နေ၏။ သူ၏ ကြည်လင် လန်းဆန်းလျက်ရှိသော စိတ်ကို ပြဿနာ တစ်စုံတစ်ရာက အနှောင့်အယှက်ပြုနေသကဲ့သို့ ရှိလေသည်။ ယခင် ဆယ့်ငါးရက်ကျော်ခန့်က စ၍ ယနေ့အထိ ပျော်စရာအဖြစ် သဘောပိုက်ခဲ့မိသည့် နှင်းတို့ အိမ်ကြီးကိုပင် စိတ်ပျက်ချင်သလိုလို ရှိလာ၏။ အခါတိုင်း ကြားနေကျ နှင်း၏ သီချင်းသံမှာလည်း ငြီးငွေ့စရာ ကောင်းသလိုလို ထင်ရ၏။

နောက်ဆုံးတွင် အိပ်ရာဆီသို့ ပြန်လျှောက်ခဲ့မိရင်း ခေါင်းအုံး

အောက်မှ စာရွက်ခေါက်ကလေး တစ်ခုကို ထုတ်ယူ ဖတ်ရှုနေမိလေသည်။

ထိုအချိန်ဝယ် အိမ်ရှေ့ ညှော်ခန်း စန္ဒရားဆီမှ နှင်း၏ သီချင်းသံကလေးမှာ သာယာ ငြိမ့်ညောင်းစွာ ဆက်လက် ပေါ်ထွက်မြဲပင် ဖြစ်သည်။

## (၂)

မနေ့က အဖြစ်အပျက်ကို တွေးမိတော့ သိန်းအောင်အား သနားသလိုလို ဖြစ်သွားမိလေသည်။

ထမင်းမစားမီ နံနက် (၉) နာရီလောက်တွင် သူ ပေါက်လာခြင်း ဖြစ်သည်။ ထိုနေ့က သူ့ရုပ်ရည် ရူပကာယမှာ တနင်္ဂနွေနေ့ "ပလေဒီယံ" ရုံ၌ တွေ့ခဲ့ရစဉ်အခါက ရုပ်မျိုးနှင့် အနည်းငယ်မျှ မတူ။ ယခင် ပွရောင်းရောင်း ဆံပင်မှာ ဆီလူးကာ သပ်သပ်ရပ်ရပ် ဖြီးလိမ်း ပြုပြင်ထားသဖြင့် လှိုင်းတွန့်ကလေးများ ထလျက် တစ်မျိုးကြည့်၍ ကောင်းနေ၏။ အဖြူရောင် အင်္ကျီလက်ရှည်နှင့် အပြာနုရောင် ဘန်ကောက်ပုဆိုးတို့မှာလည်း သူ့အသား ခပ်ဖြူဖြူနှင့် အတော် ပန်းစားလျက် ရှိလေသည်။

"တန်တော့၊ နှင်းကို သူ မျက်စိကျနေပြီ ထင်တယ်" ဟုပင် တွေးမိရင်း စိတ်ထဲတွင် ကျိတ်၍ ပြုံးမိသေး၏။

သိန်းအောင်မှာ ရုပ်ရည် ချောမော၍ ယောကျ်ား ပီသပုံရသည့် အသက် နှစ်ဆယ်ကျော်ကျော် လူရွယ်တစ်ဦးဖြစ်ရာ အပျိုဖော်ဝင်စ "နှင်း" နှင့် စိတ်ကူးယဉ် တွဲဖက်ကြည့်မိရာတွင် ရှေ့သွား နောက်လိုက် ကိုက်ညီလှကြောင်းကို တွေ့ရလေသည်။ တစ်ဖန် သူတို့လို အရွယ်ကလေးများပင် အချစ်ဆိုသည်ကို လက်တည့်စမ်းချင်တတ်ကြကြောင်း

ကို မခင်ဆွေ တွေးမိလေသည်။ ထိုကြောင့် သိန်းအောင်ကို နှင်းက ဝမ်းသာအားရ စိတ်ရော ကိုယ်ပါ ဧည့်ခံ ပြုစုနေသည်ကို နံဘေးနားမှ ကြည့်ရင်း ပီတိဖြာဝေမိလေသည်။

ထိုနေ့မှာ ဗုဒ္ဓဟူးနေ့ ဖြစ်၍ သိန်းအောင်တို့ စာမေးပွဲ အားလပ်သောနေ့ ဖြစ်၏။ အခြား ကျောင်းသားများဆိုလျှင် ဘိုကဲ့သို့ ရက်အားရသော နေ့မျိုးတွင် ဘယ်ကိုမှ ထွက်ခြင်းမပြုဘဲ နောက်တစ်နေ့ ဖြေဆိုရမည့် ဘာသာရပ်များအတွက် တကုန်းကုန်းနှင့် ကျက်နေကြမည် ဖြစ်သောကြောင့် သိန်းအောင် ယခုလို လာလည်သောအခါ နှင်းမှာ ဝမ်းသာ၍ မဆုံးနိုင်အောင် ဖြစ်နေလေသည်။

'ကိုသိန်းအောင် လာမယ်ဆိုတဲ့အတိုင်း တကယ်ကို လာလည်တာပဲ။ နောက်တော့မှ နှင်းတို့ အတင်းခေါ်တာနဲ့ လာလည်ရလို့ စာမေးပွဲ ကျရတယ်ဆိုပြီး အပြစ်မတင်ရဘူးနော်'

နှင်းမှာ ခရီးရောက်မဆိုက်ပင် ဆီး၍ နှုတ်ဆက်လိုက်လေ၏။ သိန်းအောင်က–

'နောက်နေ့အတွက် စာတွေ အဆင်သင့်ဖြစ်နေလို့ လာလည်တာပါ။ စိတ်ချ၊ စာမေးပွဲကျရင်လည်း နှင်းတို့ကိုတော့ အပြစ်မတင်ပါဘူး' ဟု ပြုံးပြုံးကြီး ပြန်ပြောလိုက်ရင်း အိမ်ရှင်များ ခေါ်ဆောင်ရာသို့ လိုက်ပါလာခဲ့လေ၏။ ထိုအချိန်က နှင်းတို့ ဖေဖေရော၊ နှင်းတို့ အစ်ကိုကိုထွန်းလှပါ အသီးသီး အိမ်မှ ထွက်ခွာသွားကြပြီ ဖြစ်သဖြင့် တစ်အိမ်လုံး နှင်း တစ်ယောက်တည်း မင်းမူချင်တိုင်း မင်းမူနိုင်လေ၏။ ဧည့်ခန်းတွင်လည်း သူ့အသံ၊ ထမင်းစားခန်းတွင်လည်း သူ့အသံ၊ မီးဖိုချောင်တွင်လည်း သူ့အသံ၊ အိမ်လုံးအနှံ့ နှင်း၏အသံသာလျှင် လွှမ်းမိုးလျက်ရှိလေ၏။

ထိုနောက် သုံးယောက်သား ဝိုင်းဖွဲ့၍ စပ်မိစပ်ရာ စကားများကို ပြောကြလေသည်။ သည်တုန်းကလည်း နှင်းကပင် စကားအပြောနိုင်ဆုံး၊ အသွက်လက်ဆုံး ဖြစ်လေသည်။ ပြောလိုက်သည့် စကားတွေ၊ သူတို့ ရွှေဂုံတိုင် အိမ်အကြောင်း၊ သူ့ဖေဖေ အကြောင်း၊ သူ့ အစ်ကိုကြီး အကြောင်း၊ ကွယ်လွန်သူ သူ့မေမေ အကြောင်း။

နှင်းတို့ဖေဖေမှာ အစိုးရ အရာရှိကြီးတစ်ဦး ဖြစ်သည်။ သူ့မေမေ ကား စစ်အတွင်းက ဆုံးသွားရှာသဖြင့် ဖခင်ကြီးနှင့် အစ်ကိုကြီးတို့က မိတဆိုးကလေး နှင်းအား ဝိုင်းချစ်ခဲ့ကြလေသည်။ ယခုမူ ဤရွှေဂုံတိုင် အိမ်ကြီးတွင် သူတို့ မောင်နှမ နှစ်ယောက်နှင့် ဖခင်ကြီးတို့သာ ပျော်ပျော် ပါးပါး နေထိုင်လျက် ရှိကြ၏။ သုံးဦးစလုံးပင် ခေတ်ပညာတတ် အနောက် တိုင်း ဆန်သူများ ဖြစ်ကြသည့်အလျောက် တစ်ဦးနှင့်တစ်ဦး သူငယ်ချင်း များပမာ ရင်းရင်းနှီးနှီး ဆက်ဆံ နေထိုင်ကြလေသည်။ အသက် ဆယ့် ခြောက်နှစ်ကျော်ကျော်မျှသာ ရှိသေးသော နှင်းကိုမူ ဖခင်ကြီးရော အစ်ကို ကြီးကပါ ယုယ မြတ်နိုးကြလေသည်။ အစ်ကိုကြီးက ညီမကလေးကို ခေါင်းပုတ်လိုက်၊ ဆံပင်ဆွဲလိုက်နှင့် အမြဲတမ်း ကျီစားတတ်သလို၊ ဖခင် ကြီးကလည်း သမီးကလေးအား ရင်ခွင်ဝယ် ပိုက်ထွေး ယုယမတတ် ချစ်ရှာသည်။ သို့ရာတွင် ဖခင်ကြီးနှင့် အစ်ကိုကြီးတို့ နှစ်ယောက်စလုံး အလုပ်သွားကြရသဖြင့် တစ်အိမ်လုံးတွင် နှင်း တစ်ယောက်တည်းသာ မကြီးလှ ဆိုသူ အိမ်ဖော်မကြီးနှင့် ကျန်ခဲ့ရလေသည်။

'ခုမှ မမဆွေ ရောက်နေလို့ နှင်း အပျင်းပြေရတော့တာပေါ့ ကိုသိန်းအောင်ရဲ့၊ နို့မို့လား.... ဒီအချိန်ဆိုရင် မကြီးလှနဲ့ နှစ်ယောက် ထဲ ဘာလုပ်ရမှန်းကို မသိပါဘူး'

နှင်းသည် သူတို့အိမ်သားတစ်စုအကြောင်းကို နိဂုံးချုပ်လိုက်၏။

မခင်ဆွေကတော့ နှင်းကို တစ်လှည့်၊ သိန်းအောင်ကိုတစ်လှည့် ကြည့် မိရင်း "ဒီနှစ်ယောက်ကို ဖူးစာဖက်ပေးလိုက်ရရင် ဘယ်လောက် ပျော် စရာ ကောင်းလိုက်မလဲ" ဟု တွေးမိလေသည်။

အမှန်ပင် မခင်ဆွေအဖို့ ပြေပြစ် ဖြောင့်ဖြူးသော အချစ်ဇာတ် လမ်း တစ်ခုခုကို နံဘေးနားမှ ထိုင်၍ ကြည့်လိုပေသည်။ သို့ကြောင့်ပင် ရုပ်ရှင်ကြည့်သည့်အခါများ၌ပင် ဇာတ်လိုက်နှင့် မင်းသမီး ကွဲကြရသည့် ဇာတ်လမ်းမျိုးဆိုလျှင် ဘယ်အခါမဆို စိတ်ပျက်ပျက်နှင့် ပြန်ခဲ့ရစမြဲ ဖြစ်လေသည်။ သူ့အဖို့ လွမ်းစရာ ဆွေးစရာ၊ အသည်းနာစရာကိစ္စမျိုး တွေကို မကြည့်လို၊ မကြားလို။ သူကိုယ်တိုင် ကြုံတွေ့ ခံစားရသမျှနှင့်ပဲ တော်လောက်ပါပြီ။

ထိုအခိုက် ထမင်းဝိုင်းပြင်ပြီးကြောင်း လာပြောသဖြင့် သုံးယောက် သား ထမင်းဝိုင်းဖွဲ့ကာ စားကြရပြန်သည်။ ထမင်းဝိုင်း၌လည်း ပျော် စရာကြီးပင်။ ဟင်းတွေ တစ်ယောက်တစ်ပြန် ခပ်ထည့်ပေး။ တစ်ယောက် ကို တစ်ယောက် လောကွတ်လုပ်နှင့် မြိန်ရေရှက်ရေ စားသောက်လျက် ရှိကြသည်။ ထမင်းစားနေစဉ် စပ်မိစပ်ရာ စကားများကိုလည်း တစ် ယောက်တစ်ပေါက် ပြောကြရင်း နှင်းက မခင်ဆွေနှင့် စတင် သိကျွမ်း ရပုံကို ပြောပြလေသည်။

နှင်းတို့ အိမ်သားစု မခင်ဆွေနှင့် စတင် တွေ့ဆုံရသည်မှာ ဂျပန် တော်လှန်ရေးများ မစမီ အချိန်ကလေးက ဖြစ်သည်။ ထိုအချိန်တွင် မခင်ဆွေတို့ နေထိုင်ရာ လက်ပံတန်းမြို့သို့ နှင်းတို့ သားအမိ သားအဖ တစ်စု ရောက်ရှိလာကြခြင်း ဖြစ်၏။ ထိုအခါက ရန်ကုန်မှ စစ်ပြေးအချို့ လည်း လက်ပံတန်း၌ လာရောက် စုဝေးလျက် ရှိကြသဖြင့် အိမ်လွတ် မရှိသလောက် ရှားပါးခဲ့လေရာ နှင်းတို့အဖို့ နေထိုင်စရာ အိမ်ရှာမရဘဲ

ဒုက္ခတွေ့နေလေ၏။ နောက်ဆုံးတွင် ဒုက္ခသည်များကို ကိုယ်ချင်းစာနာမိကြ၍ မခင်ဆွေတို့ အိမ်အောက်ထပ်၌ပင် နှင်းတို့သားအဖ တစ်စုအား လက်ခံထားလိုက်ကြလေသည်။

'နှင်းတို့တော့ စစ်ပြေးဘဝနဲ့ မမဆွေတို့ အိမ်မယ် နေခဲ့ရတုန်းက အပျော်ဆုံးပဲ။ အင်္ဂလိပ် လေယာဉ်ပျံတွေ တစ်ခါတစ်ခါ စက်သေနတ်နဲ့ လာပစ် ဗုံးလာကြဲပေမယ့် တစ်ယောက်မှ မကြောက်ကြဘူး။ တူးထားတဲ့ ဗုံးကျင်းကြီးကလည်း သိပ်လုံတာပဲ။ ဒါတောင် ဂျပန်တွေ ပြေးပြီး အင်္ဂလိပ်တွေ တက်လာမယ် လုပ်တဲ့အချိန်ကျတော့ တစ်မြို့လုံးလိုလို တောဘက်ပြောင်းကုန်ကြတာနဲ့ နှင်းတို့တစ်တွေလည်း ရွာကလေး တစ်ရွာကို ပြောင်းသွားကြရသေးတယ်။ ဒီတုန်းကလည်း ပျော်တာပါပဲ။ ကိုယ့်ရေ ကိုယ်ခပ်၊ ကိုယ့်ထမင်း ကိုယ်ချက်နဲ့ နှင်းဖြင့် ပျော်ပွဲစားထွက်နေရသလိုလို ဒေသန္တရ ဗဟုသုတ ရှာထွက်နေရသလိုလို အောက်မေ့မိတာပဲ။ ဗမာ့တပ်မတော်က တော်လှန်ရေး ရဲဘော်တွေကလည်း ရွာကို ခဏ ခဏ လာကြတယ်။ တစ်ခါတလေ သူတို့တစ်တွေကို ထမင်းချက်ကျွေးရတာလည်း ပျော်စရာကြီး'

နှင်းမှာ တော်လှန်ရေးအတွင်းက ပျော်စရာကောင်းပုံ အလုံးစုံကို စားမြုံ့ပြန် ပြောဆိုလျက်ရှိရာ သိန်းအောင်နှင့် မခင်ဆွေတို့မှာ စိတ်ဝင်စားစွာ နားထောင်နေမိကြလေသည်။ မခင်ဆွေမှာကား နှင်း ပြောပြသည်တို့ကို စိတ်ဝင်စားနေမိခြင်း မဟုတ်ဘဲ အခြား အကြောင်းတစ်ခုကြောင့် ငိုင်နေမိခြင်း ဖြစ်လေသည်။

'နှင်းတို့အားလုံး လက်ပံတန်းဘက် ရှိကြလျက်နဲ့ ကိုသိန်းအောင်တို့နဲ့ မဆုံမိကြဘူးနော်။ ကိုသိန်းအောင်တို့လည်း တော်လှန်ရေးတုန်းက အဲဒီ နယ်တစ်ဝိုက်မှာ ခြေရာချင်းထပ်အောင် ရောက်ခဲ့ကြတာပဲ။

နှင်းတို့နဲ့ တွေ့တယ်ဆိုတဲ့ ရဲဘော်တွေလည်း ကိုသိန်းအောင်တို့ တပ်ရင်းက ရဲဘော်တွေပေါ့။ သူတို့ "မင်းလှစည်သူ" တပ်ရင်းက ဆိုတဲ့အကြောင်း နှင်းတို့ကို မပြောဖူးဘူးလား'

သိန်းအောင်က ဝင်ပြောလိုက်တော့မှ မခင်ဆွေရော နှင်းပါ အံ့အားသင့်သလို မော်ကြည့်လိုက်ကြ၏။ အထူးသဖြင့် နှင်းမှာ မယုံကြည်နိုင်သကဲ့သို့ စိုက်ကြည့်နေလေသည်။

'ဟင်.... ကိုသိန်းအောင် ဗမာ့တပ်မတော်ထဲ ဝင်ခဲ့ဖူးတယ် ဟုတ်လား'

နှင်းက အံ့အားသင့်စွာနှင့် မေးလိုက်ရာ သိန်းအောင်မှာ မသိမသာ ပြုံးရင်း–

'ဟုတ်တယ်၊ (ဘီ–ဒီ–အေ) က စပြီး [ပီ–ဘီ–အက်(ဖ)] အထိပဲ။ နှင်းက ဘာကြောင့်များ ဒီလောက် အံ့အားသင့်သွားရဘာလဲ'

'ဩော်... ကိုသိန်းအောင် ဒီလောက် အနုပညာလိုက်စားနေလျက်နဲ့ စစ်ထဲဝင်ခဲ့ဖူးတယ် ဆိုတော့ အံ့ဩမိတာပေါ့။ နှင်း သိသလောက်ဖြင့် အနုပညာသည်တွေဟာ ကြမ်းတမ်း ရက်စက်တဲ့ အလုပ်မျိုးကို ဘယ်တော့မှ မလုပ်တတ်ကြဘူး'

'ဩော်... ဒါကြောင့်လား၊ ဒါ မထူးဆန်းပါဘူး နှင်းရာ၊ လူ ဘယ်လောက်ပဲနုနု စိတ်ဓာတ်ကြမ်းလာတဲ့အခါကျရင် လူပါ ကြမ်းလာရစမြဲပဲပေါ့။ ကိုယ့်တိုင်းပြည် တစ်ခုလုံး ဒုက္ခတွေ့ရတော့မယ့်ဆဲဆဲ အချိန်မျိုးမှာ လူနု လုပ်နေရင် အသုံးမကျရာ ရောက်တော့မပေါ့။ မဟုတ်လား'

'ဒါဖြင့် ကိုသိန်းအောင် လူလည်း အတော်များများ သတ်ခဲ့ဖူးပြီပေါ့'

'ကိုသိန်းအောင်တို့ တပ်ခွဲဟာ ဟိုဘက်မှာ ဂျပန်ကို အသတ်ရဆုံးပဲ။ ကိုယ့်ဘက်က အသတ်ခံရဆုံးဟာလည်း ကိုသိန်းအောင်တို့ တပ်ပဲ။ ရဲဘော်တွေ တော်တော်ကို ကျခဲ့တယ်'

ထိုအခိုက် နှင်းမှာ ဘာကို သတိရမိသလဲ မသိ။ မခင်ဆွေဘက်လှည့်လိုက်ရင်း--

'မမဆွေ၊ ဒီလိုဆိုရင် ကိုသိန်းအောင် ကိုရဲညွှန့်ကို သိမှာပဲနော်' ဟု ရုတ်တရက် မေးလိုက်ရာ မခင်ဆွေမှာ အတော်ကလေး မျက်နှာပျက်သွားသည်။

'ဟင်.... ကိုရဲညွှန့် ဆိုတာ တိုက်ပွဲမှာ ကျသွားတဲ့ ဗိုလ်ရဲညွှန့်ကို ပြောတာလား။ အစ်မကြီးတို့ သူ့ကို သိကြသလား'

မခင်ဆွေမှာ ပါးစပ်မှ အဖြေမပေးဘဲ ခေါင်းအသာအယာ ညိတ်ပြလိုက်လေ၏။ နှင်းကမူ -

'မမဆွေနဲ့ သိပ်ခင်တာပေါ့၊ ကိုသိန်းအောင်လိုပဲ အစ်မကြီး... အစ်မကြီးနဲ့ မမဆွေကို သိပ်ခင်တာပဲ။ တော်လှန်ရေး ဖြစ်ခါနီးကလေးမှာပဲ သူ တစ်ခါ အိမ်ကို ရောက်လာဖူးသေးတယ်။ သူ တိုက်ပွဲမှာ ကျသွားတဲ့ အကြောင်းတော့ နှင်းတို့ ရန်ကုန်ရောက်မှ မမဆွေ စာနဲ့ အကြောင်းကြားလိုက်လို့ သိရတာပဲ'

'ဟာ.... သူနဲ့ ကျွန်တော်နဲ့ ကောင်းကောင်းကြီး သိတာပေါ့။ ကျွန်တော်နဲ့ ဗိုလ်သင်တန်း တစ်ပတ်ထဲ ဆင်းတွေပဲ။ တော်လှန်ရေးမှာလည်း တပ်ရင်းတစ်ခုထဲမှာ ဆောင်ရွက်ကြရတယ်။ သူနဲ့ ကျွန်တော်နဲ့ တပ်ခွဲတစ်ခုစီ ကိုင်ကြရလို့သာ တကွဲတပြားစီ ဖြစ်ကြတာပေါ့။ ဒါနဲ့ သူကျရတဲ့အကြောင်း အပြည့်အစုံကို အစ်မကြီးတို့ ကြားဖူးဦးမှာ မဟုတ်ဘူးနော်။ တကယ့်ကို နားမလည်နိုင်အောင်ပါပဲ အစ်မကြီး။ ကျွန်တော်

က သူ့အကြောင်း အသိဆုံးလူမို့လို့ ပိုပြီး အံ့ဩမိသေးတယ်။ ဒီလို အစ်မကြီး၊ တစ်ခါကျတော့ သူတို့ တပ်ခွဲနဲ့ ဂျပန်တပ်ခွဲတစ်ခု ရင်ဆိုင် တိုက်ကြရသတဲ့။ အဲဒီတုန်းက ဗိုလ်ရဲညွှန့်က တပ်ခွဲမှူးပေါ့။ သူတို့ အကြိတ်အနယ် တိုက်ကြရမယ် ဂျပန်တွေဘက်က စက်သေနတ်ကြီး က တစ်ပန်းသာနေလို့ သူတို့ဘက်က ရဲဘော်တွေ အတော်များများ ထိ ကုန်သတဲ့။ ဒါနဲ့ ရဲဘော်တွေလည်း ဂျပန်စက်သေနတ်ကြီးကို ဝင်စီးဖို့ရာ ဗိုလ်ရဲညွှန့်က အမိန့်ပေးလေမလား ဆိုပြီး နားစွင့်နေမိကြသတဲ့။ ဒါပေမဲ့ အမိန့်သံကို မကြားရဘဲ ရုတ်တရက် တပ်စုမှူးတွေကို ခေါ်ပြီး တပ်ခွဲ တစ်ခုလုံးကို နိုင်အောင်ထိန်းပြီး အားမလျှော့တမ်း ဆက်တိုက်ဖို့ရာကို မှာခဲ့တယ်တဲ့။ နောက်ပြီး သူကိုယ်တိုင် လက်ပစ်ဗုံး ကိုင်ပြီး ကျည်ဆန် တွေကြားက စက်သေနတ်ကြီးဆီအရောက် တွားတက်သွားတယ်ဆိုပဲ။ ရဲဘော်တွေက ဘယ်လိုတားတား မရတော့ဘူးတဲ့။ ငါ့အမိန့်၊ မင်းတို့ တိုက်ပွဲကိုသာ နိုင်အောင် ဆက်တိုက်ဆိုပြီး အတင်းသွားတာပဲတဲ့။ နောက် တော့ စက်သေနတ်ကြီးကိုလည်း လက်ပစ်ဗုံးနဲ့ ဖျက်ပြီးရော သူလည်း ရန်သူ့ ကျည်ဆန်မှန်ပြီး နေရာတင်ပဲ ကျသတဲ့။ သူတို့ တပ်ခွဲဟာ အဲဒီ တိုက်ပွဲမှာ ဂျပန်တွေကို ကောင်းကောင်းကြီး နိုင်လိုက်ကြရပေမယ့် ရဲဘော်တွေဟာ တစ်ယောက်မှ စိတ်မကောင်းကြဘူး။ တပ်ရင်းမှူး ကိုယ်တိုင်လည်း စုတ်တသပ်သပ်ပဲ။ အမှန်မတော့ ဗိုလ်ရဲညွှန့် နည်းနည်း မှ မသေထိုက်ဘူး အစ်မကြီးရဲ့။ ခေါင်းဆောင်ကောင်းတွေ လိုနေတဲ့ အချိန်မယ် သူကိုယ်တိုင် တက်ဖျက်စရာ မလိုဘူး။ တကယ်ဆိုရင် ရဲဘော်နှစ်ယောက် သုံးယောက်ကို တာဝန်ပေးရမယ်။ ခုတော့ သူလုပ်ပုံ ဟာ မိုက်ရူးရဲကျလွန်းတယ်။ သူ့ကိုယ်သူ သက်သက် အသေခံလိုက်သလို

ဖြစ်နေတယ်။ ဒါကြောင့် ကျွန်တော်တို့လည်း နားမလည်နိုင်အောင် အံ့သြမိတာပေါ့'

ဗိုလ်ရဲညွန့် တိုက်ပွဲတွင် ကျဆုံးရပုံအကြောင်း ကိုသိန်းအောင် ပြောပြ အဆုံးသတ်လိုက်သည့် အချိန်တွင် မခင်ဆွေမှာ မျက်ရည်တွေ တွေတွေစီးကျရင်း မတုန်မလှုပ်ကြီးဖြစ်လျက် ရှိလေသည်။ ထိုအခါကျမှ သိန်းအောင်မှာလည်း အလွန်အမင်း အားတုံ့အားနာကြီး ဖြစ်သွားဟန်ဖြင့်–

'ဟာ… အစ်မကြီးတို့ စိတ်မကောင်းစရာဖြစ်အောင် ပြောမိနေသလိုကျနေပြီ၊ စိတ်မရှိပါနဲ့နော်။ ကျွန်တော် သူ့အကြောင်းကြားရင် မပြောဘဲကို မနေနိုင်ဘူး။ ကြည့်စမ်းပါဦး၊ ကျွန်တော် ပြောမိတာ မှားနေပြီ' ဟု တတွတ်တွတ် တောင်းပန်နေသောကြောင့် မခင်ဆွေမှာ မျက်ရည်စများကို ပဝါဖြူကလေးနှင့် သုတ်လိုက်ရင်း–

'အို… သူ့ကိုလည်း မေ့သလောက်ရှိသွားပါပြီ။ မောင်လေး အရင်းလို ခင်တဲ့သူမို့ သူ့အကြောင်းကြားရတော့ မျက်ရည်မဆည်နိုင်အောင် ဖြစ်သွားမိတာပါ။ ကဲ… ကဲ တော်ပါ၊ ဒီအကြောင်းတွေ ဖြတ်လိုက်ကြပါစို့ရဲ့' ဟု အသံတုန်တုန်ကလေးနှင့် ပြောလိုက်လေ၏။

'ကဲ… ဒါဖြင့် လာ… လာ ကိုသိန်းအောင်၊ ရေဒီယိုထဲက မဝတဝ နားထောင်ရတဲ့ သီချင်းတွေကို အကုန်လုံး တီးပြရမယ်နော်' ဟု နှင်းကလည်း သိန်းအောင် ရောက်ကတည်းက စန္ဒရားကို မောလောက်အောင် တီးခိုင်းမည်ဟု ကြံ့ဝါးထားလေရော့သလား မသိ၊ အမိန့်သံပါပါကလေးနှင့် သိန်းအောင်အား စန္ဒရားရှိရာသို့ ခေါ်ဆောင်သွားလေသည်။

(၃)

"ချစ်နှင်းမှုန်မှုန်… မြူတွေသန်း တင့်ဆန်းပါဘိ… ဆောင်းဟေမန်အခင်းကြွယ်၊ မကြည်မသာနဲ့ ရီပြာပြာ ငွေလွှာမှိုင်းခြယ်… ရှစ်တိုင်းဝယ်… မှုန်ရီရီဆိုင်းတယ်… လေလှိုင်းအလယ်… ကြားမှာကွယ်… မြူလွှာနှင်းစက်တို့… ကျလို့ နေပါတယ်"

သိန်းအောင် စန္ဒရားတီး သီချင်းဆိုလျက်ရှိသော အချိန်တွင် နှင်းမှာ နံဘေးနားမှထိုင်၍ စည်းလိုက်ပေးနေလေသည်။ သိန်းအောင် သီဆိုသော သီချင်းမှာ သူ့အနှစ်သက်ဆုံး၊ သဘောအကျဆုံး "ချစ်နှင်းမှုန်မှုန်" သီချင်းပင် ဖြစ်သဖြင့် နှင်းမှာ မျက်နှာကလေးမော့ကာ စူးစူးစိုက်စိုက် နားထောင်လျက် ရှိလေသည်။ မခင်ဆွေမှာကား သီချင်းတွင် စိတ်ပါဝင်စားလှဟန်မတူ။ ရွှေဂုံတိုင် လမ်းမကြီးပေါ်သို့ ပြတင်းမှ ဆီးကြည့်ရင်း လမ်းသွားလမ်းလာများဆီသို့ ငေးမောနေလေသည်။

သိန်းအောင်နှင့် နှင်းတို့လည်း သီချင်းတစ်ပုဒ်ပြီးလျှင် တစ်ပုဒ်သီဆိုကြလေသည်။ သိန်းအောင်က 'နှင်းကော ဆိုဦးလေ' ဟု ပြောတော့လည်း နှင်းမှာ မငြင်းမဆန် ရဲဝံ့စွာ သီဆိုပြလေသည်။ နောက်ဆုံး အချိန်တော်တော်ကြာသွား၍ ငြီးငွေ့လောက်သောအခါတွင်မှ–

'ကဲ… နှင်း၊ ဒီလောက်ဆို ကျေနပ်လောက်ရောပေါ့နော်' ဟု သိန်းအောင်က ပြောလိုက်ရာ နှင်းမှာ စိတ်ထဲမှ မကျေနပ်လှသော်လည်း ညှိသည်ကို အားနာဟန်ဖြင့် စန္ဒရားမှ ခွာလိုက်ရတော့၏။

'ကဲ… ကိုသိန်းအောင် မမဆွေနဲ့ စကားပြောရစ်ကြဦး။ နှင်း လက်ဖက်ရည် သွားဖျော်လိုက်ဦးမယ်' ဟု မှာရင်း အိမ်နောက်ဖေးဘက်သို့ ထွက်သွားလေ၏။

ထိုအချိန်သည်ပင် မခင်ဆွေအဖို့ လုံးဝ မျှော်လင့်ခြင်း မရှိသော ကိစ္စတစ်ရပ်အား ရင်ဆိုင်တိုးရသည့်အချိန် ဖြစ်တော့သည်။ နှင်း အိမ်နောက်ဖေးဘက်သို့ ထွက်သွားလျှင် ထွက်သွားချင်း သိန်းအောင်၏ အမူအရာများ သိသိသာသာကြီး ပြောင်းလဲလာသည်ကို မခင်ဆွေ သတိထားလိုက်မိလေ၏။ သို့သော် ဘယ်အတွက် သည်လိုပြောင်းလဲသွားသည်ကိုမူ သူ မသိသေး။ သိန်းအောင်ကား မျက်နှာကြီး သိသိသာသာ နီမြန်း၍ လာကာ စကားပြောရာ၌လည်း ခဏတုန်းကလို ပြေပြေပြစ်ပြစ် မရှိတော့ဘဲ တုန်တုန်ယင်ယင် ဖြစ်လာလေ၏။ နောက်ဆုံး တိုတိုတုတ်တုတ်ပဲ သူ ပြောချလေသည်။

'အစ်မကြီးဖို့ ကျွန်တော် စာတစ်စောင် ယူလာခဲ့တယ်'

'ဘယ်သူ့ဆီကလဲဟင်'

မခင်ဆွေမှာ အံ့အားသင့်စွာ မေးနေမိသေးသော်လည်း သိန်းအောင် လက်ထဲသို့ ထိုးပေးနေသော စာအိတ်ကိုကား လှမ်း၍ ယူလိုက်ရလေသည်။ နောက် စာအိတ်ပေါ်မှ လိပ်ကို ကြည့်လိုက်မိရာ "အစ်မကြီးသို့" ဟူသော စာလုံးများကို တွေ့လိုက်ရသောကြောင့်–

'ဟင်... မောင်လေး၊ ဒီစာက ဘယ်သူကများ ပေးလိုက်တာလဲ' ဟု ထပ်မံ၍ မေးလိုက်မိပြန်လေ၏။ သို့ရာတွင် သိန်းအောင်မှာ နှစ်ကြိမ်စလုံးပင် အဖြေမပေးဘဲ ငြိမ်နေလေသည်။

ထိုအခါတွင်မှ မခင်ဆွေ ရိပ်မိသလိုလို ရှိသွားသည်။ လက်ထဲမှ စာအိတ်ကလေးကို ငုံ့ကြည့်ရင်း ဘယ်လို စီမံရမည်ကို တွေးမရနိုင်အောင် ဖြစ်နေမိတော့သည်။

သူ ငါ့ကို ရည်းစားစာ ပေးနေတာ ဖြစ်မှာပဲ။ အို... လာပြန်ပြီ တစ်ဒုက္ခ။ ကြည့်ပါဦးတော့၊ ဒီကဖြင့် သူ့ကို နှင်းနဲ့ စိတ်ကူးမိပြီး ဝမ်းသာ

နေတာ။ အို ဒီအရွယ်ကလေးတွေကို ခက်ပါသေးတယ်။ ရတာမလို လိုတာမရ ဖြစ်အောင် ကိုယ်နဲ့ မတော်တာတွေကိုမှ ရွေးပြီး ဇွတ်တိုးချင်ကြတာပဲ။ မဖြစ်ဘူး... မဖြစ်ဘူး... မဖြစ်ဘူး ဟု တွေးနေမိရာက မခင်ဆွေသည် ခေါင်းမော်ကြည့်ရင်း–

'ရော့... ရော့ မောင်လေး၊ မမဆွေ နားလည်ပါပြီ၊ မင့်းစာ မင်းပြန်ယူသွားပါတော့၊ ဖတ်မကြည့်ချင်တော့ပါဘူး'

မခင်ဆွေသည် ပြောပြောဆိုဆို လက်ထဲက စာအိတ်ကလေးကိုလည်း လက်လှမ်းပေးလိုက်မိသည်။

သို့ရာတွင် သူ့ရှေ့၌ သိန်းအောင်ကား မရှိတော့ချေ။ တစ်ခန်းလုံး အနှံ့အပြား လှည့်ကြည့်လိုက်မိသော်လည်း သိန်းအောင်ကို မတွေ့ရ။ မခင်ဆွေသည် အိမ်ပြင်သို့ ချက်ချင်းပင် ထွက်လိုက်သွားမိလေ၏။

'မောင်လေး... မောင်လေး ဒီမယ် ပြန်လာခဲ့ဦးလေ။ အို... ခက်ပါပြီ'

သိန်းအောင်ကား အိမ်ကုန်းမြင့်ထက်မှ ရွှေဂုံတိုင်လမ်း ကုန်းနိမ့်ဆီသို့ ဦးခေါင်း ငိုက်စိုက်ဖြင့် ဆင်းသွားလေပြီ။ မခင်ဆွေမှာ ခဏကြာမျှ ငေးမော တွေဝေ၍ ကျန်ခဲ့ရင်း မလှုပ်မယှက် ရပ်နေမိလေသည်။ နောက်မှ ဘာမျှမတတ်နိုင်တော့သည့်အဆုံး၌ စာအိတ်ကလေးကို ခေါက်ချိုး ချိုး၊ အိတ်ထဲ ထည့်လိုက်ပြီးလျှင် အိမ်ထဲ ပြန်ဝင်ခဲ့မိလေသည်။ သူဝင်ခဲ့မိသည်နှင့် မရှေးမနှောင်းပင် နှင်းလည်း လက်ဖက်ရည် လင်ပန်းကို ကိုယ်တိုင် သယ်ယူရင်း ကြော့ကြော့မော့မော့ ဝင်ရောက်လာလေသည်။

'မမဆွေ... ကိုသိန်းအောင် တစ်ယောက်ကော'

နှင်းမှာ သိန်းအောင်ကို မမြင်သဖြင့် ချက်ချင်း မေးလိုက်ခြင်း

ဖြစ်၏။ မခင်ဆွေကလည်း စိတ်ထဲတွင် မီးပွင့်ပမာ ပေါ်ပေါက်လာသော လတ်တလော ဖြတ်ထိုးဉာဏ်ဖြင့် ရုတ်တရက် ဖြေလိုက်မိလေ၏။

'အိုကွယ်... သူ့မိတ်ဆွေတွေ ထင်ပါရဲ့၊ ဂျစ်ကားတစ်စီးနဲ့ လမ်းပေါ်က အတင်းလှမ်းခေါ်ကြတာနဲ့ နှင်းကို နှုတ်ဆက်လိုက်ပါ။ ကျွန်တော် ကိစ္စတစ်ခု အရေးကြီးလို့ ဆိုပြီး ကမန်းကတန်း ထွက်သွားလေရဲ့။ မမဆွေက လက်ဖက်ရည် သောက်သွားပါဦးလို့ တားတာတောင် မရတော့ဘူးကွယ်'

မခင်ဆွေ၏ စကားများကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် နှင်းမှာ ဆက်လက် မေးမြန်းခြင်း မပြုတော့ဘဲ မျက်နှာကလေး သိသိသာသာ အိုသွားရှာလေသည်။

'ခက်တဲ့ ကိုသိန်းအောင်ပဲ'

## (၇) ပွင့်ခ်ါစ

## (၁)

မခင်ခွေသည် မနေ့က အဖြစ်အပျက်များကို ပြန်လည် စဉ်းစားမိရင်း လက်ထဲမှ စာကလေးကို တစ်ခေါက် ပြန်ဖတ်မိလေသည်။

**အစ်မကြီး။**

အမှန်တော့ အခုလို ခေါ်ရတာပဲ အတော် ရင်အောင့်လှပြီ။ ကျွန်တော် ဆက်ပြီးရေးမယ့် စကားတွေဟာ ဒီနာမည်နဲ့ လုံးလုံး ဆန့်ကျင်နေတာပဲ။ ဝမ်းထဲမှာ ကြိတ်ပြီး ဖျောက်ဖျက်နိုင်သမျှ ဖျောက်ဖျက်၊ မေ့နိုင်သမျှ မေ့ပစ်၊ ကိုယ့်စိတ်ကိုယ် ထိန်းနိုင်သမျှ ထိန်းပြီး တတ်နိုင်သမျှ နေကြည့်ခဲ့ပါတယ်။ မရဘူး။ ဒီထက်ကြာရှည် ဆက်ပြီး နေသွားရလို့ ရှိရင် ကျွန်တော် ရူးမှာပဲ။ ကျွန်တော့်အဖို့ ရည်ရွယ်ချက်မရှိတဲ့ လောကထဲ ရောက်သွားမှာပဲ။ အခုလောက်ကြာမှတော့ ကျွန်တော် ဘယ်လောက် ဖုံးထား ကွယ်ထားပေမယ့် အစ်မကြီးလည်း ရိပ်မိတန်ကောင်းပြီလို့ ထင်တာပဲ။ မရိပ်မိသေးရင်လည်း ဒီစာကိုသာ ဆက်ဖတ်ပြီး စိတ်မဆိုး ဒေါသမထွက်ဖို့ ကြိုးစားပါတော့...။

အမှန်ဆိုရင် ဒီလို ဖွင့်ပြောမယ် ကြံမိတာဟာ အတော်ကြာခဲ့ပါပြီ။ အရမ်းကာရော မစဉ်းစား မဆင်ခြင်ဘဲ တစ်ရှူးထိုး လုပ်ချင်တဲ့စိတ်တွေကို အနိုင်နိုင်ထိန်းပြီး ပေးသင့် မပေးသင့် ဝေခွဲလို့မရတာနဲ့ ဒီလောက်အထိ ကြာခဲ့တာပဲ။ ဒီစာဟာ ကျွန်တော် ရေးလိုက် ဆုတ်ပစ်လိုက်နဲ့ မပေးဝံ့ဘဲ လွှင့်ပစ်လိုက်ရတဲ့ စာတွေရဲ့ ငါးကြိမ်မြောက် စာပါပဲ။ ပေးမယ်လို့ အပြတ်အမ်း ဆုံးဖြတ်ပြီး ရေးခဲ့ပေမယ့် လေးစောင်စလုံး အမှိုက်တောင်းထဲ ရောက်သွားတာပဲ။

ဒီကိစ္စမှာ ကျွန်တော် သတ္တိကြောင်တယ်။ ဒီစာကို ပေးဖို့အရေး စာမကျက်နိုင်လောက်အောင် ခေါင်းရှုပ်ခဲ့ရတယ်။ စိတ်ပျက်ခဲ့ရတယ်။ အို... တစ်ခါတလေ အစ်မကြီးနဲ့ မတွေ့ရရင် ဒီလိုဖြစ်မှာ မဟုတ်ဘူးလို့တောင် တွေးမိတယ်။ ကျွန်တော် စာမေးပွဲတွေသာ ဖြေရတယ်။ စာကျက်ဖို့ စိတ်ကူးလို့ကို မရဘူး။ ဒီကိစ္စအတွက်နဲ့ပဲ အချိန်တွေကုန်မှန်းမသိ ကုန်ခဲ့တယ်။

အခုတော့ ဘာကိုမှ တွေးမနေချင်တော့ဘူး။ နောင်ဖြစ်မယ့်အရေးတွေကို ကြိုတင် စဉ်းစားပြီး နောက်ဆုတ်ချင်စိတ်လည်း မရှိတော့ဘူး။ နောက်မှ ဘာပဲဖြစ်ဖြစ် ဖြစ်ချင်ရာ ဖြစ်ပေစေတော့။ အခုလို တစ်ဖက်သတ် ရှုးနေရတဲ့ ဒုက္ခထက်တော့ ဖွင့်ပြောလိုက်ပြီးမှ တစ်ခုခု ဖြစ်သွားတာက သက်သာရာ ရချင်ရဦးမယ်။ ဖြစ်ချင်ရာသာ ဖြစ်ပေစေတော့၊ ဒီစာကို တစ်နည်းနည်းနဲ့ အစ်မကြီးလက်ထဲ ကြံဖန်ပြီးပေးဖို့ သန္နိဋ္ဌာန်ချပြီးပြီ။

ဒီလောက်အထိ ရေးခဲ့မှတော့ ကျွန်တော် ဘာကို ဖွင့်ပြောချင်တယ်ဆိုတာ ရိပ်မိရောပေါ့။ ကျွန်တော့်စိတ်ထဲမယ် ရှိတဲ့အတိုင်း မကွယ်မဝှက် မှန်တဲ့အတိုင်းသာ ဖွင့်ပြောပါရစေတော့။ အစ်မကြီးကို ပြည်

ရထားပေါ်မှာ စ တွေ့လိုက်မိကတည်းက ကျွန်တော့်စိတ် တစ်မျိုး ဖြစ်ခဲ့တယ်။

ပထမတော့ ဘယ်လိုဖြစ်တယ်ဆိုတာ မရိပ်မိပါဘူး။ အစ်မကြီးကို အမြဲတမ်း တွေ့ချင် မြင်ချင်နေတယ်။ အစ်မကြီးအကြောင်းကို တွေးမိတိုင်း အလကားသက်သက် ရင်ဟာမိတယ်။ အရင်တစ်လောက ပလေဒီယံရုံမှာ ဘိုင်စကုတ် အတူတူကြည့်ရပြန်တော့မှ ပိုပြီး ဆိုးလာတယ်။ အဲဒီကတည်းက သိသိသာသာကြီး မနေသာ မထိုင်သာအောင် စိတ်ပြောင်းခဲ့မိတယ်။ နောက်ဆုံး သေသေချာချာ တွေးကြည့်တော့မှ ကျွန်တော် အစ်မကြီးကို စွဲစွဲလမ်းလမ်း ချစ်နေမိပြီဆိုတာ သိရတယ်။

ကျွန်တော် ရေဒီယိုက အသံလွှင့်သမျှ သီချင်းတွေဟာလည်း အစ်မကြီးကို ရည်စူးတာတွေချည်းပဲ။ ကျွန်တော် ဒီလိုချစ်မိတာ ကိုယ့်စိတ်ကို သက်သက် ဒုက္ခပေးသလို ဖြစ်နေပြီဆိုတာ သတိရလာတဲ့အခါမှာတော့ စိတ်ပျက်မိပါတယ်။ ကျွန်တော့်လိုကောင် တစ်ကောင်ကို အစ်မကြီး ငုံ့ကြည့်နိုင်ဖို့ ခဲယဉ်းလိမ့်မယ်ဆိုတာ တွေးမိရင်း တစ်ဖက်သတ် ရူးပြီး လေထဲ တိုက်အိမ်ဆောက်မိတာကို ရှက်မိပါတယ်။ နောက်ပြီး ဒီစာကိုပေးပြီးရင် ဘယ်လိုဖြစ်မယ် ဆိုတာတွေကိုလည်း တင်ကြိုမြင်မိပါတယ်။ ဒါပေမဲ့ တခြား ဘာကိုမှ ဂရုမစိုက်ပါဘူး။ အစ်မကြီးနဲ့ လုံးဝ အဆက်ပြတ်ပြီး တွေ့ချင်လို့မှ မတွေ့နိုင်တဲ့အခြေ ဆိုက်သွားမှာ တစ်ခုကိုပဲ စိုးရိမ်မိပါတယ်။

ကဲ… ကျွန်တော်တော့ စိတ်ထဲရှိသမျှ ဖွင့်ပြောလိုက်မိပြီ။ ဖွင့်လည်း ဖွင့်ပြောထိုက်တယ် ထင်တယ်။ ကျွန်တော် ဝမ်းသာဖို့ မသာဖို့ဆိုတာကတော့ အစ်မကြီး ဆုံးဖြတ်သလိုပဲ ဖြစ်မှာပေါ့။ ကျွန်တော့်နောင်ရေးကို ဒီဆုံးဖြတ်ချက်က ဖန်တီးပေးနိုင်တယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။

ဒီစာကို ဖတ်ပြီး အစ်မကြီး ကျွန်တော့်ကို အရူးလို့ ထင်ချင် ထင်မှာပဲ။ ရယ်ချင် ရယ်မှာပဲ။ ကလော်ပြီး ဆဲချင်လည်း ဆဲမှာပဲ။ ဟုတ်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် ရူးမိခဲ့တယ်ဆိုတာ ဝန်ခံပါတယ်။

တစ်ခုပဲ အစ်မကြီး ယုံကြည်စေချင်တယ်။ ကျွန်တော် အခု ရေးခဲ့သမျှတွေဟာ ကျွန်တော့် အသည်းထဲက အန်ပြီး ထွက်လာတဲ့ ဖြူစင်သန့်ရှင်းတဲ့ ချစ်စကားကလေးတွေ ဖြစ်တယ်ဆိုတာပါပဲ။ စိတ်မဆိုးပါနဲ့ အစ်မကြီး။

(P.S) ကျွန်တော် တစ်ရှူးထိုး လောကြီးတယ်လည်း မအောက်မေ့ပါနဲ့။ အခု လာမယ့် တနင်္ဂနွေနေ့ ကျွန်တော် လာလည်တဲ့အခါမှာ အစ်မကြီးရဲ့ ဆုံးဖြတ်ချက်ကို သိပါရစေ။

**သိန်းအောင်**

မခင်ဆွေသည် စာကလေးကို အဆုံးတိုင်အောင် ဖတ်ပြီးသည်နှင့် တစ်ပြိုင်နက် နွမ်းလျသော သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်မိပြီးလျှင် စာကလေးအား မွေ့ရာအောက်သို့ ပြန်သွင်းထားလိုက်လေ၏။ အခန်းအပြင်ဘက်တွင်ကား နံနက်တိုင်း လေ့ကျင့်ခန်း ယူသော နှင်း၏ စန္ဒရားလက်သံမှာ မြိုင်မြိုင်ဆိုင်ဆိုင် ပေါ်ထွက်လျက် ရှိလေသည်။

မခင်ဆွေမှာ ခြင်ထောင်အမိုးကို မျက်လုံးပြူးကြီးများဖြင့် မော်ကြည့်ရင်း မိမိအဖြစ် မိမိ စဉ်းစားမိကာ ရယ်ချင်စိတ်များပင် ပေါက်မိလေ၏။ မိန်းမပျိုကလေးများအဖို့ မိမိတို့အား ပိုးသူ ပန်းသူ ပေါ်များလေလေ ဂုဏ်ယူဖွယ် ကောင်းလေလေ ဟူသော ဝါဒဖြင့် တစ်ခါကသူသည် ရည်းစားစာ အစောင် ဆယ့်လေးငါးစောင်ကို အမြဲတမ်း လက်ခံ

ကာ ဂုဏ်မောက် အထင်ကြီးခဲ့ဖူးပါ၏။ ယခုသော် ထို ဝင့်များ လည်လေပြီ။

သိန်းအောင်၏ ချစ်သဝဏ်လွှာကို ဖတ်၍ သူ ဝမ်းမသာနိုင်၊ ဂုဏ်မမောက်နိုင်၊ အထင်မကြီးနိုင်။ ရင်ထဲတွင်သာ ထို စာအတွက် တထိတ်ထိတ် တုန်လှုပ်နေမိလေ၏။ ထို စာကို ဖတ်ရင်းပင် ဂျပန်ခေတ်က ကိုရဲညွန့်နှင့် ကြုံတွေ့ခဲ့ရသည့် အဖြစ်ဟောင်းမှာ မခင်ဆွေ၏ ခေါင်းထဲသို့ အသစ် ပြန်လည် ဝင်ရောက်လာလေတော့သည်။ သို့သော် ထို အဖြစ်ဟောင်းတို့ကို သူ ကြာရှည် မစဉ်းစားရဲ။ ခေါင်းထဲမှ တတ်နိုင်သမျှ ကြိုးစား၍ ဖျောက်ဖျက်ပစ်လိုက်မိလေသည်။ သို့နှင့်လည်း အရေးထဲတွင် အခြားကိစ္စတစ်ခုက အနှောင့်အယှက် ပြုလာပြန်တော့၏။

'မခင်ဆွေ၊ အကြောင်းမဲ့သက်သက်တော့ဖြင့် ကျုပ်ကို ခုလို ညှဉ်းဆဲထားဖို့ မသင့်ဘူး ထင်ပါတယ်။ ပြောစမ်းပါ၊ အားမနာပါနဲ့။ မခင်ဆွေမယ် တခြား ရည်မှန်းထားတဲ့လူများ ရှိလို့လား။ ဒါမှမဟုတ်ရင် ကျုပ်ကိုပဲ မခင်ဆွေရဲ့ စိတ်ကြိုက်နဲ့ မကိုက်ညီဘူး ထင်နေလို့လား။ အကြောင်းတစ်ခုခုတော့ ရှိရမယ်။ ပထမတုန်းက မိဘတွေ စေ့စပ်တဲ့အတိုင်း မခင်ဆွေ သဘောတူပြီး မဟုတ်လား။ နောက်မှ ဘာဖြစ်လို့လဲ မသိဘူး၊ ခါးခါးသီးသီး ငြင်းတဲ့အထိ ဖြစ်သွားရတယ်'

အထက်ပါ ကိုထွန်းလှ၏ စကားများမှာ မခင်ဆွေ၏ နောက်ကျိုလျက် ရှိသော ဦးနှောက်ကို ပိုမို ရှုပ်ထွေးစေတော့သည်။

သိန်းအောင် စာပေး၍ ပြန်သွားသည့် ညနေခင်းကပင် ကိုထွန်းလှက ဤကဲ့သို့ ပြောလာခြင်း ဖြစ်လေသည်။ မခင်ဆွေအဖို့မှု ထိုကဲ့သို့ စကားများကို ကြားရဖန်များလှပြီ ဖြစ်သဖြင့် ရိုးသလောက်ပင် ရှိခဲ့လေပြီ။ တစ်ခါတစ်ရံတွင် "သူ့အိမ် ရောက်လာမိလို့ သူ ဒီလို ပြောချင်တိုင်း

ပြောနိုင်တာပဲ" ဟု တွေးမိရင်း နှင်းကလေး တက္ကသိုလ်ဝင် စာမေးပွဲ ချောမောစွာ အောင်မြင်ပါစေတော့ ဟု စေတနာနှင့် လိုက်လာမိခြင်း ကိုပင် မှားလေခြင်း ဟု စိတ်ပျက်မိတော့၏။

အမှန်တော့ ကိုထွန်းလှခများမှာလည်း တကယ်ကိုပင် မခံချိမခံသာ ဖြစ်ကာ စိတ်ထဲတွင် ထိန်းမနိုင် သိမ်းမရ ဖြစ်ရာလွန်းသဖြင့် ဤကဲ့သို့ ဖွင့်ဟ ပြောလိုက်မိခြင်း ဖြစ်သည်။ ပထမတွင် သူကိုယ်တိုင်ပင် မပြောဝံ့ရှာသဖြင့် နှမ ဖြစ်သူကလေးနှင့် တစ်ဖက်လှည့် စကားပစ်ကြည့်ပါသေး၏။ နောက်မှ သူကိုယ်တိုင် အရဲစွန့်ကာ မရှက်မရွံ့ ဖွင့်ဟပြောရှာခြင်း ဖြစ်လေသည်။

အကယ်စင်စစ် ကိုထွန်းလှဘက်မှ နေ၍ ကြည့်လျှင်ကား အမှန်ပင် မခံချင်စရာ ကောင်းပေသည်။ အစပထမ သူတို့နှစ်ယောက်အား လူကြီးချင်း သဘောတူ စေ့စပ်ကြစဉ်အခါက မခင်ဆွေမှာ လုံးဝ ငြင်းပယ်ခြင်း မပြုခဲ့ဘဲ ရှောရှောရှူရှူ လက်ခံပါလျက်နှင့် နောက်များ မကြာမီပင် စေ့စပ်ကြောင်းလမ်းခြင်းကို မဖျက်သိမ်းပါက ကိုယ့်ကိုယ်ကိုပင် သတ်သေတော့မလောက် ခါးခါးသီးသီး ငြင်းပယ်ခဲ့ပြန်၏။ အမှန်မတော့ အကြောင်းပြချက် ဘာတစ်ခုမှ မရှိဘဲနှင့် သက်သက်မဲ့ ငြင်းပယ်လိုက်ခြင်းမျှသာ ဖြစ်ပေသည်။

ကိုထွန်းလှဘက်မှ ကြည့်လျှင် ဤကဲ့သို့ မခံချင်စရာ ကောင်းသလိုပင် မခင်ဆွေဘက်မှ ကြည့်ပြန်လျှင်လည်း သူ့အကြောင်းနှင့်သူတော့ မှန်ကန်လျက် ရှိပေသည်။ တကယ်ဆိုလျှင် ကိုထွန်းလှကဲ့သို့ ခေတ်ပညာတတ် ဝန်ထောက်လောင်းကလေး တစ်ယောက်က သူ့အားမင်းကတော်ကလေးအဖြစ် ဤကဲ့သို့ လက်ကမ်းလာခြင်းမှာ ဝမ်းသာဂုဏ်ယူစရာပင် ဖြစ်သည်။ သို့နှင့်လည်း မခင်ဆွေကတော့...။

'ကျွန်မကို ဒီကိစ္စမျိုးနဲ့ ပတ်သက်ပြီး မဆက်ဆံချင်ပါနဲ့တော့ ကိုထွန်းလှရယ်။ တစ်ဆိတ် ကျေးဇူးပြုပြီး ဒါကို မစဉ်းစားတော့ဘဲ ရိုးရိုးတန်းတန်း မောင်နှမတွေလို၊ မိတ်ဆွေ သူငယ်ချင်းတွေလိုသာ နေသွားကြပါစို့လားရှင်' ဟူ၍ ကိုထွန်းလှ ကျေနပ်စေရန် တောင်းပန်ခဲ့သေး၏။

ကိုထွန်းလှကား အနည်းငယ်မျှ မကျေနပ်ခဲ့ချေ။ မခင်ဆွေသည် အမြဲတစေပင် ဤစကားများဖြင့်သာ ထပ်ပြန်တလဲလဲ ငြင်းဆန်နေလေသည်။ မခင်ဆွေ ဘာကြောင့် သူ၏ ကမ်းလှမ်းချက်ကို လက်မခံနိုင်ရသနည်း ဟူသော အချက်ကိုသာ နားမလည်နိုင်အောင် ရှိတော့၏။

သို့ရာတွင် မခင်ဆွေအဖို့မှာလည်း အကြောင်းမှန်ကိုကား ဘယ်နည်းနှင့်မျှ ဖွင့်မပြောနိုင်၊ ဖွင့်ပြောရန်လည်း မဝံ့။ နောက်ဆုံးတွင် ကိုထွန်းလှနှင့် ဝေးလျှင် ဤကိစ္စတွေလည်း အေးရတော့မည်ဟု စိတ်ကူးမိကာ သူတို့အိမ်မှ အမြန်ဆုံး ခွာထွက်သွားဖို့ အရေးကိုသာ စဉ်းစားမိတော့သည်။

ဒုက္ခ... ဒုက္ခ။ မခင်ဆွေအဖို့ ဒုက္ခနှင့်ချည်း ရင်ဆိုင်နေရတော့သည်။

ဘာကြောင့်များ သူလိုလူကိုမှ ရွေးပြီး ဒုက္ခပေးချင်ကြရပါလိမ့်။ တစ်ပူနှင့် အေးလေမည်လား ဟု ဆုတောင်းရပေါင်းလည်း များလေပြီ။ သို့နှင့်လည်း တစ်ပူပေါ် နှစ်ပူဆင့်ကဲလို့သာ တိုးခဲ့သည်။ ယခု တစ်ယောက် လာပြန်ပြီ။ သိန်းအောင် တဲ့။

သိန်းအောင်က သူ့အချစ်ကို လက်ခံနိုင် လက်မခံနိုင် လာမည့် တနင်္ဂနွေနေ့တွင် အဆုံးအဖြတ် ပေးရမည် ဆိုပါကလား။

'အို... ကျောင်း... ကျောင်း၊ ကျောင်းသာ ခပ်မြန်မြန် ဖွင့်စမ်းပါတော့'

(၂)

နှင်းသည် ဂီတကို အနည်းငယ် ငြီးငွေ့သလိုလို ရှိလာသည်နှင့် စန္ဒရားမှ ထ လိုက်မိလေသည်။

တစ်မနက်ခင်းအတွက် သည်မျှလောက် လေ့ကျင့်လျှင် တော်သင့်ပေပြီ။ အမှန်မတော့ ဘယ်အလုပ်မျိုးမဆို စိတ်က မဝင်စားလျှင် မည်မျှပင် ကြာစေကာမူ အကျိုးရှိလိမ့်မည် မဟုတ်။ နှင်းအဖို့လည်း ထိုနည်းအတူပင်။ သူသည် စန္ဒရားတွင် ထိုင်၍ စန္ဒရားခလုတ်များကို သေးသွယ်သော လက်ချောင်းကလေးများဖြင့် သွက်လက် လျင်မြန်စွာ တီးလျက် ရှိသော်လည်း သူ့အာရုံမှာကား အခြား တစ်နေရာတွင် ကျက်စားလျက် ရှိလေသည်။

ဒီကနေ့ ဒီအချိန်လောက်ဆိုလျှင် ကိုသိန်းအောင် တစ်ယောက်တော့ ကျောင်း၌ စာမေးပွဲ ဖြေနေပေလိမ့်မည်။ ချောချောမောမော လွယ်ကူစွာပင် ဖြေနိုင်လေမည်လား၊ သို့တည်းမဟုတ် မဖြေနိုင်ဘဲ ထိုင်မှိုင်နေလေမလား။ အို... သူ ဖြေနိုင်မှာပါပဲ။ ဖြေနိုင်ပါစေ... ဖြေနိုင်ပါစေရှင်။

နှင်း၏စိတ်တို့သည်ကား အချိန်မရွေး ကိုသိန်းအောင်ထံသို့ပင် ရောက်လျက် ရှိလေသည်။ သီချင်းဆို၍ စန္ဒရားတီးနေမိသည့်အကြားကလည်း ကိုသိန်းအောင်၊ ကိုသိန်းအောင်ကိုသာ မဆီမဆိုင် စဉ်းစားနေမိသည်။ သူ့အတွက် စိတ်ပူမိသည်။ သူ့အစား ရင်လေးမိသည်။ ကိုသိန်းအောင်၏ တည်ကြည် ရိုးသားသော အသွင်ကို ဆောင်လျက်ရှိသည့် မှုန်ကုပ်ကုပ် မျက်နှာထားသည် ပြောင်လက်သော စန္ဒရားပျဉ်ပြားပေါ်တွင် အရိပ်ထင်၍ ထင်၍ လာလေသည်။

ထိုအခါတွင် မနေ့က ကိုသိန်းအောင် သူ့အား နှုတ်မဆက်

အကြောင်းမကြားဘဲ လစ်ပြေးပုံတို့ကို ပြန်လည်သတိရမိရင်းက "ဘယ့်နှယ့် လူစားမျိုးပါလိမ့်" ဟု ထို လူ့ခွစာကြီး အကြောင်းကိုသာ သိလိုစိတ်များ ပေါ်ပေါက်လာမိပြန်လေသည်။

သူ့စိတ်ကူးတို့သည် တစ်နေရာတွင် အတည်တကျ ငြိမ်မနေနိုင်ဘဲ ရှေ့သို့ ခုန်လိုက်၊ နောက်သို့ ဆုတ်လိုက်နှင့် ခုန်ပေါက် လှုပ်ရှားနေတတ်စမြဲ ဖြစ်သည့်အတိုင်း ကိုသိန်းအောင်နှင့် စတင် ဆုံစည်းမိကြသော ဘိုင်စကုတ်ကြည့်သည့်နေ့သို့ တစ်ဖန် ရောက်သွားပြန်လေသည်။ သို့ရာတွင် ထိုနေ့က အဖြစ်အပျက်တိုင်းကိုလည်း သူ သတိမရတော့။ ကိုယ်အာရုံစိုက်မိသည့် အကြောင်းအရာတွေလောက်ကိုသာ ကွက်၍ သတိရမိတော့သည်။

ဘိုင်စကုတ် ကြည့်နေကြစဉ် သူ့လက်ကလေးပေါ်သို့ ကိုသိန်းအောင် လက် မသိမသာ ရောက်ရှိလာပုံမှာ ယခုပင်လျှင် ရင်ဟာတော့ မလိုလို ဖြစ်နေမိသေး၏။ သူ တမင်တကာ တင်လိုက်တာများလား။ အို... ဟိုတုန်းကတော့ သူ အားတုံ့အားနာ အသံကြီးနဲ့ တောင်းပန်ရှာသားပဲ။ တမင်တကာ တင်တာတော့ ဟုတ်လိမ့်မယ် မထင်ပါဘူးလေ။ အဲဒီတုန်းက သူလည်း ငါ့လိုပဲ၊ ရင်ထဲမယ် တစ်မျိုးကြီး ဖြစ်သွားမလားမဆိုနိုင်ဘူး။ ဖြစ်သွားမှာပါပဲ။ ဖြစ်သွားလို့သာ သူ့အသံကြီး တုန်နေတာပေါ့။

နှင်း၏ စိတ်ကူးတို့သည် လေရူးကလေးကဲ့သို့သာ ဝှေ့ချင်ရာသို့ ဝှေ့၊ ပြေးချင်ရာသို့ ပြေး၍ နေလေသည်။ သို့သော် ဘယ်အခါတွင်မဆို ကိုသိန်းအောင်တည်း ဟူသော အုတ်တံတိုင်း နံရံကြီးနှင့်သာ ဝင်တိုးသည်ချည်း ဖြစ်လေ၏။

"ဘာကြောင့် ငါ သူ့ကို ဒီလောက်တောင် ဂရုစိုက်နေမိတာလဲ"

ဟု သူ့ကိုယ်သူ မေးကြည့်၏။ စစ်ဆေးကြည့်၏။ သို့ရာတွင် တိကျသော အဖြေကား ထွက်ပေါ်၍မလာ။ သူ့ဟာသူလည်း အဖြေရှာ စဉ်းစား၍ မရ။ သူ ကိုသိန်းအောင်အား ဤကဲ့သို့ ဂရုတစိုက် စဉ်းစား တွေးတော နေမိခဲ့သည်မှာ ရေဒီယိုမှ သီချင်းသံကို ကြားမိကတည်းကပင် ဖြစ်လိမ့်မည် ဟူ၍ကား အမှတ်ရနေမိတော့၏။

အမှန်မတော့ နှင်း ဤကဲ့သို့ သိန်းအောင် အကြောင်းတွေကို စဉ်းစားနေမိသည်မှာလည်း ဘာမျှပင် မကြာသေးပေ။ ယခင်ကဆိုလျှင် ဒါမျိုးတွေကို သူ လုံးဝ မစဉ်းစား။ စားဖို့၊ သောက်ဖို့၊ ပျော်ဖို့၊ စန္ဒရား တီးဖို့၊ သီချင်းဆိုဖို့လောက်ကိုသာ သူ ဂရုစိုက်ခဲ့သည်။

မကြာသေးမီအတွင်းကတော့ သူ့ကိုယ်သူ တစ်မျိုးတစ်ဖုံ ပြောင်းလဲ လာသည်ဟု နားလည်ခဲ့လေသည်။ ဘယ်လိုမှန်းမသိ။ အစစအရာရာ သိသိသာသာကြီးပင် ပြောင်းလဲခဲ့လေသည်။

မှန်ကို ယခင်ထက် ပိုမို ကြည့်ချင်လာသည်။ ကိုယ့်ကိုယ်ကို ယခင်ကထက် ပိုမို ဂရုစိုက်လာမိသည်။ လှပချင်သောစိတ်ဖြင့် ပြပြ ပြင်ပြင် သပ်သပ်ရပ်ရပ် နေချင်လာသည်။ အထူးသဖြင့် ယောကျ်ားတွေ ကို ဂရုစိုက်စရာအဖြစ် သဘောပိုက်စ ပြုခဲ့သည်။ ယောကျ်ားတွေရှေ့ ဆိုလျှင် အတော်အတန် ဟန်လုပ်လာမိသည်။ ယောကျ်ားတွေရှေ့ လမ်း သလားရသည်ပင် တစ်မျိုးအရသာ တွေ့လာခဲ့သည်။ သူတို့က ဂရုတစိုက် ကြည့်သည်ကို တွေ့ရလျှင် ပီတိဖြာမိသည်။ အိမ်သို့ ယောကျ်ားဧည့်သည် တစ်ဦးဦး လာလျှင် မသိမသာ ချောင်းမြောင်း ကြည့်ရှုချင်လာသည်။ သူတို့ကို ကိုယ်တိုင်ကိုယ်ကျ ဧည့်ခံပြုစုရလျှင် တစ်မျိုး ကျေနပ်မိသေး သည်။ သူတို့တစ်တွေအကြောင်းကို ရင်းနှီးသူ တစ်ဦးဦးနှင့် တိုင်ပင် နှီးနှော ပြောဆိုရသည်မှာလည်း အရသာတစ်မျိုးပင်။

ဤကဲ့သို့ ကလေးစိတ်ကလေးများ ပျောက်စပြု၍ အပျိုစိတ်ကလေးတွေ ခက်လက် ဝေဆာလာသော အချိန်မျိုးတွင် ရေဒီယိုမှ "တက္ကသိုလ် မောင်သိန်းအောင်" ၏ သီချင်းများကို နားထောင်မိရင်း ထို တက္ကသိုလ်သိန်းအောင် ဆိုသူကိုပင် အမည်မတတ်နိုင်သော သံယောဇဉ်တစ်မျိုးဖြင့် ငြိတွယ်စ ပြုလာခဲ့မိတော့၏။ လူကို တစ်ခါမျှ မမြင်ဖူးသော်လည်း သီချင်းသံနှင့်ပင် ပုံပန်းသဏ္ဌာန်ကို မှန်းဆ ကြည့်ခဲ့ဖူးလေသည်။

ယခုမူကား သီချင်းသံဖြင့် မှန်းဆ ကြည်ညိုခဲ့ဖူးသော ထို ကိုသိန်းအောင် ဆိုသူအား ကိုယ်တိုင်ကိုယ်ကျ ရင်းနှီးစွာ မိတ်ဆွေဖြစ်ခဲ့ရလေပြီ။ နှစ်ယောက်သား ဘိုင်စကုတ်ပင် အတူယှဉ်တွဲ၍ ကြည့်ခဲ့ရလေပြီ။ အိမ်သို့ တစ်ခေါက် အလည်အပတ် လာသဖြင့်လည်း မိမိကိုယ်တိုင် ဧည့်ခံကျွေးမွေး ပြုစုလိုက်ရဖူးလေပြီ။

နှင်းသည် သိန်းအောင် အကြောင်းတွေကို စဉ်းစားရင်းနှင့်ပင် တိတ်ဆိတ် ငြိမ်သက်လျက်ရှိသော မခင်ဆွေ၏ အခန်းထဲသို့ တဖြည်းဖြည်း လျှောက်ခဲ့မိလေ၏။ ခုတင်ဆီသို့ လှမ်း၍ ကြည့်လိုက်မိရာတွင် ခွေခွေကလေး အိပ်ပျော်လျက် ရှိသော မခင်ဆွေကို တွေ့လိုက်ရလေသည်။

## [ ၈ ] ဒိုးဘဲ့ကောင်း

(၁)

'ကျွန်တော်တို့ တစ်နေ့ တစ်နေ့ ရသမျှနဲ့ မြင်းကျွေးဖို့ ပဲကလေး ဝယ်ဖို့တောင် မကာမိပါဘူး ဆရာရယ်။ ခုတော့ ငွေကြေးကလည်း ရှားပါးသထက် ရှားပါးလာပြီ။ မော်တော်ကားတွေကလည်း နေရာတကာ သူတို့ချည်းပဲ။ ဆရာလေး စဉ်းစားကြည့်လေ၊ မော်တော်ကားနဲ့ လှည်း ဆိုတော့ ဘယ်သူမဆို မော်တော်ကားကိုပဲ စီးကြတော့မပေါ့'

မြင်းခွာသံ တဂေါက်ဂေါက်၊ လှည်းဘီးသံ တကျွီကျွီနှင့် မောင်းနှင်လာရာမှ မြင်းလှည်းဆရာက အားငယ်စွာ ညည်းညည်းညူညူ ပြောလိုက်ခြင်း ဖြစ်လေ၏။ သူသည် တစ်ခါတစ်ခါတွင်လည်း ပါးစပ်မှ ညည်းညူရုံနှင့် အားမရသေးဘဲ လက်ထဲမှ ကြိမ်လုံးဖြင့် မြင်းကို ရွှမ်းခနဲ ရွှမ်းခနဲ နေအောင် ရိုက်နှက်တတ်သေး၏။

မြင်းကလေးမှာ အစာကိုမှ ဝလင်အောင် စားရရှာဟန် မတူဘဲ နံရိုးငေါငေါထွက်နေသောကြောင့် လူနှစ်ယောက်ပါသည့် လှည်းအိမ်ကိုပင် မနည်းအားစိုက်၍ ရုန်းဆွဲနေရဟန် တူလေ၏။ ထိုကဲ့သို့ တစ်

ကိုယ်လုံး ချွေးရွှဲရွှဲ၊ ပါးစပ်မှ အမြှုပ်တစီစီနှင့် ကြိုးကြိုးစားစား ရုန်းကန်နေရသည့်အကြားက ကျောပြင်ပေါ်သို့ ရွှမ်းခနဲ ရွှမ်းခနဲ စူးရှ နာကျင်စွာ ရိုက်လိုက်သော ကြိမ်လုံးဒဏ်ကို ခံရသောအခါများ၌ကား ကြောက်အားလန့်အားနှင့် ရုန်းရရှာပြန်သဖြင့် ခြေများပင် ခေါက်လဲမတတ် ရှိရှာလေ၏။

သိန်းအောင်မှာကား ငွေဝင်လမ်း မဖြောင့်ရှာသဖြင့် နံဘေးနားမှ ထိုင်၍ ညည်းညူနေရှာသည့် မြင်းလှည်းဆရာနှင့်တကွ သူ၏ မြင်းပိန်ကလေးတို့၏ ဒုက္ခကို လုံးဝ ဂရုမစိုက်နိုင်။ များမကြာမီ ရင်ဆိုင်ရမည့် အရေးကိုသာ တွေးမိရင်း ရင်ထဲတွင် တထိတ်ထိတ် တုန်လှုပ်နေလေသည်။

ချောချောမောမောနှင့်ပဲ ဝမ်းသာရမည်လား။

ခါးခါးသီးသီးမို့ စိတ်ပျက်ရမည်လား။

ရက်ရက်စက်စက်မို့ ရှက်ရမည်လား။

တွေးရင်း တွေးရင်း မခင်ဆွေ၏ မျက်နှာကိုသာ မြင်ယောင်လာမိတော့ကာ "အို... သူလည်း ငါ့အပေါ်မှာ အနည်းအကျဉ်းလောက်တော့ စိတ်ညွှတ်မှာပါပဲ" ဟု စိတ်ဖြေရလေတော့၏။

တနင်္ဂနွေနေ့ ဖြစ်လေသည်။

ဗုဒ္ဓဟူးနေ့က စာဖြင့် အရေးဆိုခဲ့သည့်အတိုင်း ဒီကနေ့ မခင်ဆွေထံမှ ဆုံးဖြတ်ချက်ကို သိရတော့မည့်နေ့ ဖြစ်သည်။ မခင်ဆွေထံ အရဲစွန့်၍ စာပေးခဲ့မိသည့်နေ့မှ စ၍ သည်နေ့သို့ ဆိုက်ရောက်ရန်ကိုသာ နေ့စဉ် လက်ချိုးရေတွက်ခဲ့ရ၏။

ထိုအတောအတွင်း ရက်များတွင် အင်္ဂလိပ်၊ ပါဠိနှင့် မြန်မာဘာသာများကို တစ်ခုပြီးတစ်ခု ဖြေဆိုခဲ့ရသေးသည်။ စာမေးပွဲ ဖြေဆို

ရန် ရက်သို့ ဆိုက်၍သာ ဖြေဆိုခဲ့ရသော်လည်း စာကိုမူ ဟုတ်တိပတ်တိ မကျက်ခဲ့မိ။ စာမေးပွဲ မဖြေမီ တစ်ညဋ္ဌ ဟိုလှန် ဒီလှန် ရွေးချယ်ကြည့် လိုက်ရုံမျှနှင့်ပင် စာမေးပွဲခန်းသို့ ဝင်ထိုင်ခဲ့ခြင်း ဖြစ်လေသည်။ သည်လို ဂရုတစိုက် မရှိခဲ့သော်လည်း အင်္ဂလိပ်နှင့် မြန်မာဘာသာတို့ကိုမူ ကျေနပ် လောက်အောင်ပင် ဖြေဆိုနိုင်ခဲ့လေသည်။

သို့ရာတွင် ပါဠိဘာသာတစ်ခုကိုတော့ စာကြောင်း သုံးကြောင်း မျှ ပြည့်အောင်ပင် မရေးနိုင်ခဲ့ပေ။

သို့နှင့်ပင် သူ မျှော်လင့် စောင့်ဆိုင်းခဲ့သော တနင်္ဂနွေနေ့သို့ ဆိုက်ရောက်ခဲ့ရ၏။

ထိုနေ့က နံနက်အစောကြီး အိပ်ရာမှ မထစဖူး ထ နေမိသော ကြောင့် မြအေးကပင် 'ဟော့ကောင်၊ ညက အိပ်လို့မှ ပျော်ရဲ့လားကွာ၊ သိပ်အစွဲအလမ်းကြီးတဲ့ မောင်ပဲ' ဟု အိပ်ရာထဲမှနေ၍ အိပ်ချင်မူးတူး အသံကြီးနှင့် လှောင်ပြောင်လိုက်သေး၏။

အမှန်မှာ မခင်ဆွေဆီ သွားဖို့အရေးမှာ တော်လှန်ရေး အခါသမယ က ခက်ခဲလှသော တိုက်ပွဲတစ်ခုအတွက် အသည်းတထိတ်ထိတ်နှင့် စီမံ ပြင်ဆင်ရသည်ထက် ဆိုးဝါးနေပေသေးသည်။ နေ့စဉ် ဤနေ့ ဤရက်ကို ရင်တမမ စောင့်စားလာခဲ့သည်နှင့်အမျှ အင်္ကျီအဝတ်အစား လဲ၍ ထွက် တော့မည် ကြံစည်ခါမှပင် မခင်ဆွေနှင့် မျက်နှာချင်းဆိုင်ရမည့်အရေး ကို တွေးတော ကြောက်ရွံ့နေမိပြန်တော့၏။

'ဟော့ကောင်ကြီး၊ သွားခါနီး ဘာငိုင်နေတာကုံး၊ မင်းဟာက ရည်းစားသွားတွေ့မယ့်လူနဲ့ မတူဘူး၊ အမှု သွားဆိုင်ရမယ့် တရားခံ ကျနေတာပဲ'

'အေးကွာ၊ တကယ် သွားဖို့ကျတော့ ငါ မသွားရဲဘူးကွာ၊ ဒီ မျက်နှာကြီး ရင်ဆိုင်ရမှာ ရှက်စရာ'

'ဩော်... ခက်ပါပြီ၊ အရေးထဲ ရှက်တော်မူနေရပြန်ပြီ။ ကဲ... ကဲ မင်းဟာမင်း မဆုံးဖြတ်နိုင်ရင် ဟောဒီဟာနဲ့ ဆုံးဖြတ်ပေးမယ်ကွာ' ဟု ပြောပြောဆိုဆို မြအေးက သူ့အံဆွဲထဲမှ ငွေဒင်္ဂါးတစ်ပြားကို ထုတ်ယူလိုက်ရာက–

'ဟောဒီ ဒင်္ဂါးကို ငါ လှည့်မယ်။ ခေါင်းကျရင် မင်းဟာမကြီးဆီ သွားရမယ် သိလား။ ပန်းကျရင်တော့ မသွားဘဲ နေချင်နေ။ ကဲ... လှည့်ပြီ၊ ကြည့်နေနော်'

မြအေး လှည့်လိုက်သော ငွေဒင်္ဂါးကလေးမှာ စားပွဲပေါ်တွင် မွှတ်နေအောင် လည်နေ၏။ ဒင်္ဂါးကလေး အရှိန်မသေမီ မြအေးက လက်ဝါးနှင့် အုပ်ဖိထားလိုက်သောအခါ၌ကား သိန်းအောင်မှာ စိတ်ထဲက "ခေါင်းကျပါစေ ခေါင်းကျပါစေ" ဟုပင် ဆုတောင်းနေမိသေး၏။

'ဟော... ဖွင့်ပြီ ခေါင်းကျသဟေ့၊ ခေါင်း... ခေါင်း မင်းကံပဲဟေ့။ ဒီဒင်္ဂါးလေးကတောင် မင်းကို သွားစေချင်ပြီ။ ကဲ... ဘာမှ စဉ်းစားမနေနဲ့တော့။ မင်းဟာမကြီးဆီ သွားသာ သွားပေတော့' ဟု မြအေးက ပြောလိုက်ရာတွင်ကား သိန်းအောင်အဖို့ စောစောက သွားရန် ဝန်လေးသလိုလို ဖြစ်ခဲ့သည့် ကြောက်ရွံ့စိတ်များပင် ပျောက်ပျက်သွားလေသည်။

သို့နှင့် မြေနီကုန်းသို့ ဘတ်(စ်)ကား စီးကာ မြေနီကုန်း ကားဆိပ်မှ တစ်ဆင့် ရွှေဂုံတိုင်လမ်းအတိုင်း မြင်းလှည်းစီး၍ လာခဲ့ခြင်း ဖြစ်၏။ သူ လာစီးမိသော မြင်းလှည်းမှာလည်း သူကလွဲ၍ အခြားလူ တစ်ယောက်မှ မရသဖြင့် တစ်လမ်းလုံးလိုလိုပင် မြင်းလှည်းဆရာ၏ စိတ်ပျက် ညည်းညူသံကို နားခံရင်း လိုက်ပါလာရလေ၏။

ထိုနေ့ နံနက်တွင်မှ အဇင်္ဂါ တစ်ခွင်လုံးမှာလည်း မိုးသား မြူတိမ် ကင်းစင်လျက် အထူးသာယာ ထွန်းပလျက် ရှိလေသည်။ လမ်းမကြီး ပေါ်၌ကား အရွယ်ရောက်သော လူကြီးအချို့မှာ ကလေးတွေနှင့် အတူ ရောကာ စွန်လွှတ်လျက် ရှိကြလေသည်။

သိန်းအောင်မှာ အဆင်မပြေမှုများကို ဂရုမစိုက်ဘဲ မနေတတ်သူ ပီပီ ထို စွန်လွှတ်လျက်ရှိကြသော အချိန်ဖြုန်းသမားအချို့ကိုတော့ လှမ်း၍ အကဲခတ်လိုက်မိသေးသည်။ လုံချည် ဒူးပေါ်အောင် ဝတ်ရင်း စွန်ပြတ်ကို လိုက်ဖမ်းရန် တုတ်တကိုင်ကိုင်နှင့် ပြေးသူက ပြေး၊ မော်တော်ကား လမ်းမကြီးပေါ်တွင် စွန်ဖြတ်သူက ဖြတ်နှင့် အခြား အဖိုးထိုက်တန်သော အလုပ်များကို လုပ်ကိုင်ရမည့် အချိန်မျိုးတွင် လမ်းမပေါ်၌ လာရောက် အချိန်ဖြုန်းလျက် ရှိကြသည့် ထို လူတစ်စုကို ကြည့်ရင်း အနည်းငယ် စိတ်ပျက်သွားမိသေး၏။

'ဆရာလေး… ဒီမှာပဲ ဆင်းမှာလား၊ ဗဟန်းဈေးအထိ လိုက်မှာ လား'

ရုတ်တရက် မြင်းလှည်းဆရာက မေးလိုက်သောအခါတွင်မှ ရွှေဂုံတိုင် အထက်လမ်းနှင့် ဗဟန်းဈေး လမ်းခွဲနားသို့ ရောက်ရှိနေကြောင်း သတိပြုလိုက်မိသောကြောင့်–

'ဩော်… ရွှေဂုံတိုင်လမ်းထိပ်နားထိအောင် တစ်ဆိတ် လိုက်ပို့ ပေးပါဗျာ၊ ပိုက်ဆံ ပိုပေးပါ့မယ်' ဟု တောင်းပန်လိုက်ရ၏။

မြင်းလှည်းလည်း တရွေ့ တရွေ့နှင့်ပင် ဆက်လက် မောင်းနှင် ခဲ့လေရာ မကြာမီ "ဦးဘဘွား" ဟု ဆိုင်းဘုတ် ချိတ်ထားသော ခြံကြီး တစ်ခု အရှေ့သို့ ဆိုက်ရောက်လာလေသည်။

'အဲ… ရောက်ပါပြီ။ ရော့… ရော့၊ ဘယ်လောက်ပေးရမလဲ'

သိန်းအောင်လည်း မြင်းလှည်းပေါ်က ခုန်ဆင်းလိုက်ပြီး မြင်းလှည်းခ ထုတ်ပေးရန် အိတ်ထဲ လက်နှိုက်ရင်း မေးလိုက်မိသည်။ မြင်းလှည်း ဆရာမှာ နဖူးပြင်ကြီး အတွန့်တွန့် ဖြစ်သွားအောင် ရှုံ့မဲ့လိုက်ရင်းက–

'သုံးမူးပဲ ပေးပါတော့ ဆရာလေးရယ်၊ ကျုပ်တို့မတော့ ပိုက်ဆံကလေး သုံးမူးအတွက်နဲ့လည်း လူမော မြင်းမောခံပြီး လိုက်ကြရတော့တာပါပဲ။ ဒီအလုပ်များတော့ စိတ်ပျက်ပါ့ဗျာ။ ခပ်မြန်မြန် မြင်းရောလှည်းရော ရောင်းစားလိုက်ပြီး အရောင်းအဝယ် အလုပ်ကလေးတစ်ခုခု လုပ်စားရတာပဲ ဟန်လိမ့်မယ် ထင်ပါတယ် ဆရာရယ်' ဟု ညည်းညူနေပြန်သောကြောင့် သိန်းအောင်မှာ ကျေနပ်စွာ ပြုံးလိုက်မိရာက–

'ကဲ... ကဲ ဆရာကြီး၊ ရော့... ငွေတစ်ကျပ်၊ ပိုသမျှကို ကျွန်တော်က မေတ္တာနဲ့ ထောက်ပံ့တယ်ပဲ သဘောထားလိုက်ပါတော့၊ ဟုတ်လား'

ထိုအခါကျမှ မြင်းလှည်းဆရာမှာ ဝမ်းသာအားရ ပြုံးဖော်ရပြီးလျှင် သိန်းအောင် ထုတ်ပေးသည့် ငွေစက္ကူကို လှမ်းယူလိုက်ရာက–

'သာဓု ဆရာလေးရယ်၊ သာဓု၊ ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်ပါစေဗျာ' ဟု ဆုတောင်း ပတ္ထနာပြုလျက် ရှိသောကြောင့် သိန်းအောင်မှာလည်း "ပေးတဲ့ဆု ပြည့်ပါစေ" ဟု စိတ်ထဲ၌ ကျိတ်၍ ရေရွတ်လိုက်မိပြီးလျှင် ခြံကြီးထဲသို့ ဝင်သွားမိတော့သည်။

'ဟာ... ကိုသိန်းအောင်ကြီးပါလား၊ ကြည့်စမ်း၊ နှင်းက ဒီကနေ့ တနင်္ဂနွေနေ့မို့လို့ ကိုသိန်းအောင် တစ်ယောက်တော့ လာလည်မှာပဲလို့ ခုလေးတင် တွေးနေမိတာ။ ကိုသိန်းအောင်တော့ အသက်ရှည်ဦးမှာပဲ'

ကုန်းမြင့်ကလေးပေါ်သို့ တက်လာခဲ့ရာမှ အိမ်ကြီးအနီးသို့ ရောက်ခါနီးတွင် နှင်းက ဆီး၍ နှုတ်ဆက်လိုက်ခြင်း ဖြစ်လေသည်။

နှင်းမှာ သိန်းအောင် လာမည်ကို အတပ်သိပြီး ဖြစ်သဖြင့် ဆီးကြိုနေလေရော့သလား မသိ။ အပြာရောင် လက်တိုအင်္ကျီကလေးကို ဝတ်ကာ၊ လုံချည်မှာလည်း အပြာနုရောင် ပိုးတွန့်လုံချည်ကလေး ဖြစ်သဖြင့်၊ ကြည်လင် ပြာလဲ့သော ကောင်းကင်ရောင်နှင့် အရောင်ချင်းဟပ်ကာ ကြည့်ရှု တင့်တယ်လှပေသည်။ ဆံပင်ကိုလည်း နောက်တွဲထုံးထားပြန်ရာ အသက်နှစ်ဆယ်ရွယ် အပျိုကြီးဖားဖားနှင့်မခြား ရှိတော့သည်။

'ကဲ… ကဲ အိမ်ထဲ ဝင်ရအောင်၊ ဖေဖေရော ကိုကြီးရော အလုပ်အားလို့ အိမ်မှာပဲ ရှိကြတယ်။ ကိုသိန်းအောင် ထမင်းမစားခဲ့ရသေးဘူး နော်'

နှင်းမှာ ကရားရေလွှတ် ပြောဆိုရင်း သိန်းအောင်ကို အိမ်ထဲသို့ ခေါ်သွားလေ၏။ သိန်းအောင်မှာ 'ထမင်းစားခဲ့ပြီးပါပြီ' ဟု ဖြေလိုက်ရသော်လည်း စိတ်ထဲတွင်ကား မခင်ဆွေကိုသာ အမြန်ဆုံး တွေ့ချင်နေ၏။ ထို့ကြောင့် အိမ်ထဲရောက်၍ ဧည့်ခန်းတွင် ထိုင်ကြမည်အပြုတွင်–

'ဪ… ဒါနဲ့ အစ်မကြီးတစ်ယောက်ကော နှင်း' ဟု မေးလိုက်မိလေ၏။

'အို… ဟုတ်သားပဲ။ မမဆွေ ပြန်သွားတာကိုတောင် မပြောမိသေးဘူး။ သောကြာနေ့က လက်ပံတန်းကို ကျောင်းမဖွင့်ခင် ခဏပြန်လိုက်ဦးမယ်ဆိုပြီး ရထားနဲ့ ပြန်သွားတယ်။ မမဆွေကတော့ ကိုသိန်းအောင်ကို သတိရသားပဲ။ နှုတ်ဆက်လိုက်ပါလို့တောင် မှာသွားတယ်'

သိန်းအောင်ကား ဆက်၍ နားမထောင်လိုတော့ချေ။

လေးငါးရက်လုံးလုံး အထင်ကြီးနှင့် မျှော်လင့် စောင့်ဆိုင်းခဲ့သော နေ့…။

စာမေးပွဲကိုပင် ဂရုမစိုက်အားအောင် လက်ချိုးရေတွက်ခဲ့ရသော နေ့…။

တော်လှန်ရေး တိုက်ပွဲတစ်ခုကို ဆင်နွှဲရန် ချီတက်ရသည့်ပမာ ရင်ထဲ တထိတ်ထိတ် ဖြစ်စေသည့်နေ့....။

သည်နေ့တွင်မှ ခဲလေသမျှ သဲရေကျတော့သည်။

## (၂)

သိန်းအောင်၏ အခန်းထဲ၌ကား မြအေးနှင့် ကျောင်းသားတစ်စုတို့မှာ သိန်းအောင် ပြန်အလာကို ကြိုဆိုရန်အတွက် စုဝေးလျက် ရှိကြ၏။

ထိုနေ့က "အာရုံမဂ္ဂဇင်း" တိုက်မှ အယ်ဒီတာ ကိုရဲထွဋ်နှင့် အင်ဂျင်နီယာရင် ကျောင်းသား ကိုလှသော်တို့မှာလည်း မြအေးထံ အလည် အပတ် ရောက်ရှိလာကြသဖြင့် မြအေး စုရုံးထားနှင့်သော ကိုတင်မောင်၊ ကိုသန်းထွန်း၊ ကိုနန်းဝေ စသူများနှင့် တပျော်တပါး ဝိုင်းဖွဲ့ စကားပြော လျက် ရှိကြလေသည်။

အားလုံးကပင် သိန်းအောင်အကြောင်းကို ဝိုင်းဝန်း မေးမြန်းကြ သောကြောင့် မြအေးက လုံးစေ့ပတ်စေ့ ဖောက်သည်ချလိုက်ရတော့၏။ သိန်းအောင် ရိုးကြောင်း၊ အ ကြောင်းတွေကို မကျေမချမ်း ပြောပြရင်း မြအေးက–

'ဒီကနေ့ သူ့ဟာမကြီးဆီက အဖြေရမယ့်နေ့ပဲဗျ။ ဒါကို မသွား ရဲပါဘူး၊ ရှက်သလေး ဘာလေး ကြေးများနေလို့ ကျွန်တော်ဖြင့် ဘာလုပ် ရမှန်းတောင် မသိဘူး။ နောက်မှ ကိုနန်းဝေ ကျွန်တော့်ဆီမှာ အပ်ထား တဲ့ ဟို ဒဂ်ါးတွေ သတိရလို့ပေါ့ဗျို့'

'ကိုလှကြည်ကြီးရဲ့ ဒဂ်ါးတွေလားဗျ။ နေပါဦး၊ အဲဒါနဲ့ ဘာလုပ် လိုက်သလဲ' ဟု ကိုနန်းဝေက စိတ်ဝင်စားစွာ မေးလိုက်ရာ ကျန်လူတွေ အားလုံးကလည်း သိချင်ဇောဖြင့် နားစွင့်နေမိကြလေသည်။

'ဒီကောင်ကြီး သွားဖြစ်ပါစေဆိုပြီး ကိုလှကြည်ရဲ့ ဒဂ်ါးတစ်ပြား နဲ့ အနိုင်ယူလိုက်ရတာပေါ့ဗျ။ ခေါင်းကျရင် သူ့ဟာမကြီးဆီ သွားရမယ်၊ ပန်းကျရင် မသွားနဲ့လို့ လောင်းကြေးစားကြေး လုပ်ပြီး မြောက်ပန်းလှန် လိုက်ရတာပေါ့'

'နေပါဦး၊ ခင်ဗျားက ခေါင်းဆိုတိုင်း ခေါင်းကျအောင် လုပ်နိုင် လို့လား'

မြအေး၏ စကားကို မယုံကြည်နိုင်ဟန်ဖြင့် ကိုတင်မောင်က မေးလိုက်ခြင်း ဖြစ်၏။ ထိုအခါတွင်မှ အကြောင်းသိဖြစ်သော ကိုနန်းဝေ က–

'ဒီမယ် ကိုမြအေး၊ ဒီလူတွေ ကိုလှကြည်ကြီးရဲ့ ဒဂ်ါးတွေအကြောင်း မသိကြသေးဘူး ထင်တယ်'

'ကိုလှကြည် ဒဂ်ါးတွေအကြောင်းတော့ မသိပါဘူးဗျာ။ ကိုလှကြည် ကျောင်းက ပျောက်ခြင်းမလှ ပျောက်သွားတာပဲ သိပါတယ်' ဟု ကိုသန်း ထွန်းက ဝင်ပြောလိုက်သည်။

'ဟုတ်တယ်၊ ကိုလှကြည် ဒဂ်ါးအကြောင်း သိချင်ရင် ကိုလှကြည် အကြောင်းလည်း ပြောမပြလို့ မဖြစ်ဘူး။ ကဲ... ကိုနန်းဝေ ဒီလူတွေကို ကိုလှကြည်ကြီးရဲ့ "ထရက်ဂျစ်တီ" ကို ဖောက်သည်ချလိုက်စမ်းပါဦး ဗျာ။ ဟိုကောင်ကြီးကို စောင့်နေတုန်း အချိန်လည်း ကုန်သွားအောင် ပေါ့'

မြအေးက ပွဲတောင်းလိုက်သောကြောင့် ကိုနန်းဝေက–

'ခင်ဗျားတို့ ကိုလှကြည် အလောင်းအစား ဝါသနာပါတာကိုတော့ သိကြမှာပေါ့' ဟု အားလုံးကို လှမ်းမေးလိုက်၏။

'ဟုတ်တယ်၊ ဒီလူက တစ်မျိုး။ မြင်းတို့ ဖဲတို့လည်း ဝါသနာ

ပါတာ မဟုတ်ဘူး။ ကုန်ကုန်ပြောမယ်၊ ငွေနဲ့ ကြေးနဲ့ တစ်ခါမှ လောင်းကစားဖူးတာ မဟုတ်ဘူး။ သူက ထူးထူးဆန်းဆန်း မဟုတ်တာယုတ်တွေကိုမှ လောင်းချင် ကစားချင်တာဗျ'

ကိုရဲထွဋ်က ဝင်ထောက်လိုက်ရာတွင် အင်ဂျင်နီယာရင်မှ ကိုလှသော်ကပါ ဝင်၍-

'တစ်ခါတုန်းက ကြည့်ပါလားဗျ၊ ကျွန်တော့်ကို (L.C.R) က မိန်းကလေးတွေရှေ့မယ် အရှက်ကြောင်ကြောင်ဖြစ်သွားအောင် သူ လုပ်တာပေါ့။ ကိုရဲထွဋ်တို့ ကိုသန်းထွန်းတို့ မှတ်မိဦးမှာပေါ့။ တစ်နေ့ ကျွန်တော်တို့ (L.C.R) နား စုရပ်နေကြတုန်း သူက ကျွန်တော့်ကို (L.C.R) ရှေ့တစ်ခေါက် လျှောက်ပြရဲပါ့မလား လို့ မေးတယ်ဗျ။ ကျွန်တော်ကလည်း ကိုယ့်လမ်း ကိုယ်လျှောက်တာ ဘာလို့ မလျှောက်ရဲရမှာလဲ။ လောင်းကြေးစားကြေး လုပ်ချင်သေးသလားလို့ အလောင်းအစား ဝါသနာကြီးတဲ့လူမှန်းသိလို့ ပြောလိုက်မိတယ်။ ဒီတော့ သူက စိန်လိုက်တဲ့။ ရှုံးတဲ့လူက အားလုံးကို ဘိုင်စကုတ်ပြကြေး လောင်းမတဲ့။ နောက်ပြီး ရိုးရိုးတောင် မလောင်းဘူး။ (L.C.R) ရှေ့ လျှောက်သွားလို့ မိန်းကလေးတွေက ကျွန်တော့်ကို ဝိုင်းရယ်လိုက်ကြရင် ကျွန်တော်က အရှုံးတဲ့။ ဘာမှမဖြစ်ဘဲ ပြန်လာနိုင်ရင် ကျွန်တော့်ကို အနိုင်ပေးမတဲ့။ ပထမတော့ ကျွန်တော်တို့တောင် ဒီလူ ဘာစိတ်ကူးရလို့ ရှုံးမှာသိလျက်နဲ့ ဒီလို လောင်းရပါလိမ့်မလဲလို့ အံ့ဩမိကြသေးတယ်။ ဒါပေမဲ့ နောက်ဆုံးမတော့ ကျွန်တော်ကပဲ အရှုံးပေးလိုက်ရဟာပါပဲဗျာ။ ကျွန်တော်ဖြင့် (L.C.R) က ဝိုင်းအရယ်ခံလိုက်ရလို့ ရှက်လည်း ရှက်၊ အလောင်းအစားမို့ ဒေါသလည်း မထွက်ရဲ၊ ကိုယ့်ကတိနဲ့ကိုယ် အားလုံးကို ဘိုင်စကုတ်ပြလိုက်ရတယ်ဗျို့။ ဒီအထဲ သူက ပြောသေးတယ်။ လောင်းကြေးစားကြေး ဆိုတာ

ညစ်ပတ်မှ လိမ်မှ ရတာတဲ့။ ကြည့်ပါဦးဗျာ၊ ဘယ်လောက်များ ညစ်ပတ် သလဲဆိုတော့ ကျွန်တော် (L.C.R) ဘက် လျှောက်မသွားခင် ကျွန်တော့် နောက်ကျောမှာ စက္ကူရှည်ကြီးတစ်ခု မျောက်မြီးလုပ်ပြီး ချိတ်ပေးလိုက် တာကိုး’

ကိုလှသော်၏ အဖြစ်အပျက်ကို စိတ်ဝင်စားစွာ နားစိုက်ထောင် လျက် ရှိသူများလည်း ဝါးခနဲ ပွဲကျသွားကြ၏။ ထို့နောက် ကိုနန်းဝေ က သူ့စကားသူ ပြန်ဆက်လေသည်။

‘မနှစ်က ကိုလှကြည်တစ်ယောက် မခင်ဝေ... မခင်ဝေနဲ့ တစ်ဝေ တည်း ဝေနေတာ မှတ်မိသေးကြရဲ့လား။ သူ အဲဒီ မခင်ဝေကို မြင်မြင်ချင်း သိပ်ကြိုက်ပစ်လိုက်တာပေါ့။ အဲ... တစ်နေ့ ကော်ရစ်ဒါမှာ မခင်ဝေ လျှောက်သွားတုန်း ဟောဒီ ကိုလှသော်ကြီးကလည်း အရင်တစ်ခါ တစ် ပတ်ရိုက်ခံလိုက်ရကတည်းက ချက်ကောင်း စောင့်နေသလား မသိဘူး။ ကိုလှကြည် မခင်ဝေကို စကားလိုက်ပြောလို့ ရ မရ လောင်းချင်တယ်။ လိုက်ပြောလို့ ဟိုက ရယ်ရယ်ပြုံးပြုံး ပြန်ပြောရင် ကိုလှကြည်က အနိုင်၊ ဟိုက ဘုမသိ ဘမသိ အူကြောင်ကြောင် ဖြစ်နေလို့ရှိရင် ကိုလှသော်က အနိုင်ဆိုပြီး ဘိုင်စကုတ်ပြတမ်း လောင်းကြပြန်ပါရောဗျို့။ ကိုလှကြည် ကလည်း စိန်လိုက်တဲ့။ ချက်ချင်းပါပဲ။ ငှက်ကြီးဝန်ပို ခြေလှမ်းကြဲကြီးတွေ နဲ့ မခင်ဝေနောက် လိုက်သွားတော့တာပါပဲ။ နောက်ပြီး ကိုယ့်လူက ဖြောင့်လို့ ဖြူးလို့။ မခင်ဝေကို တားပြီး စကားတွေ အကြာကြီး ပြောနေ ပါရောဗျို့။ မခင်ဝေကလည်း ပြုံးပြုံးကလေး။ တကတဲ မိတ်ဟောင်း ဆွေဟောင်းကြီးတွေကျလို့။ ကိုလှသော်ကတောင် ဒီလူနဲ့ မခင်ဝေ အစ ကတည်းက သိပြီးသားထင်တယ်လို့ မယုံသင်္ကာ ဖြစ်သွားသေးတယ်။ အတော်ကလေး ကြာသွားတော့မှ ကိုလှကြည် ကျွန်တော်တို့ဆီ ရင်ကော့

ကော့ လည်မော့မော့နဲ့ ပြန်လျှောက်လာပြီး ကဲ... မြင်ကြရဲ့ မဟုတ်လား။ ဖိုးကံကောင်းနဲ့ လာလောင်းလို့ မီးခဲကိုင်တာထက် ဆိုးတော့မပေါ့လို့ ကြွားလိုက်သေးတယ်။ နောက် ချက်ချင်းပဲ သူက ကိုလှသော်ကို ဝမ်းသာအားရ ဖက်လိုက်ပြီး ဘာမှ ပူမနေနဲ့တဲ့။ သူကပဲ နိုင်တဲ့အနေနဲ့ ဘိုင်စကုတ်လည်း ပြ၊ ထမင်းလည်း အဝကျွေးပါမယ်။ ကိုလှသော် ကျေးဇူးကိုလည်း ဘယ်တော့မှ မမေ့ပါဘူး။ သူ မခင်ဝေကို ကျိတ်ချစ်နေတာ ကြာလှပြီ။ ဘယ်လို မိတ်ဖွဲ့ရမှန်းကို မကြံတတ်လို့ စိတ်ပျက်နေခဲ့တာ ခုမှပဲ စွံတော့တယ်။ ကိုလှသော်ကသာ ခုလို မဖန်တီးပေးရင် မခင်ဝေကို တော်တော်နဲ့ သိရဦးမှာ မဟုတ်ဘူး။ ခုတော့ မခင်ဝေက သူ့ ဟော(လ်)ကိုလည်း လာလည်ပါ၊ လမ်းတွေ့ရင်လည်း နှုတ်ဆက်ပါလို့ ပြောလိုက်သတဲ့။ သူ ပြောတာတွေ ယုံနိုင်စရာတောင် မရှိပါဘူးဗျာ။ အဲဒီတုန်းက သူ ဘယ့်နှယ်များ မိတ်ဖွဲ့သလဲ သိလား။ တကယ်လည်း တတ်နိုင်တဲ့လူ။ သူ့အဖေက ကျောင်းမှာ သူ့အချစ်ဆုံး မိတ်ဆွေ ဦးမောင်ကြီးရဲ့သမီး မခင်ဝေ ဆိုတာ ရှိလေရဲ့။ မင်း သူ့ကို သွားတွေ့လိုက်ပါ။ အစစအရာရာ ကူညီစောင့်ရှောက်လိုက်ပါလို့ မှာလိုက်လို့တဲ့။ ဒီကနေ့ မခင်ဝေကို သူငယ်ချင်းတွေက "နီရာ မောင်ကြီး" ဆိုတာ သူပဲလို့ပြောနေတာ ကြားတော့မှ သူ့အဖေပြောတဲ့ ဦးမောင်ကြီးသမီး ဆိုတာ သိရပြီး လာနှုတ်ဆက်တာပါလို့ သွားပြောသတဲ့ဗျာ။ တော်တော်လည်း အကြောင်းရိုက်ရဲတဲ့ လူပါပဲ။ အဲသလိုနဲ့ပဲ ကိုလှကြည်ကြီး တစ်ယောက် မခင်ဝေနဲ့ တတွဲတွဲ ဖြစ်လာကြတော့တာပေါ့။ ကျောင်းအားတဲ့ ရက်တွေမှာ ဘိုင်စကုတ် ခေါ်ထုတ်လို ခေါ်ထုတ်၊ ဈေး အတူသွားလို သွားနဲ့ အတော်ကြီး ရင်းနှီးလာကြတယ်။ ဒါပေမဲ့ သိပ်မကြာပါဘူး။ ကျွန်တော်တို့ ဖိုးကံကောင်းကြီး ကိုယ့်ရှူးကိုယ်ပတ် ဖြစ်ရတော့တာပဲ။ ကျောင်းသားသပိတ်ကြီး

မမှောက်ခင်ကလေးကပေါ့။ ဘယ်သူမှ မသိခဲ့ရတဲ့ မခင်ဝေရဲ့ အတွင်းရေးကို သိလိုက်ရပြီး သူ့အဖို့ မခင်ဝေကို ရင်မဆိုင်ဝံ့တော့တဲ့အထိ အကျပ်တွေ့ရတာပဲ။ ဒီလိုဗျ၊ မခင်ဝေရဲ့အဖေက ဦးမောင်ကြီးမှ မဟုတ်ဘဲကိုး၊ ဦးတင်ထူးတဲ့။ ဦးမောင်ကြီး ဆိုတာက မခင်ဝေရဲ့ ဦးကြီးဆိုကိုး။ မခင်ဝေ ငယ်ငယ်ကလေးထဲက သူတို့မယ် သားထောက်သမီးခံ မရှိလို့ သူ့ညီ ဦးတင်ထူးဆီက ယူမွေးစားဖို့ ခွင့်တောင်းခဲ့ဖူးသတဲ့။ ဒါပေမဲ့ ညီကလည်း သမီးကလေးကို ချစ်လွန်းလို့ ခွင့်မပြုခဲ့ဘဲ သူ့အစ်ကိုကြီး ကျေနပ်အောင်ဆိုပြီး မယ်သီလရှင်ကျောင်းမှာ အင်္ဂလိပ်နာမည် မှည့်ရတဲ့အခါမှာ မိဘနာမည် နေရာမယ် မောင်ကြီးလို့ တပ်ပေးခဲ့သတဲ့။ ဒါကြောင့် သူ့နာမည် "နီရာမောင်ကြီး" ဖြစ်နေတာပေါ့။ အဲဒါကို ကိုလှကြည်က ဟုတ်လှပြီအထင်နဲ့ ဦးမောင်ကြီးဟာ သူ့အဖေနဲ့ မိတ်ဆွေပါလို့ အကြောင်းပြပြီး မိတ်ဖွဲ့ပါလေရော။ နောက်တော့မှ အကြောင်းမှန်လည်း သိရရော အရှက်လွန်ပြီး အကြီးအကျယ် စိတ်ဒုက္ခရောက်ရတော့တာပေါ့။ အဲဒီကတည်းက သူ ကျောင်းတောင် မတက်တော့ဘဲ မခင်ဝေနဲ့လည်း အဆက်ပြတ်ကြရတာပဲ။ ကျွန်တော်တို့ကတော့ သူ့ကို ဝိုင်းပြီး အားပေးခဲ့ကြပါသေးတယ်။ သူ ဒီလို ဖြောင်ညာတာ သိလျက်သားနဲ့ မခင်ဝေက အကြောင်းမှန်ကို ဖွင့်မပြောဘဲ ဆက်ဆံနေတာကိုက သူ့အပေါ်မှာ သံယောဇဉ်မကင်းလို့ ဖြစ်မှာပဲ။ စ စချင်း တစ်ဖက်သားရှက်သွားမှာစိုးလို့ မပြောဘဲ မြုံထားတောင် အခုအချိန်အထိ ဆက်မြုံထားတာကတော့ သူကလည်း အနည်းနဲ့အများ ချစ်နေလို့ ဖြစ်မှာပဲ။ ဒီတော့ ချစ်လွန်းလို့ လိမ်ပြောမိတာပါလို့ အမှန်အတိုင်း ဖွင့်ပြောလိုက်ပါလားလို့ တိုက်တွန်းခဲ့ပါတယ်။ ပထမတော့ ကိုယ့်လူက အင်တင်တင်ကြီး ဖြစ်နေသေးတယ်ဗျ။ နောက်တော့မှ ဘာစိတ်ကူးပေါက်သွားသလဲ

မသိဘူး။ သူ့ သံသေတ္တာထဲက ငွေဒင်္ဂါးကလေး တစ်ပြား ထုတ်ယူလာပြီး ကျွန်တော့်ကို မြောက်ပန်းလှည့်ခိုင်းတယ်။ သူ လောင်းတာ ရှုံးရင် မခင်ဝေကို ချက်ချင်း သွားတွေ့ပြီး ချစ်ရေးဆိုပါ့မယ် တဲ့။ ကျွန်တော် လည်း သူ ရှုံးပါစေဆိုတဲ့စိတ်နဲ့ ဒင်္ဂါးကို လှည့်လိုက်မိတယ်။ သူက "ခေါင်း" လို့လည်း လောင်းလိုက်ရော ကျွန်တော်လည်း အုပ်ထားတဲ့ လက်ဝါးကို ဒင်္ဂါးကလေးပေါ်က ဖယ်လိုက်တယ်။ ကျွန်တော် ဆုတောင်းတဲ့အတိုင်း ပန်းကျတယ်ဗျ။ သူလည်း ဒင်္ဂါးကို ကပျာကယာ ပြန်ကောက်သိမ်းလိုက်ပြီး မခင်ဝေဆီ ခုချက်ချင်း သွားပါတော့မယ်ဆိုပြီး ထွက်သွားတော့တာပဲ။ ခင်ဗျားတို့ သိတဲ့အတိုင်း မြောက်ပန်းလောင်းတာမှာ ဘယ်တုန်းကမှ ရှုံးခဲ့ဖူးတဲ့လူ မဟုတ်ဘူး။ ဒီတစ်ခါ ရှုံးသွားရတာဖြင့် သူ့ဖူးစာကြုံချင်လို့ပဲလို့တောင် ပြောလိုက်မိကြပါသေးတယ်'

ကိုနန်းဝေက သူ့ဇာတ်လမ်းကို ခေတ္တနားလိုက်စဉ် မြအေးက ငွေဒင်္ဂါးကလေး နှစ်ပြားကို စားပွဲပေါ် ပစ်ချလိုက်ရင်းက-

'ကိုလှကြည်တုန်းကတော့ သူ့ဒင်္ဂါးနဲ့သူ ရဲဆေးတင်ပြီး သွားရင်းက တပ်လန့်ပြေးခဲ့ရရှာတာပဲ။ ကျွန်တော်တို့ ဇာတ်လိုက် သိန်းအောင်သာ ဘယ်လိုဖြစ်ပြီး ပြန်လာမလဲ မသိဘူး' ဟု ပြောလိုက်၏။

'နေပါဦးလေ၊ သိန်းအောင်ကိစ္စက ပြန်လာတော့ သိရမှာပေါ့။ ကိုလှကြည်ကြီး အကြောင်းသာ ဆက်ပြောစမ်းပါဦး'

ကိုနန်းဝေ ပြောပြသော ဇာတ်လမ်းတွင် အာရုံစိုက်လျက် ရှိခဲ့သည့် ကိုတင်မောင်က နီဂိုးချုပ်ကို ပွဲတောင်းနေပြန်သောကြောင့် ကိုနန်းဝေက ဆက်၍-

'အဆုံးသတ်ကတော့ အချစ်ဇာတ်လမ်းတွေရဲ့ ထုံးစံအတိုင်းပဲ ပေါ့ဗျာ။ အဲဒီနေ့က ကိုလှကြည်က မခင်ဝေကို သူ့အကြောင်းတွေ

သူ အကုန်လုံး ဖွင့်ပြော၊ သူ့အပြစ်တွေ သူ အကုန်ဖွင့် ဝန်ခံပြီး အသေအလဲ ချစ်နေမိတဲ့အကြောင်း ဖွင့်ပြောလိုက်သတဲ့။ ဒီတော့ မခင်ဝေက အရင်ကလိုပဲ မောင်လို နှမလို ခင်ခင်မင်မင် နေသွားကြရင် ကောင်းပါတယ်။ ကိုလှကြည်ရဲ့အချစ်ကို ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူးလို့ ခါးခါးသီးသီး ငြင်းလွှတ်လိုက်သတဲ့။ အမှန်ကတော့ ဟိုက မိန်းကလေးထုံးစံအတိုင်း ချက်ချင်း ခေါင်းမညိတ်ချင်လို့ မူသင့်သလောက် မူလိုက်တာပါဗျာ။ အမှန်တော့ သူလည်း ပြန်ကြိုက်နေတာပါပဲ။ ခုဆိုရင် ကိုလှကြည်စိတ်နဲ့ တမှိုင်မှိုင် တတွေတွေ ဖြစ်နေသတဲ့။ သူတို့ ဘင်တန်ဟော(လ်)မှာ ဒီအကြောင်းတွေပဲ ပြောနေကြတာပဲ။ ကိုလှကြည်ကတော့ သူ့အပြစ်နဲ့ သူ အရှက်လွှနဲ့သွားတာပါ။ အဲဒီက ပြန်လာပြီးတဲ့နောက် သူ ကျောင်းက ပျောက်ခြင်းမလှ ပျောက်သွားတာပါပဲ။ သူ မသွားခင်တော့ ကျွန်တော်တို့ကို နှုတ်ဆက်သွားပါသေးတယ်။ ဟောဒီ ဒင်္ဂါးကလေး နှစ်ပြားကို သူ မသွားခင် ကျွန်တော့်ကို ပေးသွားတာပဲ။ ဒီ ဒင်္ဂါးကလေး နှစ်ပြားကို အမှတ်တရ သိမ်းထားလိုက်ကြပါ တဲ့။ တစ်ပြားက နှစ်ဖက်စလုံး ခေါင်း၊ နောက်တစ်ပြားက နှစ်ဖက်စလုံး ပန်း တဲ့။ ဒီ ဒင်္ဂါးပြား နှစ်ပြားနဲ့ပဲ သူ ကျွန်တော်တို့တစ်တွေကို အမြဲတမ်း အနိုင်ယူခဲ့တာပေါ့။ အဲဒီနေ့က မခင်ဝေဆီ သွားဖို့ မသွားဖို့ မဆုံးဖြတ်နိုင်တာနဲ့ လောင်းကြေးစားကြေးဆိုရင် ရဲဆေးတင်ပြီးသား ဖြစ်သွားအောင်ဆိုပြီး သေတ္တာထဲက ဒင်္ဂါးတစ်ပြားကို မကြည့်ဘဲ ရမ်းနှိုက်ယူလိုက်မိတာပဲတဲ့။ ကြည့်ကြလေ သူ့ဒင်္ဂါးတွေကို'

ပြောရင်းဆိုရင်း ကိုနန်းဝေက ဒင်္ဂါးများကို ပြသရာတွင် အားလုံးကပင် စိတ်ဝင်စားစွာ ကြည့်နေမိကြ၏။ အားလုံးလိုလိုပင် ဤဒင်္ဂါးများ၏ လှည့်စားမှုကို ခံခဲ့ရဖူးသူများ ဖြစ်ကြသော်လည်း ကိုလှကြည်ကို

ကား စိတ်မဆိုးနိုင်ဘဲ ရှိသည့်အပြင် သူ့အဖြစ်အပျက်ကို နားထောင်ရင်း စိတ်မကောင်းဖြစ်လျက် ရှိကြတော့သတည်း။

(၃)

ကမာရွတ် ရွာသစ်ရပ်ရှိ ဘုရားကိုးဆူ ကျောင်းပလျက်ရှိသော အိမ်တစ်ဆောင်၏ နောက်ဖေးခန်းအတွင်းမှ တောင်စဉ် ရေမရ အော်ကျယ်ဟစ်ကျယ် ပြောဆိုနေသည့် အသံသေး အသံကြောင်တစ်ခုနှင့် ထိုအသံကို ဝိုင်း၍ ပွဲကျလျက်ရှိသော လူတစ်စု၏အသံများ ထွက်ပေါ်လာလေ၏။

ထိုအသံရှင်မှာ အခြားသူမဟုတ်၊ သိန်းအောင်ပင် ဖြစ်ပေသည်။

အရက်တစ်ခါမှ မသောက်ဖူးသူ သိန်းအောင်မှာ သူ့ရှေ့မှ စားပွဲပေါ်တွင် အရက်ပုလင်းကို ထောင်လျက် ကိုယ်ကို ယိမ်းထိုးရင်း ပြောချင်ရာတွေ ပြော၍ အော်ချင်ရာတွေ အော်လျက် ရှိချေပြီ။ သူ့နံဘေးနားတွင်လည်း တက္ကသိုလ်တွင် "ကြွက်တွင်းကြီးများ" ဟု နာမည်ရကြပေသော ကိုတင်မောင်နှင့် ကိုသန်းထွန်းတို့မှာ ရီဝေသော မျက်လုံးကြီးတွေကို ကလယ် ကလယ် လုပ်ရင်း လူရိုးကလေး သိန်းအောင်အား အရက်သမားဇာတ် သွင်းလျက် ရှိကြပေပြီ။

သူတို့ အရက်ပွဲ ခင်းကျင်းသည့် နေရာကို ကြည့်ပါဦး။

အိမ်နောက်ဖေး အခန်းငယ်တစ်ခုတွင် ဖြစ်သော်လည်း အိမ်ရှေ့ခန်းဆီမှ သံနေသံထားနှင့် တတွတ်တွတ် ရွတ်ဖတ် သရဇ္ဈာယ်လျက်ရှိသော ဘုရားကိုးဆူ ဆရာ၏ အသံကို လည်းကောင်း၊ "ဒူဝေ... ဒူဝေ" မြည်ကာ ထွက်ပေါ်လာသည့် ကြေးစည်သံများကို လည်းကောင်း ကြားနေရလေသည်။

သိန်းအောင်မှာ ထိုနေ့ ညနေပိုင်းက ကျောင်းဆောင်အခန်းတွင်း

သို့ ဝင်ရောက်ခဲ့မိစဉ် သူငယ်ချင်းတစ်သိုက်က မိမိ၏ စွန့်စားခန်းကို ဝိုင်းဝန်း မေးခဲ့ကြလေ၏။

သူငယ်ချင်း အားလုံးကပင် မိမိအတွက် စေတနာကောင်းနှင့် မေးမြန်းကြခြင်း ဖြစ်သောကြောင့် အဖြစ်မှန်ကို မရှက်မရွံ့ ဖွင့်ပြောလိုက်ရတော့သည်။ အမြဲတမ်း ပြောင်လှောင်နေကျ ကိုတင်မောင်ကပင်–

'ဒီ ကိုလှကြည် ဒင်္ဂါးတွေကလည်း ကောင်းကျိုးမပေးပါဘူးဗျာ။ ကိုလှကြည်ရော၊ ကိုသိန်းအောင်ရော ဆန်ပြုတ်ဖြစ် ပြန်လာရတာချည်းပါပဲ' ဟု မကျေမနပ် ပြောလိုက်သေး၏။

ထိုအခါမှပင် သိန်းအောင်လည်း ကိုလှကြည်၏ ဒင်္ဂါးလိမ်များဖြင့် သူ့ကို မခင်ဆွေဆီ မသွား သွားဖြစ်အောင် မြအေး လှည့်စားလွှတ်လိုက်ပုံများကို သိရလေတော့၏။ ထို့နောက် ကိုတင်မောင်ကပင် ရွာသစ်ထဲမှ ကျောင်းသားမိတ်ဆွေ ကိုထွန်းရှိန်က ဘုရားကိုးဆူ ဖိတ်ထားသည်ဆို၍ စိတ်ပြေလက်ပျောက် လိုက်ခဲ့ရန် အတင်းဆွဲခေါ်ရာက အစ၊ ယခုလို ဘုရားကိုးဆူ အိမ်တွင် အရက်မူးရသည့် အခြေသို့ ရောက်ခဲ့ရခြင်း ဖြစ်၏။

အမှန်မတော့ ဤကဲ့သို့ဖြစ်စေရန် မြအေးကပင် ဆတ်ဆော့မိခြင်း ဖြစ်၏။ ဘုရားကိုးဆူ အိမ်သို့ ရောက်သည့်အခါ၌ မြအေးကပင် လက်သိပ်ထိုး၍ အိမ်ရှင် ကိုထွန်းရှိန်အား အရက်တစ်ပုလင်း ဝယ်ခိုင်းလိုက်ပြီး သိန်းအောင်အား အရက်သောက်ရန် စတင် ဆွယ်တော့လေရာ–

'ကဲကွာ ဒါလောက်တောင် ဖြစ်တယ်၊ မင်းတို့ ကြည့်သာ ထိန်းကြပေတော့' ဟု ပြောပြောဆိုဆို တစ်ခွက်ပြီး တစ်ခွက် မော့တော့ခြင်း ဖြစ်လေသည်။

ယခုမူ သိန်းအောင်မှာ သီချင်းတွေပင် အော်ကြီးဟစ်ကျယ် သီဆိုစ

ပြုလာတော့သဖြင့် တားမြစ်လို့လည်း မရ။ ပါးစပ်ပိတ်ရမှာလည်း အခက်ဖြစ်နေသောကြောင့် ဘုရားကိုးဆူလာ ညှော့ပရိသတ်အားလုံး သိမသွားမီ အမြန်ဆုံးလစ်ရန် ကြံစည်ရတော့၏။ သို့နှင့် မကြာမီအတွင်းမှာပင် မြအေးသည် သိန်းအောင်၏ လေးလံသော ကိုယ်ခန္ဓာကြီးအား မနိုင့်တနိုင် ဖေးမ တွဲခေါ်ရင်း အိမ်နောက်ဖေးမှ ဆင်းခဲ့ကြလေတော့သတည်း။

## [၉] မရှင်းတဲ့ အခြေ

### (၁)

နောက်တစ်နေ့မနက် သိန်းအောင် အိပ်ရာမှ နိုးသောအချိန်တွင် ဆယ်နာရီ ထိုးနေလေပြီ။

အိပ်ရာမှ ထ ရန် ခေါင်းထူမည်အပြု–

'သိန်းအောင်... သိန်းအောင် မထနဲ့၊ အိပ်နေဦး၊ မင်း ဖျားနေတယ်' ဟူသော မြအေး၏အသံကို ကြားလိုက်ရသောကြောင့် ကိုယ့်နဖူးကိုယ် အမှတ်တမဲ့ လက်ဝါးဖြင့် စမ်းကြည့်လိုက်မိရာ ကိုယ်ရှိန် အတော်ကလေး ပူနေကြောင်းကို သိရလေ၏။

ခေါင်းတစ်ခုလုံးမှာလည်း မူးနောက် ရီဝေလျက် ရှိပြီးလျှင် တစ်ကိုယ်လုံး ကိုက်ခဲ နာကျင်နေရာ မျက်လုံးများကို စုံမှိတ်ထားလိုက်ရလေ၏။

စိတ်ထဲ၌ကား အဖြစ်အပျက်များကို စိတ်ထဲမှ ဖျောက်ဖျက်၍ မရသေးမီတွင် ယမန်နေ့မနက်က အဖြစ်အပျက်များကို တစ်ဖန် စဉ်းစားမိပြန်တော့သည်။

နှင်းတို့အိမ်သို့ အထင်ကြီးနှင့် သွားခဲ့ရာမှ "မခင်ဆွေ မရှိတော့" ဟူသော အကြောင်းကို ကြားလိုက်ရပုံမှာ ဘိုင်စကုတ်၊ ဝတ္ထု အစရှိသော စိတ်ကူးယဉ်ဇာတ်များတွင် ကြည့်ရသူ၊ ဖတ်ရသူများ၏ စိတ်ကို မခံချိမခံသာ ဆန့်တင့်ငံ့ ဖြစ်သွားစေအောင် တမင်သက်သက် ဖန်တီးထားသကဲ့သို့ ဖြစ်နေလေတော့၏။

အကယ်၍သာ နှင်းနှင့် မတွေ့မီ ဤအကြောင်းကို ကြိုတင်သိရှိရပါက ချာခနဲ လှည့်ပြန်ခဲ့မိမည်သာ ဖြစ်၏။

နှင်းကတော့ သူ့အကြောင်းကို အနည်းငယ်မျှ မရိပ်မိရှာ။ အထူးသဖြင့် ထိုနေ့တွင်မှ သိန်းအောင်အပေါ်တွင် ပိုမို၍ ဂရုစိုက်ပုံ ရလေ၏။ ဆက်ဆံပုံ အပြုအမူတို့မှာလည်း ယခင် တွေ့ဖူးစဉ်အခါများကကဲ့သို့ ကလေးကလား မဆန်တော့ဘဲ သိသိသာသာ အပျိုကြီးဂိုက်ဖမ်းလျက်ရှိကြောင်းကို တွေ့ရလေ၏။

နောက် စန္ဒရားတီးစဉ်၊ ဓာတ်ပုံစာအုပ်များကို ထုတ်ပြစဉ်အခါများ၌လည်း သူ့ထံမှ မွှေးကြိုင် သင်းထုံသော ကိုယ်ရနံ့များကို တမင်သက်သက် အရှူခိုင်းဘိသကဲ့သို့ ကိုယ်ချင်းပူးမတတ်၊ ထိမတတ် နီးနီးကပ်ကပ် ထိုင်တတ်ကြောင်းကို အကဲခတ်မိလေသည်။

သိန်းအောင်၏ စိတ်ထဲတွင် "ဒီ ကောင်မကလေး ငါ့အပေါ်မှာ မရိုးမသားများ ဖြစ်နေရှာသလား" ဟု စဉ်းစားမိရင်းက စိတ်ချောက်ချားသွားမိသေး၏။

သိန်းအောင် ထိုကဲ့သို့ ရောက်တတ်ရာရာ တွေး၍ ငြိမ်သက်စွာ မှိန်းနေခိုက် မြအေးက–

'ကဲ... ကဲ ဆူဆေး သောက်လိုက်စမ်းကွာ၊ ရော့... ရော့' ဟု သောက်စေလေ၏။ ထိုနောက် မြအေးသည် မိမိကို စောင်ခြုံပေးပြီးနောက် စာမေးပွဲ ဖြေဆိုရန် ထွက်၍ သွားလေတော့သည်။

(၂)

**ဖေဖေ ခင်ဗျား။**

ဤစာမှာ ဖေဖေ့အပေါ်တွင် မလိမ်စဖူး လိမ်လိုက်မိသည့်အတွက် အပြစ်မယူတဲ့ ခွင့်လွှတ်ပါရန် လက်အုပ်ချီ ကန်တော့လိုက်သော တောင်းပန်စာ ဖြစ်ပါသည်။ ကျွန်တော် ရန်ကုန်တက္ကသိုလ်တွင် ပညာ ဆက်လက်သင်ကြားလိုခြင်းမှာ အမှန်အားဖြင့် ပညာရေးကြောင့် မဟုတ်ပါ။ အခြား ကျွန်တော်၏ ကိုယ်ရေးကိစ္စ တစ်ခုအတွက် ဖြစ်ပါသည်။

ယခုတော့ ကျွန်တော့်အပြစ် ကျွန်တော် ကောင်းစွာ နောင်တရပါပြီ။ မြန်မာပြည်တွင် ကြာရှည်နေလိုစိတ်လည်း မရှိတော့ပါ။ ဖေဖေ ပို့သည့်ဆီသို့ မဆိုင်းမတွ ချက်ချင်း သွားလိုပါသည်။ ကျွန်တော် မကြာမီ ပင် ပြည်သို့ အမြန်ဆုံး ပြန်ခဲ့ပါတော့မည် ဖေဖေခင်ဗျား။

**သားချစ် သိန်းအောင်**

သိန်းအောင်သည် စာကို ရေး၍ အဆုံးသတ်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက် တစ်ခေါက် ပြန်ဖတ်ပြီးလျှင် သပ်သပ်ရပ်ရပ်ခေါက်ကာ စားပွဲပေါ်တွင် မင်ဘူးကလေးနှင့် ဖိထားလိုက်၏။

ကျောင်းဆောင်တစ်ခုလုံးမှာ ကျောင်းသားတိုင်းလိုလိုပင် စာမေးပွဲ သွားဖြေနေခိုက် ဖြစ်သဖြင့် တိတ်ဆိတ် ငြိမ်သက်လျက် ရှိလေသည်။

မြအေးမှာလည်း စာမေးပွဲ သွားဖြေနေလေရာ အခန်းထဲတွင် သိန်းအောင် တစ်ယောက်တည်း ကျန်ခဲ့လေ၏။ သိန်းအောင်မှာ တစ်နေ့ ခင်းလုံးလိုလိုပင် တစ်ယောက်တည်း ကိုယ့်ဘဝကိုယ် တွေး၍ စိတ်နာမိ ရင်းက မခင်ဆွေအား ရှောင်ထွက်သွားရန် စိတ်ပိုင်းဖြတ်မိကာ ဖခင်ကြီး ထံ အထက်ဖော်ပြပါ စာကို ရေးမိခြင်း ဖြစ်လေ၏။

ထိုအခိုက်မှာပင် ကျောင်းဆောင် စင်္ကြံပေါ်မှ ဖိနပ်သံများကို ကြားလိုက်ရသောကြောင့် မြအေးတို့ စာမေးပွဲ ဖြေနိုင် မဖြေနိုင် ဆီးမေးမည်ဟု အဆင်သင့် စောင့်နေမိလေ၏။

သို့ရာတွင် သိန်းအောင် တွေ့လိုက်ရသူများမှာ မြအေးတို့ မဟုတ်ဘဲ နှင်းနှင့် သူ့အိမ်က အိမ်ဖော် မိန်းမကြီးတို့ ဖြစ်နေလေသည်။

'ဟင်... နှင်းတို့ပါလား'

နှင်းမှာလည်း အိပ်ရာပေါ် စောင်ခြုံ၍ လှဲနေသော သိန်းအောင်ကို မြင်လိုက်ရသောကြောင့် မျက်လုံးကလေးများ ပြူးသွားရာက–

'အို... ကိုသိန်းအောင် နေမကောင်းလို့လား၊ ဒီကနေ့ စာမေးပွဲသွားမဖြေနိုင်ဘူး ထင်တယ်'

'ဟုတ်တယ် နှင်း၊ ကိုသိန်းအောင် မနက်ကတည်းက ဖျားနေတာ။ ကနေ့ စာမေးပွဲ မဖြေဖြစ်တော့ဘူး။ နှင်းတို့ကော ဘာကိစ္စနဲ့ ပေါက်လာကြတာလဲ။ လာလေ ဝင်ထိုင်ကြပါဦး'

သိန်းအောင်မှာ အရက်နာကျလျက် ရှိသည်ကို နှင်းတို့ မရိပ်မိစေရန် ဣန္ဒြေဆောင်၍ အိပ်ရာပေါ် လှဲနေရာက ထထိုင်လိုက်ရင်း ဧည့်သည်များကို ကုလားထိုင်များဆီသို့ ညွှန်ပြနေလေ၏။

'အို... နှင်းတို့အတွက် ဒုက္ခရှာမနေပါနဲ့၊ လှဲသာ လှဲနေပါ။ မထပါနဲ့ ကိုသိန်းအောင်၊ နှင်းတို့ ကိစ္စထူး မရှိပါဘူး။ ကိုသိန်းအောင်ဖို့ မမဆွေဆီက စာတစ်စောင် ရောက်လာလို့ လာပို့တာပါ။ ရော့... ရော့'

သိန်းအောင်မှာ နှင်း လက်ကမ်းပေးနေသည့် စာအိတ်ကလေးကို အံ့အားသင့်စွာ လှမ်းယူလိုက်မိရင်း ဝမ်းသာရမလိုလို၊ အားတက်ရမလိုလို ဖြစ်ကာ အမူအရာများပင် ပျက်မတတ် ဖြစ်သွားမိလေသည်။

'ကျေးဇူးတင်ပါတယ် နှင်းရယ်၊ ဒီစာကလေး တစ်စောင်အတွက် သက်သက် ဒုက္ခရှာပြီး လာပို့ရသလား'

'အို... ကိစ္စမရှိပါဘူး၊ နှင်းလည်း ကိုသိန်းအောင်ဆီ အလည်လာရင်း ဝင်ပေးတာပါ။ ကိုသိန်းအောင် အခန်း မနည်းလိုက်ရှာရတယ်'

'ဒီလို တကူးတက လာပေးတာ ကျေးဇူးတင်ပါတယ် နှင်းရယ်'

'ကဲ... နှင်းတို့ ပြန်လိုက်ဦးမယ်နော်၊ ကိုသိန်းအောင်လည်း နေကောင်းရင် အိမ်ကို အလည်လာခဲ့ပါဦးလေ။ ကဲ... လာ မကြီးလှ၊ သွားကြစို့' ဟု နှင်းသည် သိန်းအောင်ထံသို့ လှည့်ပြန်တစ်ချက် ကြည့်၍ နှုတ်ဆက်လိုက်ရင်း အိမ်ဖော်မိန်းမကြီးနှင့်အတူ ထွက်သွားကြလေ၏။

သိန်းအောင်ကား သူတို့ အခန်းထဲမှ ထွက်သွားလျှင် ထွက်သွားချင်းပင် လက်ထဲမှ စာအိတ်ကလေးကို ဝမ်းသာအားရ ဖောက်ဖတ်လိုက်မိသည်။

**မောင်လေး**

မောင်လေးရဲ့ လိပ်စာကို အစ်မကြီး မသိလို့ နှင်းတို့ဆီက တစ်ဆင့် ဒီစာကို ပို့လိုက်ပါတယ်။ မောင်လေးတော့ အစ်မကြီးကို စိတ်ဆိုးနေမှာပဲ။ အမှန်တော့ စိတ်ဆိုးစရာပဲပေါ့။ အစ်မကြီး ရုတ်တရက် ထွက်သွားတာဟာ မောင်လေးကို ဂရုမစိုက်ရာ ကျနေတယ်။

ဒါပေမဲ့ ဒီလိုမလုပ်လို့ မဖြစ်ဘူး မောင်လေးရေ။ မောင်လေးသာ အစ်မကြီးနေရာက ဝင်ပြီးကြည့်ရင် ဒီလိုလုပ်မိတာဟာ မမှားဘူးဆိုတာ တွေးမိလိမ့်မယ်။ အစ်မကြီးမယ် အကြောင်းရှိတယ်။ မောင်လေး အခု အချိန်မယ် စိတ်ဒုက္ခရောက်နေသလို အစ်မကြီးကိုယ်တိုင်လည်း စိတ်ဒုက္ခ ရောက်နေတယ်ဆိုတာ မှတ်ပါ။

မောင်လေးရဲ့ စာကို ဖတ်ရလို့ မောင်လေးရဲ့ အချစ်ကိုလည်း

ယုံကြည်ပါတယ်။ မောင်လေးအပေါ်မှာ စိတ်လည်း မဆိုးပါဘူး။ အထင်လည်း မသေးပါဘူး။ အရူးလို့လည်း မအောက်မေ့ပါဘူး။ ရယ်လည်း မရယ်ပါဘူး။ ကလော်ပြီးလည်း မဆဲရက်ပါဘူး။ ချစ်ပါ၊ ချစ်နိုင်ပါတယ်။ လူတစ်ယောက်က ကိုယ့်ကို ချစ်နေတဲ့ဟာကို အစ်မကြီးက ဘာစိတ်ဆိုးစရာရှိသလဲ။ မောင်လေး တစ်ခုပဲ သိထားစေချင်တယ်။ အစ်မကြီးကတော့ မောင်လေးကို မောင်ကလေးတစ်ယောက်အဖြစ်နဲ့ပဲ ချစ်သွားနိုင်မယ့် အကြောင်းပါပဲ။ နောက်ပြီး တစ်ခု နားလည်ထားစေချင်တယ်။ ဒီလောကကြီးမယ် ချစ်တိုင်းလည်း ညားချင်မှ ညားတတ်ကြတယ်။ ညားတိုင်းလည်း ချစ်ချင်မှ ချစ်တတ်ကြတယ်။ အချစ်ဆိုတာဟာလည်း အင်မတန် ညစ်ပတ် ကလိန်ကျတယ်။ ဒါကြောင့် မောင်လေး ဒီ ဘာမဟုတ်တဲ့ အချစ်ကိစ္စအတွက်နဲ့တော့ ကိုယ့်ကိုယ်ကို စိတ်ဒုက္ခ မရောက်ပါစေနဲ့။

အစ်မကြီးရဲ့ စေတနာကိုလည်း မောင်လေး နားလည်ပါစေနော်။ အစ်မကြီးတော့ ဒီလောက်ပဲ ရေးတတ်တော့တယ်။ မောင်လေးသာ နားလည်စွာနဲ့ ကိုယ့်အစ်မကြီး အရင်းတစ်ယောက်အဖြစ် ဆက်ပြီး ပေါင်းသင်းဆက်ဆံသွားနိုင်မယ် ဆိုရင်လည်း အတိုင်းမသိ ဝမ်းသာရမှာပဲ။ ကျောင်းဖွင့်တဲ့ အခါကျရင် တွေ့ကြသေးတာပေါ့နော်။

မောင်လေး ပညာရေးကိုတော့ ကြိုးစားပါ။ အညွန့်တလူလူ တက်ခါစ မောင်လေးတို့ရဲ့ အရည်အချင်းတွေကို ဘာမဟုတ်တဲ့ ကိစ္စကလေးတွေအတွက် ဖျက်လိုဖျက်ဆီး မလုပ်ချင်ကြပါနဲ့။

ကဲ... တော်သေးပြီ။ မောင်လေး ကျန်းကျန်းမာမာ ရှိပါစေ။

အစ်မကြီး

သိန်းအောင်မှာ စာကို အဆုံးတိုင်အောင် ဖတ်လိုက်မိသော်လည်း အဓိပ္ပာယ်ကို နားမလည်နိုင်အောင် ရှိတော့၏။ ဘာတစ်ခုမျှ တိတိကျကျ အဖြေရှာမရသဖြင့် စာကို နောက်ထပ် အပြန်ပြန်အလှန်လှန် ဖတ်ကြည့်နေမိပြန်သည်။ သို့ရာတွင် မထူးခြား။ သူ လိုချင်သော အဖြေကိုကား မတွေ့ရ။ လိုရင်းအချက်ကို တိတိကျကျ မရေးဘဲ မလိမ့်တပတ် လှည့်ပတ်၍ ရေးထားသည့် စာမျှသာ ဖြစ်လေသည်။

'ဟော့... ပြစမ်းကွ၊ ဘာစာများလဲ၊ မင့်အစ်မကြီးဆီကပဲလား၊ တကတဲ စိုက်နေတာပဲ'

ရုတ်တရက် မြအေး၏အသံကို ကြားလိုက်ရတော့မှပင် သိန်းအောင်မှာ အိပ်မက် မက်နေရာမှ လန့်နိုးသကဲ့သို့ ဖြစ်သွားလေ၏။ ထိုနောက် သူ အဓိပ္ပာယ် ကောက်မရနိုင်သော စာကလေးကို မြအေး လက်ထဲသို့ ရှောရှောရှူရှူ ထိုးအပ်လိုက်ရင်း–

'အေးကွာ၊ သူ့ဆီက စာပါပဲ။ မင်းပဲ ဖတ်ကြည့်ပြီး ငါ့ကို ရှင်းပြစမ်းပါတော့။ ငါတော့ သူ ဘာကိုဆိုချင်တာလဲ မတွေးတတ်တော့ဘူး' ဟု စစ်ကူတောင်းလိုက်မိလေ၏။

မြအေးလည်း အင်္ကျီအဝတ်အစား မလဲနိုင်သေးဘဲ ခရီးရောက်မဆိုက်ပင် စာကလေးကို ဖတ်ကြည့်နေတော့သည်။ ထိုနောက် ဖတ်ရင်းဖတ်ရင်း မျက်နှာထား ပြုံးရွှင် ကြည်လင်လာရာက စားပွဲခုံပေါ် လက်ဖြင့် တအားပုတ်လိုက်ရင်း–

'ဟော့ကောင် စကားကြောရှည်ပြီး အများကြီး ရှင်းပြနေစရာ မလိုပါဘူးကွာ၊ မင့်ထက် အသက်ကြီးတဲ့လူပီပီ အစ်မကြီး မင်းကို ချစ်ပါတယ် ဆိုပြီးလည်း သူ တဲ့တိုး မပြောချင်ဘူး၊ ဟန်ဆောင်ပြီး မချစ်နိုင်ဘူးလို့လည်း သူ ရက်ရက်စက်စက် မငြင်းရက်ဘူး။ ဒီတော့

မင်း ဆက်ပြီးသာ ကြိုးစားပါ။ ချစ်တယ် မချစ်ဘူး ဆိုတာကိုတော့ တဖြည်းဖြည်းမှ အဆုံးအဖြတ်ပေးပါ့မယ်ဆိုတဲ့ အဓိပ္ပာယ်ကို မလိမ့်တပတ် လှည့်ပတ်ပြီး ရေးထားတာပဲကွ။ မင်း ဘာမှ စိတ်မပျက်နဲ့၊ ကျောင်းပြန်ဖွင့်ရင် ဆက်ကြံစည်ပေတော့ကွာ' ဟု အားပေးစကား ပြောနေလေ၏။ ထိုအခိုက်မှာပင် မြအေးမှာ စားပွဲခုံပေါ်တွင် မင်အိုးကလေးနှင့် ဖိထားသော စာရွက်ခေါက်ကလေး တစ်ခုကို ကောက်ယူ ဖတ်ကြည့်လိုက်ရာက မျက်လုံး မျက်ဆန်ပြူးပြူးနှင့်–

'ဟေ့... သိန်းအောင်၊ ဘာအရူးထရပြန်တာလဲကွာ၊ မင့်းဟာက ယောကျ်ားတစ်ယောက် မဟုတ်တဲ့အတိုင်းပဲ။ စိတ်ပျက်စရာ နည်းနည်းကလေး တွေ့လိုက်ရရင် ချက်ချင်းပဲ စိတ်လျှော့ပစ်တော့တာကိုး။ ငါ့လခွေး၊ ဒီလိုသာ စစ်မရောက်ခင်က မြားကုန်နေလို့ရှိရင် မိန်းမပဲ မကြိုက်ပါနဲ့တော့ကွာ' ဟု ပြောပြောဆိုဆို လက်ထဲမှ စာကလေးကို အစိတ်စိတ်အမြွာမြွာ ဆုတ်ဖြဲ လွှင့်ပစ်လိုက်လေသည်။

## [၁၀] ကျူတာ

(၁)

မိုးကလေး တဖွဲဖွဲ ရွာနေလေသည်။

ကျောင်း စတင်ဖွင့်လှစ်သောနေ့ ဖြစ်သဖြင့် ကျောင်းရက်များ အတွင်း ပျင်းရိ တွေဝေလျက်ရှိခဲ့သော တက္ကသိုလ်ကျောင်းဝင်းကြီးတစ်ခု လုံးမှာ အသက်ပြန်ဝင်လာသကဲ့သို့ လှုပ်လှုပ်ရှားရှား ဖြစ်လာတော့သည်။ အထူးသဖြင့် တက္ကသိုလ် အခြေစိုက်ရာဖြစ်သော ဘီ–အို–စီ အဆောက် အဦ တစ်ဝိုက်မှာ ပခုံးချင်း ရှောင်ဖယ်၍ သွားရမတတ် ရှုပ်ယှက်ခတ်မျှ စည်ကားလျက် ရှိလေသည်။

ကော်ရစ်ဒါ ခေါ် စင်္ကြံများတွင် ဟိုတစ်စု ဒီတစ်စု ဝိုင်းဖွဲ့ စကား ပြောနေသည့် ကျောင်းသူ ကျောင်းသားများကို တွေ့ရလေ၏။ တစ် ကျောင်းလုံးကား သစ်လွင်သော မျက်နှာ၊ သစ်လွင်သော အဝတ်အစား များဖြင့် သာယာ စိုပြည်လျက် ရှိတော့သည်။

'သိန်းအောင်ရေ၊ တို့ ဒီအခန်းကျတယ်ဟေ့'ဟု မြအေးက သတိ ပေးလိုက်တော့မှ သိန်းအောင်သည် မြအေး ခေါ်ဆောင်ရာ တဲကြီးတစ်ခု ဆီသို့ ပါသွားလေသည်။

အဆိုပါ ခနိမိုး ကျူထရံကာ ဝါးတဲကြီးတို့မှာ အင်္ဂလိပ် စစ်တပ်များ သိမ်းပိုက်ထားသော တက္ကသိုလ်ကျောင်း အဆောက်အဦများကို ပြန်လည် မရရှိမီကာလအတွင်း ယာယီ အသုံးပြုရန်အတွက် ဆောက်လုပ်ထားခြင်း ဖြစ်သော်လည်း အဆောက်အဦဟောင်း ပြန်လည် ရရှိရေးလုပ်ငန်းမှာ အောင်အောင်မြင်မြင် ထိထိရောက်ရောက် ဟူ၍ မရှိခဲ့သောကြောင့် ခေတ်သစ် တက္ကသိုလ် ကျောင်းသားတို့မှာ ထို ဝါးတဲကြီးများနှင့်ပင် စခန်းသွားခဲ့ကြရခြင်း ဖြစ်၏။ ယခုအခါ၌ ခနိမိုးများပင် ကွက်တိကွက်ကျဲ ဖြစ်လျက် ကျူထရံ ဆွဲတံခါးအချို့မှာလည်း တွဲလောင်း ပြုတ်ကျလျက် ရှိလေပြီ။

ကျောင်းသားများမှာလည်း ကျောင်းနှင့် ရက်ရှည်ကွဲနေခဲ့ကြရသဖြင့် မိမိတို့ အခန်းနံပါတ်များကိုပင် မေ့သလိုလို ဖြစ်နေကြလေ၏။ သပိတ်မှောက် ရက်များနှင့် ကျောင်းပိတ်ရက်များမှာ တစ်ဆက်တည်း ဖြစ်သွားခဲ့ရာ အတန်းများကို ယမန်နှစ်ကအတိုင်း မဟုတ်တော့ဘဲ အသစ်ပြန်လည် စီစဉ် ခွဲခြမ်းပေးထားသောကြောင့် ကိုယ့်အမှတ်စဉ် နံပါတ်အရ ဆိုင်ရာ ဆိုင်ရာ အခန်းများကို ရှာဖွေ၍ ဝင်ကြရခြင်း ဖြစ်၏။ ထို့ပြင် ကျောင်းသားတွေအဖို့ စာမေးပွဲများကို မကြာသေးမီကမှ ဖြေဆိုခဲ့ရခြင်းကြောင့် ကျောင်းသာ ပြန်လည် ဖွင့်လိုက်သော်လည်း အောင်သည်၊ မအောင်သည်ကို ယခုထက်တိုင် မသိကြရသေးပဲ ရှိလေသည်။ သို့ရာတွင် ဥပစာ အောက်တန်းသားများကို ယမန်နှစ်က စာသင်ချိန်နည်းလှသည်ကို ထောက်ထား ညှာတာ၍ လည်းကောင်း၊ သပိတ်ကိစ္စများကို အကြောင်းပြု၍ လည်းကောင်း သက်ညှာစွာဖြင့် အတန်းတင်ပေးလိမ့်မည် ဟူသော သတင်းကို ကြားထားပြီး ဖြစ်သောကြောင့် ကျောင်းသားတိုင်းလိုလိုပင် စိတ်အေးလျက် ရှိကြလေ၏။

'ဟေ့… ကိုသိန်းအောင်တို့၊ ဒီကို လာကြဗျို့'

သိန်းအောင်နှင့် မြအေးတို့လည်း တက်ရမည့် စာသင်ခန်းထဲသို့ ဝင်ခဲ့ကြစဉ် ကိုတင်မောင်က လှမ်း၍ ခေါ်လိုက်သောကြောင့် သူတို့ လူသိုက် နံဘေးနားတွင် သွား၍ ထိုင်လိုက်ကြလေ၏။ မြအေးကား ခုံများကို တစ်ခုံပြီးတစ်ခုံ ပြောင်းရွှေ့ ထိုင်ကာ နှစ်သစ် မော်ကွန်းထိုးထားသည့် တက္ကသိုလ် ခုံစာသစ်များကို အော်ကျယ် အော်ကျယ်နှင့် ဖတ်ရှု လျက် ရှိလေသည်။

'ဟေ့… မြအေး၊ ရှေ့တန်းက မိန်းကလေးတွေ ကြားသွားပါ့မယ် ကွာ'

ယဉ်ကျေးသော စကားအသုံးအနှုန်းတို့ဖြင့် ရေးသားထားသည် များကို ဖတ်စဉ်က ငြိမ်၍ နားထောင်နေခဲ့မိသော်လည်း တက္ကသိုလ် ကျောင်းတော်ကြီးသားများ ရေးသားသည့်စာ ဟုပင် ယုံကြည်နိုင်ဖွယ် မရှိလောက်အောင် ညစ်ညမ်း ဆိုးဝါးသည့် စာပိုဒ်များကို ကြားလိုက်ရ သောအခါတွင်မူကား သိန်းအောင်က မြအေးအား လှမ်း၍ သတိပေးလိုက် ရခြင်း ဖြစ်၏။ မြအေးလည်း ကိုယ့်နေရာကိုယ် ပြန်၍ ထိုင်လိုက်သည်။

ဤသို့သော အဆင်မပြေမှုများကား စစ်ပြီး တက္ကသိုလ်ဝယ် အမြောက်အမြား ပေါ်ပေါက်လျက် ရှိလေ၏။ သူတကာထက် ထူးချင် သည့် ခေတ်သစ် ကောလိပ်ကျောင်းသား လူတစ်စုတို့သည် စာသင်တန်း ထဲ၌ ဆရာက ပို့ချလျက် ရှိစဉ်မှာပင်–

'ဟိုး ဆရာ… ခိုလိုး… ဆရာ' စသည်ဖြင့် ရိုင်းပျစွာ အော်ဟစ် တတ်ကြသဖြင့် ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်သည့် အဖြစ်မျိုးသို့ ဆိုက်ရောက်ရကာ ယခုခေတ် ကောလိပ်ကျောင်းသားတိုင်း လူပေါ့ လူပြက်များပမာ အထင်သေး အမြင်သေး ခံကြရလေ၏။

သို့ရာတွင် အဆိုပါ လူနည်းစုအချို့၏ ပြုမူချက်တို့ကို မနှစ်မြို့ မလိုလားသူ ကျောင်းသားအပေါင်းတို့က ဝိုင်းဝန်း တားမြစ် သတိပေး ခဲ့ကြသဖြင့် ယခုအခါ၌ကား ထိုသို့သော မလိုအပ်မှုများ တစ်စ တစ်စ ခေါင်းပါးသွားခဲ့ပေပြီ။

မကြာမီပင် ကျောင်းတက် ခေါင်းလောင်းထိုးလိုက်သဖြင့် စကား ပြောသံ၊ ဆူသံ ညံသံများ အနည်းငယ် ငြိမ်သက်သွားတော့ကာ အတန်း ပြင်ဘက်၌ ရပ်၍ စကားပြောနေသူများလည်း အသီးသီး ကိုယ့်နေရာ ကိုယ် ဝင်ထိုင်လိုက်ကြလေ၏။

ထိုခဏမှာပင် အခန်းနောက်ဘက် တံခါးပေါက်ဆီမှ ဖိနပ်သံ တစ်ခု ကြားလိုက်ရပြီးလျှင် ကျောင်းသားအချို့ လည်ပြန် လှည့်ကြည့် လိုက်မိကြသည်။

'ဟော့... ကျူတာ အသစ်ပါလားဟေ့'

(၂)

သိန်းအောင်မှာ ကျူတာအသစ် ဆိုသူအား လည်ပြန် ကြည့်လိုက်မိရာက ပါးစပ်မှ "ဟိုက်ခနဲ" ထွက်မသွားမိစေရန် မနည်း သတိထားလိုက်ရ၏။

ကျူတာအသစ် ဆိုသူမှာ ခုံ နှစ်တန်းအလယ်မှ ကြော့ကြော့ မော့မော့ ဖြတ်လျက် အခန်းထိပ်ရှိ ကျောက်သင်ပုန်းရှေ့ စားပွဲဆီသို့ လျှောက်သွားလေသည်။ ၎င်းမှာ ခေတ်ဆန် သားနားစွာ ဝတ်စား ဆင်ယင် ထားသော်လည်း ဆံပင်ကောက်ခြင်း၊ မောက်ခြင်း မရှိ။ လက်သည်းဆိုး ခြင်း၊ ပါးနီဆိုးခြင်း၊ နှုတ်ခမ်းဆိုးခြင်းလည်း မရှိ။ မြန်မာပီပီသသ ရိုးရိုး ကလေးပင် ပြုပြင်ထားသဖြင့် တစ်မျိုး ကြည့်ကောင်းနေလေသည်။ အရပ် ငါးပေ သုံးလက်မမျှသာ ရှိသော်လည်း ကိုယ်လုံးကိုယ်ထည်

သေးသေးသွယ်သွယ် ဖြစ်သောကြောင့် အရပ် အတော်ကလေး မြင့်သည်ဟု ထင်ရလေ၏။ တစ်ကိုယ်လုံး ခြုံကြည့်လိုက်မည်ဆိုလျှင်ကား ကျူတာအသစ် ဆိုသူမှာ မိန်းမချော တစ်ယောက်ပင် ဖြစ်လေသည်။

'ဟော့... မြအေး၊ အဲဒါပဲ အဲဒါပဲ'

နောက်ဆုံး၌ သိန်းအောင်မှာ အံ့အားသင့်မှုကို တစ်ယောက်တည်း ကြိတ်၍ မထားနိုင်တော့သဖြင့် မြအေးကို လက်ကုတ်၍ ပြောလိုက်မိလေ၏။ မြအေးမှာကား သိန်းအောင် ဘာဆိုလိုသည်ကို မသိဟန်ဖြင့်-

'အေးလေ၊ အဲဒါ ဘာဖြစ်သလဲ၊ ကိုကျူတာ မဟုတ်လား'

'ဟုတ်ပါတယ်၊ ငါ့အစ်မကြီး မခင်ဆွေ ဆိုတာလည်း သူပဲကွ'

'ဩော်... မင့်အဖြစ်ကလည်း ကိုယ့်ကျူတာ ကိုယ် ပြန်ကြိုက်ရမယ့် ဘဝ ရောက်နေပြန်ပြီကိုး'

ထိုအခါကျမှ မြအေးမှာ သဘောပေါက်သွားကာ ခေါင်းတဆတ်ဆတ် ညိတ်ရင်း ပြောလိုက်လေ၏။ သိန်းအောင်မှာကား ရင်ထဲတွင် တလှပ်လှပ် ဖြစ်လျက်ရှိကာ ဝမ်းသာရတော့မလိုလို၊ ဝမ်းနည်းရတော့မလိုလို၊ ရှက်ရှက်နှင့် ထပြေးရတော့မလိုလို ဖြစ်နေတော့သည်။ သို့ရာတွင် ဆရာမက တစ်တန်းလုံးကို မျက်စေ့ကစားလိုက်စဉ် သူ့ကို မြင်လျှင် မြင်ချင်း မျက်လုံးကလေးများ ကြည်လင် တောက်ပသွားသည်ကို တွေ့လိုက်ရသောကြောင့် ပြုံး၍ နှုတ်ဆက်လိုက်မိရင်း အတော်အတန် စိတ်အေး သက်သာရာ ရသွားမိလေ၏။

ဆရာမလည်း ပဏာမ စကားပလ္လင်ခံလိုက်ပြီးလျှင် စာကို စတင်သင်ကြားလေတော့ရာ စိတ်မပါ့တပါနှင့်ပင် နားထောင် မှတ်သားနေရတော့၏။ စိတ်ထဲ၌မူ ဝိဇ္ဇာတန်းနှင့် ဥပစာတန်း ကွာခြားနေခဲ့ရာမှ ယခုတစ်ဖန် ကျူတာနှင့်တပည့် အဆင့်အတန်း ကွာလှမ်းနေပြန်တော့သည့်

မိမိ အချစ်ရေး ဆန်းကြယ်လှပုံကို စဉ်းစားမိရင်း ရင်ထဲ၌ တစ်မျိုးကြီး ဖြစ်သွားမိလေသည်။ မခင်ဆွေ သူ့ကို ရှောင်ပြေးစဉ်ကတည်းကပင် မျှော်လင့်ချက် လျှော့ကာ အိမ်ပြန်ရန် ဆုံးဖြတ်ခဲ့ပြီးမှ မခင်ဆွေထံမှ စာရောက်အလာတွင် မြအေးက ဆက်လက် ကြံစည်လျက် မဖြစ်နိုင်စရာ အကြောင်း မရှိကြောင်း၊ မျှော်လင့်စရာ အများကြီး ရှိသေးကြောင်း၊ အကြိမ်ကြိမ်အဖန်ဖန် အားပေးခဲ့သောကြောင့် ယခုလို ကျောင်းဆက် တက်နေမိခြင်း ဖြစ်လေ၏။

ယခုမူ မြအေး၏ အားပေး အားမြှောက်မှုများကြောင့် အနည်းငယ် အားတက်ခဲ့သည်နှင့်အမျှ မခင်ဆွေအား မိမိအတန်း ကျူတာအဖြစ် ရင်ဆိုင်လိုက်ရပြန်သော အခါ၌ကား–

"အို… မဖြစ်နိုင်ပါဘူး၊ ကျူတာနဲ့ ကျောင်းသားဆိုတော့ ပိုပြီး မဖြစ်နိုင်ပါဘူး"

သိန်းအောင် စိတ်ထဲ၌ ရေရွတ် ညည်းညူလိုက်မိစဉ် မိုးသည် ဖြုန်းခနဲ သဲသဲမဲမဲ ရွာချလိုက်တော့ရာ ဆရာမ၏ အသံကလေးကိုပင် မိုးသံ လေသံများက ဖုံးလွှမ်းသွားလေတော့၏။ ဆရာမခမျာ အတန်းသား များ ကြားသို့ တိုးခဲ့၍ အသံကို ကျယ်နိုင်သမျှ ကျယ်အောင် အော်ကြည့် ရှာသေး၏။ သို့သော် ပြင်းထန်သော မိုးသံ လေသံများအကြား တစ်တန်း လုံး ကြားလောက်အောင် မအော်နိုင်ရှာပေ။

မကြာမီပင် ခနိမိုး ကွက်တိကွက်ကျဲ အပေါက်များအကြားမှ မိုးရေတွေ ယိုစီး၍ ကျလာပြီးလျှင် ကျောင်းသား ကျောင်းသူများအပေါ် သို့ လာရောက် နှုတ်ဆက်ကြတော့၏။ အချို့ နေရာရွှေ့၍ ထိုင်ကြရပြီး၊ အချို့မှာ ပါလာသော မိုးကာများကို ခြုံလိုက်ကြရသည်။ အင်္ကျီပါး ဝတ် ဆင်ထားသည့် မိန်းကလေးအချို့၏ ကိုယ်ပေါ်သို့ မိုးရေများ ကျရာတွင်

အင်္ကျီနှင့်အသား ရေစို၍ကပ်ကာ အသားတော် ဝါဝါနုကလေးတို့အား အလှပြသကဲ့သို့ ဖြစ်နေတော့၏။

ဆရာမကား ချူချာတော်မူလှသော ခနိတဲကြီးကို မော်ကြည့်လိုက်၊ ခေတ်ဆိုး ခေတ်ကျပ်နှင့် ကြုံကြရရှာသော စစ်ပြီးတက္ကသိုလ် ကျောင်းသူ ကျောင်းသားများကို လှမ်းကြည့်လိုက်နှင့် စိတ်မကောင်း ဖြစ်မိဟန် တူလေသည်။

'ဒီ မိုးသံ လေသံတွေနဲ့တော့ စာဆက်သင်လို့ ရမှာ မဟုတ်တော့ပါဘူး။ ကျောင်းဆင်းချိန်လည်း နီးပါပြီ။ တစ်ဆိတ် ဒီလိုပဲ ထိုင်ပြီး စောင့်နေကြတာပေါ့နော်' ဟု ဆရာမသည် သာယာသော ငွေဆည်းလည်းသံကလေးဖြင့် တောင်းပန်လိုက်လေ၏။

ထိုကဲ့သို့ စာမသင်တော့ဘဲ ငြိမ်သက်စွာ ထိုင်နေကြစဉ် ဆရာမသည် သိန်းအောင်ထံ မကြာခဏ လှမ်း၍ ကြည့်တတ်လေရာ သိန်းအောင်နှင့် မျက်စိချင်း ဆုံမိကြလေသည်။ ဆရာမက ပြုံးပြရာ သိန်းအောင်ကလည်း ပြုံးပြလိုက်မိသည်။ ဆရာမ၏အပြုံးမှာ အစ်မကြီးဖြစ်သူက မောင်ကလေးတစ်ယောက်အား ပြုံးပြသည့် စင်ကြယ်သော ပြုံးနည်းမျိုး ဖြစ်သော်လည်း သိန်းအောင်၏ အပြုံးမှာကား မရှိပြုံး ပြုံးခြင်းမျှသာ ဖြစ်လေသည်။

ထိုအခိုက် ကျောင်းဆင်းခေါင်းလောင်း ထိုးလိုက်လေ၏။

ကျောင်းသား၊ ကျောင်းသူများသည် မိုးကာ ခြုံသူက ခြုံ၊ ထီးဆောင်းသူက ဆောင်း၊ ကိုယ်လွတ်ပြေးသူက ပြေးနှင့် (ဘီ၊ အို၊ စီ) အဆောက်အဦဘက်ဆီသို့ မိုးရေတွေ အောက်မှ ဖြတ်ကူးကြရရှာသည်။ အခန်းထဲ၌ကား ဆရာမနှင့် သိန်းအောင်တို့ နှစ်ဦးထဲသာ ကျန်နေခဲ့လေ၏။

ဆရာမမှာ နံနက်ခင်းက နေသာသဖြင့် ထီး မယူခဲ့မိသောကြောင့် မိုးရေထဲ ဖြတ်ကူးရန် အခက်တွေ့ကာ ရပ်နေမိခြင်း ဖြစ်လေသည်။ သိန်းအောင်ကား ဆရာမကို စောင့်ရင်း တမင်သက်သက် ချန်နေခဲ့ခြင်း ဖြစ်၏။

'အစ်မကြီး ထီး ပါမလာဘူးထင်တယ်' ဟု သိန်းအောင်က အနား ကပ် သွား၍ စကားစလိုက်ရာ ဆရာမမှာလည်း ဝမ်းသာအားရ ဖြစ်သွား ပုံရလေသည်။

'ဪ... ဟုတ်တယ် မောင်လေး၊ မနက်က နေသာတယ်ဆိုပြီး ထီး မယူခဲ့မိဘူး။ အစ်မကြီးတော့ ဆရာကြီးတွေက ကျောင်းမှာ ကျူတာ တွေ နည်းနေလို့ ဝင်ကူပါ ဆိုတာနဲ့ ကျောင်းက တစ်ဖက်၊ ဆရာမ အလုပ် က တစ်ဖက် လုပ်နေရပြီ။ မောင်လေး အစ်မကြီး အတန်းမှာကျလို့ ဝမ်းသာလိုက်တာ။ နားမလည်တာတွေများရှိရင် ဘယ်တော့မဆို လာမေး ပေါ့နော်။ ဘာမှ အားမနာနဲ့။ မောင်လေး အားရင်လည်း အစ်မကြီးဆီ အလည်အပတ် လာလှည့်ပေါ့။ အင်းလျားဟော(လ်)မှာပဲ နေတယ်'

'ကျွန်တော်လည်း အစ်မကြီးကို တွေ့လိုက်ရတော့ ဘယ်လို ဝမ်းသာမှန်း မသိဘူး။ ကျွန်တော် အခုလို ပြန်တွေ့လိမ့်မယ်လို့တောင် မမျှော်လင့်ခဲ့မိဘူး။ ကျောင်းမတက်တော့ဘူးလို့တောင် စိတ်ကူးမိသေး တယ်'

သိန်းအောင်၏ စကားများကြောင့် ဆရာမမှာ အနည်းငယ် မျက်နှာ ထား ပျက်သွားသော်လည်း ဣန္ဒြေပြန်ဆည်ထားလိုက်ဟန် တူလေသည်။ ဆရာမ၏ ညှိုးငယ်သွားသော မျက်နှာကလေးကို ကြည့်ရင်း သိန်းအောင် မှာ အားတုံ့အားနာ ဖြစ်သွားမိကာ သူ့လက်မောင်းတွင် ချိတ်ထားသော မိုးကာအင်္ကျီကို ဆရာမသို့ ထိုးအပ်ပေးလိုက်ရင်း–

'ကဲ... အစ်မကြီး ကျွန်တော့် မိုးကာကိုသာ ခြုံသွားပါ။ ကျွန်တော် ပြေးသွားတော့မယ်' ဟု စေတနာမိုး ရွာလိုက်ရာ ဆရာမလည်း ပြုံးပြုံး ကလေး မော်ကြည့်လိုက်ရင်းက မိုးကာကို ခြုံပြီးနောက် မိုးရေထဲ အပြေး ကလေး ဖြတ်ကူးသွားလေသည်။ သိန်းအောင်ကား ချက်ချင်း မကူးသေး ဘဲ မိုးရေအောက်၌ ပေါ့ပါးစွာ ပြေးသွားသည့် မခင်ဆွေအား ရွှန်းရွှန်း စားစား ကြည့်လိုက်မိရင်း သက်မကြီးတစ်ချက် ချလိုက်မိလေ၏။ စိတ် ထဲတွင်မူ မခင်ဆွေ ဟန်ဆောင်ကောင်းလှပုံ၊ ယခင်ကအတိုင်းပင် အမူ အရာ မပျက် ဆက်ဆံနိုင်ပုံ စသည်တို့ကို တွေးမိရင်း–

"သူ ငါ့အပေါ် တကယ်ကို ဂရုမစိုက်ပါဘူး။ သူ ငါ့ကို နည်းနည်း ပါးပါးလောက် ချစ်ရင် အမူအရာနဲ့ဖြစ်ဖြစ် အရိပ်အမြွက် ပြမှာပေါ့။ ခုတော့ သူ့ကို ရည်းစားစာ ပေးထားတဲ့ လူတစ်ယောက်လို့တောင် သတိ ရဟန် မတူဘူး" စသည်ဖြင့် စိတ်ပျက်သွားတော့၏။ ထိုနောက် သူသည် မခင်ဆွေ သွားရာနောက်သို့ ခြေလှမ်းကျဲကြီးများဖြင့် ပြေးလိုက်သွားမိ လေသည်။

'ကျေးဇူးတင်ပါတယ် မောင်လေးရယ်၊ ရော့... မိုးကာ၊ အစ်မကြီး ကလပ်(စ) သွားတက်လိုက်ဦးမယ်နော်'

မခင်ဆွေသည် မိုးကာအင်္ကျီကို ဆီး၍ အပ်လိုက်ပြီးလျှင် သိန်းအောင်အား နှုတ်ဆက်ကာ ဝိဇ္ဇာတန်းများ သင်ကြားရာ အခန်းဆီသို့ ကြော့ကြော့မော့မော့ လျှောက်သွားလေ၏။ သိန်းအောင်လည်း မခင်ဆွေ ၏ နောက်ကျောပိုင်းကို အတန်ကြာအောင် ငေးကြည့်နေမိရာက–

'ဟေ့... ဖိုးစွံကြီး မျက်စိတွေ ကျွတ်ကျဂါ့မယ်' ဟု မြအေးက ပခုံးပုတ်၍ သတိပေးလိုက်သောကြောင့် ရှက်အမ်းအမ်းကြီး ဖြစ်သွားမိ တော့သည်။

'ဟော့... ဟိုမှာ တော်တော်ချောတဲ့ မိန်းကလေးပဲနော်' ဟု ကိုသန်းထွန်းက (L.C.R) ခေါ် ကျောင်းသူများ စုဝေးရာ ခန်းမဆောင်နားဆီမှ မိမိတို့ဘက်သို့ မကြာခဏ လှမ်းလှမ်းကြည့်နေသည့် ကျောင်းသူ တစ်ယောက်အား ချီးကျူးလိုက်လေ၏။

'အဲဒါပေါ့၊ ဘီအေ ဖိုင်နယ်ရီးယားက မခင်ဝေ ဆိုတာ၊ ကိုလှကြည်ကြီး အဆက်ဆိုတာပေါ့' ဟု ကိုနန်းဝေက ပြောပြလိုက်တော့မှ ကိုတင်မောင်တို့၊ မြအေးတို့ပါ စိတ်ဝင်စားစွာ လှမ်းကြည့်လိုက်မိကြ၏။

'ကြည့်ပါလားဗျ၊ သူ့ကြည့်ရတာ တစ်ယောက်ယောက်ကို ရှာနေတာနဲ့ မတူဘူးလား။ အဲဒါ ကိုလှကြည်ကြီး ကျောင်းလာ မလာ ကြည့်နေတာ ဖြစ်မှာပဲ' ဟု မြအေးက မှတ်ချက်ချလိုက်သေး၏။

'ခုနေများ ကိုလှကြည်ကြီး ရောက်လာရင် ဘယ်လောက် ဟန်ကျမလဲဗျာ။ ကြည့်ပါဦး၊ သူ့ ဒင်္ဂါးပြားကလေးတွေတောင် ကျွန်တော့်အိတ်ထဲ ပါလာသေးတယ်။ ဒါတွေ မြင်ရတိုင်း ဒီလူကြီးကို သတိရသဗျာ'

ကိုနန်းဝေက ဒင်္ဂါးကလေး နှစ်ပြားကို ထုတ်ကြည့်ရင်း ပြောလိုက်၏။ ထိုအချိန်တွင် (L.C.R) အခန်းဝတွင် ရပ်နေသော မခင်ဝေမှာ မရှိတော့ပေ။ အခန်းထဲ ပြန်ဝင်သွားဟန် တူလေ၏။ ထိုအခိုက်မှာပင် ကိုသိန်းအောင်က–

'ဟောဗျို့ ပြောရင်း ဆိုရင်း ဟိုက လာနေတာ ကိုလှကြည်ကြီး မဟုတ်လား' ဟု ဝမ်းသာအားရ ပြောလိုက်သောကြောင့် အားလုံးပင် မိမိတို့ဆီသို့ လျှောက်လာနေသည့် ကိုလှကြည်အား ဝမ်းမြောက်ဝမ်းသာ ဆီးကြိုလိုက်မိကြလေသည်။

'ဗျို့ ဆရာကြီး၊ ဒါ အလည်သက်သက် လာတာပဲလား။ ကျောင်း

လာတက်တာလား' ဟု ကိုနန်းဝေက မေးလိုက်ရာ ကိုလှကြည်က မချိပြုံး ပြုံးလိုက်ရင်း–

'ကျောင်းတက်ရအောင် လာတာပါဗျာ၊ ကျွန်တော် စိတ်ပြောင်းလိုက်ပါပြီ' ဟု နောင်တရသော လေသံဖြင့် ဖြေလိုက်၏။ ထိုအခိုက် ကိုနန်းဝေက ဘာစိတ်ကူး ရ၍လည်း မသိ။

'ကဲ... ကိုလှကြည်၊ ခင်ဗျား အခုလို နောင်တရပြီး ပျော်ပျော်ပါးပါး ပြန်တွေ့ရတာ ဝမ်းသာသဗျာ။ ဝမ်းသာတဲ့ အထိမ်းအမှတ်နဲ့ လောင်းကြေးစားကြေး မြောက်ပန်းလှန်ကြဦးစို့လား။ ခင်ဗျား နိုင်ရင် ဒီကနေ့ ကျွန်တော်က အားလုံးကို ဘိုင်စကုတ်ပြမယ်။ ခင်ဗျား ရှုံးရင် ဟိုတစ်ခါ ကိုလှသော်ကြီး ခင်ဗျား ခိုင်းသလို (L.C.R) ရှေ့ လျှောက်ပြရမယ်ဗျာ။ ဘယ့်နှယ့် စိန်မလား' ဟု ကိုနန်းဝေက ပြောလိုက်ရာ၊ ကိုလှကြည်ကလည်း ဝါသနာအိုးပီပီ 'စိန်လိုက်လေ' ဟု မဆိုင်းမတွ လက်ခံလိုက်လေသည်။

'ကဲ... ဒါဖြင့် ခေါင်းလား၊ ပန်းလား'

'ခေါင်းဗျာ'

ကိုလှကြည်က လွှတ်ခနဲ ပြောလိုက်ရာတွင် ကိုနန်းဝေသည် သူ့ဘယ်ဘက်အင်္ကျီအိတ်ထဲမှ ဒင်္ဂါးကလေးကို ထုတ်၍ လှည့်လိုက်ပြီးလျှင် လက်ဝါးနှင့် ဖျတ်ခနဲ အုပ်ချလိုက်၏။

'ကဲ... လှန်ဗျာ၊ မြန်မြန်လှန်စမ်း' ဟု ကိုလှကြည်က သူ နိုင်မည်ဟု ယုံကြည်စွာဖြင့် ခိုင်းလိုက်၏။ ကိုနန်းဝေလည်း လက်ဝါးကို ဒင်္ဂါးပေါ်မှ ဖယ်လိုက်သည်။

'ပန်းဗျို့ ပန်း၊ ခင်ဗျား ရှုံးပြီ၊ ရှုံးပြီ၊ သွား... သွား၊ (L.C.R)ရှေ့ တစ်ခေါက် လျှောက်စမ်း'

ကိုလှကြည်လည်း ရုတ်တရက် မယုံသင်္ကာ ဖြစ်သွားဟန်နှင့် ကိုနန်းဝေ၏ လက်ထဲမှ ဒင်္ဂါးကို ငုံ့ကြည့်လိုက်ရာက 'ဟာ... သိပ်နောက်တဲ့ လူပဲဗျာ။ ဒါ ကျွန်တော့်ဒင်္ဂါး မဟုတ်လားဗျ။ ကြည့်ပါဦး၊ ကိုယ့်ဟာနဲ့ ကိုယ် ပြန်မိနေတာကိုး'

'အို... ဘာပဲဖြစ်ဖြစ်လေဗျာ၊ လောင်းကြေးစားကြေး ဆိုတာ ညစ်ပတ်နိုင်မှဆို၊ အဲဒါ ခင်ဗျား လက်သုံးစကားပဲ မဟုတ်လား။ သွား... သွားစမ်း လျှောက်ပြစမ်း' ဟု ကိုနန်းဝေက အကျပ်ကိုင်လိုက်သောအခါတွင်မှ ကိုလှကြည်မှာ (L.C.R) ဘက်သို့ လျှောက်သွားရတော့သည်။

ထိုအခါကျမှ သိန်းအောင်တို့ လူစုလည်း ကိုနန်းဝေ၏ အကြံကို ရိပ်မိကြရင်း ကိုလှကြည် သွားရာဘက်သို့ စူးစူးစိုက်စိုက် ကြည့်နေမိကြလေ၏။ သိန်းအောင်၏ စိတ်ထဲ၌ကား မခင်ဝေ မြင်မှ မြင်ပါ့မလား၊ ထွက်မှ ထွက်လာပါ့မလားဟု ကိုလှကြည်အတွက် ကိုယ်ချင်းစာနာမိရင်း တထင့်ထင့်နှင့် စိတ်ပူနေမိလေ၏။ သို့ရာတွင် မကြာမီပင် သိန်းအောင်၏ လိုအင်ဆန္ဒ ပြည့်ဝသွားတော့သည်။

အခြားမဟုတ်။ ကိုလှကြည် (L.C.R) ဘက်မှ ပြန်လှည့်၍ အလျှောက်တွင် အခန်းထဲမှ အူယားဖားယား ထွက်လိုက်လာသော မခင်ဝေကို တွေ့လိုက်ကြရခြင်းပင် ဖြစ်သတည်း။

## [၁၁] ဤသုံးဦး

(၁)

သိန်းအောင်မှာ ခဲ၍ လာခဲ့လေသမျှ သဲရေကျ ဖြစ်သွားသောကြောင့် ရင်ထဲတွင် ဟာသလိုလိုကြီး ဖြစ်သွားမိလေသည်။ စနေနေ့ ညနေပိုင်းတွင် အတန်းများ အားလပ်နေသဖြင့် မခင်ဆွေထံ ထွက်လာခဲ့ရာမှ အင်းလျားကျောင်းဆောင်အနီး ရောက်ခါနီးတွင် မောရစ်(စ) ကားနက်ကလေးအား အဝေးမှ လှမ်း၍ မြင်လိုက်ရသောကြောင့်ပင်တည်း။

ရုတ်တရက်သော် ကိုထွန်းလှ၏ မျက်နှာကို မဆီမဆိုင် မြင်ယောင်လာပြီးလျှင် စိတ်ထဲ၌လည်း–

"သူတို့နှစ်ယောက် ဒီလောက်တောင်ပဲ ရင်းနှီးနေကြသလား။ ဒါကြောင့် သူ ငါ့ကို မလိမ့်တပတ် လှည့်စားပြီး ခါးခါးသီးသီး လက်မခံဘဲ နေနေတာများလား" အစရှိသော ပုထုဇဉ် အတွေးခေါင်မှုတို့ဖြင့် ပြည့်လျှံ၍ နေလေတော့၏။ သို့ရာတွင်–

"အို... သူတို့ ဆွေမျိုးသားချင်းလို ခင်တဲ့ မိတ်ဆွေတွေမို့ ရင်းရင်းနှီးနှီး ဆက်ဆံကြတာ ထင်ပါရဲ့။ တကယ်လို့သာ တစ်ယောက်နဲ့ တစ်ယောက် ဖြစ်နေကြရင် ဒီလောက်ကြာအောင် ဘယ်ဆိုင်းပါ့မလဲ။ ဟို

ကလည်း ဝန်ထောက် ဖြစ်တော့မယ့်ဆဲဆဲ၊ ဒီကလည်း ပညာတတ် ဆရာမ။ အနည်းဆုံးတော့ ဇေ့စပ်ကြောင်းလမ်းပြီး ဖြစ်မှာပေါ့။ အခုလည်း နှင်းနဲ့ မောင်နှမ နှစ်ယောက် အတူတူလာလည်ကြတာ ထင်ပါရဲ့ "စသည်ဖြင့် စိတ်သက်သာရာ ရမည့်ဘက်မှ တွေးကြည့်မိသောအခါ၌လည်း ယခင် အတွေးခေါင်မှုတို့မှာ အလိုလို ပျောက်ပြယ်ကုန်ရပြန်တော့သည်။

သိန်းအောင်၏ စိတ်ထဲတွင် မခင်ဆွေနှင့် ဘယ်လိုပင် ဝေးအောင် ရှောင်မည်ဟု အကြိမ်ကြိမ်အဖန်ဖန် ဆုံးဖြတ်ချက် ချခဲ့မိဖူးသော်လည်း နောက်ဆုံး၌မူကား အဆုံးအစ မမျှော်မှန်းနိုင်သော သဲကန္တာရ လွင်တီး ပြင်ကြီးအလယ်တွင် မျက်စိလည် လမ်းမှားလျက်ရှိသည့် လူတစ်ယောက် သည် လွတ်မြောက်ရာ လမ်းခရီးကို ရှာမစွမ်းနိုင်တော့သည့်တိုင်အောင် လက်ငင်းအားဖြင့် အသက်ဘေးမှ အားကိုးရာဖြစ်သော ကန္တာရ စမ်းရေ အိုင်ကလေးဆီမှ ခွာ၍ မသွားဝံ့သကဲ့သို့ပင် မခင်ဆွေနှင့် နီးနီးကပ်ကပ် နေရန်ကိုသာ တွေးမိလေတော့၏။

သို့နှင့် မြင်ပါများလျှင် အကြင်နာပိုကာ အကြင်နာ ပိုလွန်းသည့် အခါတွင်မူ အချစ်နယ်ကျွံသထက် ကျွံလာစမြဲ ဖြစ်သည့် ဓမ္မတာအတိုင်း သိန်းအောင်မှာ မခင်ဆွေအပေါ်တွင် စွဲစွဲမြဲမြဲကြီး ချစ်ခဲ့မိတော့သည်။ ထိုအထဲက မခင်ဆွေမှာလည်း သူ့အပေါ်တွင် ဖော်ရွေ ခင်မင်စွာပင် ဆက်ဆံလျက် ရှိပြန်ရာ၊ ချစ်လုလင်၏ မြားချွန်မှာ အသည်းကြားသို့ တစ်စစနှင့် နစ်သည်ထက်သာ နစ်၍ လာလေတော့သည်။

သို့တစေ မခင်ဆွေထံမှ ရရှိသော စာကလေးမှာ သူတို့ နှစ် ယောက်အကြား မြင့်မားသော အုတ်တံတိုင်းကြီးတစ်ခုပမာ ကြားခံ၍ ခံနေတော့လေ၏။ ထို စာကြောင့်ပင် မျှော်လင့်ချက်ကို လုံးဝ လျှော့ကာ ကျောင်းထွက်ရန်အထိ စိတ်ကူးခဲ့မိ၏။ ထိုစာကြောင့်ပင် စိတ်ဒုက္ခအမျိုး

မျိုး ရောက်ခဲ့ရ၏။ ထိုစာကြောင့်ပင် မခင်ဆွေအား ကျောင်းတက်သည့် အခါတိုင်း တွေ့ဆုံရလျက်နှင့် သူစိမ်းပြင်ပြင် ဣန္ဒြေဆောင်၍ နေခဲ့ရ၏။ ထိုစာကြောင့်ပင် မခင်ဆွေက သူ့ထံ အလည်အပတ်လာရန် ဖိတ်ခေါ်လျက်နှင့် ကိုယ့်စိတ်ကို အစိုးမရသောကြောင့် မသွားဘဲ နေခဲ့ရ၏။

သည်လို တစ်ယောက်တည်း ကြိတ်၍ တစ်ဖက်သတ် စိတ်ဒုက္ခခံစားခဲ့ရသောကြောင့် ကျောင်းစာကို ဂရုစိုက်ရန်လည်း သတိမရ။ ကျောင်းကိုလည်း မှန်မှန်မတက်ချင်။ ကျောင်းတက်ရသည့် အခါများတွင်လည်း တမှိုင်မှိုင် တတွေတွေ...။

တစ်ခါတစ်ရံတွင်မူကား "ငါကိုယ်က သတ္တိမရှိတိုင်း တွေးကြောက်မိတာပါ။ သူက ဘာများ တိတိကျကျ ငြင်းသေးလို့လဲ။ မြအေး ပြောသလို ချစ်တယ်ဆိုတာကိုလည်း တဲ့တိုး မပြောခဲ့။ မချစ်နိုင်ဘူးလို့လည်း ရက်ရက်စက်စက် မငြင်းရက်တာမို့ မလိမ့်တပတ်နဲ့ လှည့်ပတ်ပြီး ရေးထားတာပါ။ ငါကသာ ရဲရဲဝံ့ဝံ့ ဆက်ပြီး ပြောခဲ့ရင် ငါ့အပေါ် သူ ဒီလောက်ဆိုးမယ် မထင်ပါဘူး"စသည်ဖြင့် တွေးမိပြန်ရင်း ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေမိလေ၏။ ထို့ကြောင့် မခင်ဆွေ၏ စာကလေးကို မကြာခဏ ပြန်လည် ဖတ်ရှုမိရင်းက မိမိကိုယ်မိမိ အားပေးမိကာ ဘယ်နည်းနှင့်မဆို အခွင့်ကောင်းရရှိသည်နှင့် တစ်ပြိုင်နက် မခင်ဆွေအပေါ်တွင် သူ့အချစ်ကို ဒုတိယအကြိမ် ဖွင့်ဟ ကြေညာရန် စိတ်ဆုံးဖြတ်လိုက်မိတော့၏။

သူငယ်ချင်းဖြစ်သူ မြအေးကလည်း ထိုအတိုင်းပင် အမြဲတစေ အကြံပေး တိုက်တွန်းခဲ့လေရာ၊ မခင်ဆွေနှင့် ရင်းနှီးသည်ထက် ရင်းနှီးလာအောင် ကြိုးစားတော့မည်ဟု ကြံစည်မိပြီးလျှင် ယခုကဲ့သို့ အလည်အပတ် ထွက်လာခဲ့မိခြင်း ဖြစ်၏။

သို့သော် မျှော်လင့်ချက်ကြီးနှင့် အားခဲ၍ လာခဲ့လေသမျှ မော

ရစ်(စ) ကားနက်ကလေးက သူ့အား "ရှက်ပါတယ် သိန်းအောင်ရာ"ဟု ဆီးကြို နောက်ပြောင်လျက် ရှိလေပြီ။

သိန်းအောင်မှာ ရှေ့သို့လည်း ဆက်၍ မသွားချင်။ နောက်သို့လည်း ပြန်၍ မဆုတ်နိုင်။ တစ်နေရာတွင် ငိုင်၍ ရပ်နေမိရင်းက အင်းယားကျောင်းဆောင် ပြတင်းပေါက်များတွင် လေတိုးသဖြင့် တလှုပ်လှုပ် လွင့်လျက်ရှိသော အပြာနုရောင် ခန်းဆီးကလေးများကို ငေး၍ ကြည့်နေမိလေသည်။ ထိုအခိုက် ကျောင်းဆောင် ဆင်ဝင်အောက်မှ မခင်ဆွေနှင့် ကိုထွန်းလှတို့ အတူယှဉ်တွဲ၍ ထွက်လာကြသည်ကို တွေ့လိုက်ရသောကြောင့် ပန်းချီတစ်ချီအကွယ်သို့ ပုန်းအောင်း၍ နေလိုက်မိလေ၏။

မခင်ဆွေနှင့် ကိုထွန်းလှတို့သည် ကားကလေးဆီသို့ လျှောက်သွားကြလေသည်။ ကိုထွန်းလှက ကားရှေ့တံခါးကို ဖွင့်ပေးလိုက်၏။ သို့ရာတွင် မခင်ဆွေက ဘာပြောလိုက်၍လည်း မသိ။ ကိုထွန်းလှမှာ ကားရှေ့တံခါးကို ပြန်ဆောင့်ပိတ်လိုက်ပြီးလျှင် နောက်တံခါးကို ပြန်ဖွင့်ပေးလိုက်ရပြန်သည်။ မခင်ဆွေ နောက်ပိုင်းတွင် တစ်ယောက်တည်း တက်ထိုင်ပြီးသော အခါတွင်ကား ကိုထွန်းလှသည် ကားကလေးကို မောင်းနှင်ကာ ဖြည်းညင်းစွာ ထွက်သွားလေတော့သည်။

သိန်းအောင်မှာ ကားကလေး တစ်စ တစ်စ ဝေးသွားသည်အထိ ငေးမျှော်၍ ကြည့်လိုက်မိသတည်း။

(၂)

'တော်ပါပြီ မကြီးလှရယ်၊ နှင်း ပျင်းသွားပါပြီ၊ နားမထောင်ချင်တော့ပါဘူး'

နှင်းက ရုတ်တရက် ငြီးငွေ့သွားဟန်ဖြင့် တားမြစ်လိုက်သောကြောင့်

မကြီးလှခများမှာ ဆက်ပြောမည်ဟု ကြံရွယ်ပြီးတော့မှ ပါးစပ်ပိတ်နေလိုက်ရ၏။ ထိုအခိုက် နှင်းက 'မကြီးလှ သွားချင် သွားတော့လေ၊ ကျွန်မလည်း အိပ်ချင်ပြီ' ဟု ထပ်မံ အမိန့်ပေးလိုက်ပြန်သဖြင့် နှင်း တစ်ကိုယ်လုံးကို စောင်ဖြင့် လုံအောင် ယုယုယယ ဖုံးလွှမ်းပေးလိုက်ပြီးနောက်–

'ကဲ... ကဲ ပျော်အောင် အိပ်နော်၊ အဲဒီ ပုံကလေးကို နှင်း နားထောင်ချင်တဲ့အခါကျမှ ဆက်ပြီး ပြောပြဦးမယ်' ဟု ပြောပြောဆိုဆို အခန်းထဲမှ ခြေဖျားထောက်၍ ထွက်သွားလေ၏။

မကြီးလှကား နှင်းတို့ မိခင်ကြီး ရှိစဉ်အခါ နှင်း သုံးလေးနှစ်သမီးအရွယ်လောက်ကတည်းက ကလေးထိန်းအဖြစ် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ နှင်းတို့အိမ်၌ပင် နေခဲ့၍ တစ်စ တစ်စနှင့် လုပ်သက်ရှည်ခဲ့ရာမှ နောက်ဆုံးတွင် ကလေးထိန်း အလုပ်တစ်ခုတည်းသာ မဟုတ်တော့ဘဲ အိမ်ထောင်တစ်ခုလုံးကိုပင် ထိန်းသိမ်းရသည့်အထိ တာဝန်လွှဲအပ်ခြင်း ခံခဲ့ရလေရာ၊ နှင်းအဖို့ မိခင်ကလွဲလျှင် မကြီးလှသာလျှင် ချစ်ခင်တွယ်တာစရာ ဖြစ်ခဲ့လေသည်။ ငယ်စဉ်ကတည်းကပင် အမြဲတမ်း ပိုက်ထွေး ယုယခဲ့ဖူးသူ ဖြစ်သဖြင့်လည်း "မကြီးလှ... မကြီးလှ" ဟု တလှတည်း လှကာ၊ မကြီးလှ မရှိလျှင် မနေနိုင် မထိုင်နိုင် ဖြစ်ရတော့မလောက်နွဲ့ဆိုး ဆိုးခဲ့ခြင်း ဖြစ်လေသည်။

မကြီးလှကလည်း နှင်း ဆိုလျှင် သမီးကလေးတမျှ ချစ်ခင်တွယ်တာလှပေသည်။ နှင်းတို့အိမ်သို့ ရောက်ခဲ့၍ လေးငါးနှစ်ခန့် ကြာသောအခါ သူတို့ရွာတွင် ကောက်စိုက်ပျိုးနုတ်အလုပ် လုပ်ရန်အတွက်တောမှ ဆွေမျိုးသားချင်းအချို့ လာရောက်ခေါ်ခဲ့ဖူးလေသည်။ ထိုအခါက ဆိုလျှင် မကြီးလှမှာ အသက် နှစ်ဆယ်ကျော်ရွယ်မျှသာ ရှိသေး၍ကိုယ့်ရပ် ကိုယ့်ဌာနီ၊ ကိုယ့်ဆွေမျိုးသားချင်းတို့ထံ ပြန်ကာ ကိုယ်နှင့်

အဆင့်အတန်း တူညီသော လင်ကောင်း သားကောင်း တစ်ယောက်ကို ရှာဖွေရန် စိတ်ကူးမျိုး ရှိခဲ့ဖူး၏။

သို့သော် မကြီးလှသည် ထိုအခါက လိုက်မသွားဖြစ်ခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်က "မညီးလှ... မညီးလှ" ဟု စကား မပီ့တပီနှင့် သူ့အပေါ်တွင် နွဲ့ချင်တိုင်း နွဲ့၊ ဆိုးချင်တိုင်း ဆိုးခဲ့ရှာသော နှင်းကလေးအား ခွဲခွာ၍ မသွားနိုင်အောင် သံယောဇဉ် ငြိတွယ်ခဲ့သောကြောင့်တည်း။ ထို့ကြောင့်လည်း မကြီးလှမျှော်မှာ ယခု နှင်းကလေး အသက် ဆယ့်ခြောက်နှစ် သမီးအရွယ်တိုင်အောင် ဤအိမ်၌ မြဲခဲ့ခြင်း ဖြစ်တော့သည်။

ယနေ့တွင်မူ ဆယ်ရက်ကျော်ခန့် အဖျားဝင်ကာ အိပ်ရာထဲ လဲနေခဲ့သော နှင်းက 'မကြီးလှရယ် နှင်းကို ပုံတစ်ပုံလောက် ပြောပြစမ်းပါ၊ သိပ်ပျင်းတာပဲ' ဟု ခပ်နွဲ့နွဲ့ကလေး ပူဆာလိုက်သောကြောင့် နှင်းငယ်စဉ်အရွယ်ကတည်းက နေ့နှင့်အမျှ ပြောပြခဲ့ဖူးသည့် ရာပေါင်းများစွာသော လုပ်ဇာတ်ပုံပြင်များအထဲမှ နှင်း အနှစ်ခြိုက်ဆုံးဖြစ်သော "မယ်ဒုက္ခ" ပုံပြင်ကလေးကို ပြောပြရခြင်း ဖြစ်၏။

မကြီးလှ ပြောပြသည့်ပုံကို နားထောင်ခြင်းကား အပျိုကြီးဖားဖားကြီးပြင်းလာခဲ့သည့် အရွယ်တိုင်အောင် ဖျောက်ဖျက်၍မရနိုင်သော နှင်း၏ ဝါသနာကလေးပင် ဖြစ်လေသည်။ မကြီးလှက သံနေသံထား ဟန်ပန်အမူအရာအမျိုးမျိုးတို့ဖြင့် ပြောပြသည့်အခါများတွင် သုံးလေးငါးနှစ်သမီးအရွယ်တုန်းကလိုပင် ပကတိ စင်ကြယ် ရိုးသားသော စိတ်ကလေးနှင့် ခေါင်းကလေး ငဲ့လိုက်၊ မျက်နှာကလေး ရှုံ့လိုက်၊ မျက်ရည်ကလေး လည်လိုက်နှင့် စိတ်ဝင်စားစွာ နားထောင်စမြဲပင် ဖြစ်လေ၏။ တစ်ခါတစ်ရံ အစ်ကိုကြီး ဖြစ်သူကပင်–

'ဟော့... ဒီကလေးကြီးကလည်း ဇရာမ ကလေးကြီးပါလားဟော့၊

ကြည့်စမ်းပါဦး၊ ပုံ နားထောင်ရင်း မျက်ရည်တွေ လည်လို့’ စသည်ဖြင့် နောက်ပြောင်တတ်လေသည်။

ယနေ့လည်း အစ်ကိုကြီး ကားကလေးနှင့် ထွက်ခွာသွားခိုက် တစ်အိမ်လုံးတွင် မကြီးလှနှင့် နှစ်ယောက်ထဲ ကျန်ခဲ့ကြစဉ် ပျင်းရိလှသောကြောင့် ပုံပြောခိုင်းမိခြင်း ဖြစ်၏။ မကြီးလှက ခုတင်စောင်းတွင် တင်ပလ္လင်ထိုင်ရင်း ‘ကဲ… နားထောင်၊ ဟိုး… ရှေးရှေးတုန်းက’ဟု အစချီ၍ ပြောပြခြင်း ဖြစ်လေ၏။ နှင်းလည်း ပထမ ပြောခါစတွင် စိတ်ဝင်စားစွာ နားစိုက်ထောင်ခဲ့ရာမှ–

‘တစ်နေ့တော့လေ၊ မယ်ဒုက္ခကလေးဟာ တောလည်လာကြတဲ့ မင်းသားကလေးတစ်ပါးကို တွေ့တွေ့ချင်းပဲ ချစ်သွားမိပါရောတဲ့။ အို… မင်းသားကလေးကလည်း ချောလိုက် လှလိုက်တာဆိုပဲ။ မယ်ဒုက္ခလေးက ချောချောလှလှဆိုလို့ တစ်ခါမှ မတွေ့ဖူးတဲ့ တောသူမ အရိုင်းကလေးဆိုတော့ အဲဒီ မင်းသားကလေးကို သိပ်ချစ်သွားမိတာပေါ့။ ချစ်လွန်းလို့ မနေနိုင်တော့ မင်းသားကလေးဆီ သွားပြီး တိတ်တိတ် ချောင်းတောင် ကြည့်ရှာသတဲ့။ အဲဒါကို မင်းသားကလေးက တွေ့လည်း တွေ့ရော ကြည့်စမ်း၊ တောသူမကလေးတောင် ငါ့ကို ခိုးကြောင်ခိုးဝှက် ချောင်းကြည့်ရှာတယ်ဆိုပြီး သူ့ကိုယ်သူ “ငါ သိပ်ချောတဲ့ လူပါလား” လို့ အထင်ကြီးသွားတာပေါ့။ ဒါပေမဲ့လေ တောသူမကလေးကိုတော့ သူက ဘယ်ချစ်မလဲ။ ဟိုက ချစ်နေရှာတာကိုတောင် သူ မသိပါဘူး။ နောက်ပြီး ဒီ မင်းသားကလေး ချစ်နေတာက အခြားလူကလား။ သူက ဘုရင့်သားတော်ဆိုတော့ တခြားတိုင်းပြည်တစ်ပြည်က ဘုရင့်သမီးကိုပဲ ချစ်တော့မပေါ့’

ထိုနေရာသို့ ရောက်သောအခါတွင်ကား နှင်းက ‘တော်ပါပြီ

မကြီးလှရယ်၊ နှင်း ပျင်းသွားပါပြီ၊ နားမထောင်ချင်တော့ပါဘူး' ဟု ရုတ်တရက် ငြီးငွေ့သွားဟန်ဖြင့် တားမြစ်လိုက်မိခြင်း ဖြစ်၏။

နှင်းသည် တစ်ယောက်တည်း လွတ်လွတ်လပ်လပ် တွေးချင်ရာ တွေးလိုသဖြင့် မကြီးလှအား ပြန်လွှတ်လိုက်ပြီးလျှင် ဖွေးဖွေးဖြူနေသော ခြင်ထောင်အမိုးကို မော့ကြည့်ရင်း ပါးပြင်ပေါ်ဝယ် မျက်ရည်ပေါက် ကလေးများ တလိမ့်လိမ့် စီးဆင်းကျလာလေ၏။

နှင်း ဖျား၍ အိပ်ရာထဲ လဲနေသည်မှာ ဆယ်ရက်ခန့် ကျော်ခဲ့လေပြီ။ အဖျားကြီးသဖြင့် ဆရာဝန်ပင် ခေါ်ရသေး၏။ နှင်းမှာ ဖျားရ နာ ရမည်ကို အကြောက်ရွံ့ဆုံးဖြစ်၍ မဖျားမနာရန် အင်မတန် ဂရုတစိုက် နေသည့်ကြားက ဤကဲ့သို့ အိပ်ရာထဲ လဲရခြင်း ဖြစ်လေသည်။ အမှန်မှာ ယခင် ဆယ်ရက်ကျော်ခန့်က သိန်းအောင်အတွက် မခင်ဆွေထံမှ ရောက် ရှိလာသော စာကို အလုပ်ရှာ၍ သွားပို့မိရင်းက ဘတ်(စ)ကားနှင့်အသွား လမ်းတွင် မိုးမိသောကြောင့် အအေးမိ ဖျားခဲ့ရခြင်း ဖြစ်၏။ သို့ရာတွင် နှင်းမှာ သူ့အတွက်သူ မပူမိသည့်အပြင် "ကိုသိန်းအောင် တစ်ယောက် လည်း စာမေးပွဲတောင် မဖြေနိုင်ရှာဘူး။ သူ ဖျားတာ သက်မှ သက်သာ ရဲ့လား၊ သူ ပေါ်လည်း ပေါ်မလာဘူး။ နေကောင်းလျက်နဲ့ မလာတာ လား၊ နေမကောင်းသေးလို့ မလာတာလား" စသည်ဖြင့် အမြဲတမ်း တွေးတော ပူပန်ခဲ့မိလေ၏။

သိန်းအောင်ကား ယနေ့သာတိုင်ရော ပေါ်ကိုမလာ။ သူ ဖျားလို့ မလာခြင်းတော့ မဟုတ်၊ သူ မလာချင်လို့ မလာတာပဲ ဟု တွေးတောမိ သော အခါ၌ နှင်းမှာ ဝမ်းနည်းသွားမိလေသည်။

အကယ်၍သာ ထိုအချိန်မျိုး၌ မခင်ဆွေထံမှ စာတစ်စောင် သူ့ ထံသို့ ရောက်ရှိမလာပါက နှင်း ကိုယ့်စိတ်ကိုယ် ဖြေနိုင်ဦးမည် ဖြစ်၏။

ထို့ပြင်မကသေး။ "ကိုသိန်းအောင်ကို ငါ ဘာကြောင့် ဒီလောက်တောင် ဂရုစိုက်မိနေရတာလဲ၊ သူနဲ့ ငါနဲ့ ဘာဆိုင်လို့လဲ" စသဖြင့် ကိုသိန်းအောင် အပေါ်တွင် နားမလည်နိုင်သော သံယောဇဉ်တစ်မျိုးဖြင့် တွယ်တာလာခဲ့မိသည့် အဖြစ်ကိုလည်း သိရလိမ့်ဦးမည် မဟုတ်။

ယခုမူ မခင်ဆွေထံမှ စာက "နှင်းရေ မင်း သိချင်တဲ့အဖြေ ဒီမှာကွယ့်... ဒီမှာကွယ့်" ဟု အော်ကြီးဟစ်ကျယ် ရောက်ရှိလာသည်နှင့် တူနေလေပြီ တကား။

(၃)

ရန်ကုန်တက္ကသိုလ်
အင်းလျားကျောင်းဆောင်

**ညီမလေး နှင်းရေ...။**

မမဆွေ ညီမလေးဆီ အခုမှပဲ စာထည့်ဖြစ်တာကို ဗွေမယူပါနဲ့နော်။ ညီမလေးတို့ဆီက ထွက်လာပြီးကတည်းက မမဆွေလည်း စိတ်ရှုပ်စရာတွေ အများကြီး တွေ့နေရလို့ ဒီလို စာမထည့်ဖြစ်တာပါ။ ညီမလေးတို့ကို သတိမရလို့တော့ မဟုတ်ပါဘူးကွယ်။

တကယ်ဆိုတော့ ညီမလေးနဲ့ ခွဲသွားရတာတောင် မတတ်သာလွန်းလို့ ဆိုပါတော့ကွယ်။ မမဆွေ ခွဲသာသွားရတယ် ညီမလေးကို နည်းနည်းမှ သတိမမေ့ပါဘူး။ မမဆွေလေ အခု အသက်အစိတ်ရှိသွားပြီ။ ငယ်ငယ်တုန်းက "ကြီးရင် ပျော်လိုက်မဟဲ့၊ စည်းစိမ်ရှိရှိ နေလိုက်မဟဲ့" ဆိုတဲ့ စိတ်ကူးတွေဟာ ခုထက်ထိ တစ်ခုမှ မပြည့်ဝသေးပါဘူး။ တစ်ခါတလေများ မမဆွေရဲ့ အချစ်ဆုံး ညီမလေး နှင်းကို မမဆွေလို မကြုံရပါစေနဲ့လို့ ဆုတောင်းမိပါတယ်။

ကဲ... နှင်းရေ၊ ညီမလေးကြီးရင် ဆင်ခြင် တိုင်းထွာနိုင်အောင်လို့ တစ်ကြောင်း၊ မမရဲ့ အချစ်ဆုံး ညီမလေးမို့ ဖွင့်ပြောသင့်လို့ တစ်ကြောင်း၊ မမရဲ့ အဖြစ်အပျက်တွေကို အားလုံး ဖွင့်ပြောပြတော့မယ်။ ညီမလေး ဖတ်ပြီးတော့သာ ကြည့်ပေတော့။ နောက်ပြီး ဖတ်ပြီးတဲ့အခါကျတော့ သာ "ဒီအဖြစ်အပျက်ဟာ ငါ့အစ်မကြီးရဲ့ အဖြစ်အပျက်ပါကလား"လို့ ယုံပါ။

မမဆွေလေ၊ အချစ် ဆိုတာကို သိတတ်ခါစ အရွယ်ရောက် ကတည်းက ရည်းစားစာ ဆယ့်လေးငါးစောင်ကို တစ်ပြိုင်တည်း လက်ခံ လို လက်ခံ၊ နောက်ပိုးတဲ့ ယောကျ်ားကလေးတွေကို မလိမ့်တပတ် လှည့်လိုလှည့်နဲ့ ပျော်စရာ အလုပ်တစ်ခုလိုပဲ သဘောပိုက်ခဲ့မိတယ်။ ဘယ်သူ့ကိုမှ အတည်တကျ လက်မခံခဲ့မိဘူး။ ဘယ်သူ့ကိုမှလည်း တကယ်တမ်း မကြိုက်ခဲ့ဖူးဘူး။ ဒါနဲ့ပဲ ကောလိပ်ရောက်ကရော ဆိုပါ တော့။ အဲဒီအခါကျတော့မှ ပိုပြီး ဆိုးသေးတယ်။ မမမယ် ဝါဒတစ်ခု ကို လက်ကိုင်ထားမိပြီး တစ်ယူသန်ကြီး ဖြစ်လာမိခဲ့တယ်။ အဲဒီ မမ ဝါဒကတော့ တခြားမဟုတ်ဘူး၊ မမတို့ မိန်းကလေးတွေဟာ ကိုယ်နဲ့ သင့်လျော်မယ့်၊ ကိုယ့်အပေါ်မှာ ကောင်းမယ့်၊ သစ္စာရှိမယ့် တည်ကြည် မြင့်မြတ်တဲ့ ယောကျ်ားကောင်းတွေကို လွတ်လွတ်လပ်လပ် ရှာနိုင်ကြဖို့၊ ရွေးနိုင်ကြဖို့ပဲ။

တချို့က ရည်းစားတွေ ပေါက်သောက် လျှောက်ထားတာကို အပြစ်တင်ကြတယ်။ မမကတော့ ဒီလိုလုပ်တာကို အပြစ်တင်စရာ နည်းနည်းမှ မရှိဘူးလို့ ယုံကြည်ခဲ့မိတယ်။ ဒါကြောင့် မမကိုယ်တိုင် ရည်းစား တော်တော်များများ ထားခဲ့ဖူးတယ်။ အဲဒါ တခြားကြောင့် မဟုတ်ဘူး။ လူ လေးငါးယောက်လောက်ကို ရည်းစားအဖြစ်နဲ့ ထား

ကြည့်ပြီး တော်သင့်တဲ့ ယောကျ်ားကောင်းတစ်ယောက်ကို စိတ်ကြိုက် လက်ကြိုက် ရွေးယူနိုင်အောင်ဖို့ပါပဲ။ မမ ရည်းစား သုံးယောက်လောက် ထားကြည့်ခဲ့ဖူးတယ်။ တစ်ယောက်မှ စိတ်ကြိုက် မတွေ့ခဲ့ဘူး။ ဒီတော့ စဉ်းစားကြည့်လေ၊ လူတစ်ယောက်ကို တွေ့၊ ချက်ချင်း ကြိုက်၊ ချက်ချင်း သဘောကျ၊ သူကလွဲရင် ဖွဲနဲ့ ဆန်ကွဲပါပဲဆိုပြီး အချစ်ကြီး ချစ်မိလို့ ဖြစ်ပါ့မလား။ နောင်တစ်နေ့ အသုံးမကျတဲ့ လူတစ်ယောက်ဆိုတာ သိရတဲ့ အချိန်မယ် ပြန်ခွာလို့ ဖြစ်ပါ့မလား။ ဘယ်နည်းနဲ့မှ မဖြစ်နိုင် ဘူး။ ဒါကြောင့်လည်း တချို့ မိန်းကလေးတွေအဖို့ ကိုယ့်အချစ်ဦးကို ယူမိကြပေမယ့် တစ်သက်လုံး မပျော်နိုင်ကြဘဲ ငရဲရောက်တဲ့အတိုင်း ဒုက္ခရောက်ကြရတာပေါ့။

ကဲ… မမရဲ့ စိတ်ကူးတွေ၊ ဝါဒတွေ အသာထားလိုက်ပါဦး။ အဲဒီ မှုမမှန်တဲ့ ဝါဒတွေကြောင့် မမ ပထမဦးဆုံး ဒုက္ခတွေ့ရတာကို ပြောပြ မယ်။ အင်းလေ၊ ရှင်းရှင်းရေးရရင် မမ လူဖြစ်ရှုံးရတာပဲ ဆိုပါတော့။ မမ ဒီအကြောင်းကိုလည်း ပြန်တောင် မစဉ်းစားချင်တော့ပါဘူး။ နှင်း ကို ပြောလက်စမို့သာ ပြောပြရမယ်။ ဒီလိုကွယ့်၊ မမ ထားတဲ့ ရည်းစား တွေထဲက တစ်ယောက်ဟာ တစ်နေ့ (ဆိုရှယ်) တစ်ခု သွားတက်ကြပြီး ကားနဲ့ပြန်အလာမှာ ယောကျ်ားခွန်အားကို တရားမဲ့ အားကိုးပြီး အနိုင် ကျင့်သွားတာပါပဲ။ ကဲ… ဒီလောက်ပဲ ပြောပါရစေတော့၊ ဒီထက် ဆက် ပြောရရင်လည်း မမ အသည်းနာလှတယ်။ နောက်ဆုံးမတော့ မမ သင်ခန်း စာ တစ်ခု ကောင်းကောင်းကြီး ရတယ်ပဲ ဆိုပါတော့။ တခြားတော့ မဟုတ်ဘူး။ မမ ဝါဒအတိုင်း လူကောင်းရွေးဖို့ ရည်းစားများများ ထား ရင် ကိုယ်က အရင် ပျက်စီးသွားလိမ့်မယ်ဆိုတဲ့ အချက်ပါပဲ။

အဲဒီလို ဖြစ်ပျက်ပြီးကတည်းက မမရဲ့ စိတ်ကို လုံးလုံးပြောင်း

ပစ်လိုက်မိတယ် ညီမလေးရယ်၊ ယောကျ်ားဆိုရင် အဝေးက ကွင်းပြီး ရှောင်ရမယ်ဆိုတာ နားလည်မိတယ်။ ဒါပေမဲ့ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် ဘုရား ရဟန္တာကလွဲရင် အချစ်ကို တိမ်းရှောင်နိုင်တဲ့ ပုဂ္ဂိုလ် ရှားတယ်ဆိုတာ တကယ် မှန်တယ်။ မမလည်း အချစ်ကို လုံးဝ ရှောင်နိုင်သလားဆိုတော့ မရှောင်နိုင်ပါဘူး။ ကိုယ့်ကိုယ်ကို မရိပ်မိကြ ပေမယ့် ဘယ်သူမဆို ကိုယ့်အပေါ်မှာ ယုယ ချစ်ခင်မယ့်သူ တစ်ဦးဦး ကိုသာ အမြဲတမ်း ရှာဖွေနေကြတာတော့ အမှန်ပဲ။ ရှာဖွေလို့ မရတဲ့အခါ မှာ လူ့ဘဝကြီးဟာ သဲကန္တာရကြီးလို့ ထင်မိကြတာပဲ။

ကဲ... ညီမလေး၊ မမရဲ့ ဒုတိယ အဖြစ်အပျက်ကို ပြောပြဦးမယ်။ ဒီလို ညီမလေး၊ စစ်ကြီးဖြစ်လာတော့ မမ ကျောင်းကနေ ကိုယ့်မြို့ ကိုယ် ပြန်ရောက်သွားတော့တယ်။ မြန်မာပြည် လွတ်လပ်ရေးရပြီး၊ မြန်မာစစ်တပ်တွေ ဖွဲ့ပြီးတဲ့အခါမှာပေါ့။ မမတို့ လက်ပံတန်းမှာ (ဘီ၊ ဒီ၊ အေ) တပ်ခွဲကလေးတစ်ခု ရောက်လာတယ်။ အဲဒီ တပ်ခွဲကလေး က တပ်စုမှူးကလေး တစ်ယောက်ကို မမ တွေ့တာပါပဲ။ ကဲ... တိုတိုပဲ ပြောပါရစေတော့။ အမှန်မတော့ မမကို သူကပဲ စ ချစ်လာတာပါပဲ။ သူ့အသက်က မမထက် ငယ်တယ်။ အတင်း ကလေးကြီးလို နားပူ နားဆာ ကြိုက်လေတော့ မမကလည်း စိတ်ညွတ်ညွတ်မို့ နှစ်ယောက် သား တိတ်တိတ်ပုန်း ချစ်ခဲ့မိကြတယ်။ မမတို့ ပိပိရိရိ ရှိလွန်းလို့ ဘယ်သူမှတောင် မရိပ်မိကြဘူး။

မမက အဲဒီတုန်းက လူငယ့်အစည်းအရုံး တာဝန်ခံ တစ်ယောက် လုပ်နေတုန်းဆိုတော့ လူကြီးတွေ မသိအောင်လည်း တွေ့ခွင့်ရကြတာ ကိုး။ အဲလေ... နောက်ဆုံးမတော့ သူက မမကို လက်ထပ်ဖို့အထိ ပူဆာ တာပါပဲ။ တကယ်လို့ အဲဒီအချိန်ကသာ သူ ပူဆာတဲ့အတိုင်း လက်ခံ

လိုက်ရင်လည်း အေးသွားမှာပါပဲ။ အခုတော့ သူ့မယ် သူ့မိဘက သဘော တူနေတဲ့ သူဌေးသမီးတစ်ယောက် ရှိလေရဲ့။ မိဘကတောင် လူကြီးချင်း သဘောတူ စေ့စပ်ကြောင်းလမ်းဖို့ စီစဉ်နေလေရဲ့ ဆိုတဲ့ အကြောင်း တွေကို ကြားရတာနဲ့ "အို... ငါဟာ လူတစ်ယောက်နဲ့ ဖြစ်ပြီးလို့ အပျို တောင် မစစ်တော့ပါကလား။ သူ့ထက်လည်း အသက်ကြီးပါကလား။ သူ ငါ့ကို ယူတာထက် ရွယ်တူတန်းတူလေး တစ်ယောက်ကို ယူတာက ပိုကောင်းပါကလား" ဆိုတဲ့ စိတ်ကောင်းတွေ ဝင်လာမိတော့တယ်။ အမှန်မတော့ ဒီ စိတ်ကောင်းတွေကြောင့်လည်း မမ ဒုက္ခရောက်ရပြန် တာပါပဲ။

မမ ဘယ်လိုလုပ်လိုက်မိတယ် ထင်သလဲ။ သူနဲ့ မြန်မြန်ပြတ်မှ သူ့အတွက် ကောင်းသွားမယ်။ တော်သင့်တဲ့ မိန်းကလေးကို ရမယ်လို့ စိတ်ကူးပြီး သူနဲ့ အဆက်အသွယ်ဖြတ်ပစ်ဖို့ ဆုံးဖြတ်လိုက်မိတယ်။ ဒါပေမဲ့ ညီမလေးရယ်၊ ကိုယ် တကယ်တမ်း နှစ်နှစ်ကာ ချစ်မိတဲ့ လူ တစ်ယောက် ဆိုတော့ တော်တော် စိတ်ဒုက္ခအခံရသား။ အဲဒီအချိန်မျိုး မယ် နှင်းတို့ သားအဖ တစ်စုလည်း မမတို့ အိမ်အောက်ထပ် ရောက်လာ ကြတာပါပဲ။

ကဲ... ညီမလေး၊ နောက်ကြောင်းတွေကတော့ ညီမလေး သိပြီး သားတွေပါပဲ။ စစ် ဗရုတ်ဗရက်အတွင်းမို့ သားနဲ့သမီး လက်ထပ်ဖို့ စေ့စပ်ကြောင်းလမ်းကြစို့ ဆိုပြီး နှင်းတို့ဖေဖေနဲ့ မမတို့ဖေဖေ သဘော တူလိုက်ကြတယ်။ နောက် ဂျပန်တော်လှန်ရေးလည်း ဖြစ်ခါနီးရော ကပျာကယာ စေ့စပ်ကြောင်းလမ်းပစ်လိုက်ကြတာပါပဲ။ အဲဒီတုန်းက နှင်း အစ်ကိုကြီးကတော့ ဝမ်းသာလို့ပေါ့။ မမမှာတော့ တစ်ယောက် တည်း ကြိတ်ပြီး မျက်ရည်နဲ့ မျက်ခွက်ပဲ။

ကဲ... ကဲ၊ ဆက်ကြဦးစို့။ အဲသလို စေ့စပ်ကြောင်းလမ်းပြီး ဘာမှ မကြာပါဘူး။ သူ တစ်ခါရောက်လာတယ်။ ဝမ်းသာအားရပါပဲ။ အင်းလေ... မမ အဖြစ်ကတော့ ဒီမှာပဲ အဆုံးသတ်တာပါပဲ။ သူ့ကို ဆီးပြီး အကျိုး အကြောင်းတွေ ပြောပြလိုက်ရတယ်။ သူလေ အဲဒီတုန်းက ဘီလူး သဘက်များ စီးသွားသလားလို့ အောက်မေ့လိုက်ရတယ် ညီမလေးရယ်။ သူ့ခမျာ ခံပြင်းရှာမှာပေါ့လေ။ မမက အမှန်အတိုင်း သူ ကောင်းစေဖို့ ဒီလိုလုပ်လိုက်မိတယ်လို့မှ ဖွင့်မပြောမိဘဲ။ သူလေ၊ ခါးက ခြောက်လုံး ပြူး အိတ်ကိုတောင် တက်တခေါက်ခေါက်နဲ့ ကိုင်နေသေးတယ်။ သူ့ တစ်ကိုယ်လုံးလည်း ဆတ်ဆတ်တုန်လို့။ မမ သူ့အတွက် ဝမ်းနည်းလွန်း လို့ သူ့ကို ပြေးဖက်ပြီး ငိုမယ်လုပ်တဲ့ အချိန်မှာပဲ သူ ချာခနဲ လှည့် ထွက်သွားတယ်။

တော်လှန်ရေးသာ ပြီးကရော၊ သူ ပေါ်မလာတော့ပါဘူး။ သူ ဘယ်သူလဲဆိုတာ ရိပ်မိပြီလား ညီမလေး။ တခြား မဟုတ်ပါဘူး။ ကိုရဲညွှန့်ပါပဲ။ မမလေ၊ သူ မမအပေါ်မှာ စိတ်အနာကြီး နာသွားပြီဆိုတာ နားလည်လိုက်ပါတယ်။ ဒါကြောင့်လည်း မမ စိတ်မကောင်းဖြစ်လွန်း လို့ နှင်းတို့အစ်ကိုကြီးနဲ့ စေ့စပ်ထားတာကို ခါးခါးသီးသီး ဖျက်ပစ်မိ တာပေါ့။

ကိုရဲညွှန့် ဒေါသတကြီး ထွက်သွားပြီးတဲ့နောက် ရဲဘော် တစ် ယောက်နဲ့ စာကလေးတစ်စောင် ပေးသွားသေးတယ်။ စာအချုပ်ကတော့ သူ မမကို သိပ်ချစ်တယ်တဲ့။ ချစ်လွန်းလို့လည်း မိဘ သဘောတူ စေ့စပ် ထားတဲ့ ကိစ္စကိုတောင် ဖျက်ခဲ့ပါပြီတဲ့။ ကြည့်ပါဦး ညီမလေးရယ်၊ ဘယ်လောက်များ အသည်းနာစရာကောင်းသလဲ။ နောက်ပြီး သူက အဲဒီလို သစ္စာရှိရှိ ချစ်မိလျက်နဲ့ မမက သူ့အပေါ်မှာ မညှာမတာ ပက်ပက်

စက်စက် လုပ်ရက်တယ်တဲ့။ သူ့မှာ ရည်းစားဆိုလို့ မမဟာ ဦးဆုံးပဲတဲ့။ အချစ်ဦးက ဒီလို ရက်စက်တယ်တဲ့။ ဒါ မိန်းမတွေရဲ့ အကျင့်ပဲလားတဲ့။ နောက် သူက ဆက်ရေးသေးတယ်။ သူ့ကိုယ်သူ သတ်သေချင်တယ်တဲ့။ ဒါပေမဲ့ သူ့တာဝန်တွေ ပြီးမြောက်အောင် မထမ်းဆောင်ရသေးဘူးတဲ့။ ဒါကြောင့် တော်လှန်ရေးပြီးရင် ရဲဘော် အသေအပျောက် စာရင်းတွေ အထဲမှာ ရဲညွှန့် ဆိုတဲ့ နာမည်ကို မျဉ်းနီအောက်က တားပြီး "လူမိုက်" လို့ မှတ်ချက်ချလိုက်ပါတော့ တဲ့။

သူ့စာကတော့ ဒါပါပဲ ညီမလေးရယ်။ ဒါပေမဲ့ ဒီစာဟာ မမ သေတဲ့အထိ ရင်ကွဲအောင် လုပ်သွားတဲ့ စာပဲ။ ကဲ... ညီမလေး၊ မမ ညီမလေးရဲ့ အစ်ကိုကြီးကို ရက်ရက်စက်စက် စကားဖျက်မိတာ မှားသလားကွယ်။

မမအဖြစ် ဒီမှာတင် ဆုံးပြီလားဆိုတော့ မဆုံးသေးဘူး။ မမ စာကို ဖတ်ရတာ ငြီးငွေ့သွားလို့ရှိရင်လည်း နောက်မှပဲ ဆက်ဖတ်ပေတော့နော်။ မမ လိုရင်းကိုပဲ ချုံးရေးပါတော့မယ်။ ဟိုတလောက မမ ညီမလေးတို့ဆီက ရတ်တရက် ထွက်သွားတာ ထူးဆန်းတယ် မထင်ဘူးလား။ အဲဒါ တခြားကြောင့် မဟုတ်ဘူး။ မမ လူတစ်ယောက်ကို ရှောင်ပြေးတာပဲ။ အဲဒီလူက ဘယ်သူလဲဆိုတော့ ဒုတိယ ကိုရဲညွှန့် ပဲ။ ညီမလေးနဲ့ ဝါသနာချင်း တိုက်ဆိုင်ပြီး ခင်မင်နေတဲ့ မောင်သိန်းအောင်ပေါ့။ သူ့ကို မီးရထားပေါ်မှာ စ တွေ့ခဲ့တယ်လို့ ညီမလေးကို တစ်ခါက ပြောဖူးမှာပေါ့။ မမလေ အဲဒီ စ တွေ့ကတည်းက သူ မမအပေါ်မှာ မရိုးသားကြောင်း သတိထားမိတယ်။ နောက် နှင်းတို့ မောင်နှမနဲ့ ဘိုင်စကုတ် သွားကြည့်တုန်းက တစ်ခါ သူနဲ့ တွေ့ရပြန်ပါရော။ အဲဒီ တုန်းကလည်း သူ မမကိုပဲ ဂရုစိုက်နေတယ်။ မမလည်းလေ အမှန်ပြော

ရရင် သူ့ကို တွေ့တိုင်း ကိုရဲညွန့်ကိုပဲ အမှတ်ရတယ်။ နောက် သူ အိမ်ရောက်လာတော့တာပါပဲ။ အဲဒီအခါမှာတော့ သူလည်း စစ်သားဟောင်းတစ်ယောက်မှန်း သိရတယ်။ မမ အံ့ဩသွားမိတာပေါ့။

နှင်း မှတ်မိသေးရဲ့လား။ သူ ကိုရဲညွန့် တိုက်ပွဲမှာ ကျတဲ့အကြောင်းပြောပြတာလေ။ အဲဒီတုန်းကများ မမ ကြက်သီးမွေးညင်းတွေ ထပြီးငိုချင်လာတာနဲ့ ငိုလိုက်မိတယ်။ အဲဒီတုန်းက မောင်သိန်းအောင်ဟာ ကိုရဲညွန့် သေရတာ မမကြောင့် ဆိုတာကို သိသွားရင် မမဆီ စာပေးလိမ့်မယ်တောင် မထင်ဘူး။ သူလေ မမကို ချစ်ကြောင်း ကြိုက်ကြောင်း စာပေးတယ် ညီမလေးရဲ့။ ညီမလေး မှတ်မိမှာပေါ့၊ ညီမလေး လက်ဖက်ရည် သွားဖျော်တုန်း သူ နှုတ်မဆက်ဘဲ ထွက်သွားခဲ့တာလေ။ အဲဒါမမကို စာပေးပြီး မျက်နှာပြောင် မတိုက်ဝံ့လို့ ထွက်ပြေးသွားတာပဲ။ သူ့ စာထဲမှာ တနင်္ဂနွေနေ့မှာ အကျိုးအကြောင်း သိပါရစေဆိုပြီး ရက်ကန့်သတ်သွားတယ်။ မမ ညီမလေးတို့အိမ်က လစ်ပြေးတာ ဒီကိစ္စကြောင့်ပါပဲ။ မမ စိတ်ထဲမှာ ဇဝေဇဝါကြီးတော့ ဖြစ်မိပါသေးရဲ့။ ကိုရဲညွန့်နဲ့နေရာတကာမှာ တူနေလို့ အလိုလို သနားသွားမိသေးရဲ့။ နောက်ပြီးသူ့အချစ်ဟာလည်း တကယ့်ကို ဖြူစင် သန့်ရှင်းတယ်ဆိုတာ မမယုံကြည်မိတယ်။ ဒါပေမဲ့ ဘာကြောင့်မှန်း မသိဘူး။ တနင်္ဂနွေနေ့ထိအောင် မနေဝံ့တော့ဘူး။

ခက်တယ် ညီမလေး၊ ဒီကိစ္စကိုတော့ ညီမလေး နားလည်အောင် မမ ရေးပြနိုင်မယ် မထင်ဘူး။ မမကိုယ်တိုင် နားမလည်နိုင်အောင် ဖြစ်နေလို့ပဲ။ မမ သူ့ကို ရှောင်ရမလား၊ သူ့အလိုကို လိုက်ရမလားဆိုတာ ဝေခွဲလို့ မရနိုင်ဘူး။ တစ်ခါ တစ်ခါမတော့ ကိုရဲညွန့်အပေါ် မဖြည့်လိုက်ရတဲ့ မမရဲ့အချစ်ကို ပုံအပ်ချင်စိတ်တွေ ပေါက်မိတယ်။ တစ်ခါတစ်ခါကျတော့လည်း စိတ်မကူးဝံ့အောင် ဖြစ်မိတယ်။

နှင်းအဖို့ ထိုစာကို ဖတ်ပြီးသွားသည်နှင့် တစ်ပြိုင်နက် "ကိုသိန်းအောင် မမဆွေကို ချစ်နေတာပါကလား" ဟူသော အသိတရား ဖြစ်ပေါ်လာကာ ဝမ်းနည်းရတော့မလိုလို၊ ဆွေးရတော့မလိုလို၊ ငိုလိုက်ရတော့မလိုလို ဖြစ်လာမိတော့၏။ ထို စာကို ဖတ်လိုက်ရတော့မှပင် ယခင်က မသိမသာ တွယ်တာလာခဲ့မိဖူးသော သံယောဇဉ် အမျှင်တန်းကလေးမှာ တစ်မုဟုတ်ချင်း "အချစ်တည်း ဟူသော သံကြိုးကြီး" တစ်ခုအဖြစ် သိသိသာသာ ပြောင်းလဲသွားလေ၏။ ထိုစာကို ဖတ်လိုက်မှပင် "ငါ ကိုသိန်းအောင်ကို ဒီလောက်တောင် ဂရုစိုက်ခဲ့မိတာဟာ ချစ်လွန်းလို့ပါကလား" ဟု ဝမ်းထဲမှ လှိုက်လှိုက်လှဲလှဲ ကြေညာဝံ့တော့၏။ အမှန်မှာ တော့ ထိုစာကို ဖတ်လိုက်ရသောကြောင့်ပင် ရိုးရိုးသာမန် အအေးမိ၍ ဖျားခြင်းမှာ ကြန့်ကြာသင့်သော ရက်ထက် ပိုမို ကြန့်ကြာသွားခဲ့ခြင်း မဟုတ်လော။

နှင်းသည် ထိုသို့ တွေးရင်းပင် အိပ်ပျော်သွားရှာလေတော့သည်။ အိပ်မက်ထဲတွင်ကား သူ့ကိုယ်သူ "မယ်ဒဂ္ဂ" အဖြစ် လည်းကောင်း၊ ကိုသိန်းအောင်ကိုမူ မင်းသားကလေးအဖြစ် လည်းကောင်း၊ မခင်ဆွေကိုကား မင်းသားကလေး ချစ်နေသော မင်းသမီးကလေးအဖြစ် လည်းကောင်း မြင်မက်မိရှာလေတော့သတည်း။

## (၄)

'ကဲ... မခင်ဆွေ၊ ဟိုအခန်းထဲမှာ သူ ရှိတယ်။ သွားကြည့်ဦးလေ' ကားပေါ်မှ ဆင်းခဲ့၍ နှစ်ယောက်သား အိမ်ထဲ ဝင်ခဲ့ကြစဉ် ကိုထွန်းလှက ပြောလိုက်ခြင်းပင် ဖြစ်သည်။ မခင်ဆွေလည်း နှင်း၏ အိပ်ခန်းကလေးဆီသို့ လျှောက်သွားမိလေ၏။ အခန်းထဲရောက်သည်နှင့် တစ်ပြိုင်

နက် နှင်း အိပ်ပျော်နေသည်ကို မြင်လိုက်သဖြင့် ခြေဖျားထောက်၍ ပြန်ထွက်မည်ဟု စိတ်ကူးမိပြီးမှ နှင်း လက်ထဲတွင် ဆုပ်လျက်သားရှိသော စာရွက်များကို တွေ့လိုက်ရသောကြောင့် ခုတင်နားသို့ ဆက်၍ လျှောက်သွားမိလေ၏။

အနီးသို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် မခင်ဆွေမှာ ပါးစပ်ကလေး ဟ ကာ အံ့အားသင့်ခြင်းမက အံ့အားသင့်သွားမိလေသည်။ အခြားကြောင့်ကား မဟုတ်။ နှင်း ဆုပ်ကိုင်ထားသော စာရွက်များမှာ မကြာမီ ရက်များအတွင်းက သူ ပေးလိုက်သော စာဖြစ်နေသောကြောင့်တည်း။ ထို့ပြင် ပို၍ အံ့အားသင့်သွားမိသော အချက်မှာမူ စာရွက်များကို အပိုင်းပိုင်း ဆုတ်ဖြဲထားခြင်းပင် ဖြစ်လေ၏။

ထို အခြင်းအရာတွေ အားလုံးထက် အံ့ဩစရာ အကောင်းဆုံး အချက်မှာကား နှင်း၏ မျက်လုံးအိမ်များမှ ပုလဲဥကလေးများအသွင် ပါးပြင်ပေါ်သို့ စီးကျလျက်ရှိသော မျက်ရည်စကလေးများပင်တည်း။

'နှင်း... နှင်း။ ညီမလေးရယ်၊ မမကို ဖွင့်ပြောရောပေါ့ကွယ်'

## [၁၂] မေ့တူးကွဲ့သက်လှယ်ရယ်

(၁)

'မေ့ဘူးကွဲ့ သက်လှယ်ရေ၊ ထွက်ခွာလေ ရှောင်သွားပြီ၊ ဘယ်ဝယ် မြောက်တောင်... မသိနိုင်လေအောင်... ဝေးရာ ရှောင်လို့နေ... ဩော်... မေ့ဘူးကွဲ့ သက်လှယ်ရေ'

သိန်းအောင်မှာ မိမိကိုယ်တိုင် စပ်ဆိုထားသော သီချင်းကို မိမိကိုယ်တိုင် သီဆိုရင်း သီချင်းတိုက်လျက်ရှိသော်လည်း စိတ်ထဲ၌ကား ထို ည တီးဝိုင်း အသံလွှင့်ရန်ကိုပင် စိတ်ကုန်ခန်းလျက် ရှိလေ၏။ တီးဝိုင်းသားများအဖို့ မူကား သိန်းအောင် ဆိုပြသော ပူပူနွေးနွေး သီချင်းသစ်ကို နားထောင်ရင်း ကျေနပ် နှစ်ခြိုက်နေကြသည်။

'ဟိုစဉ်အခါ ဘဝမှာ စိုစိုပြေပြေ သာယာပါလို့နေ၊ မျှော်မှန်းချက်တွေ... တဝေဝေ လေမှာ လွင့်လို့နေ... ဘဝတစ်သက်တာ... တူတူ သွေမကွာ... ပေါင်းကြဖို့သာပင်၊ ထင်ကာမြော်တွေး... ချစ်ရေးကို စ ခဲ့ရင်လေ၊ ကွဲကြေအက်ပြုန်း...

ဘဝတုံးအောင်… အမုန်းရဲ့ အပြစ်ဒဏ်… မောင့်မှာ ခံပြီလေ၊
အလှဂုဏ် မာန်တက်လို့… အသနားမဖက်… ညှဉ်းရက်သူရေ…
ခုနေခါမှာလေ… နေရစ်တော့ သက်လှယ်ရေ'

သိန်းအောင်က သီချင်းဆုံးအောင် ဆိုပြပြီးသောအခါ အားလုံးက ဝိုင်း၍–

'စားတယ်ဗျို့၊ သိပ်စားတာပဲ။ ဒီသီချင်းတော့ လူကြိုက်များဦးမှာပဲ' ဟု ချီးကျူးလိုက်ကြ၏။

သိန်းအောင်က မိတ်ဆွေများ ကျေနပ်စေရန် မချိပြုံး ပြုံးလိုက်ရလေသည်။

ထို့နောက် မကြာမီ သီချင်းတိုက်ပြီး၍ တီးဝိုင်းသားများ ပြန်သွားကြသောအခါ အနီးရှိ မြအေးအား–

'ဒီည အသံတောင် သွားမလွင့်ချင်တော့ပါဘူးကွာ' ဟု ညည်းညည်းညူညူ ပြောလိုက်မိ၏။ မြအေးကား မကျေနပ်သည့် မျက်နှာကြီးနှင့် ပြန်ကြည့်လိုက်ရာက–

'ဘာလဲကွ၊ မင်းက မင့်းကိုယ်မင်း အပူသည် အလွမ်းမင်းသားကြီး လုပ်နေပြန်ပြီလား။ သီချင်းလေး တစ်ပုဒ်မှ မဆိုနိုင်ရလောက်အောင် ဘာများ စိတ်ဒုက္ခတွေ ရောက်နေရပြန်လို့လဲ'

'လုပ်ပြီ၊ ငါက အကောင်းပြောရင် မင်းက နောက်ချင်လာပြီ။ တော်ပါကွာ၊ မင့်းကို ငါ ဘာမှ မပြောတော့ဘူး'

သိန်းအောင်မှာ မြအေးက ခပ်ငေါ့ငေါ့ မေးလိုက်ခြင်းအတွက် အတော်ပင် အခံရခက်သွားဟန် တူ၏။ မြအေးမှာကား သူငယ်ချင်းဖြစ်သူ တမှိုင်မှိုင်တတွေတွေ အမြဲတမ်း လုပ်နေသည်ကို မရှုဆိတ်၍သာ ဤသို့ ကရုဏာဒေါသော ပြောလိုက်မိခြင်း ဖြစ်သည်။

'မဟုတ်ဘူးလေ၊ ငါ မင်းကို မခံချင်အောင် နှောက်နေတာ မဟုတ်ပါဘူး သိန်းအောင်ရာ၊ ဘာမဟုတ်တဲ့ ကိစ္စတစ်ခုအတွက်နဲ့ မင်း အလကား သက်သက် စိတ်ဒုက္ခခံပြီး တမှိုင်မှိုင် တတွေတွေ ဖြစ်နေတာကို မကြည့်ချင်လွန်းလို့ ပြောတာပါ။ မင်း စဉ်းစားကြည့်လေ။ မင်းကိစ္စက ကျွန်ရစ်ဖြစ်ခဲ့ရတဲ့ကိစ္စလည်း မဟုတ်။ တစ်ဖက်က ခါးခါးသီးသီး လက်မခံနိုင်ဘူးလို့ ငြင်းလွှတ်လိုက်တဲ့ကိစ္စလည်း မဟုတ်။ မင်းကိုက သတ္တိကြောင်ပြီး မစ ရသေးခင်က တစ်ဖက်သတ် တွေးပူနေတာ မဟုတ်လား။ ခက်ပါတယ်ကွာ၊ ဒီ သောက်အချစ်၊ ငါတို့လို ဓာတ်သိကျပြန်တော့လည်း နည်းနည်းမှ တန်ဖိုးမထားချင်တော့ပါဘူး။ အေးလေ မင်းလည်း တစ်နေ့ကျရင် နားလည်သွားမှာပါပဲ။ အဲဒီအခါကျရင်တော့ မင်း အခုလောက် ကိုယ့်ကိုယ်ကို စိတ်ဒုက္ခပေးနေတော့မှာ မဟုတ်ပါဘူး။ မင်း စောစောစီးစီးက ကိုယ့်စိတ်ကိုယ် ဖြေနိုင်အောင် ပြောထားမယ်။ မင်းတို့လို အချစ်မျိုး အဆင်ပြေတာကို တစ်ခါမှ မကြားဖူးသေးဘူး။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ မင်း အခု ဒီတစ်ယောက်ကို အသေအလဲ ကြိုက်နေပေမယ့် နောင်တစ်နေ့ နောက်တစ်ယောက်ကို မရရင် သေရပါတော့မယ် ဆိုတဲ့အထိ ဖြစ်ချင် ဖြစ်ဦးမှာပဲ။ ဒါ အထူးအဆန်း မဟုတ်တော့ပါဘူးကွာ'

'ဟော့... တော်စမ်းကွာ၊ ငါ နားမထောင်ချင်ဘူး'

သိန်းအောင်မှာ မြအေး၏ စကားများကြောင့် အတော်ပင် စိတ်ထိခိုက်သွားဟန် တူလေသည်။ သို့ရာတွင် မြအေးကား သူ့စကားသူ မရပ်ပေ။

'အို... သိပ်လည်း တစ်ဖက်သတ် အယူမသီးနဲ့လေ။ ငါက ဥပမာ ပြောပြနေတာပါ။ မင်းကိုယ်မင်း ဒီလိုဖြစ်လိမ့်မယ်လို့ ယုံချင်မှ ယုံ။ ငါတော့ ကိုယ်တွေ့ကြုံလာခဲ့ဖူးလို့ ယုံတယ်။ ငါ ပထမဆုံး ကောင်မ

ကလေး တစ်ယောက်ကို ကျောင်းမှာ စ တွေ့ခဲ့ဖူးတယ်။ ဒီတုန်းက တော်ရီလျော်ရီ ဝတ္ထုတွေ ဖတ်ပြီး အချစ်ဆိုတာ သိပ်အရသာ တွေ့နေတုန်း ဆိုပါတော့ကွာ။ အဲဒီ ကောင်မကလေးဟာ ငါ့အချစ်ဆုံး အချစ်ဦးကလေးပေါ့။ ဒါပေမဲ့ သူနဲ့ ငါနဲ့ စာချင်းသာ ဆက်သွယ်နေကြရတယ်။ တစ်ခါမှ ပူးပူးကပ်ကပ် မတွေ့ဖူးဘူး။ တစ်ခါတော့ ငါ့အစ်မကြီး အရင်းလို ခင်တဲ့ မိန်းမတစ်ယောက်နဲ့ ပွတ်သီးပွတ်သပ် နေမိကြရာက ငါ့စိတ်တွေ သောင်းကျန်းလာပြန်တယ်။ ဟော... အဲဒီလိုလည်း ဖြစ်ကရော။ ဟိုကောင်မကလေးဟာ ငါ့စိတ်ထဲက ပျောက်သွားတာပဲ။ အဲဒီအခါကျတော့ ဒီ မအတ္တကြီးပဲ ငါ့အချစ်ဆုံး ဖြစ်လာကြပြန်တာပေါ့လေ။ လူချင်းက နီးနီးကပ်ကပ် ပူးပူးကပ် နေကြရတာကိုး။ ဒါပေမဲ့ မကြာပြန်ပါဘူး။ ဒီဟာကြီးလည်း မြို့အုပ် တစ်ယောက်နဲ့ ယူသွားပါကရော။ အဲဒီတုန်းကများ ငါ ဘယ်လောက် ရူးခဲ့မိသလဲ သိရဲ့လား။ နောက်ကျမှ မိဘတွေက ဖျောင်းဖျ ဆုံးမလို့ စိတ်သက်သာရာ ရပြီး မိန်းမဆိုရင် ဂရုမစိုက်ချင်တော့တဲ့အထိ ဖြစ်ခဲ့တယ်။ တစ်ခါ မြို့ထဲမှာ သူတို့ လင်မယားနဲ့ ဝင်တိုးမိပါရဲ့။ မဟုတ္တာ ကိုယ်ဝန်တောင် ရှိနေပြီ။ နှစ်ယောက်စလုံး သူတို့ဘဝ သူတို့ ပျော်လို့ပါပဲ။ ကဲ... သိန်းအောင်၊ ငါ နားလည်တဲ့ အချစ်ဆိုတာတော့ ဒါပါပဲကွာ၊ တယ်မဆန်းပါဘူး'

မြအေးက စိတ်ရောကိုယ်ပါ ပြောပြရာတွင် သိန်းအောင်မှာလည်း အနည်းငယ် စိတ်ဝင်စားလာဟန် တူလေသည်။ မြအေးကို မော်ကြည့်ရင်းက သက်ပြင်းကြီးတစ်ချက် ရှူရှိုက်လိုက်မိ၏။

မြအေး ပြောပြသွားသမျှ အကြောင်းအရာတွေကား အမှန်ပင်။ မျက်စိရှေ့မှောက်၌ ဒီအတိုင်းပင် ဖြစ်ပျက်လျက် ရှိကြသည်။

"ဗျို့... ဟိုဟာကလေး မနိပ်ဘူးလား" ဟု အမှတ်တမဲ့ မေးမိသူ

တစ်ဦးသည် နောက် တစ်လခန့်အကြာတွင် "ကျုပ်တော့ သူ့ကြောင့် ဆွေးနေရပြီ" ဟု လာရောက် ညည်းညူတတ်လေ၏။

"ကျုပ်တော့ သူ့ကို အသေအလဲ ချစ်နေမိပြီ" ဟု ယမန်မနှစ်က ပြောဖူးသူတစ်ယောက်သည် ယခုနှစ်၌ "ကျုပ်တော့ ဟိုဟာကလေးကို ချစ်နေပြီ" ဟု နောက်တစ်ယောက်အား လက်ညှိုးထိုးပြတတ်လေသည်။

အချစ်ကို မထိမခိုက် ကစားမိသူ၊ ကလိမိသူမှန်သမျှ တစ်ဦး တစ်ယောက်မှ သာယာ ဖြောင့်ဖြူးစွာ နိဂုံးချုပ်ရသည်ကို သိန်းအောင် မတွေ့ဖူးသေးချေ။

သူပင်လျှင် အတွေ့အကြုံ နည်းလွန်း၍လား။

အချစ် သဘာဝကိုက ဒီအတိုင်း ပေမို့လား။

(၂)

'မောင်လေးတို့ ဒီကနေ့ ညနေ အသံလွှင့်ကြမလို့ဆို ဟုတ်လား၊ နှင်းကလေး တစ်ယောက်တော့ အိပ်ရာထဲက နားထောင်ရရှာမှာပဲ' မခင်ဆွေနှင့် နှစ်ယောက်သား စကားစမြည် ပြောလျက်ရှိကြစဉ် စားပွဲပေါ်မှ မခင်ဆွေ၏ ဓာတ်ပုံကလေးကိုသာ စူးစူးဝါးဝါး ကြည့်နေသော သိန်းအောင်မှာ နှင်း၏ အကြောင်းကို ကြားလိုက်ရသည့်အခါတွင် ရုတ်တရက် မော်ကြည့်လိုက်ရာမှ–

'ဟင် နှင်း အိပ်ရာထဲမှာ ဟုတ်လား၊ ဘယ့်နှယ့် ဘာဖြစ်နေလို့ လဲ' ဟု အနည်းငယ် အံ့အားသင့်သလို မေးကြည့်မိလေ၏။

'ကြည့်စမ်းပါဦးကွယ်၊ မောင်လေးလည်း မိတ်ဆွေအချင်းချင်း တော်တော် အဆက်ဖြတ်နိုင်တဲ့ လူတစ်ယောက်ပဲ။ နှင်းခမျာ ဟိုတစ်ခါ မောင်လေးဆီ လာသွားကတည်းက လမ်းမှာ မိုးမိပြီး ဖျားရှာသတဲ့။

သူတို့အိမ်က မကြီးလှ ပြောပြတယ်။ အဖျားတော်တော်ကြီးလို့ ဆရာဝန် တောင် ခေါ်ရသေးတယ်ဆိုပဲ။ မနေ့က အစ်မကြီး သူ့ဆီ သွားတွေ့တော့ တောင်မှ သူ့ခမျာ အိပ်ရာထဲက မထနိုင်ရှာသေးဘူး။ မောင်လေး သူ့ဆီ တစ်ခေါက်လောက်တော့ သွားမေးဖို့ ကောင်းပါတယ်ကွယ်။ ကနေ့ ကျောင်းအားတုန်း သွားမေးလိုက်ပါလား'

မခင်ဆွေသည် နှင်း အကြောင်းကို ပြောရင်း သိန်းအောင်အား အကဲခတ်နေလေ၏။ သိန်းအောင်ကား အနည်းငယ် အံ့အားသင့်သွားရုံ အပြင် ထူးထူးခြားခြား မရှိလှဘဲ တစ်စုံတစ်ရာကိုသာ စိတ်စောလျက် ရှိဟန်တူသည်။ သိန်းအောင် သူ့ထံ အလည်အပတ် ဟူ၍ ရောက်လာ ကတည်းကပင် အမူအရာ အနည်းငယ် ပျက်နေလျက်ရှိကြောင်းကို သတိ ပြုမိသည့် မခင်ဆွေအဖို့မူကား "သူ ဟိုအရင်ကိစ္စကို ပြန်ဆက်ဦးမလို့ ပဲ" ဟု အတပ်တွေးမိပြီး ဖြစ်သောကြောင့် သိန်းအောင်၏ ပါးစပ်မှ ထွက်ပေါ်လာမည့် စကားများကိုသာ စောင့်စားလျက် ရှိလေ၏။

သို့ရာတွင် မခင်ဆွေ ထိုကဲ့သို့ အဆင်သင့် စောင့်ဆိုင်းလျက် ရှိခြင်းမှာ သိန်းအောင် အလိုလိုက် အရှုံးပေးရန် မဟုတ်ဘဲ အနိုင်ယူရန် အတွက် ဖြစ်လေသည်။ သူ့အဖို့ လွန်ခဲ့သော ညကပင် တိကျသော ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ပြီးလေပြီ။ သူသည် ယခင်တလောက ကဲ့သို့ ကိုယ့်စိတ် ကိုယ်မနိုင်လောက်အောင် ဆောင်းလေရူးလို မတည် မငြိမ် ဖြစ်နေရှာသည့် မခင်ဆွေ မဟုတ်တော့။ ယခုမူ ဘယ်ကဲ့သို့သော စိတ်လှုပ်ရှားမှုမျိုးကိုမဆို ရဲရဲဝံ့ဝံ့ ကြံ့ကြံ့ခိုင်ခိုင်ကြီး ရင်ဆိုင် ခုခံနိုင်ပြီ ဖြစ်သည့် မခင်ဆွေ ဖြစ်နေလေပြီ။

မှန်သည်။ ယခင်တလောကတော့ တကယ်ပင် စိတ်ယိုင်လု ယိုင်ခင်အထိ ဖြစ်ခဲ့ရသည်။ မြားနတ်မောင် ပစ်ခွင်းလိုက်သည့် သိန်းအောင်

တည်း ဟူသော မြားချက်သည် သူ့အသည်းဆိုင်အား စူးဝင်တော့မည့် ဆဲဆဲ ဖြစ်လေသည်။ ထို မြား၏ အဆိပ်အတောက်များမှာလည်း သူ့ တစ်ကိုယ်လုံးသို့ အနံ့ကူးစက်လုနီးနီး အခြေရှိခဲ့၏။ သို့သော် မနေ့က နှင်းထံသို့ လူမမာ သွားမေးမိစဉ် အချိန်ကစ၍ စိတ်သစ်လူသစ် ဘဝသို့ တစ်မုဟုတ်ချင်း ပြောင်းခဲ့ရလေပြီ။

နှင်း လက်ထဲမှ အပိုင်းပိုင်း စုတ်ပြတ်လျက်ရှိသော သူ့စာကို တွေ့ရသဖြင့် "နှင်း... နှင်း၊ သူ သိန်းအောင်ကို ချစ်နေရှာတာပါကလား" ဟု နားလည်ခဲ့ရလေသည်။ ထို့ကြောင့်ပင် သိန်းအောင်ထံ ညွှတ်တော့အံ့ ဆဲဆဲ သူ့စိတ်တို့အား ပြန်လည် ထိန်းသိမ်းနိုင်တော့ကာ–

"ငါ့ဘဝမှာ နှစ်ခါဆက်မှားလို့ မတော်ပါကလား။ ကိုရဲညွှန့်တုန်း ကလို အချစ်ကို လုံးလုံးပုံအပ်ပြီးတဲ့ အချိန်မှ ရှောင်ဖို့ နောက်ဆုတ်ဖို့ ဆိုတာ မလွယ်ပါကလား။ ဒီတော့ ကိုယ့်စိတ်ကိုယ် ထိန်းနိုင်လောက် တဲ့ ခုလိုအချိန်မျိုးမှာ စောစောစီးစီး နောက်ဆုတ်နေလိုက်ရင် အေးတာ ပဲ။ သူတို့ ရွယ်တူတန်းတူချင်းတွေပဲ ကိုက်ပါတယ်။ နှင်းကလေးလည်း စိတ်ချမ်းသာသွားမယ်၊ မောင်သိန်းအောင်လည်း ရှေ့ကို ဆက်ပြီး စိတ် ဒုက္ခရောက်နေစရာ မရှိတော့ဘူး" ဟု တွေးမိရာက သိန်းအောင်နှင့် နှင်း တို့ကို နီးစပ်သွားစေရန် ကြားက ဝင်ရောက် ဆောင်ရွက်ပေးတော့မည် ဟု ဆုံးဖြတ်လိုက်မိခြင်း ဖြစ်လေ၏။

'အစ်မကြီး'

မခင်ဆွေ တစ်ယောက်တည်း စိတ်ကူးနေမိစဉ် သိန်းအောင်၏ အသံမှာ ဗြုန်းခနဲ ပေါ်ထွက်လာလေသည်။

'ဘာလဲ မောင်လေး၊ ဆိုစမ်းပါဦး'

သိန်းအောင်ကား ချက်ချင်း စကား မဟသေးဘဲ ထိုင်ရာမှ

ထကာ မခင်ဆွေ အနားသို့ လျှောက်၍လာသည်။ မခင်ဆွေ၏ စိတ်တွင် "သိန်းအောင် အရဲကိုးမည်လား"ဟု စဉ်းစားမိရင်း ရွံ့သလိုလိုပင် ဖြစ်သွားမိသော်လည်း သိန်းအောင်က စာကလေး တစ်စောင်ကို ထုတ်ပေးလိုက်သော အခါတွင်မူကာ ထူးထူးခြားခြား တုန်လှုပ်ဟန်မပြဘဲ 'လာပြန်ပလား နောက်တစ်စောင်' ဟု ပါးစပ်မှ အလိုအလျောက် ထွက်သွားမိလေ၏။

သိန်းအောင်မှာ မခင်ဆွေ၏ စကားများကြောင့် အတော်ကလေး မျက်နှာပျက်သွား၏။ သို့ရာတွင် ဣန္ဒြေပြန်ဆယ်လိုက်ရာက 'ဖတ်ကြည့်လေ' ဟု ပြတ်တောင်းတောင်း အမိန့်ပေးလိုက်လေသည်။ မခင်ဆွေလည်း ဂရုမစိုက်လှသောဟန်ဖြင့် စာကလေးကို ဖြန့်၍ ဖတ်ကြည့်လေ၏။

ကိုသိန်းအောင်

နှင်းတို့ကိုများ မေ့နေပြီလား။ နှင်းတော့ ကိုသိန်းအောင်ဆီ စာလာပေးတဲ့ နေ့ကတည်းက ဖျားလိုက်တာ ဒီကနေ့အထိပါပဲ။ အခုတောင် လက်တွေ နည်းနည်းတုန်နေသေးလို့ လက်ရေးကိုတော့ သည်းခံပါ။

နှင်း ဖျားနေတာကို ကိုသိန်းအောင်တော့ သိမှာ မဟုတ်ပေမယ့် ကိုသိန်းအောင် ဖျားနေတာ နှင်း သိခဲ့ရလို့ စိတ်ထဲမှာ တထင့်ထင့်ပါပဲ။ ဪ... ဒါနဲ့ ကိုသိန်းအောင် ဝမ်းသာဖို့ သတင်းကောင်း ပေးရဦးမယ်။ နှင်းလေ ကိုသိန်းအောင်ရဲ့ အတွင်းရေးတွေကို သိနေပါပြီ။ ကိုယ်အခင်မင်ဆုံး အစ်ကိုကြီးတစ်ယောက်ရဲ့ အခက်အခဲတွေကို သိရလို့လည်း သိပ်ဝမ်းသာမိတယ်။ ဒါကြောင့် ဘာမဆို ကူညီပေးဖို့ အဆင်သင့်ရှိပါတယ်။ လက်စသတ်တော့ မိုးရွာကြီးထဲ လာပို့ပေးရတဲ့ စာဟာ မမဆွေရဲ့ ပြန်စာကိုး။ ဘယ်လို စာမျိုးလဲဆိုတာကိုတော့ အတပ်မသိပေမယ့် ဝမ်းသာစရာ ဖြစ်မှာပါပဲလို့ နှင်း ထင်ပါတယ်။

ကိုသိန်းအောင် ဝမ်းသာဖို့ သတင်းကောင်း ဆိုတာကတော့ တခြား မဟုတ်ပါဘူး။ တစ်နေ့ကလေ နှင်းဆီ မမဆွေ ပေးလိုက်တဲ့ စာတစ်စောင် ရောက်လာတယ်။ အဲဒီ စာထဲမှာ ကိုသိန်းအောင် သူ့ကို ချစ်နေတယ်ဆိုတဲ့ အကြောင်းတွေ စုံလို့ပဲ ရေးထည့်လိုက်တယ်။ သူ ကိုသိန်းအောင် ချိန်းတယ်ဆိုတဲ့ နေ့မတိုင်ခင် နှင်းတို့အိမ်က လစ်ပြေး တာဟာ ကိုသိန်းအောင်ကို ဂရုမစိုက်လို့ မဟုတ်ပါဘူးတဲ့။ သူ့စိတ်တွေ တစ်မျိုးဖြစ်ကုန်လို့တဲ့။ သူ လက်ပံတန်းကျမှ မနေတတ် မထိုင်တတ် ဖြစ်ရတဲ့အကြောင်းတွေ။ နောက် ကိုသိန်းအောင်ကို ချစ်မိသလိုလို ဖြစ်တဲ့အကြောင်းတွေ အားလုံးကို နှင်းဆီ တိုင်ပင်သလိုလိုနဲ့ ရေး လိုက်တယ်။

ကဲ… ကိုသိန်းအောင်၊ ဒီလောက် သတင်းကြားရရင်ပဲ ဝမ်းသာ လောက်ရောပေါ့နော်။ နောင်လည်း အစ်ကိုကြီးအရင်းရဲ့ အချစ်ရေးမှာ အမြဲတမ်း ကူညီဆောင်ရွက်ပေးမှာပါပဲ။

ကိုသိန်းအောင်လည်း နှင်းတို့အိမ် တစ်ခေါက်လောက် လာလည် ပါဦးလေ။

ညီမလေး နှင်း

စာကို ဖတ်၍ ဆုံးသည့်အချိန်တွင် မခင်ဆွေ၏ လက်များမှာ မသိမသာ တုန်၍လာလေသည်။ သူ့မျက်လုံးအိမ်တွင်လည်း မျက်ရည်ဥ ကြီးများ ပုလဲဥအသွင် ရီးလေးခိုစပြုလာ၏။ သူ့ပါးစပ်ကား တစ်စုံတစ်ရာ ကို ပြောလိုဟန် တဆတ်ဆတ် လှုပ်ရှားလျက် ရှိလေသည်။

'ကဲ… အစ်မကြီး၊ နှင်းဆီ ကျွန်တော့်ကို လှတ်မနေပါနဲ့တော့။ အစ်မကြီး စိတ်သဘောကို ကျွန်တော် နားလည်ပါတယ်။ ကျွန်တော့်

လွတ်လို့လည်း အပိုပဲ။ ကျွန်တော် သူ့ကို ချစ်တာ မဟုတ်ဘူး။ သူက ချစ်တာလည်း အစ်ကိုကြီးလို ရိုးရိုးပဲ။ ကဲလေ... ဒါတွေ ထားပါတော့။ နှင်း စာထဲကအတိုင်း ဟုတ်၊ မဟုတ်သာ ကျွန်တော် သိပါရစေ။ ကျွန်တော့်ကို သက်သက်မဲ့တော့ အရူးလုပ်မထားစေချင်ဘူး။ ဟင်... အစ်မကြီး၊ ခပ်ရိုးရိုး ခပ်ဘွင်းဘွင်း ချစ်တဲ့ လူတစ်ယောက်ကို ခပ်ဘွင်းဘွင်းပဲ ပြောလိုက်ပါတော့လား'

သိန်းအောင်၏အသံမှာ အနည်းငယ် တုန်လျက်ရှိသော်လည်း ပြတ်ပြတ်သားသား ပေါ်ထွက်၍ လာလေသည်။ ထိုအချိန်တွင် မခင်ဆွေမှာကား စာရွက်ကလေးကို လက်ထဲတွင် ကြေမွသွားအောင် လုံးထွေးလိုက်လေပြီ။ မျက်နှာမှာလည်း ရဲခနဲ နီသွားလေသည်။ တစ်ကိုယ်လုံးလည်း တုန်လျက်ရှိလေ၏။ နှုတ်ခမ်းများလည်း တဆတ်ဆတ် လှုပ်ရှားလျက် ရှိလေသည်။ ပါးပြင်တစ်ခုလုံးမှာကား မျက်ရည်များဖြင့် စိုရွှဲလျက် ရှိတော့၏။

နောက်ဆုံးမတော့ မခင်ဆွေ၏ ဘယ်ဘက်လက်သည် အထက်သို့ မြောက်တက်သွားရာက ဘေးတိုက် အားယူလွှဲလိုက်ကာ သူ့အနားသို့ အဆင်သင့် တိုးကပ်လာသော သိန်းအောင်၏ ပါးပြင်ပေါ်သို့ "ဖြန်း" ခနဲ မြည်အောင် နှုတ်ဆက်လိုက်လေသည်။

သိန်းအောင်မှာကား မျက်လုံးများ ပြာမှိုက်သွားသည်အထိ အံ့အားသင့်လွန်းမက အံ့အားသင့်သွားမိတော့သည်။ ပါးပြင်ကို လက်ဝါးဖြင့် စမ်းလိုက်မိရာက ရှေ့မတိုး နောက်မဆုတ် မတုန်မလှုပ် ကျောက်ရုပ်ဖြစ်လျက် ရှိတော့၏။ သူ့စိတ်ထဲတွင် ဒီလို အပြုအမူ တုံ့ပြန်ချက်မျိုးကို နည်းနည်းကလေးမျှ မမျှော်လင့်မိ။

"ဒီကနေ့တော့ သူ့ဆီက ချစ်ပါပြီဆိုတဲ့ စကားပြန်ကို ကြားပြီး

မှ ပြန်မယ်”ဟု စိတ်ဆုံးဖြတ်လျက် ထွက်လာခဲ့မိခြင်း ဖြစ်သည်။ သူ့တစ်သက်တာဝယ် ပထမဦးဆုံး အရူးအမူး ချစ်မိသည်။ ဤအချစ်စိတ်ကြောင့် ပထမဦးဆုံး စိတ်ဒုက္ခအမျိုးမျိုး ရောက်ခဲ့ရသည်။ ခုတော့ ချစ်မိသူထံမှ တုံ့ပြန်ချက် ချစ်သက်လက်ဆောင်မှာ သူ၏ လက်ဖမိုးနုနုကလေးသာ ဖြစ်တော့၏။

‘ဒါ ခပ်ရိုးရိုး ခပ်ဘွင်းဘွင်းချစ်တဲ့ လူပေါ့လေ။ ဟုတ်ရဲ့လားဟင်၊ ဘေးကနေ ထင်ကြေးနဲ့ အရမ်းရေးလိုက်တဲ့ စာကို ပြပြီး လူကို “ချစ်ပါ” လို့ ပြောတာဟာ ခပ်ရိုးရိုး ခပ်ဘွင်းဘွင်းတဲ့လား။ ဒီစာကို မပြဘဲ ကိုယ့်အစွမ်းနဲ့ကိုယ် မစဝံ့တော့ဘူးတဲ့လားဟင်။ ဒီစာကို ပြမှဒီက ချစ်ရမတဲ့လား၊ ဟုတ်လား။ မချစ်ဘူး မချစ်ဘူး။ မင့်းလို လူမျိုးကို တစ်သက်လုံး မချစ်ဘူး မှတ်ထား၊ သိလား။ ဒီက မောင်ကလေးအရင်းလို ကိုယ်ချင်းစာမိလို့ ကိုယ့်စိတ်ကိုယ် ပြင်ပါစေတော့၊ နောင်တ ရပါစေတော့ ဆိုပြီး ရောရောဝင်ဝင်နေတာကို အဟုတ်ကြီးထင်ပြီး ကန်းတက်တယ်ပေါ့လေ။ သွား… သွား၊ ပြန်၊ အို ဘယ့်နှယ့်’

မခင်ဆွေ၏အသံမှာ ရုတ်ခြည်း တိတ်၍ သွားလေ၏။ အသံသာ မဟုတ်၊ လူတစ်ကိုယ်လုံးမှာလည်း မလှုပ်နိုင် မရှားနိုင်အောင် ငြိမ်သက်သွားလေသည်။ သူ့တစ်ကိုယ်လုံးမှာ သိန်းအောင်၏ ရင်ခွင်အကြားသို့ ရောက်ရှိသွားတော့၏။ တတွတ်တွတ် ရန်တွေ့လျက်ရှိသော သူ့ပါးစပ်မှာကား သိန်းအောင် ပါးစပ်ဖြင့် မခွာတမ်း ပူးကပ်လျက် ရှိလေသည်။ မခင်ဆွေသည် ပထမတွင် ရုန်းကန်ပါသေး၏။ သို့သော် နောက်တွင်မူကား အလိုလို ပျော့၍ ပျော့၍ ကျသွားလေတော့သည်။

ထိုအဖြစ်အပျက်ကလေးမှာ လျှပ်တစ်ပြက်မျှ အတောအတွင်း ဖြစ်ပျက်သွားသော်လည်း မခင်ဆွေအဖို့ ထူးထူးခြားခြား ခံစား ကြုံတွေ့

လိုက်ရလေသည်။ သိန်းအောင်နှင့် ကိုယ်ချင်း၊ နှုတ်ခမ်းချင်း မခွာတမ်း ပူးကပ်လျက်ရှိကြစဉ် အတောအတွင်း အချိန်ကလေး၌ သူ့အဖို့ အားလုံးကို မေ့သွားသည်။ လွန်ခဲ့သော ညက ဆုံးဖြတ်ချက်သည် ဘယ်ကို လွင့်စဉ်သွားသလဲ မသိ။

"ဒီ စာကိုပြမှ ဒီက ချစ်ရမတဲ့လား။ မချစ်ဘူးတဲ့... မချစ်ဘူး။ မင်းလိုလူမျိုးကို တစ်သက်လုံး မချစ်ဘူး" အစရှိသော စောစောက စကားများမှာလည်း ဟန်ဆောင်စကားများသာ ဖြစ်သွားတော့သည်။ အမှန်မတော့ ဒီအချိန်ကလေးတွင် မခင်ဆွေမှာ ယခင် ခဏကကဲ့သို့ အရှုံးမပေး အနိုင်ယူမည့် မခင်ဆွေ မဟုတ်တော့။

"မောင်လေး... မောင်လေး၊ မင်းကို မမဆွေ ချစ်မိပါတယ်ကွယ်။ မင်းအတွက် စေတနာနဲ့ ခုလို ရက်ရက်စက်စက် လုပ်မိပါတယ်ကွယ်။ နှင်းကလေးနဲ့ မင်းနဲ့ ချစ်ကြပါစေတော့ဆိုတဲ့ စိတ်ထားနဲ့ မမဆွေ ရက်စက်မိတာကို ခွင့်လွှတ်ပါလားကွယ်၊ မင်းကို မမ ချစ်မိပါပြီကွယ်" စသည်ဖြင့် တတွတ်တွတ် တောင်းပန်ကာ ခြွင်းချက်မရှိ အလျှော့ပေးချင်နေသည့် မခင်ဆွေ ဖြစ်နေလေပြီ။

သို့ရာတွင် သူက ဤကဲ့သို့ စိတ်ပြောင်းလိုက်မိသည့် အချိန်တွင် သိန်းအောင်ကား သူ့ရှေ့၌ မရှိတော့ပြီ။ သူ့တစ်ကိုယ်လုံးကို ပိုင်စိုးပိုင်နင်း သိမ်းကျုံးဖက်ကာ စိတ်ရှိလက်ရှိ နမ်းပြီးခါမှ သိန်းအောင်မှာ ဖြုန်းခနဲ ထွက်သွားလေပြီ။ သိန်းအောင်က–

'စာကို မပြဘဲနဲ့လည်း ချစ်တော့ ချစ်တတ်ပါတယ်။ အမြဲတမ်းသာ မှတ်ထားပါ' ဟု ဒေါသသံဖြင့် လှောင်သလို ပြောင်သလို ပြော၍ ထွက်သွားသော အချိန်တွင် သူ တားမြစ်ရန် ကြံရွယ်မိသေးသည်။ သို့သော် ဘာကြောင့်မှန်းမသိ၊ သူ ပြောလိုသော စကားများမှာ သူ့ပါးစပ်

မှ ထွက်၍မလာ။ မျက်ရည်များသာ ဖြိုင်ဖြိုင်စီးကျလျက် ခေါင်းငိုက်စိုက်နှင့် ထွက်သွားသော သိန်းအောင်အား ပြတင်းပေါက်မှ မျှော်ကြည့်လိုက်မိတော့၏။ နောက် ခုတင်ဆီသို့ သွားကာ ခေါင်းအုံးနှင့် မျက်နှာအပ်လျက် စိတ်ရှိလက်ရှိ ငိုပစ်လိုက်မိတော့သည်။

မခင်ဆွေအဖို့ ဒုတိယအကြိမ် အသည်းကျွမ်းရပြန်လေပြီ။ ဒုတိယအကြိမ် အထင်လွဲခံရပြန်လေပြီ။ ဒုတိယအကြိမ် သူ ပြောလိုသောစကားကို မပြောရဘဲ၊ ရှင်းလိုသည့်အချက်ကို ရှင်းခွင့် မရလိုက်နိုင်သည့် အခြေမျိုးသို့ ဆိုက်ရောက်ရပြန်လေပြီ။

မခင်ဆွေသည် မကြာသေးမီက ဆုတ် ခြေမွ၍ လွှင့်ပစ်လိုက်မိသည့် နှင်း၏ စာကလေးကို ပြန်လည် ကောက်ယူကြည့်နေမိတော့သည်။

"နှင်း... နှင်း မင်းကလေးလည်း မမလိုပဲ စိတ်ထဲမှာ ရှိတဲ့အတိုင်း ဖွင့်မပြောရဲတဲ့ ဘဝမျိုး ရောက်နေရှာတာပဲနော်။ ဒါပေမဲ့ ညီမလေးရယ်၊ မင်းက မမထက် ပိုပြီး ဖွင့်ပြောထိုက်ပါတယ်ကွယ်"

(၃)

ထိုနေ့ည။

တက္ကသိုလ် သိန်းအောင် တူရိယာအဖွဲ့ကို သဘောကျ နှစ်ခြိုက်သူ ရေဒီယို သောတရှင်တိုင်း အသံလွှင့် အစီအစဉ်များကို နားစွင့်ရင်း ခုနစ်နာရီထိုးရန်ကိုသာ စောင့်ဆိုင်းလျက် ရှိကြ၏။ ည ခုနစ်နာရီထိုးသည်နှင့် တစ်ပြိုင်နက်–

'မြန်မာစံတော်ချိန် ခုနစ်နာရီတိတိ ရှိပါပြီရှင်၊ ခုအချိန်ကစပြီး တက္ကသိုလ် မောင်သိန်းအောင် အပျော်တမ်း တူရိယာအဖွဲ့မှ ကာလပေါ် သီချင်းများနဲ့' ဟု ကြေညာလိုက်သည်နှင့် ရေဒီယိုအသံကို ပိုမို ချဲ့လိုက်

မိကြပြီး ဆက်လက် ကြားရမည့် ဂီတသံများကိုသာ နားစွင့်နေမိကြလေ၏။ သို့ရာတွင် အသံလွှင့် ကြေညာသူ အမျိုးသမီးသည် ဆက်လက်၍-

'ဖျော်ဖြေရန် ဖြစ်သော်လည်း အကြောင်းမညီညွတ်လို့ အချိန်မီ ရောက်မလာနိုင်တဲ့အတွက် သီချင်းဓာတ်ပြားများနဲ့ ဖျော်ဖြေပါတော့မယ်' ဟု ကြေညာလိုက်သောကြောင့် မျှော်တော်ဇောနှင့် မောကာ သက်ပြင်းကြီးတွေ ဟင်းခနဲ ချမိကြလေသည်။

ထိုသူတွေအထဲတွင် အားလုံးသော သူများထက် စိတ်ထိခိုက်သွားကြရရှာသူ နှစ်ဦးတို့မှာကား အခြားသူများ မဟုတ်။

မခင်ဆွေနှင့် နှင်းတို့ပင် ဖြစ်သတည်း။

## ［ ၁၃ ］ ရှာပုံတော်

(၁)

‘ ဖ၁၂’

‘ရှိပါတယ်’

‘ ဖ၁၃’

‘လာပါတယ်’

ဆရာမ၏ နေ့စဉ် ဝတ္တရားအတိုင်း စာများကို စတင် မသင်ကြားမီ ကျောင်းသားမှတ်စဉ် နံပါတ်များကို ခေါ်နေရသော်လည်း မခင်ဆွေ၏ မျက်နှာမှာ အခြားသော နေ့များတုန်းကလို ရွှင်ပျ လန်းဆန်းခြင်း မရှိဘဲ ညှိုးငယ်လျက် ရှိလေသည်။ တစ်ခါတစ်ရံ မှတ်စဉ် နံပါတ်များကို ကျော်၍ ခေါ်မိသဖြင့် ကျောင်းသားအချို့ကပင်–

‘တို့ ဆရာမ ညက အိပ်ရေးပျက်တယ် ထင်တယ်ဟေ့၊ ညက ဘယ်ဆိုရှယ်ပွဲ နွှဲသလဲ မသိဘူး’ စသည်ဖြင့် တီးတိုး ဝေဖန် ပြောဆိုကြလေ၏။ ဆရာမကား နံပါတ်စဉ်များကို အစီအစဉ်အတိုင်း ခေါ်လာရာမှ (၇၁၂) သို့ ရောက်သောအခါ ခေတ္တ အနားယူ အမောဖြေလိုက်သည့်ဟန်

ဖြင့် ဆက်မခေါ်သေးဘဲ ရပ်ထားလိုက်ပြီးလျှင် တစ်ခန်းလုံးအနှံ့ လျင်မြန်စွာ ကြည့်လိုက်လေ၏။

သို့သော် သူ မျှော်လင့်ချက်နှင့် ရှာဖွေမိသူကိုကား မတွေ့ရချေ။

မြအေး၏ နံဘေးခုံမှာ ခါတိုင်းနေ့တွေတုန်းကလို လစ်လပ်မြဲသာ လစ်လပ်လျက် ရှိလေသည်။ မြအေး ကိုယ်တိုင်လည်း အခါတိုင်းကဲ့သို့ နောက်လိုက် ပြောင်လိုက်နှင့် ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော မရှိ။ အဆုံးမတော့ မိမိ စိတ်ကပင် လှည့်စားနေ၍လား မသိ။ သူ့အဖို့ ကျောင်းခန်းတစ်ခုလုံးသည် ဟာလျက်သာ ရှိလေသည်။

ထို့ကြောင့် မခင်ဆွေသည် (၇၁၂) ကို မခေါ်တော့ဘဲ ကျော်သွားကာ ကျန်ရှိသော နံပါတ်များကို ဆက်၍ ခေါ်နေလေသည်။ ပြီးသောအခါတွင်မှ စာအုပ်ကို လှန်ကာ စာကို စ၍ သင်ကြားလေသည်။ သူ့အသံမှာ အခါတိုင်းကဲ့သို့ ကြည်ကြည်လင်လင် ထွက်မလာဘဲ အနီးအနားမှ ကြားလောက်ရုံမျှသာ ထွက်ပေါ်လာသောကြောင့်–

'နည်းနည်း နေမကောင်းလို့ အသံကို သည်းခံစေချင်ပါတယ်' ဟုပင် ကျောင်းသားများအား တောင်းပန်လိုက်ရသေး၏။ ကျောင်းသားတို့မှာလည်း ဆရာမအပေါ်၌ ကရုဏာသက်သွားမိကြဟန်နှင့် အသံကောင်းစွာ မကြားရသည်ကိုပင် သည်းခံကာ ငြိမ်သက်စွာ နားထောင်လျက် ရှိကြလေ၏။

မခင်ဆွေကား စာကိုသာ သင်နေရသော်လည်း သူ့စိတ်ထဲ၌ကား တနင်္ဂနွေနေ့က အဖြစ်အပျက်များသာလျှင် မွှေနှောက်လျက် ရှိလေသည်။ သိန်းအောင် ပြုမူသွားပုံများကြောင့် စိတ်ဒုက္ခရောက်နေရခြင်း ဖြစ်သည်။ တနင်္လာနေ့ ကျောင်းပြန်တက်ရသည့်နေ့မှစ၍ တစ်ရက် တွေ့ရနိုးနိုး၊ နောက်တစ်ရက် မြင်ရနိုးနိုးနှင့်ပင် သိန်းအောင် အလာကိုသာ စောင့်မျှော်

နေခဲ့မိသည်။ သို့သော် ယနေ့ သုံးရက် ကျော်လွန်ခဲ့သည့်တိုင်အောင် သိန်းအောင် တစ်ယောက်မှာကား အစအနမျှပင် ပေါ်မလာခဲ့ပေ။

နေ့စဉ် ခေါ်ရသော နံပါတ် (၁၇၂) က သာလျှင်–

"ဘယ့်နှယ့် အစ်မကြီး၊ ကျွန်တော့်ကို ခွေးသာသာ ဆဲရိုက်လွှတ်ပြီးတော့မှ ခုလို မနေတတ်မထိုင်တတ် ဖြစ်နေတာ မရှက်ဘူးလားဗျာ" ဟု ပြောင်နေသကဲ့သို့ ရှိလေသည်။ ထိုကြောင့် မခင်ဆွေမှာ တစ်ယောက်တည်း ကြိတ်၍ပင် မနေတတ် မထိုင်တတ် ဖြစ်ခဲ့ရ၏။ စာသင်ရန် စိတ်မပါတော့သည်အထိ စိတ်တွေ လွင့်ပါးခဲ့ရ၏။ မအိပ်နိုင် မစားနိုင် တမှိုင်မှိုင် တတွေတွေ ဖြစ်ရသည်အထိလည်း စိတ်ဒုက္ခရောက်ခဲ့ရသည်။

ဒါတွေအားလုံးကို ဖန်တီးပေးနေတာကတော့ ကိုရဲညွှန့်သာလျှင် ဖြစ်တော့သည်။ မခင်ဆွေအဖို့ အစိုးရိမ်ဆုံး၊ အကြောင့်ကြဆုံး အချက်မှာကား သိန်းအောင် တစ်ယောက် ကိုရဲညွှန့်ကဲ့သို့ တစ်ရှူးထိုး တဇောက်ကန်း ပြုလုပ်သွားမည်ပင် ဖြစ်သည်။

"မောင်လေး... မောင်လေး သူ့အသက် ငယ်ငယ်ကလေးနဲ့ ငါ့အတွက်ကြောင့် ဒုက္ခမရောက်စေရဘူး။ သူ ပညာတွေ ဆက်ပြီး သင်ရဦးမယ်။ တိုင်းပြည်အတွက် အများကြီး ဆောင်ရွက်ရဦးမယ်။ အို... ငါ့အတွက်ကြောင့် လူအဖိုးတန်ကလေးတစ်ယောက် နောက်ထပ် မဆုံးစေရဘူး။ မသကာ သူ့စိတ်ကြိုက် လိုက်ပြီး သူ့အလိုကိုပဲ လိုက်ပါတော့မယ်"

မခင်ဆွေ သည်အထိ ဆုံးဖြတ်ချက် ချပြီးခဲ့လေပြီ။ ယခင်က အမြင်မှန် အတွေးမှန် စသည်တို့ကိုလည်း အားလုံး မေ့ဖျောက်ပစ်လိုက်သည်။ ယခု သူ့အဖို့ အဓိက အရေးကြီးဆုံးမှာကား "ငါလည်း သူ့ကို ချစ်သားပဲ။ ချစ်လျက်နဲ့တော့ ကိုရဲညွှန့်တုန်းကလို ငါ့အတွက် ဒုက္ခမရောက်

စေတော့ဘူး”ဟူသော အချက်ပင် ဖြစ်သတည်း။ ထို့ကြောင့် ယနေ့ မြအေး နှင့် တွေ့ဖြစ်အောင် တွေ့၍ သိန်းအောင်အကြောင်းကို မရမက စုံစမ်း ရန် ဆုံးဖြတ်ထားပြီး ဖြစ်လေ၏။ မခင်ဆွေ၏ စိတ်ထဲ၌ စာကို သင်နေ ရငြားသော်လည်း ကျောင်းဆင်း ခေါင်းလောင်းထိုးရန်ကိုသာ မျှော်လျက် ရှိတော့သည်။

သို့နှင့်ပင် အချိန်မှာလည်း တစ်စ တစ်စနှင့် ကုန်ကျူးလာခဲ့တော့ ရာ ကျောင်းဆင်းခေါင်းလောင်းသံသည် တစ်တန်း ဆင်း၍ တစ်တန်း ပြောင်းကြရန်အတွက် သတိပေး နှိုးဆော်လိုက်လေသတည်း။

(၂)

‘ ဒီမယ် တစ်ဆိတ်ရှင်’

တဲခန်းကြီးထဲမှ ထွက်တော့မည်အပြု မြအေးမှာ ထို ခေါ်သံကြောင့် ခြေလှမ်းများ ရပ်သွားမိ၏။ အဆိုပါ ခေါ်လိုက်သူမှာ သိန်းအောင် အသေအလဲ ကြိုက်နေသော ကျူတာ မခင်ဆွေမှန်း ကောင်းကောင်းကြီး သိသော်လည်း တစ်ခါတစ်ရံမျှ တွေ့ဆုံ စကားပြောဆိုခြင်း မရှိခဲ့ဖူးသဖြင့် ရုတ်တရက်သော် အံ့အားသင့်သွားမိလေ၏။ သို့ရာတွင် ဣန္ဒြေပျက်လျက် ရှိသော ဆရာမ၏ ဟန်အမူအရာကို အကဲခတ်မိသော အခါတွင်မူ ကား အတွင်းသိဖြစ်သူ မြအေးအဖို့–

“သိန်းအောင်ကိစ္စ ဖြစ်မှာပဲ” ဟု အတပ်ပေါက်လိုက်လေ၏။

သို့ဖြစ်၍လည်း သိန်းအောင် ကျောင်းမှ ပျောက်သွားပြီးကတည်း က သူကိုယ်တိုင်နှင့် အဆက်အသွယ်ပြတ်လျက် ရှိသောကြောင့် သတင်း မှန်ကို ပေးနိုင်မည် မဟုတ်သော်လည်း သူငယ်ချင်းဘက်မှ နေ၍ ပိုတန် သရွေ့ ပိုပြောကာ လိုသရွေ့ ဖြည့်သွာလိုက်မည် ဟု အဆင်သင့် စောင့်စား နေမိလေ၏။

'ဪ... တခြား မဟုတ်ပါဘူး၊ မောင်သိန်းအောင် တစ်ယောက် ခုတလော ကျောင်းတက်တာ တစ်ခါမှ မတွေ့မိလို့ ဘာများဖြစ်နေသလဲ ဆိုတာ သိချင်လို့ပါ'

ဆရာမကား တကယ်ပင် ပူပန် စိတ်မချဟန်ဖြင့် မေးလိုက်လေသည်။ မြအေးအဖို့ သူငယ်ချင်း၏ကိုယ်စား အားရဝမ်းသာပင် ဖြစ်သွားမိလေ၏။

'သိန်းအောင် (ဟော်စတယ်) မှာတောင် မရှိတော့ဘူး ဆရာမ၊ တနင်္ဂနွေနေ့က သူ ဘာဖြစ်ပြီး ပြန်လာသလဲ မသိဘူး။ ဒေါ်ကြီးမောကြီးနဲ့ အင်္ကျီအဝတ်အစားတွေ ယူပြီး ထွက်သွားတာပဲ။ ကျွန်တော့်ကို ဘာတစ်ခုမှလည်း မှာမသွားဘူး။ စကားတောင် ဟဟပြောမသွားဘူး၊ ခက်ပါတယ် ဒီကောင်၊ စိတ်ညစ်စရာရှိရင် သိပ်ညစ်ပစ်လိုက်တဲ့ အကောင်'

မြအေးကား ဘာမဆို ပိုရမှ ကျေနပ်တတ်သူပီပီ ပို၍ ဖြီးလိုက်လေသည်။ ဆရာမ ခမျာမှာတော့ မျက်နှာကလေးပင် မသိမသာ ပျက်သွားတော့ကာ ပို၍ပင် စိုးရိမ် ကြောင့်ကြဟန် လက္ခဏာများ ပေါ်ပေါက်လာတော့သည်။

'သူ ဘယ်သွားတယ်ဆိုတာကော မသိဘူးလားရှင်၊ တစ်ဆိတ်သိပါရစေ'

'ကျွန်တော် သိသလောက်တော့ သူ မြို့ထဲက မဂ္ဂဇင်းတိုက် တစ်တိုက်ကို သွားတတ်တာပဲ။ အဲဒီမှာ ကိုရဲထွဋ် ဆိုတဲ့ သူ့မိတ်ဆွေ အယ်ဒီတာ တစ်ယောက် ရှိတယ်။ တစ်နေ့ကတော့ တရုတ်တန်းမှာ အရက်တွေ မူးပြီးနေတာ တွေ့ခဲ့ရတယ်လို့ သူငယ်ချင်းတစ်ယောက်က ပြောတာပဲ။ ဒီတော့ သူ မြို့ထဲမှာ ရှိတာသာမှန်ရင် မဂ္ဂဇင်းတိုက်အပြင် တခြားနေရာတော့ မရှိပါဘူး။ ဆရာမက သူ့ကို တွေ့ချင်လို့လား'

မြအေးမှာ ဆရာမခမျာ ဣန္ဒြေမဆည်နိုင်ရှာအောင် သနားစဖွယ် ဖြစ်နေရှာသည်ကို ကရုဏာသက်သွားမိသော်လည်း ပိုပြောနိုင်မှ အနေတော် ကျမည်ကို တွေးမိသဖြင့် "တရုတ်တန်း၌ အရက်မူးနေသည်" ဟူသော စကားများကို အပိုသက်သက်လုပ်၍ ပြောလိုက်ခြင်း ဖြစ်လေသည်။ သို့ရာတွင် မခင်ဆွေအဖို့မူကား အသည်းကို အပ်ဖျားနှင့် ဆွလိုက်ဘိသကဲ့သို့ ရှိတော့သည်။

'ဟုတ်ကဲ့၊ ကျွန်မ သူ့ကို တွေ့ချင်လို့ပါပဲ။ တစ်ဆိတ် သူ သွားတတ်တယ်ဆိုတဲ့ အဲဒီ မဂ္ဂဇင်းတိုက်ရဲ့ လိပ်စာကလေးသိရင် ပြောပြစမ်းပါ ရှင်'

'နံပါတ် (.........)၊ လူးဝစ်(စ်)လမ်း၊ "အာရုံ" မဂ္ဂဇင်းတိုက်တဲ့'

'ကျေးဇူးအများကြီး တင်ပါတယ်ရှင်၊ ဒီလောက် သိရရင် တော်ပါပြီ'

ဆရာမ ထွက်ခွာသွားသော အချိန်တွင် မြအေးမှာ ကျေနပ်စွာ ပြုံးလိုက်မိလေ၏။ သူ့စိတ်ထဲတွင် သူငယ်ချင်းဖြစ်သူ သိန်းအောင်အတွက် "ဟန်ကျပြီ" ဟု ပီတိဖြာဝေနေမိခြင်း ဖြစ်သည်။

"သိန်းအောင်... သိန်းအောင် မင်းတော့ မင့်းချစ်သူကြီးဆီက ချစ်ပါပြီဆိုတဲ့ စကားကို ကြားရဦးတော့မှာပဲ"

## (၃)

စနေနေ့။

မြအေးထံမှ သိန်းအောင်အကြောင်းကို စုံစမ်း သိရှိရပြီးသည့်နောက် နှစ်ရက်မြောက်ခဲ့သောနေ့ ဖြစ်လေသည်။ မခင်ဆွေအဖို့ သည်ကနေ့ ရှာပုံတော်စခန်း ဖွင့်ရဦးတော့မည်။ မိုးကလေးမှာလည်း သည်ကနေ့မှပင်

မိုးလင်းကတည်းက စ၍ တဖွဲဖွဲ ဈေးရှာလျက်ရှိသောကြောင့် မခင်ဆွေ၏ ရှာပုံတော်မှာ လွမ်းစရာ ရှာပုံတော်ကလေး ဖြစ်၍ နေတော့သည်။

၁၀ နာရီခန့်လောက်ကတည်းက ထီးကလေးတစ်ချောင်း ဆွဲလျက် ထွက်လာရာမှ လူးဝစ်(စ်)လမ်းအတိုင်း အိမ်နံပါတ်စေ့ ရှာဖွေရင်း လျှောက်ခဲ့လေရာ လွယ်လွယ်ကူကူပင် "အာရုံ" ဟူသော ဆိုင်းဘုတ်တစ်ခုကို တွေ့လိုက်ရသဖြင့် မခင်ဆွေမှာ ဝမ်းသာအားရ ဖြစ်သွားမိလေ၏။ တိုက်ထဲသို့ ဝင်လျှင်ဝင်ချင်းပင် စားပွဲတစ်လုံးတွင် ကုန်း၍ အလုပ်ရှုပ်နေသော လူတစ်ယောက်ကို တွေ့ရသဖြင့်–

'ဒီမယ် တစ်ဆိတ်ရှင်' ဟု အသံပြုလိုက်မိလေ၏။

စားပွဲတွင် အလုပ်ရှုပ်လျက်ရှိသော အယ်ဒီတာလိုလို၊ စာရေးလိုလို၊ စာပြင်ဆရာလိုလို လူမှာကား စက်မှ အကြမ်းရိုက်ထားပြီးစ "ပရူ" စာရွက်တစ်ရွက်ကို ပြင်ဆင်နေဆဲ ဖြစ်သဖြင့် မခင်ဆွေ အသံပေးလိုက်သည်ကို ကြားလေဟန်မတူ။ စက်ရိုက်နေသူ အလုပ်သမား တစ်ယောက်က–

'ဆရာ... ဆရာ ဟိုမှာ ဧည့်သည်' ဟု အော်ဟစ် အကြောင်းကြားလိုက်သော အခါတွင်မှ မခင်ဆွေအား မော်ကြည့်လိုက်လေ၏။

'ဘာကိစ္စလဲ ခင်ဗျာ'

ဘာလိုလို လူသည် တစ်ချက် မော်ကြည့်၍ မေးလိုက်ရုံနှင့်ပင် သူ့အလုပ်သူ ပြန်ဆက်နေပြန်သည်။

'ဒီတိုက်မှာ ကောလိပ်က ကိုသိန်းအောင် ဆိုတာ ရှိတယ်ကြားလို့ လာတွေ့တာပါ'

ထိုအခါကျမှပင် ဘာလိုလိုလူမှာ ကပျာကယာ ဖြစ်သွားရာမှ– 'ကိုသိန်းအောင်ကို တွေ့ချင်လို့၊ ဟုတ်လား။ ကိုရဲထွန်းရဲ့ သူငယ်

ချင်း ကိုသိန်းအောင်ကို ပြောတာလား။ ဒီက အစ်မကြီးက သူနဲ့ ဘာတော်လို့လဲ ခင်ဗျာ၊ စိတ်လည်း မရှိပါနဲ့နော်' ဟု မဆီမဆိုင် လျှောက်မေးနေပြန်သောကြောင့် မခင်ဆွေမှာ ရုတ်တရက် နားမလည်နိုင်သလို ဖြစ်သွားမိလေ၏။

'ဘာမှမတော်ပါဘူး၊ ကျွန်မ သူ့ဆရာမပါပဲ။ အစ်မကြီးလိုလည်း ခင်မင်တဲ့ မိတ်ဆွေပါပဲ'

'ဪ... ဪ ဒါဖြင့် တော်ပါသေးရဲ့၊ ကျွန်တော် ခုလို စကားကြော ရှည်ပြီး မေးမိတာကို စိတ်မရှိပါနဲ့နော်။ ကိုသိန်းအောင်ရော၊ ကိုရဲထွဋ်ကရော ဘယ်သူလာလာ ဒီအတိုင်း မေးရမယ် မှာထားလို့ပါ။ တခြားကြောင့်တော့ မဟုတ်ဘူး အစ်မကြီး၊ ကိုသိန်းအောင်ခမျာ စိတ်ပျက်ပျက်နဲ့ အရက်တွေ မသောက်စဖူး သောက်ပြီး မော်တော်ကားအတိုက်ခံရလို့တဲ့။ ဆေးရုံတက်နေရရှာတယ်။ အဲဒီအကြောင်း သူ့မိဘတွေသိရင် မကောင်းဘူးဆိုပြီး အားလုံးက ဖုံးထားကြပါတယ်။ ဒါကြောင့် ခုလို အစ်မကြီးက ရုတ်တရက် လာမေးတော့ သူ့အိမ်က ဆွေမျိုး တစ်ယောက်ယောက် များလားလို့ လန့်သွားမိလို့ပါပဲ'

မခင်ဆွေမှာ ဝမ်းသာရတော့မလိုလိုနှင့် တကယ့် စိတ်ပျက်စရာသာ ကောင်းသော သတင်းကို ကြားလိုက်ရသောကြောင့် မိုက်ခနဲပင် ဖြစ်သွားမိတော့ကာ မျက်နှာများပင် သိသိသာသာကြီး ပျက်သွားလေတော့၏။

'အို... ဖြစ်မှ ဖြစ်ရပလေ၊ ဒဏ်ရာများ စိုးရိမ်ရသလားရှင်'

'မစိုးရိမ်ရပါဘူး၊ အရိုး နည်းနည်းအက်သွားရုံပါပဲ။ ခဏလောက်ပဲ ဆေးရုံတက်ရမယ် ပြောတာပဲ။ တစ်နေ့က ကိုရဲထွဋ်နဲ့အတူ ဆေးရုံလိုက်သွားမိလို့ ကျွန်တော်တောင် တွေ့ခဲ့ရပါသေးတယ်။ သူ တော်တော်

ထူထူထောင်ထောင် အရှိသားပဲ။ မကြာခင်မှာပဲ ဆင်းလာရတော့မယ်လို့ တောင် မှာလိုက်ပါသေးတယ်'

'ဒီလို အကြောင်းစုံ ကြားရတာ ကျေးဇူးတင်လိုက်တာရှင်၊ ဘစ်ဆိတ် ကျေးဇူးပြုပြီး သူ တက်နေတဲ့ အခန်းနံပါတ်နဲ့ ဝပ်(၁) နံပါတ် ကလေး သိပါရစေလား'

မခင်ဆွေမှာ ပြင်ပမှ ပြုံးပြုံးရွှင်ရွှင်ကလေး မနည်းဟန်လုပ်၍ ပြောနေရသော်လည်း ဝမ်းထဲ၌ကား "မောင်လေး... မောင်လေး၊ ဘယ့်နှယ့် များ ဒီလောက် မိုက်မိုက်ရမ်းရမ်း လျှောက်လုပ်ရတာလဲကွယ်" ဟု ယူကျုံး မရ ဖြစ်မိရင်း မျက်လုံးအိမ်များ၌ မျက်ရည်များပင် စုလာကာ ပါးပြင် ပေါ်သို့ ယိုစီးထွက်ကျတော့မည် ပြုနေသောကြောင့် မသိမသာ လက်ကိုင် ပဝါဖြင့် သုတ်လိုက်ရလေ၏။ အယ်ဒီတာနှင့် တူသူက သိန်းအောင်၏ ဆေးရုံအခန်းနံပါတ်ကို ပြောပြလိုက်သော အခါတွင်မှ–

'ဒါနဲ့ မနက်ပိုင်း သွားတွေ့လို့ကော ရရဲ့လားရှင်' ဟု မေးလိုက် မိပြန်၏။

'ဟင့်အင်း၊ မနက်ပိုင်းတော့ မဖွင့်ဘူး ခင်ဗျာ၊ ဒါပေမဲ့ ကျွန်တော် တို့မှာတော့ သူ့ဆီ စားစရာကလေး ဘာကလေး သွားပို့ချင်ရင် လွယ်ကူ အောင်ဆိုပြီး တောင်းထားတဲ့ ဝင်ခွင့်လက်မှတ်ကလေးတော့ ရှိပါတယ်။ အစ်မကြီး လိုချင်ရင် ယူသွားတာပေါ့လေ'

အယ်ဒီတာနှင့်တူသူ၏ စကားများ မဆုံးသေးမီအချိန်မှာပင် မျက်မှန်နှင့် လူရွယ်တစ်ယောက် တိုက်ထဲသို့ ကမန်းကတန်း ပြေးဝင် လာသောကြောင့် 'ဟော... ကိုရဲထွန်းတောင် ပြန်လာပြီ' ဟု ပြောလိုက် လေ၏။ ကိုရဲထွန်း ဆိုသူမှာကား မခင်ဆွေကို လုံးဝ ဂရုမစိုက်နိုင်သေး ဘဲ–

'ဖျို့ ကိုခင်မောင်ကြီး၊ ခင်ဗျားတို့ ကြားပြီလား။ အတွင်းဝန်ရုံးမှာ ဝန်ကြီးတွေ စည်းဝေးနေတုန်း သေနတ်နဲ့ ဝင်ပစ်သွားပြီတဲ့' ဟု မောကြီးပန်းကြီးနှင့် ပြောပြနေလေ၏။ မခင်ဆွေမှာ နားမလည်နိုင်သလို ဖြစ်ကာ တွေတွေကလေး နားထောင်နေမိရှာသည်။

'ဟင်... ဒါဖြင့် ခုနကလေးက "ဝရော" ခနဲ သဲ့သဲ့ကြားလိုက်ရတာ သေနတ်သံတွေ ဖြစ်မှာပေါ့။ လုပ်ပါဦး... ပြောပြစမ်းပါဦး၊ ဘယ်လိုဖြစ်လို့ ဘာဖြစ်ကုန်ပြီလဲ'

'ကျွန်တော်လည်း သိမ်ကြီးဈေး စာအုပ်ဆိုင် ခဏသွားတာဗျ၊ အပြန်ကျတော့ စိတ်ထဲမယ် လူတွေ ရုတ်ရုတ် ရုတ်ရုတ်နဲ့ တစ်မျိုးကြီးဖြစ်နေကြပါကလားလို့တော့ အောက်မေ့သားပဲ။ ဒီဘက်လည်း ရောက်ကရော ဟိုလူက ပြော၊ ဒီလူက ပြောနဲ့ ဒီသတင်းကို ကြားရတာပါပဲ။ ဒါနဲ့ သတင်းကလေး ဘာကလေး ယူရအောင်ဆိုပြီး ရုံးကြီးကို အပြေးသွားတယ်။ ကျွန်တော် ရောက်တော့ သူတို့အလောင်းတွေ ကားပေါ်တောင် သယ်တင်နေကြပြီဗျ။ အားလုံး ဗိုလ်ချုပ်ရယ်၊ ဦးဘချိုရယ်၊ မန်းဘဆိုင်ရယ်၊ သခင်မြရယ်၊ မစ္စတာရာဇတ်ရယ်၊ စော်ဘွားကြီးရယ်၊ ဦးဘဝင်းရယ်၊ အိုင်စီအက်(စ) ဦးအုန်းမောင်ရယ်၊ မစ္စတာရာဇတ်ရဲ့ သက်တော်စောင့် ကိုထွေး ဆိုတာရယ် ထိကြသတဲ့။ မိုင်းပွန်စော်ဘွားကြီး တစ်ယောက်ကလွဲရင် အားလုံး ဆုံးကြရရှာပြီလို့ ပြောတာပဲ'

'ဗိုလ်ချုပ်ကော ဆုံးပြီ၊ ဟုတ်လား'

ကိုခင်မောင်ကြီး ဆိုသူက မယုံကြည်ဟန်ဖြင့် မေးလိုက်ရာ 'အင်း... ဆုံးပြီ' ဟု ကိုရဲထွဋ်က မချိတင်ကဲ အသံဖြင့် တိုးတိုးကလေး ဖြေလိုက်လေ၏။ 'သူ့မျက်နှာကို အဝတ်ဖြူနဲ့ ဖုံးယူသွားကြတယ်ဗျ။ ဒါပေမဲ့ ဗိုလ်ချုပ် ဆုံးပြီ ဆိုတာကို ဘယ်သူမှ မယုံကြဘူး'

'ဖြစ်မှ ဖြစ်ရပါလေဗျာ၊ တကယ် နှမြောဖို့ကောင်းတာပဲ။ တကယ် လည်း ရက်စက်တဲ့ ဟာတွေပဲဗျာ။ ကမ္ဘာ့ရာဇဝင်မှာတောင် ဒီလို ရက်စက် ကြမ်းကြုတ်တဲ့ အပြုအမူမျိုး မကြားဖူးသေးဘူးဗျာ။ ဘယ့်နှယ့်ဗျာ... ကဲဘိနက်တစ်ခုလုံး ပစ်သတ်ရတယ်လို့'

'အစစ်ပဲဗျာ၊ လူတိုင်းလည်း ယူကျုံးမရ ဖြစ်နေကြတာပဲ။ တချို့ က ဗိုလ်ချုပ် မသေသေးဘူးလို့ပဲ ယုံနေကြတုန်း။ အခုဆိုရင် မြို့တစ်မြို့ လုံး ခြောက်ကပ်ကပ်ကြီး၊ ကြောက်စရာတောင် ကောင်းနေတယ်။ လူ တွေကလည်း တိုးတိုး တိုးတိုးနဲ့ ဒီအကြောင်းကို ပြောတောင် မပြောရက် ကြဘူး။ အားလုံး မျက်နှာတွေပျက်ပြီး တစ်မျိုးကြီးတွေပါပဲဗျာ၊ စိတ် မကောင်းစရာကြီးပါပဲ'

မခင်ဆွေကား ကိုရဲထွဋ်နှင့် ကိုခင်မောင်ကြီး ဆိုသူတို့ တစ်ဦး နှင့် တစ်ဦး ပြောနေကြသည်ကို နံဘေးမှ နားစိုက်ထောင်ရင်း မျက်လုံး အိမ်မှ မျက်ရည်များပင် ယိုစီးကျဆင်းလာရာမှ ရှိုက်၍ မငိုမိရန် မနည်း သတိထားလိုက်ရလေသည်။

ထိုအချိန်တွင် သူ မြို့ထဲသို့ ရောက်ရှိလာရသည့် မူရင်းကိစ္စကိုပင် မေ့လျော့သွားမိလေ၏။ သိန်းအောင်ပင် သူ့စိတ်ထဲမှ ပျောက်ကွယ် လွင့်စဉ်၍ သွားလေပြီ။ သူ့ ရင်တစ်ခုလုံး တလှပ်လှပ် တုန်လျက်ရှိလေ သည်။ အသားများ တဆတ်ဆတ် တုန်နေလေသည်။ ဗိုလ်ချုပ်... ဗိုလ်ချုပ်။ ဗိုလ်ချုပ်တို့အားလုံး ဆုံးရှာကြပြီတဲ့။ မြန်မာပြည်ကြီး ပရမ်းပတာ ဖြစ် ကုန်ပါပကောလား။

'ဖြစ်မှ ဖြစ်ရပါလေတယ်ရှင်' ဟု မခင်ဆွေ ပါးစပ်မှ တုန်တုန် ယင်ယင် ထွက်သွားလေတော့၏။ ထိုအခါကျမှ ကိုခင်မောင်ကြီး ဆိုသူ လည်း ဧည့်သည်ကို ပြန်သတိရတော့ကာ-

'ကြည့်ပါဦး ခင်ဗျာ၊ ကျွန်တော်ဖြင့် သိပ်ကို စိတ်မကောင်း ဖြစ်သွားမိတာပဲ။ ဒီက ညွှံ့သည်ကိုတောင် လုံးလုံး သတိမရတော့ဘူး။ ဒီမှာ ကိုရဲထွဋ်၊ ဟောဒီက ကိုသိန်းအောင်ရဲ့ မိတ်ဆွေတဲ့။ သူ့ကို တွေ့ချင်လို့ လာတာဆိုလို့ သူ့အကြောင်း ပြောပြလိုက်ရတယ်'

ကိုရဲထွဋ် ဆိုသူမှာလည်း သည်အခါတွင်မှ မခင်ဆွေကို ဂရုစိုက်မိတော့ကာ အနည်းငယ် အံ့အားသင့်သွားဟန် တူလေသည်။

'ဩော်... ကိုသိန်းအောင်အကြောင်း အားလုံး ကြားပြီးပြီပေါ့'

'ဟုတ်ကဲ့ ကြားရပါပြီ၊ ဒီက အကုန်ပြောပြပါတယ်။ ပထမတော့ သူ့ဆီ ဆေးရုံသွားတွေ့မလို့ပါပဲ။ ခုတော့ ဗိုလ်ချုပ်တို့ သတင်းတွေ ကြားလိုက်ရလို့ သွားချင်စိတ်တောင် မရှိတော့ပါဘူး။ ကဲလေ ကျွန်မလည်း ပြန်လိုက်ပါဦးမယ်။ ဗိုလ်ချုပ်တို့သတင်း ကြားလိုက်ရတာ သိပ်ကို စိတ်မကောင်း ဖြစ်သွားမိတာပဲ။ မြို့ထဲလည်း ကြာကြာမနေချင်တော့ပါဘူးရှင်'

'ဟုတ်ကဲ့၊ ပြန်ရင် ပိုကောင်းပါတယ်။ အခု ဘတ်(စ်)ကားတွေ တောင် သိပ်မရှိတော့ဘူး။ မြို့ကြီးလည်း တိတ်တိတ်ဆိတ်ဆိတ်ကြီး ဖြစ်နေပြီ။ စောစောမပြန်ရင် သွားဖို့ လာဖို့ အခက်အခဲ တွေ့နေပါဦးမယ်။ ကျွန်တော်ပဲ သိမ်ကြီးဈေး ကားဆိပ်ထိအောင် လိုက်ပို့ပါ့မယ်လေ'

ကိုရဲထွဋ်က ဖော်ဖော်ရွေရွေ ပြောလိုက်သောကြောင့် မခင်ဆွေမှာ ဝမ်းထဲမှ ကျိတ်၍ ကျေးဇူးတင်သွားမိတော့သည်။

ထိုနောက် သူတို့နှစ်ယောက်သည် သိမ်ကြီးဈေး ကားဆိပ်သို့ တာမွေ-မော်တင် ကားတစ်စီးဖြင့် လိုက်သွားကြလေသည်။ ကားပေါ်တွင်ကား လူအနည်းငယ်မျှသာ ပါလေ၏။ ပါသမျှ လူများမှာလည်း

မျက်နှာသေကလေးတွေဖြင့် စကားတစ်ခွန်း မပြော။ ငြိမ်သက် ငေးမှိုင်လျက် ပါလာကြလေသည်။

သိမ်ကြီးဈေး ရောက်သောအခါ၌လည်း လူသွားလူလာ ရှင်းလင်းတိတ်ဆိတ်လျက် ရှိမတတ် ခြောက်ကပ်ကပ်ကြီး ဖြစ်နေလေပြီ။ ဈေးဆိုင်တိုင်းလိုလိုပင် သိမ်း၍ သွားကြလေပြီ။ လမ်းမများပေါ်တွင် တချို့တလေ သွားလာလျက် ရှိကြသော လူတို့မှာလည်း ခြေလှမ်းများကို ဖြည်းလေးစွာ လှမ်းကာ ခေါင်းငိုက်စိုက်နှင့် လျှောက်လျက် ရှိကြ၏။ မော်တော်ကား၊ လံချားတို့မှာလည်း အိမ်ပြန် အလုပ်သိမ်းဆည်းရန်အတွက် ခပ်မြန်မြန် မောင်းနှင်သွားလာလျက် ရှိကြလေသည်။

မခင်ဆွေ၏ ရှာပုံတော်ကလေးမှာ သည်တွင်ပင် တစ်ခန်းရပ်ရပေတော့သတည်း။

## [ ၁၄ ] နေရစ်တော့ သက်လှယ်ရေ

### (၁)

စနေနေ့ သတ်ဖြတ်မှုကြီးအတွက် ဝမ်းနည်းသော အထိမ်းအမှတ်ဖြင့် တက္ကသိုလ်ကျောင်းကြီးကိုလည်း တနင်္လာနှင့် အင်္ဂါနေ့များတွင် ပိတ်ထားလိုက်လေ၏။

ကျောင်းနှစ်ရက် ပိတ်ထားသည့် အတောအတွင်း ကျောင်းဝင်းကြီး တစ်ခုလုံးမှာ ခြောက်ကပ် ငြိမ်သက်လျက် ရှိတော့သည်။ ထို ရက်များအတွင်း ကျောင်းဆောင်များရှိ ကျောင်းသားအချို့မှာလည်း သတင်းစာများကိုသာ ဖတ်ရှုရင်း အချိန်ဖြုန်းကြရ၏။

ထို ရက်များအတွင်း သတင်းစာတိုင်းကလည်း ဗိုလ်ချုပ်တို့အကြောင်းများကိုသာ အမျိုးမျိုး ချဲ့ထွင် ရေးသားကြလေရာ လူတိုင်းလိုလိုပင် လက်မလွှတ်တမ်း ဝယ်ယူ ဖတ်ရှုကြရလေသည်။ သတင်းစာများမှာ အရောင်းရ တွင်ကျယ်လွန်းသဖြင့် အခွင့်ကောင်းယူ၍ အဆမတန်ဈေးမြှင့် ရောင်းချကြသည်ကိုပင် ရှောရှောရှူရှူ အဖိုးပေး၍ ဖတ်ရှုကြလေ၏။

မခင်ဆွေကား စနေနေ့က ဗိုလ်ချုပ်တို့ကိစ္စကြောင့် သိန်းအောင်ကို လုံးဝ သတိမေ့လျော့သွားခဲ့မိသော်လည်း နောက်တစ်နေ့တွင်မူကား အထူးပင် စိတ်ပူ ကြောင့်ကြမိပြန်တော့၏။ သို့စေကာမူ ထိုရက်များအတွင်း သွားစရာ လာစရာ ယာဉ်များ ခက်ခဲလှသဖြင့် ဆေးရုံသွားမေးရန် အကြံကို လက်လျှော့လိုက်ရပြီး ကျောင်းဆောင်တွင် သတင်းစာနှင့်ပင် အဖော်ပြုနေရတော့သည်။

မခင်ဆွေအဖို့ စိတ်ပူ ကြောင့်ကြစိတ်တွေကို မည်မျှပင် ဖြေဖျောက်စေကာမူ တိတ်ဆိတ် ငြိမ်သက်လျက်ရှိသော ကျောင်းဝင်းကြီးတစ်ခုလုံးက သိန်းအောင်အား သတိရ အောက်မေ့စေရန်ကိုသာ ဖန်တီးလျက် ရှိတော့၏။ ဤသို့ သူ့ကို လွမ်းဆွတ် အောက်မေ့မိသည့်အခါတိုင်း၌လည်း တစ်နေ့က မမျှော်လင့်သော အဖြစ်အပျက်ကလေးကို ပြန်၍ သတိရမိကာ မျက်ရည်များပင် လည်လာမိတော့သည်။

အမှန်မှာ ထိုနေ့က သိန်းအောင်အပေါ်တွင် ကိုယ်ထိလက်ရောက် ရက်ရက်စက်စက် ပြုမူလိုက်မိခြင်းမှာ နှင်း၏ စာကလေးကြောင့်သာ ဖြစ်ပေသည်။ နှင်း ရေးထားသည့် စာကလေးကား နှင်း၏ အတွင်းစိတ်ဓာတ် အလုံးစုံကို ကြေးမုံသဖွယ် ထင်ထင်ရှားရှားကြီး ဖော်ပြလျက်ရှိတော့ရာ သူ ဆိုလိုသည့် အဓိပ္ပာယ်နှင့် သူ ရေးလိုက်သည့် အရေးအသားတို့မှာ တခြားစီ ဖြစ်နေကြောင်း မခင်ဆွေ ကောင်းကောင်းကြီး သဘောပေါက် နားလည်ခဲ့ရ၏။

ထို့ကြောင့်ပင် နှင်းအတွက် ယူကျုံးမရ ကရုဏာဒေါသော ဖြစ်သွားမိသော တဒင်္ဂ၌ကား နှင်း၏ စာထဲတွင် ဖော်ပြထားသည့် မိမိ၏ စိတ်ရင်းသဘောထားများကို သိန်းအောင် အယုံအကြည် ကင်းမဲ့သွား၍

မိမိအပေါ်ဝယ် မုန်းတီး ပြတ်စဲသွားစေလိုသော စေတနာဖြင့်သာ တမင်သက်သက် ရက်စက်ဟန်ဆောင်လိုက်ရခြင်းပင် ဖြစ်သတည်း။

ဤသို့ စိတ်လိုက်မာန်ပါ ရက်စက်မိပြီးသောအခါတွင်လည်း မခင်ဆွေအဖို့ သိန်းအောင်၏ ပါးပြင်ပေါ် ဖြန်းခနဲ လွှဲရိုက်လိုက်မိသည့် သူ့လက်ဝါးများကို တအား ဆုပ်နယ်မိရင်း သူ့ရှေ့မှ ခေါင်းငိုက်စိုက်ဖြင့် ထွက်ခွာသွားရှာသော သိန်းအောင်၏ မျက်နှာကိုသာ မြင်ယောင်နေမိတော့လေ၏။ ယောကျ်ားတန်မဲ့ မိန်းမသားတစ်ယောက်၏ ပါးရိုက်ခံရခြင်းကို သူ့ခမျာ မည်မျှ ရှက်ရှာလိမ့်မည်နည်း။ မိမိအပေါ်ဝယ် မည်မျှ မုန်းတီး စက်ဆုပ်သွားရှာလိမ့်မည်နည်း။

သိန်းအောင်အတွက် ဝမ်းနည်း တသ ယူကျုံးမရ ဖြစ်မိပြန်သောအခါ၌လည်း သိန်းအောင် ထွက်ခွာမသွားမီ သူ့တစ်ကိုယ်လုံးကို အတင်းဖျစ်ညှစ် ပွေ့ဖက်ကာ အငြိုးကြီးနှင့် နမ်းရှုပ်သွားပုံများကို စိတ်ထဲက ဖျောက်ဖျက်မရနိုင်အောင် စွဲလမ်းလျက် ရှိတော့၏။ အမှန်မတော့ သိန်းအောင် ဤသို့ ကမူးရှူးထိုး ပြုမူသွားခြင်းသည်ပင် မခင်ဆွေအဖို့ သူ့ထံမှ နောက်မဆုတ်သာတော့အောင် စိတ်ပြောင်းခဲ့ရပေ၏။

ထို့နောက် တစ်ဖန် သိန်းအောင်အား လိုက်လံ ရှာဖွေစဉ် ကားတိုက်ခံရကြောင်းကို သိလိုက်ရပြန်သောအခါတွင်ကား "အို... ဒါတွေအားလုံး ငါ့အပြစ်တွေချည်းပဲ။ ငါကသာ ဖျောင်းဖျောင်းဖျဖျ ပြောလိုက်မိရင် ဒီလိုအဖြစ်မျိုး ရောက်ရမှာ မဟုတ်ဘူး။ ငါ မှားတယ်၊ အများကြီးမှားတယ်" ဟု မိမိကိုယ်မိမိသာလျှင် အပြစ်တင်မဆုံး ရှိရာက သိန်းအောင်အပေါ်ဝယ် ကရုဏာမိုးကြီး ဖွေရွာလျက် မေတ္တာစိတ်တွေသာ တားဆီးမနိုင်အောင် ဖြာဝေမိခဲ့တော့သည်။

(၂)

မခင်ဆွေမှာ ဆေးရုံကြီး၏ လှေကားထစ်များကို တစ်ထစ်ကျော် နှစ်ထစ်ကျော်ပင် လှမ်းတက်ချင်စိတ်များ ပေါ်ပေါက်လာမိ၏။

ဒုတိယထပ်သို့ ရောက်လာသည့်အခါ၌ကား သိန်းအောင်၏ အခန်းနံပါတ်ကို ရှာဖွေရင်း လျှောက်ခဲ့မိလေသည်။ မကြာမီပင် သူ ရှာဖွေလျက်ရှိသော နံပါတ်ကို တွေ့လိုက်ရသောကြောင့် ဝမ်းသာအားရ ဝင်သွားတော့မည်အပြုတွင် ကရင် သူနာပြု ဆရာမကလေးတစ်ဦးနှင့် ရင်ဆိုင်တိုးမိကြသဖြင့်–

'အို... ဆောရီး ဆရာမ၊ ဒါနဲ့ ဒီအခန်းမှာ ကောလိပ်က ကိုသိန်းအောင် ဆိုတာ ရှိတယ် မဟုတ်လား'

'ဘယ်လိုရောဂါနဲ့ တက်နေတာလဲ။ သိပါရစေရှင်'

'ဩော်... ကားတိုက်မိလို့ အရိုးနည်းနည်း အက်သွားတယ်ဆိုတာပါ'

'အို... ဒီလူလား၊ အရိုးအက်တာတောင် မဟုတ်ပါဘူး။ အပြင်ပန်း ပွန်းရုံပဲ့ရုံလောက် ထိမိတာပါ။ သူ ဗိုလ်ချုပ်တို့ ဖြစ်ပြီး နောက်တစ်နေ့မှာပဲ ဆရာဝန်ကြီးဆီက အခွင့်တောင်းပြီး ဆင်းသွားပြီကော'

မခင်ဆွေအဖို့ မျှော်လင့်ချက်ကြီးနှင့် လာခဲ့ရသမျှ ရင်ဝကို ဆီး၍ တွန်းပစ်လိုက်ဘိသကဲ့သို့ ခံစားလိုက်ရလေသည်။

သိန်းအောင်ကား ပြန်သွားလေပြီ တဲ့။ ဘယ်ကို ပြန်သွားလေသလဲ။ ကျောင်းကိုပဲလား၊ အိမ်ကိုပဲလား။ ဒီတစ်ခါတော့ ရှာပုံတော်စခန်း သိမ်းရပေတော့မည် ဟူ၍ စဉ်းစားမိရင်း မိမိအဖြစ်ကို မိမိ ဝမ်းနည်း ယူကျုံးမရဖြစ်ကာ ကျောင်းသို့ ပြန်ခဲ့ရတော့သည်။ အခန်းထဲ ဝင်မိလျှင် ဝင်မိချင်း အိပ်ရာပေါ်တွင် မှောက်လျက် လှဲချလိုက်ကာ ရှိုက်၍

ရှိုက်၍ ငိုမိတော့၏။ သူ့ခေါင်းတစ်ခုလုံး သိန်းအောင်၏ စိတ်တစ်ခုတည်းသာ မွှေနှောက်လျက် ရှိတော့သည်။ သည်လိုအခါမျိုးတွင်မှ မခင်ဆွေမှာ မီးခဲပြာဖုံး ဖြစ်လျက် ရှိခဲ့သော သူ့အချစ် သူ ကောင်းစွာ ရိပ်မိလေတော့၏။

"မောင်လေး... မောင်လေး၊ ဒီတစ်ခါ မင်းက တစ်လှည့် မမရင် ခွဲပစ်တာပေါ့လေ။ မမလေ မင်းကို ချစ်မိပါပြီကွယ်"

'မခင်ဆွေ ဘယ့်နှယ့် ရန်ကုန်ထဲ လျှောက်လည်ပြီး သိပ်မောလာတယ် ထင်တယ်။ အင်္ကျီအဝတ်အစား မလဲသေးဘဲ အိပ်ပျော်သွားပါဦးမယ်ကွယ်။ ရော့...ရော့၊ နေ့လယ်က ယူ မရှိတုန်း စာပို့ကုလား လာလို့ စာတစ်စောင် ယူထားလိုက်ရတယ်'

ထိုအသံကို ကြားလိုက်ရတော့မှ မခင်ဆွေမှာ မျက်ရည်စ အချို့ကို ခေါင်းအုံးဖြင့် သုတ်လိုက်ရင်း ခုတင်ပေါ်မှ ထထိုင်လိုက်လေသည်။ ထိုနောက် သူ့မိတ်ဆွေက လက်ကမ်းပေးနေသော စာအိတ်ကလေးကို လှမ်းယူလိုက်ရင်း–

'ကျေးဇူးတင်ပါတယ် ခင်ခင်' ဟု ပြောလိုက်ရလေ၏။ ခင်ခင်ဆိုသူကလေးမှာလည်း မခင်ဆွေအား နှုတ်ဆက်ပြီးနောက် အခန်းထဲမှ ပြန်ထွက်သွားလေသည်။ မခင်ဆွေကား စာအိတ်ပေါ်မှ လိပ်စာ လက်ရေးကို ဂရုစိုက်ကြည့်လိုက်မိရာတွင် သိန်းအောင်၏ လက်ရေးမှန်း မှတ်မိလိုက်သောကြောင့် ရင်ထဲတွင် တထိတ်ထိတ်နှင့် ဖောက်၍ ဖတ်ကြည့်မိတော့၏။

**အစ်မကြီး**

ဒီ စာဟာ နှုတ်ဆက်စာလည်း ဖြစ်ပါတယ်။ တောင်းပန်စာဆိုရင်လည်း သိပ်မမှားပါဘူး။ ကျွန်တော့်အပေါ်မှာ ပါးရိုက်လောက်တဲ့

အထိ စိတ်ဆိုးသွားတာကို သိရလို့ ချက်ချင်း ကျောင်းက ထွက်ခဲ့မိပါ တယ်။ ကျွန်တော် ပြစ်မှားမိသရွေ့ ဒီစာနဲ့ပဲ တောင်းပန်လိုက်ပါရစေ။ အစ်မကြီးမယ် စေ့စပ်ပြီးတဲ့ လူတစ်ယောက် ရှိတယ်ဆိုတာကို တကယ် ပဲ မသိခဲ့ပါဘူး။ အဲဒီလူ နှင်းရဲ့အစ်ကို ကိုထွန်းလှ ဆိုတာကိုတော့ ဝေးရော၊ သိလျက်နဲ့တော့ ကျွန်တော် ဒီလို ဘယ်နည်းနဲ့မှ ပြုမိမှာ မဟုတ် ပါဘူး။

ကဲလေ ပြီးခဲ့တာ ပြီးခဲ့ပါပြီ။ လွန်မိခဲ့သမျှကိုလည်း တောင်းပန် ပါရစေ။ နောင်လည်းပဲ မိတ်ဆွေအဖြစ်နဲ့တော့ ခင်ခင်မင်မင် ပေါင်းသင်း သွားလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အစ်မကြီးကိုလည်း စိတ်ထဲက တတ်နိုင်သရွေ့ ဖျောက်ကြည့်ပါ့မယ်။ ချစ်မိတဲ့ အချစ်ကိုတော့ဖြင့် တစ်သက်လုံး ဖျောက်ဖျက်လို့ရမှာ မဟုတ်ဘူး ဆိုတာကိုတော့ ယုံကြည် ပါ။ ဒါကိုမှ မကျေနပ်သေးလို့ "အတင်း မရမက ဖျောက်ဖျက်ပစ်ရမယ်" ဆိုရင်လည်း တတ်နိုင်သရွေ့တော့ စမ်းကြည့်ပါဦးမယ်။

ကျွန်တော့်ကိုလည်း အစ်မကြီး မြန်မြန်မေ့ပျောက်သွားပါလိမ့် မယ်။ ကျွန်တော် ဒီ မြန်မာပြည်က အမြန်ဆုံး ထွက်သွားပါတော့မယ်။ အကြောင်းမဲ့ ထွက်သွားမှာတော့ မဟုတ်ပါဘူး။ ငယ်ငယ်ကတည်းက ရည်ရွယ်ထားတဲ့အတိုင်း နိုင်ငံခြားကို ပညာသင် သွားဖို့ပါပဲ။

အစ်မကြီးတို့ ချစ်သူနှစ်ဦးစလုံး ကျန်းကျန်းမာမာ ပျော်ပျော် ရွှင်ရွှင် ရှိကြပါစေ။

**သိန်းအောင်**

မခင်ဆွေ၏ မျက်လုံးများမှာ ပြာမိုက်သွားတော့၏။ လက်ထဲ တွင် ဆုပ်ကိုင်ထားသည့် စာရွက်ကလေးမှာလည်း လက်ဖြင့်အတူ

တဆတ်ဆတ် တုန်လျက်ရှိလေ၏။ စာရွက်ပေါ်မှ စာလုံးများမှာကား မျက်ရည် နှင်းမှုန်များအကြားဝယ် အရည်ပျော်ကျကုန်သကဲ့သို့ ပျောက်၍ ပျောက်၍ သွားတော့သည်။

"မောင်လေး... မောင်လေး၊ မင်းကတော့ မမတို့ အကြောင်းရင်းတွေကို နှိုက်နှိုက်ချွတ်ချွတ် မသိသေးဘဲနဲ့ သူများပြောတဲ့ စကားကို အရမ်းယုံသွားပြီပေါ့လေ။ မင်းကို ဒီအကြောင်းတွေကို ဘယ်သူကများ ပြောလိုက်သလဲကွယ်။ မင်းကလည်း ချက်ချင်းပဲ ယုံလိုက်တာပေါ့။ အင်းလေ... ယုံတော့မှာပဲပေါ့။ မင်းက မမအသည်းကို ခွဲလို့ ဝပြီဟာကိုး။ ကြည့်စမ်းပါဦးကွယ်၊ စာအဆုံးမှာတောင် မမနဲ့ ချစ်သူတို့ ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင် ရှိကြပါစေတဲ့။ ရေးမှ ရေးရက်လေခြင်း မောင်လေးရယ်။ ဒီထက်များ မမကို မခနဲ့နိုင်တော့ဘူးတဲ့လား ဟင်၊ မမကို မင်း စိတ်ထဲက တတ်နိုင်သရွေ့ ဖျောက်ဖျက်ပစ်မယ်တဲ့၊ ဟုတ်လား။ မင်းက လွယ်လွယ်ကြီး ဖျောက်နိုင်ပေမယ့် မမ အသည်းတွေတော့ မင်းအချစ်ဒဏ်တွေကြောင့် ပြန်ပြီး နာလန်ထူနိုင်တော့မယ် မဟုတ်ပါဘူးကွယ်"

ဤစကားများကား မခင်ဆွေ ပါးစပ်မှ ထွက်ပေါ်လာခြင်း မဟုတ်။ ဝမ်းထဲ၌လည်း မျိုသိပ်၍မထားနိုင်သဖြင့် စာရေးစက္ကူတစ်ရွက်ပေါ်တွင် "မောင်လေးရေ..." ဟု အစချီလျက် စာတစ်စောင်အဖြစ် ရေးချလိုက်ခြင်းပင် ဖြစ်လေသည်။

စာထဲတွင်ကား ထိုမျှလောက်သာမကသေး၊ သိန်းအောင်က ချစ်သလို သူကလည်း ပြန်ချစ်မိပုံ၊ သို့ရာတွင် အရွယ်ချင်း မမျှ၊ အတန်းချင်း မတူရုံသာမက နှင်းက သိန်းအောင်ကို တစ်ဖက်သတ် ချစ်၍နေကြောင်းကို သိရပြန်သဖြင့် လူငယ်ချင်းသာ ဖြစ်ကြပါစေတော့ဟု တမင်သက်သက် ရှောင်ဖယ်ပေးခဲ့ပုံ၊ အကယ်၍သာ သူ့အတွင်းရေးများကို သိန်းအောင် သိရလျှင် သူ့အပေါ်တွင် ဘယ်နည်းနှင့်မဆို အပြစ်လွှတ်မည်ကို ယုံကြည်

ပုံ စသည့် အကြောင်းများအပြင် ကိုရဲညွန့်နှင့် သူ့အဖြစ်အပျက်များ အကြောင်းကိုပါ ခရေစေ့တွင်းကျ ရေးထည့်လိုက်မိသေး၏။

အကယ်၍ သည်စာကိုသာ သိန်းအောင် ဖတ်လိုက်ရလျှင် အမှန် ပင် သူ့ဆီသို့ ချက်ချင်း ပြေးလာမည်ဟု မခင်ဆွေ တထစ်ချ ယုံကြည် ထားလေ၏။ သိန်းအောင် မည်မျှ ဝမ်းသာအားရ ရှိမည်ကို တွေးမိပြန် သည့် အခါတွင်လည်း သူကိုယ်တိုင် အတိုင်းမသိ ဝမ်းသာမိလေ၏။ ထို့ကြောင့်ပင် စာကို ရေးနေစဉ် အခိုက်အတန့်တွင် သူ့လက်ကလေး များမှာ ပီတိဟုန်ဖြင့် သိသိသာသာ တုန်၍ နေလေသည်။ လက်ရေးများ မှာလည်း မညီညာ၊ လက်တုန်သလို လက်ရေးကပါ လိုက်၍ တုန်ရဟန် တူလေသည်။ သို့ရာတွင် စာကို ဆုံးအောင်ရေးပြီး အကြိမ်ကြိမ်အဖန်ဖန် ပြန်ဖတ်ကာ အတော်ကြာအောင် စဉ်းစားပြီးသောအခါတွင်မှ မခင်ဆွေ သည် တစ်စုံတစ်ရာကို စိတ်ပိုင်းဖြတ်လိုက်ဟန်ဖြင့် အံကို တအားကြိတ် ရင်း စာကလေးကို အစိတ်စိတ်အမြွှာမြွှာ ဆုပ်ဖြဲပစ်လိုက်ကာ မျက်ရည် များ ဖြိုင်ဖြိုင် သွန်ချလိုက်မိလေတော့သတည်း။

မခင်ဆွေအဖို့ ဤမျှ အရေးကြီးသည့် စာတစ်စောင်ကို ဆုတ်ဖြဲ ခြေမွပစ်လိုက်မိရာတွင် တစ်ဖက်က အသည်းဆတ်ဆတ် နာမတတ် ခံစားရသည်နှင့်အမျှ တစ်ဖက်ကလည်း မိမိ၏ စွန့်စားမှုအတွက် ကြိတ် ၍ ဂုဏ်ယူမိတော့၏။

ဤစာကလေးကို ဖျက်ဆီးပစ်လိုက်မိသည်နှင့်အမျှ မိမိသည် လူငယ်တစ်ဦး၏ အညွန့်တလူလူ လှမ်းတက်အံ့ဆဲဆဲဖြစ်သော တိုးတက် ကြီးပွားမှုကို အသည်းနှလုံးဖြင့် ရင်း၍ ပို့ဆောင်ရာ ရောက်ကြောင်းကို စဉ်းစားမိလေသည်။

သိန်းအောင်ကား ယခုအခါ၌ သံယောဇဉ်အပေါင်းကို ဖြတ် တောက်ကာ သူ ငယ်ရွယ်စဉ်ကတည်းက ရည်မှန်းထားသော နိုင်ငံခြား

သို့ ပညာသင် သွားဖြစ်ပေတော့မည်။ သူ သင်ကြားတတ်မြောက်လာမည့် ပညာရပ်တို့ဖြင့် နောင်တစ်ခေတ် မြန်မာနိုင်ငံတော်အား တိုးတက်စေရန် ဆောင်ရွက်ပေးနိုင်ပေတော့မည်။

ဒီလို ဗမာ့သားကောင်း လူငယ်တစ်ယောက်၏ မွန်မြတ်သော ရည်မှန်းချက်ကို မိမိ တစ်ဦးတစ်ယောက်၏ စိတ်ချမ်းသာမှု၊ လိုအင်ဆန္ဒ ပြည့်ဝမှု တစ်ခုတည်းကိုသာ ကြည့်လျက် ဖျက်လို ဖျက်ဆီး မလုပ်လိုပေ။ လွတ်လပ်တော့မည့် မြန်မာနိုင်ငံတော်တွင် သူလို ပညာတတ်ကလေး တစ်ယောက်အား အရေးပါ အရာရောက်သည့် နေရာတစ်နေရာရာမှ အားကြီးမာန်တက် ဆောင်ရွက်စေလိုပါသည်။ သည်အချက်တွေကို စဉ်းစားဆင်ခြင်မိသဖြင့်လည်း မခင်ဆွေသည် အစအဆုံး ရေးထားပြီးဖြစ်သည့် စာကလေးအား အစိတ်စိတ်အမြွာမြွာ ဆုတ်ဖြဲပစ်လိုက်မိခြင်းပင်တည်း။

အမှန်မတော့ ဤစာကို ဆုတ်ဖြဲရသည်မှာ သူ့အသည်းနှလုံးကို ဆုတ်ဖြဲပစ်ရသည်နှင့် ဘာမျှ မခြားတော့ပေ။ စာကလေးကို လုံးထွေးလွှင့်ပစ်မိသည့်အချိန်တွင် သူ၏ အသည်းနှလုံးကိုလည်း ရင်ထဲမှ ခွဲထုတ်လွှင့်ပစ်လိုက်မိပြီဟု အောက်မေ့လိုက်မိသည်။

သို့နှင့်ပင် မခင်ဆွေသည် နှလုံးသားဖြင့် ရေးသားအပ်သော စာကလေးကို ဖျက်ဆီးပစ်လိုက်ပြီးသည့်နောက် စာရေးစက္ကူ အသစ်တစ်ရွက်ပေါ်တွင် အခြားစာတစ်စောင်ကို မျက်ရည်ဖြင့် ရေးနေပြန်တော့၏ ။

**ချစ်လှစွာသော မောင်လေး**

မမအပေါ်မှာ စိတ်ပြောင်းသွားပြီဆိုတဲ့အကြောင်း သိရလို့ သိပ်ဝမ်းသာမိတာပဲကွယ်။ မမကို တောင်းပန်နေစရာ မလိုပါဘူး။ အမှန်မတော့ မမက စောစောစီးစီး ဖွင့်မပြောမိတာဟာ မမ အပြစ်ပါပဲ။

တကယ်ဆိုတော့လည်း မမ မင်းကို ဖွင့်ပြောခွင့် ဘယ်မှာ ရခဲ့လို့လဲကွယ်။ ပထမ စာတုန်းကတော့ မမ အရိပ်အမြွက်လောက် ဖွင့်ရေးလိုက်မိသားပဲ။

မမတို့ လူကြီးချင်း စေ့စပ်ထားတာ ကြာလှပါပြီ။ ကဲလေ ဒါတွေ ထားလိုက်ပါတော့။ နောင်ကိုလည်း ဒီအကြောင်းတွေ အားလုံးကို မောင်လေးရဲ့ စိတ်ထဲက ဖျောက်ပစ်လိုက်ပါတော့နော်။ မမတော့ မင်းကို မောင်လေးအရင်းလိုပဲ အမြဲတမ်း ဆက်သွယ်သွားမှာပါပဲ။

မောင်လေး အချစ်ကို လက်မခံနိုင်ပေမယ့် တစ်ခုတော့ မမ ဝမ်းသာမိတယ်။ တခြား မဟုတ်ပါဘူးကွယ်။ မမကြောင့် မောင်လေး ဆက်ပြီး စိတ်ဒုက္ခခံမနေတော့ဘဲ မိဘတွေအလိုကို လိုက်လျောပြီး နိုင်ငံခြား ပညာသင်သွားမယ်ဆိုတဲ့ အကြောင်းကို ကြားရလို့ပါပဲ။

မောင်လေး ဒီလို လိုက်လျောလိုက်တာကိုပဲ မမကိုချစ်တဲ့ အဓိပ္ပာယ် ပေါက်နေပြီလို့ မမ ယူဆပါတယ်။ မောင်လေး စဉ်းစားကြည့်လေ။ မောင်လေးသာ မမအတွက် စိတ်ဒုက္ခတွေ ရောက်၊ စိတ်တွေ လေလွင့်ပြီး အရက်တွေသောက်၊ ကျောင်းလည်း မတက်၊ စာလည်း မသင်တော့ဘဲ ပျက်စီးသွားမယ်ဆိုရင် မမတို့ မြန်မာပြည်မှာ အညွန့်တလူလူနဲ့ လူငယ်လေးတစ်ယောက် လျော့မသွားပေဘူးလားကွယ်။ မမအနေနဲ့လည်း လူငယ်ကလေးတစ်ယောက်ကို ဖျက်ဆီးတဲ့သူ ဆိုပြီး ရှက်စရာမကောင်းပေဘူးလားကွယ်။

ခုတော့ ဒီလို မဖြစ်နိုင်တော့ဘူးပေါ့။ ခုဆိုရင် မောင်လေးဟာ ကိုယ့်မြန်မာပြည်အတွက် နိုင်ငံခြားကို သွားပြီး ပညာတွေ ဆည်းပူးတော့မယ်။ မောင်လေး ပညာတွေစုံပြီး မြန်မာပြည် ပြန်ရောက်လာတဲ့ အခါမှာဆိုရင် မမ ဘယ်လောက်များ ဂုဏ်ယူမိမလဲကွယ်။

မမအနားမှာ ကပ်ပြီး တစ်မိနစ် တစ်ကြိမ်လောက် "ချစ်ပါတယ်၊ ချစ်ပါတယ်" ဆိုပြီး တတွတ်တွတ် ပြောနေတာထက် မွန်မြတ်ပါသေးတယ်ကွယ်၊ မောင်လေး ကြိုးစားသမျှတွေဟာ မမအတွက် မဟုတ်ပေမယ့် မမအတွက်လို့ပဲ သဘောထားပါရစေတော့လားကွယ်။

နောက်ဆုံး တောင်းပန်လိုက်ချင်တာကလေး တစ်ခုတော့ ရှိသေးတယ်။ တခြား မဟုတ်ပါဘူး၊ မောင်လေး နှင်းကလေး တစ်ယောက်ကိုတော့ အမြဲတမ်း မမေ့ဖို့ပါပဲကွယ်။ သူ့ခမျာ မိန်းကလေးဖြစ်နေလို့ ကျွန္တြဆောင်နေရလို့သာ။ မမတို့ မိန်းမသားချင်းတော့ ဖွင့်ပြောလို့ သိရတယ်။

သူလေ မောင်လေးကို အင်မတန် ချစ်ရှာပါတယ်။ မမနဲ့ အဖြစ်အပျက်ကို သိသွားတော့ မောင်လေးဆီ အားပေးစာကလေး ရေးလိုက်တာ မှတ်မိရဲ့လား။ ဘယ်လောက်များ သဘောထားကြီးတဲ့ ကောင်မလေးလဲကွယ်။ သူ့ကိုလေ မောင်လေး လုံးဝ လျစ်လျူရှုထားပြီး နည်းနည်းမှ ဂရုမစိုက်တာကတော့ ရက်စက်လွန်းရာ ရောက်တယ်ထင်ပါတယ်။

မိန်းမနဲ့ ယောကျာ်း တစ်ယောက်နှင့်တစ်ယောက် ချစ်ကြတာဟာ မထူးဆန်းပါဘူးကွယ်။ တစ်ယောက်နှင့် တစ်ယောက် ဖူးစာကံ မကြုံကြိုက်လို့ ကွဲကြရတာလည်း မထူးဆန်းပါဘူး။ တစ်ယောက်နဲ့ မဖြစ်နိုင်တဲ့အခါမှာ အမြဲတမ်း ဒီတစ်ယောက်ကြောင့် စိတ်ဒုက္ခရောက်ပြီး တစ်သက်လုံး တစ်ကိုယ်တည်း နေသွားလို့လည်း မဖြစ်ပါဘူး။

ဒီတော့ မမ ထပ်ပြီး သတိပေးပါရစေ။ မောင်လေးရဲ့ ပထမအချစ်ဦးဟာ မမ ဖြစ်ဦးတော့၊ ဒုတိယအဖြစ်နဲ့ဆိုရင် နှင်းကိုသာ ရွေးချယ်ဖို့ ဆိုတဲ့ အကြောင်းပါပဲကွယ်။

**အစ်မကြီး မမဆွေ**

## [ ၁၅ ] ချစ်သက် လက်ဆောင်

(၁)

ဩဂုတ်လဆန်းလောက်တွင် သတင်းစာများ၌ မခင်ဆွေနှင့် ကိုထွန်းလှတို့၏ မင်္ဂလာသတင်းကို တွေ့ကြရလေ၏။

ထိုနောက် များမကြာမီအတွင်းမှာပင် သိန်းအောင် မိဘများ၏ စရိတ်ဖြင့် အမေရိကန်ပြည်သို့ ပညာတော်သင် သွားရောက်တော့မည့် သတင်းကို တွေ့ကြရပြန်လေသည်။

သိန်းအောင်နှင့် မခင်ဆွေတို့၏ အတွင်းရေးကို သိရှိ နားလည်ထားသူ ခတ်သိများကလွဲလျှင် မည်သူကမျှ ဤသတင်းနှစ်ခုကို ဆက်စပ်စဉ်းစားမိကြလိမ့်မည် မဟုတ်ပေ။ ထိုသတင်းနှစ်ခုကို မည်သူကမှလည်း အထူးတလည် ဂရုစိုက်ကြလိမ့်မည် မဟုတ်ချေ။

ထို သတင်းအတွက် ဝမ်းသာ ဝမ်းနည်း အဖြစ်ရဆုံး သူမှာကား မခင်ဆွေသာလျှင် ဖြစ်တော့၏။ မခင်ဆွေ၏ ဘဝမှာ ပထမသတင်းနှင့် ဒုတိယသတင်းတို့၏ စပ်ကူးမပ်ကူး အချိန်ပိုင်းအတွင်းမှာပင် သိသိသာသာကြီး ပြောင်းလဲခဲ့ရ၏။

ထိုအတောအတွင်း၌ သူသည် ကိုထွန်းလှ၏ ဇနီးအဖြစ်နှင့် အိမ်ထောင်သည်ဘဝသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ရှိခဲ့ပေပြီ။ တက္ကသိုလ် အင်းလျားဆောင်ရှိ သူ့အခန်းငယ်ကလေးအား စွန့်ခွာခဲ့ရပြီးနောက် ကိုထွန်းလှတို့ အိမ်ကြီးသို့ ရောက်ရှိခဲ့လေပြီ။ ကျောင်းတက်ရာ၌လည်း ကိုထွန်းလှ ကိုယ်တိုင် လိုက်ပို့သော ကားဖြင့် တက်ရောက်ရလေသည်။ ထိုအချိန်မှစ၍ပင် မခင်ဆွေသည် ဒုတိယ သတင်းမျိုးကို ကြားရနိုးနိုးနှင့် စောင့်မျှော်လာခဲ့မိခြင်းပင် ဖြစ်၏။ သိန်းအောင်ထံမှ စာဖြင့်သော် လည်းကောင်း၊ သတင်းစာများတွင် သတင်းအဖြစ်နှင့်သော် လည်းကောင်း ကြားရပေလိမ့်မည်ဟု သူ တထစ်ချ ယုံကြည်ခဲ့မိ၏။ သူ ယုံကြည် မျှော်လင့်ထားသည့်အတိုင်းပင် များမကြာမီ၌ သိန်းအောင် နိုင်ငံခြားသို့ သွားတော့မည် ဟူသော သတင်းမှာ သတင်းစာများတွင် ပါရှိလာတော့သည်။

မခင်ဆွေမှာ သိန်းအောင်၏ သတင်းကို ဖတ်လိုက်မိရာတွင် ဝမ်းသာရလေမလား၊ ဝမ်းနည်းရလေမလား ဟု မဝေခွဲနိုင်အောင် ဖြစ်မိရှာသေးသည်။ သတင်းစာကို ဖတ်နေမိစဉ် အခိုက်အတန့်တွင် သူ့မျက်လုံးအိမ်များတွင် မျက်ရည်ပူများ တလိမ့်လိမ့် စီးကျလာလေသည်။

သူနှင့် သိန်းအောင်ကား လုံးဝ မနီးစပ်နိုင်သော ဘဝမျိုးသို့ ရောက်ကြရလေပြီ။ ဘာကြောင့် ဒီလိုအခြေအနေမျိုးသို့ ဆိုက်ရောက်ခဲ့ကြရသနည်း။ တစ်ဦးကို တစ်ဦး အချစ်ပြယ်သွားကြ၍လား၊ တစ်ဦးကို တစ်ဦး မုန်းမာန်ပွားခဲ့ကြလို့လား၊ မဟုတ်ပါ။ သိန်းအောင်ကို မုန်းတီးရန် သူ့အနေနှင့် တွေးမှပင် မတွေးဝံ့။ သူသည် သိန်းအောင်ကို ချစ်မြဲချစ်လျက်နှင့် ယခုလို အခြေအနေမျိုးသို့ ဆိုက်ရောက်ခဲ့ကြရခြင်း ဖြစ်ပါသည်။ အမှန်မတော့ အားလုံးပင် သူ့စနက် ဖြစ်လေသည်။ သူက

ခွဲ၍ ကွဲကြရသည်။ သူက နောက်ဆုတ်ပေး၍ တစ်ဖက်သား စိတ်ဒုက္ခ ရောက်ရရှာသည်။

"အို... မဟုတ်ဘူး၊ ငါ့ကိုယ်ငါ စိတ်ဒုက္ခအမျိုးမျိုးခံပြီး အနစ်နာခံခဲ့ တာတွေဟာ ဒီလို ဝမ်းနည်းဖို့ မဟုတ်ဘူး။ ကြည့်စမ်း၊ ငါ့အတွက်ကြောင့် အညွန့်ကျိုးတော့မယ့်ဆဲဆဲ ကောင်ကလေးတစ်ယောက် အခု နိုင်ငံခြား ပညာသင် သွားတော့မယ်။ သူ့အဖို့ နောင်ဆိုရင် ပညာတစ်ခုတည်းကိုသာ ဂရုစိုက်စရာ ရှိတော့တယ်။ ကြာရင် ခင်ဆွေ ဆိုတာ သူ လုံးလုံးမေ့သွား တော့မှာပဲ။ သူဟာ လူသစ်တစ်ယောက် လုံးဝ ဖြစ်သွားမှာပဲ။ အဲဒီအချိန် မယ် သူ နှင်းကလေးကို ပြန်ပြီး သတိရကောင်း ရလာလိမ့်မယ်။ နှင်းကို သူ ဘယ်နည်းနဲ့မှ မေ့ဖျောက်ပစ်လို့ မရပါဘူး။ ငါ့ကို မေ့သွားတဲ့တစ်နေ့ သူ နှင်းကိုပဲ ပြန်သတိရမှာပါ။ နှင်း... နှင်း ဘယ်လောက် ဝမ်းသာလိုက် မလဲ။ သူတို့ လူငယ်နှစ်ယောက် အဆင်ပြေပြီး ဘယ်လောက်များ ပျော် လိုက်ကြမလဲ"

မခင်ဆွေသည် ဝမ်းနည်းစရာတွေကို တွေးမိသည့်အခါတိုင်း၌ ဤသို့သော ဝမ်းသာစရာ အချက်များဖြင့်သာ တတ်အားသရွေ့ ဖျောက် ဖျက် ပစ်ရရှာလေပြီ။

## (၂)

ဩဂုတ်လ (၂၄) ရက်နေ့ နံနက်ပိုင်းတွင် ပါဆယ်ထုပ် တစ်ထုပ် မမျှော် လင့်ဘဲ ရောက်လာသဖြင့် မခင်ဆွေနှင့် နှင်းတို့မှာ ရင်ထဲတွင် တထိတ် ထိတ်နှင့် အထုပ်ကို ဖောက်၍ ကြည့်မိကြလေသည်။

အထုပ်တွင်းမှ "အစ်မကြီးသို့" ဟူ၍ လည်းကောင်း၊ "နှင်းသို့" ဟူ၍ လည်းကောင်း အသီးသီး စာကပ်ထားသော အထုပ်ကလေး နှစ်

ထုပ် ထွက်လာသောအခါတွင်မှ သိန်းအောင်ထံမှ ဖြစ်ကြောင်း သိကြရကာ၊ နှစ်ယောက်သား ရင်တလှပ်လှပ်နှင့်ပင် ကိုယ့်အထုပ်ကိုယ် ဖွင့်မိကြ၏။

**အစ်မကြီး**

ကျွန်တော် အခုလ (၂၄) ရက်နေ့ မနက်စောစောမှာပဲ (ဘီ–အို–အေ–စီ) လေယာဉ်ပျံနဲ့ သွားဖြစ်ပါတယ်။ အစ်မကြီးနဲ့ နှင်းတို့ကို မသွားခင် လာပြီး နှုတ်ဆက်ချင်ပေမယ့် မလာနိုင်တော့ပါ။ အခု ပို့လိုက်တဲ့ လက်ဆောင်ကလေးတွေနဲ့ပဲ နှုတ်ဆက်လိုက်ပါတယ်။ အစ်မကြီးဖို့ ဟောဒီ တပ်မတော်တုန်းက ကျွန်တော့်ရဲ့ ရာထူးကြယ်ကလေးကို လက်ဆောင်အဖြစ် ပေးတာ နားလည်ပါ့မလား မသိဘူး။ ကျွန်တော်တို့ စစ်သားတွေအဖို့ ရာထူးကြယ်ဟာ အသက်ပဲ။ ဒီ ရာထူးကြယ်ရဲ့ ဂုဏ်ကို အသက်နဲ့ လဲပြီး ကာကွယ် စောင့်ရှောက်ကြရတယ်။ ဒါကြောင့် အသက်တမျှ ချစ်ခဲ့မိဖူးတဲ့ အစ်မကြီးကို အမှတ်တရအဖြစ် ဒါကိုပဲ လက်ဆောင်အဖြစ် ပေးခဲ့ပါရစေတော့။

မခင်ဆွေသည် သိန်းအောင်၏ စာကို ဖတ်ပြီးသည့်နောက် အစိမ်းရောင် နောက်ခံပေါ်တွင် ပြောင်လက်သော မျဉ်းသုံးကြောင်း၊ ကြယ်တစ်ပွင့်တို့ဖြင့် တန်ဆာဆင်အပ်သည့် ရာထူးကြယ်ကလေးကို ရီဝေသော မျက်လုံးများဖြင့် စူးစူးစိုက်စိုက် ကြည့်နေရာမှ–

"သူ ဒီကနေ့မနက်တင် ထွက်သွားပါပကော" ဟု ဝမ်းထဲ၌ ကြိတ်၍ ရေရွတ်လိုက်မိတော့သည်။

သိန်းအောင်ကား သူ မြန်မာပြည်မှ ထွက်ခွာသွားရမည့်နေ့တွင် ဖွင့်ဖောက်မိကြစေရန် တမင်သက်သက် ၂ ရက်ကျော်ခန့်က ကြိုတင်၍

ပေးပို့လိုက်ခြင်း ဖြစ်ဟန်တူ၏။ အမှန်ဆိုလျှင် လူကိုယ်တိုင် မသွားမီ လာရောက် နှုတ်ဆက်သင့်သည် ဟု တွေးမိရင်း မခင်ဆွေအဖို့ ယူကျုံးမရ ဖြစ်မိလေတော့သည်။

ထိုအခိုက် 'မမဆွေ... မမဆွေရဲ့၊ ကြည့်ပါဦး၊ သူ့စာကို ဖတ်ကြည့်စမ်းပါဦး' ဟု နှင်းက ဝမ်းသာအားရ လက်ထဲသို့ စာရွက်ကလေး တစ်ရွက် လာထိုးထည့်နေသောကြောင့် ဖတ်ကြည့်လိုက်ရပြန်၏။

နှင်း

အင်္ဂလိပ် ထုံးစံ ဖြစ်ပေမယ့် လွယ်ကူသလိုပဲ ဒီလက်စွပ်ကလေးနဲ့ မေးခဲ့ပါရစေ။ တကယ်လို့ ကိုသိန်းအောင် မြန်မာပြည် ပြန်မရောက်မချင်း ဒီလက်စွပ်ကလေးကို ဝတ်ထားစေချင်ပါတယ်လို့ တောင်းပန်ရင် နှင်း စိတ်ဆိုးမလား။

တကယ်လို့ နှင်း လက်မခံဘူး ဆိုရင်တော့ သွားခါနီး ရိုးရိုးလက်ဆောင်အဖြစ်နဲ့ ပေးခဲ့တယ်ပဲ သဘောထားပါတော့နော်။

မခင်ဆွေ၏ ရှေ့မှောက်၌ နှင်းတိုက်နှင်းခဲများ ဆက်တိုက် ကျဆင်းလာဘိသကဲ့သို့ မျက်ရည်တို့ဖြင့် ရီဝေ ပိတ်ဆိုင်း၍ သွားတော့သည်။ မျက်ရည်များ ပါးပြင်ပေါ် ယိုစီး ထွက်ကျမလာစေရန် အနိုင်နိုင် ချုပ်တည်းထားရသော်လည်း စာကို ဆုပ်ကိုင်ထားသည့် သူ့လက်ကလေးတွေမှာကား သိသိသာသာကြီး တုန်လျက် ရှိလေပြီ။

'မမဆွေ သူ့အဓိပ္ပာယ်က... နှင်း သူ့ကို ချစ်ရင် သူ မလာမချင်း စောင့်ပါဆိုတဲ့ အဓိပ္ပာယ် မဟုတ်လား... ဟင်၊ မဟုတ်လား'

နှင်းကတော့ သူ့ ယူဆချက်နှင့်သူ စိတ်မချလှသေးဘဲ မခင်ဆွေအား တတွတ်တွတ်နှင့် မေးနေပြန်လေသည်။ အမှန်မတော့ မေးနေစရာ

ပင် မလို။ သိန်းအောင် ဆိုလိုသည့် အဓိပ္ပာယ်မှာ ရှင်းရှင်းကြီးပင်။ သည်သဘော သက်ရောက်လျက် ရှိပေသည်။

မခင်ဆွေ၏ စိတ်ထဲတွင်ကား တစ်မျိုးကြီး။ ဘယ်လို တစ်မျိုးကြီးမှန်း မသိ၊ မရှက်မကြောက် အားရပါးရကြီး ဟစ်၍သာ ငိုလိုက်ချင်တော့သည်။ သို့ရာတွင် နှင်းကလေး စိတ်မကောင်းဖြစ်မည် စိုးသဖြင့်တတ်နိုင်သမျှ စိတ်ကို ချုပ်တည်းထားရသည်။

မခင်ဆွေ ငိုင်နေသည်ကို သတိပြုမိသဖြင့် နှင်းသည် မျက်နှာကိုငုံ့၍ အကဲခတ်လိုက်မိလေ၏။

ထိုအခါကျမှ မခင်ဆွေ တစ်ယောက်တည်း ကြိတ်၍ ငိုနေကြောင်းကို သိရသောကြောင့် နှင်းမှာလည်း မျက်ရည်များ အလိုအလျောက်လည်လာရာမှ မခင်ဆွေ၏ တစ်ကိုယ်လုံးကို ယုယ ကြင်နာစွာ ဖက်ထားလိုက်မိသည်။ ထိုအချိန်၌ နှင်း၏ လက်ထဲမှ လက်စွပ်ကလေးမှာ ကြမ်းပေါ်သို့ "ဒေါက်" ခနဲ ကျသွား၏။

'ဟင်... မမဆွေ... မမဆွေ ဘာကြောင့် ငိုရတာလဲ ဟင်၊ မမဆွေဒီလို ငိုရင် နှင်းလည်း ငိုချင်လာပြီ'

မခင်ဆွေမှာ နှင်း ရိပ်မိသွားသည်ကို သိသဖြင့် မျက်ရည်စများကို သုတ်လိုက်မိရာမှ ဣန္ဒြေပြန်ဆည်လိုက်ရင်း နှင်းကို ပြန်လည်ယုယစွာ ဖက်ထားလိုက်လေသည်။ ထိုနောက် ကြမ်းပေါ်မှ လက်စွပ်ကလေးကို ပြန်ကောက်ယူလိုက်ပြီးလျှင် နှင်း၏ လက်သူကြွယ်တွင် စွပ်ပေးလိုက်ကာ ကျောကလေးကို အသာအယာ ပွတ်သပ် နှစ်သိမ့်ပေးနေမိတော့၏။

နှင်းကား ဝမ်းနည်း ပန်းနည်း ခေါင်းကလေး လက်ဝါးတွင်အပ်လျက် တရှုပ်ရှုပ် ငိုလိုက်မိတော့သည်။

'တိတ်... တိတ်ပါတော့ ညီမလေးရယ်၊ မမဆွေ ညီမလေးအတွက် ဝမ်းသာလွန်းလို့ပါကွယ်။ မမတော့ တစ်သက်မယ် ဒီတစ်ခါလောက် ဝမ်းသာနိုင်တော့မယ် မထင်ပါဘူး။ တကယ့်ကိုပါပဲ ညီမလေးရယ်။ ဒီအချိန်ကလေးဟာလေ မမရဲ့ တစ်သက်တာမှာ ဝမ်းအသာဆုံး အချိန်ကလေး တစ်ခုပါပဲ။ ဒီအချိန်ကလေးမှာ မမရဲ့ ရည်မှန်းချက်တွေ ပြည့်ပြီ ညီမလေး'

(၃)

မှန်သည်။ သည်အချိန်၌ မခင်ဆွေ၏ ကြိုးပမ်းဆောင်ရွက်ချက်ကား အထမြောက် အောင်မြင်သွားခဲ့ပြီ ဖြစ်သဖြင့် ရည်မှန်းချက်မှာလည်း ပြည့်ဝခဲ့လေပြီ။

(၄)

ထိုအချိန်တွင် သိန်းအောင် စီးနင်း လိုက်ပါသွားသည့် လေယာဉ်ပျံကြီးမှာ စိမ်းပုပ်ပုပ် ပင်လယ်ရေပြင်၏ အထက်ကောင်းကင်ဝယ်၊ တိမ်တောင် တိမ်လိပ် တိမ်လွှင်းတို့အကြားမှ ငြိမ်သက်စွာ ပျံသန်းလျက် ရှိလေသည်။ တိမ်ထု တိမ်တိုက်များအကြားမှ ထိုးဖောက်၍ ထွက်လာသည့် နေရောင်ခြည်တန်းကြီးတို့မှာကား လေယာဉ်ပျံကြီးအား လိုက်လံ ဖမ်းဆီးရန် ကြိုးစားနေသယောင်ယောင်။

"မင်းတို့ ဘယ်လိုပဲ ဖမ်းပေမယ့် မမိနိုင်တော့ပါဘူးကွယ်" ဟု တွေးနေသည့်အလား သိန်းအောင်သည် ပြတင်းမှနေ၍ ပြင်ပသို့ ငေးကြည့်ရင်း ပါလာလေသည်။

ခုနကပင် မြန်မာပြည်၏ တောတောင် ရေမြေ စသည်တို့ကို

ရေးရေးမျှ လှမ်း၍ မြင်နိုင်သေးသည်။ အခု မမြင်နိုင်တော့။ ပတ်ဝန်းကျင်ကား နေရောင်ခြည်တန်းများ၊ ငွေရောင် အနားကွပ်သည့် တိမ်ဆိုင်တိမ်လိပ်များ၊ ပြီးတော့ အောက်သို့ ငုံ့ကြည့်လိုက်လျှင် စိမ်းပုပ်ပုပ်အဏ္ဏဝါပင်လယ်ပြင်...။

သိန်းအောင်မှာ တစ်စ တစ်စနှင့် ဝေး... ဝေး... ဝေးသည်ထက်ဝေး၍ ကျန်ခဲ့ပြီဖြစ်သော မြန်မာပြည်နှင့်တကွ မခင်ဆွေနှင့် နှင်းတို့အားတမြည့်မြည့် အောက်မေ့ တသမိရင်း သူ တစ်ခါက ရေဒီယိုမှ မဆိုဖြစ်ခဲ့သည့် သီချင်းသံကို ကြားယောင်လာမိတော့သတည်း။

**'မေ့ဘူးကွဲ့ သက်လှယ်ရေ... ထွက်ခါလေ ရှောင်သွားပြီ၊ ဘယ်ဝယ် မြောက်တောင်၊ မသိနိုင်လေအောင်၊ ဝေးရာ ရှောင်လို့နေ၊ နေရစ်တော့ သက်လှယ်ရေ...'**

**မင်းရှင်**
**၁၄၊ ၈၊ ၄၈**
**ကမာရွတ်။**



"...မင်းရှင်တွင် ...စွဲနေအောင် ညှို့တတ်သော သတ္တိကလေးတွေ များစွာ ရှိလေသည်။
...ကျွန်တော်ကဖြင့် ဒါမျိုးကို စာပေအညှို့ကလေးတွေဟု ခေါ်ချင်သည်။
...တက္ကသိုလ်ရိပ်သာ၏ ငွေလရောင်နှင့် အရိပ်များကို ဆေးခြယ်ထားသော
အချစ်ဇာတ်လမ်း တစ်ရပ်ပင် ဖြစ်ပေသည်။"

–အုန်းတာရာ ၏ 'အမှာ' မှ။

"... စစ်ပြီးခေတ် ထင်ရှားကျော်ကြားသော အချစ်ဝတ္ထုများတွင် တစ်ပုဒ်အပါအဝင် ဖြစ်သည်။
စာဖတ်ပရိသတ်၏ စွဲလမ်း တသခြင်းကို ရယူနိုင်ခဲ့သည်။ ...မြန်မာဝတ္ထုရှည် သမိုင်းတွင်
ထည့်သွင်း ပြောဆိုရမည့် ဝတ္ထုတစ်ပုဒ်ပင် ဖြစ်တော့သည်။"

–မလိခ ၏ မြန်မာဝတ္ထုအညွှန်း ပေါင်းချုပ်(၂၀၀၇)။ စာ ၂၆၃ ...မှ။